www.burmeseclassic.com

# ရှင်မိုး

(ဆေးတက္ကသိုလ်)

## အကြောင်းနောက်ကြီးတဲ့တိမ်တိုက်တွေ

BURMESE CLASSIC .com



Design : Chit Sann (528)

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## အကြင်နာကြီးတဲ့တိမ်တိုက်တွေ


စာမူခွင့်ပြုချက်အမှတ် - ၂၁၀၀၄၆၈၀၆၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၁၀၁၂၉၄၀၆၀၁

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၂၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်မီ(၁၁၈၀၁၃) နှစ်မင်းလွင်စာပေ

အမှတ်-၅၃/က မဆေလမ်း ၄-မိုင်

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးမောင်လှိုင်(၅၅၅၄၇) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း ရန်ကုန်။


BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



www.burmeseclassic.com

www.burmeseclassic.com





# ရှင်မိုး
## (ဆေးတက္ကသိုလ်)

# အကြွင်နာကြီးတဲ့
# တိမ်တိုက်တွေ

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# အကြင်နာကြီးတဲ့ တိမ်တိုက်တွေ

## အပိုင်း(၁)



www.burmeseclassic.com

www.burmeseclassic.com



# ၁

နောက်ဆုံးနှစ် အပိုင်း (က) ဆေးကျောင်းသူကလေး အက္ခရာသည် မေလ၏ ပထမပတ် ကျောင်းတက်ရက်ကိုတော့ အင်မတန်မှ စိတ်ပျက်လှသည်။

"အင်း … ပူပူလောင်လောင် နေရောင်နဲ့ ကျောင်းတက်ရတဲ့ ဝင်္ဂပါတ်တူး (Part II)ရောက်တာတောင် ကုန်ဦးမယ် မထင်ဘူး၊ ဒီနှစ် မိုးကလည်း နည်းမဲ့ပုံရတယ်၊ နေရောင် ခြည်တောက်တောက်၊ မိုးစက်နည်းနည်း"

"ကံ့ရန်သစ်တွေလား ဆက်ရက်ရယ် ငါ ကဗျာထဲ ထည့်သုံးပစ်လိုက်မယ်"

"အဲဒီကဗျာရှုးကလဲ တစ်မျိုး၊ နေမြင့်လေ"

အက္ခရာ၏ စကားဆက်ပြောခွင့် မကြုံချေ။ အိမ်ပုံ သူက ချစ်စနိုး အဖျားဆွတ်ခေါ်သော အိမ့်ဆည်းလည်းက သူမ



www.burmeseclassic.com

www.burmeseclassic.com



အား ငယ်သိပ်ကို လက်သီးဖြင့်ထု၍ တားမြစ်လိုက်သောကြောင့် ခေါင်းကို တိမ်းရှောင်လိုက်ရခြင်းကြောင့်ပင်။ ဗျစ်တောက် ဗျစ်တောက်နှင့် ညည်းညူတတ်သော၊ စကားအင်မတန်များသော၊ ကြိုတင်ဟွက်ခါပြီး ဖြစ်လား မဖြစ်လား မသိနိုင်သေးသည့် အကြောင်းအရာတွေကို စိတ်ကူးပြီး ပူပန်တတ်သော၊ မိတ်ကပ်၊ နှုတ်ခမ်းဆိုးဆေးနှင့် ဆံပင်တိုတိုကို ဝါသနာထုံသော၊ ရွှေရောင်ကွင်းပါးပါး လက်စွပ်ငယ်များကို လက်ဆယ်ချောင်း အပြည့် တစ်ကွင်းက်ဲ့ ပုံစံတစ်မျိုးစီဖြင့် စွပ်တတ်သော၊ ခြေချင်းဝတ်တွင် ခြူအပြည့် ဘပ်ထားသည့် ဖိနပ်စီချိန်းကို ဝတ်ဆင်သော အက္ခရာသည် အိမ့်ဆည် ၊လည်း၏ 'ဆက်ရက်'ဟူသော တစ်ခါတစ်ရံ နောက်ပြောင်နေ ါသည့် နာမည်ကိုတော့ နှစ်သက်လှသည်။

အိမ့်သည် အက္ခရာနှင့် ပထမနှစ် ဆေးကျောင်းသူ ဘဝမှာ စတင်သိကျွမ်းခင်မင်ခဲ့သူ ဖြစ်သည်။ ပြီးတော့ နာမည်ချ်ားက ရှေ့စာလုံးတွေ 'အ' အက္ခရာပါတာချင်းတူ၍ ခုံနံပါတ် ပေ ည်းဂဝပ်ကာ ဘယ်တော့မှ မခွဲကြရချေ။ ပြီးတော့ ဘယ်လောက်အတန်း လစ်လစ်၊ စာမေးပွဲငယ်တွေကျကျ၊ နှုတ်ဖြေ (VIVA)တွေ ကပေါက်တိ ကပေါက်ချာဖြစ်ဖြစ်၊ စာမေးပွဲကြီး သီအိုရီ (ရေးဖြေ) ဖြေရင် ဘယ်လောက်ပဲ ခန့်မှန်းမေးခွန်းမတိုးတာတွေ ရေရောတာတွေ မိမိ အင်မတန်မှ ကံကောင်းလှစွာ တစ်နှစ်မှ ဆပ်ပလီ (Supply) ဆိုသည့် နောက်ဆက်တွဲ စာမေးပွဲဖြေခွင့်မကြုံဘဲ လွတ်





လွတ်ကင်းကင်း အောင်မြင်သွားတတ်သည့် သူမတို့နှစ်ယောက်လည်းဖြစ်သည်။

အင်း ... အိမ့်နဲ့ ဘာလို့ ဒီလောက် ခင်သွားကြသလဲ။ ငယ်ပေါင်းမဟုတ်ဘဲ ငယ်ပေါင်းတွေမမာ ချစ်ကြသလဲ၊ နားလည်ကြသလဲဆိုတာကိုတော့ နောက်မှ ပြောပြရဦးမည်။

"ပီအက်စ်အမ် (P.S.M) အရင်ဆိုတာတော့ ကံကောင်းပါရဲ့၊ တစ်လခွဲလောက် နားထားသမျှလေးတွေ အပင်ပန်းဆုံး ပို့စတင် (Posting) နဲ့ ကြုံလိုက်ရတော့ နည်းနည်းသက်သာသွားတာပေါ့၊ နို့မို့ ဖိုင်နယ်လ်နီးမှ ရောက်ခဲ့ရင် ငါတော့ ထိုင် ငိုမလား မသိဘူး၊ နေစမ်းပါဦး အခု ဘယ်သွားရမှာလဲ၊ ငါတို့ရဲ့ 'သ'တွေ၊ 'အ'တွေလည်း တစ်ယောက်မှ မတွေ့ပါလား၊ သူတို့နဲ့နေမှ ငါတို့ ဘယ်သွားရမယ်ဆိုတာ သိမှာပေါ့၊ တော်ကြာ ငါတို့နှစ်ယောက်တည်း ယောင်ချာချာ ဖြစ်နေဦးမယ်"

ထုံးစံအတိုင်း အက္ခရာသည် စကားရှည်ရှည်တွေ ဆက်တိုက်ပြောချပြန်သည်။ ဆေးကျောင်းရဲ့ ထုံးစံအတိုင်း နာမည်ရှေ့စာလုံးတွေ၏ အက္ခရာများအတိုင်း ခုံနံပါတ်စီကြရာ 'အ' အုပ်စု နာမည်ထိပ်ဖျားပိုင်ရှင်များသည် 'သ'အုပ်စုနာမည် ထိပ်ဖျားပိုင်ရှင်များနှင့် အမြဲတမ်း ဂရုဖ်(Group)တူကြလေသည်။ ကျောင်းရှေ့ လှေကားကလေးမှာ နှစ်ယောက်သား ငြိမ်ငြိမ်လေးထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



လာသမျှ ကျောင်းသားတွေထဲမှ ကိုယ့်အုပ်စုနှင့်နီးသော လူကို အမောတကော ရှာဖွေသည့် မျက်လုံးများဖြင့် အက္ခရာနှင့် အိမ့်တို့ ကျောင်းစတက်ရသော ပထမနေ့ကို စတင်ကြသည်။

"ဟဲ့ ... ဟဲ့ ဟိုမှာ ငါတို့အုပ်စုက ကောင်တစ်ကောင်တော့ လာပြီ၊ မေးကြည့်မလား"

"နင်မေး"

အိမ့်က လူလည်ကျစွာ အက္ခရာကို မေးခိုင်း၏။ အက္ခရာက မမေးချင်ပေ။ သူမကို အနည်းငယ် အီစီကလီ လုပ်ဖူးသော သူငယ်လေး ဖြစ်နေ၍ပင်။

"အံမယ် ... သိလျက်သားနဲ့၊ နင်မေး ... ငါ့ကို ချောက်မချနဲ့"

"ဘာဖြစ်လဲ ဘယ်သွားရမလဲ မေးတာပဲ၊ သူ့ကို ဓာတ်လမ်းရှာတာမှ မဟုတ်တာ နင်မေးလိုက်၊ မမေးရင် ဒီတစ်မနက်လုံး ဒီနားမှာပဲ ထိုင်ရကိန်းမြင်တယ်၊ ပါမောက္ခချုပ် ရောက်လာရင် လှေကားမှာ ထိုင်ခြင်းအမှုကြောင့် အဆူခံရကိန်းမြင်တယ်"

"သူ့ မမေးလည်း တခြားသူ မေးလို့ရသားပဲ၊ ငါတို့ရဲ့ ဆရာကြီး အောင်သန့် လာနေပြီ၊ သူ့အဆူခံပြီး မေးလိုက်မယ်"

အင်မတန် အတန်းလစ်သော၊ ဆေးရုံလစ်သော အက္ခရာတို့ နှစ်ယောက်ကို ကြည့်မရစွာ အမြဲတစေ ဆုံးမသြဝါဒ ခြွေတတ် ဆူပူတတ်သော အောင်သန့်အား မျက်နှာချိုသွေး၍ မေးလိုက်၏။ ထင်သည့်အတိုင်း အချိန်စာရင်း အသေအချာ မကြည့်ရကောင်းလားဟု အနည်းငယ် ရေရွတ်၍ ပီအက်စ်အမ်အတွက် ဘယ်မှ မသွားရခင် လက်ချာအရင်ယူရမည် ဟူသော အဖြေကို ရလေသည်။

"ဟဲ့ ... ဟဲ့ နေဦး အောင်သန့်ရဲ့၊ လက်ချာ ဘယ်မှာ သင်မှာလဲ"

"လိုးဝါး lowerမှာပေါ့၊ လိုးဝါးမှာ အခု ငါနဲ့ လိုက်ခဲ့တော့လေ၊ ကိုးနာရီ လက်ချာစမှာ မသိဘူးလား၊ အဲဒါကြောင့် နင်တို့ကို ပြောတာပေါ့၊ မိန်းကလေးဖြစ်ပြီး ဘယ်နေရာမှ စေ့စေ့စပ်စပ် မသိဘူး၊ အကွက်ကျကျ မရှိဘူး"

"မိန်းကလေးတွေက စေ့စေ့စပ်စပ် အကွက်ကျကျ ရှိတယ်ဆိုတော့ ယောကျ်ားလေးတွေက မစေ့စပ်ဘူး၊ အကွက်မကျဘူးပေါ့နော်"

"ဟဲ့ ..."

အက္ခရာသည် အောင်သန့်၏ ဆူပူခြင်းကို အမှတ်မရှိစွာ ထပ်မံ နှောင့်ပြောင်လိုက်လျှင် အိမ့်က မနေသာတော့ဘဲ ဝင်ဟန့်ရ၏။ ထို့နောက် ခါးကိုင်းကိုင်း၊ မျက်မှန်ထူထူ၊ ကျောပိုးအိတ် ခပ်ကြီးကြီးဟူသော ဂုဏ်ထူးများ ပိုင်ဆိုင်သည့် အောင်သန့်၏နောက်မှ ခပ်ကုပ်ကုပ် ဝင်လိုက်လာရလေသည်။

www.burmeseclassic.com



လမ်းမတော် ဆေးကျောင်းတွင် ဝင်ဝင်ခြင်း အဆောက်အဦး တွေ့ရသော သိရေတာအား Lower Lecture Theatre ဟု ခေါ်ကြလျက် လှေကားမှ တစ်ဆင့်တက်ပြီး စတွေ့ရသော သိရေတာအား Upper Lecture Theatre ဟု ခေါ်ကြလေသည်။ ထို သိရေတာ စာသင်ခန်းအပြင် အခြားသော သိရေတာများလည်း ရှိပါသေးသည်။ အဲဒါတွေတော့ နောက်များမှာ အက္ခရာ၏ ဖြစ်စဉ်များ ပြောပြရင်းဖြင့် သိလာပါလိမ့်မည်။

အက္ခရာသည် သူမ၏ ကံကြမ္မာကို မသိသေး၍ ထိုသို့သော အောင်သန့်၏ အဆူအပူကိုခံပြီးချိန်အထိ စိတ်ပေါ့ပါး လွတ်လပ်နေခဲ့တာပဲ ဖြစ်မည်။ အမှန်က အက္ခရာသည် သူမအား စောင့်ကြိုနေမည့် မျက်ဝန်းတစ်စုံပိုင်ရှင်သည် သူမ တက်ရမည့် အောက်ဘက် စာသင်ခန်း သိရေတာတွင် ရှိနေကြောင်း မသိသေး၍ ဖြစ်လေသည်။ သာဒ့်အမ်ဘီ (တတိယနှစ်ဆေး) ကျောင်းသူ ဘဝကပင် ကျင်လည်ခဲ့ရသော ကျောင်း၏အနေအထားကို အကျွမ်းတဝင် ရှိနှင့်ပြီးသည်မို့ သူမ ဝင်ရောက်ရမည့်အခန်းကို ခပ်အေးအေး ဝင်လာခဲ့၏။ ခုနက မတွေ့ရသော 'သ' အုပ်စု 'အ' အုပ်စုတွေက အခုတော့ အခန်းထဲမှာ ပြည့်နှက်လို့နေသည်။

"ဟင် ... လူတွေတောင် အတော်စုံနေပြီ၊ ငါတို့နှစ်ယောက် အပေါက်ဝမှာ ထိုင်စောင့်နေရဲ့သားနဲ့ ဘာလို့ မတွေ့တာလဲ၊ ဧကန္တ ကိုယ်ရောင်ဖျောက် ဝင်လာကြတယ်ထင်တယ်"





"အေးလေ"

အိမ့်၏စကားကို ထောက်ခံလျက် ထုံးစံအတိုင်း လူပြည့်နေသော အခန်းတစ်ခု၏ ရှေ့တည့်တည့်မှ ဝင်လာသူမှန် သမျှ ကြည့်ကြသည့်အကျင့်ကို ဖျောက်ဖျက်မရသေးသော အတန်း သားချင်းများသည် မြင်ဖူးပြီးသား မျက်နှာများကို မျက်တောင် မခတ် လိုက်ကြည့်ကြပြန်သည်။ အင်း၊ ဘာကြောင့် ကြည့်သလဲ။ တစ်ခုတော့ ပြောရဦးမည်။ အက္ခရာက ရှိုးများပြီး လမ်းလျှောက် ဘိုင်း ချူးသံတချွင်ချွင် မြည်နေအောင် ကချင်လွယ်အိတ်မှာလည်း ငွေချူးတွေ အပြည့်တပ်ထားတာကြောင့် ဖြစ်မည်။ ပြီးတော့ အိမ့် ဆည်းလည်းက ကျောပိုးအိတ် အလှအပများကို သူများထက်ထူး အောင် ဒီဇိုင်းဆန်းတွေ လွယ်တတ်၍တည်း။

ရှေ့မှာ မထိုင်ချင်သော အက္ခရာတို့အတွက် နောက်ဆုံးမှရောက်သူတို့ ထုံးစံအတိုင်း အရှေ့ဆုံးခုံမှာ ထိုင်ရလေသည်။ အဲသည့် အချိန်ထိပါပဲ၊ အက္ခရာဟာ သူမကို လိုက်ကြည့်နေတဲ့ မျက်ဝန်းတစ်စုံကို မတွေ့မိသေးပါ။ အပေါင်းအသင်းများသူပီပီ ဟိုလူ့ပြုံးပြ၊ သည်လူ့နှုတ်ဆက်။ ထိုအချိန်မှာ ထိုမျက်ဝန်းတစ်စုံ ပိုင်ရှင်၏ အရှေ့မှာ ထိုင်နေသော သူငယ်ချင်းက ...

"အက္ခရာ ရှင် ပိုလှလာသလိုပဲ"

ဟု လှမ်းနောက်ပြောင်လိုက်လျှင် ...

"ဟယ် ... ဟုတ်လား၊ ဝမ်းသာလိုက်တာ၊ အရုပ်ကော ပိုမြင့်မလာဘူးလား၊ အဲဒါပါ ထည့်ပြောရင် ပိုကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ သူမ၏ ဗီဇအတိုင်း ပြန်လှည့်ပြောလိုက်၏။

အို ... တကယ် ... တကယ်ပါ။ အဲသည့် အခိုက် အတန့်ကလေးပဲ အက္ခရာကို မျက်တောင်မခတ် စိုက်ကြည့်နေတဲ့ မျက်ဝန်းတစ်စုံကို စိုက်ခနဲ ဆုံစည်းလိုက်ရတာပဲ။ သူဟာ မြင်နေကျထဲက မဟုတ်တာ ချက်ချင်း သတိပြုမိသွားပါသည်။ သူ ကျောင်းသားသစ်ပေါ့။ ဘာဖြစ်လို့ သေသေချာချာ စိုက်ကြည့် နေတာလဲ။ ထားပါ ကျောင်းသားသစ်မို့ စိုက်ကြည့်တယ်ပဲထားပါ။ အက္ခရာက ဘာဖြစ်လို့ အဲသည့်မျက်ဝန်းတွေကို ရင်ထဲမှာ ရှုးခနဲ နေအောင် ရှက်သွားချင်ရသလဲ။ အက္ခရာလို ရှိုးခပ်များများ လှတပတလေးကို သည်လို ငေးကြည့်ကြသူတွေ မနည်းပါဘူး။ သို့သော် အက္ခရာသည် အင်မတန်မှ ထူးဆန်းစွာ ထိုမျက်ဝန်းကို တော့ ရှက်သတဲ့၊ ရင်ခုန်သတဲ့။ ပြောလက်စ စကားတောင် တန့်ခနဲနေအောင် ရပ်မိလျက် မဆိုင်းမတွ ခေါင်းလှည့်ရှောင်မိ သတဲ့။ အင်း၊ အက္ခရာ သည်လို ရှောင်ပစ်လိုက်လို့ စိတ်ဆိုးသွား မလား မသိချေ။

ထားလိုက်ပေါ့ ဘာဖြစ်သလဲ။ စိတ်ဆိုးရင် လဲသေ ဟု အက္ခရာသည် အရင်ကလို မာနတွေ ပြန်ကြီးပစ်လိုက်ပါ သည်။ သေချာတာတစ်ခုကတော့ အက္ခရာဟာ အဲသည့်မျက်ဝန်း တွေကို အမြဲ မှတ်မိသွားတာပဲ ဖြစ်သည်။ အံ့ဩလေစွ။ ခဏလေး မြင်လိုက်ရတာ တကယ် ... တကယ် ... စက္ကန့်ပိုင်းလောက်ပဲ။





ရင်ထဲမှာ နှစ်ပေါင်းများစွာက ရင်းနှီးကျွမ်းဝင်ဖူးတဲ့ မျက်ဝန်းလိုပဲ ခံစားရတယ်။ သူ့ကို နောက်ကြောခိုင်း ထိုင်လိုက်ရသော်လည်း သူမနှင့် ငါးလိုင်းလောက်ခြားသော အမြင့်တစ်နေရာမှ စိုက်ကြည့် နေနိုင်သည့် မျက်ဝန်းတစ်စုံက သူမနဲ့ နီးကပ်လွန်းသည့်ပမာ။

"ကျောင်းသားသစ် ရောက်နေတယ် အိမ့်ရေ"

မနေနိုင် မထိုင်နိုင် ပြောမိ၏။ အိမ့်က သိပ်စိတ်မဝင် စားချေ။ နှစ်စဉ် ကျောင်းစတက်တိုင်း သူမတို့၏ ဆေး (၁) သို့ ဆေး (၂)မှ ပြောင်းလာသူ၊ မန္တလေး ဆေးတက္ကသိုလ်မှ ပြောင်း လာသူတွေ တစ်ယောက်နှစ်ယောက် ရှိတတ်စမြဲဖြစ်ပြီး ထိုသူတို့ ဟာ မကြာခင် သိလာရမည့်သူတွေ ဖြစ်၍ပင်။ ဘာဖြစ်လို့လဲ ဆိုတော့ နောက်မှ ဝင်လာသူများသည် နာမည် ရှေ့အက္ခရာများဖြင့် ခုံနံပါတ် မစီသေးဘဲ နောက်ဆုံး ခုံနံပါတ်များကို လက်ခံရရှိသူများ ဖြစ်ပြီး တစ်နှစ်ပတ်လုံး သူမတို့နှင့် ဆုံတွေ့ကြရ၍ မကြာခင် ရင်းနှီး ကျွမ်းဝင်သွားရတာကြောင့်ပဲ ဖြစ်သည်။

နောက်တစ်နှစ် စရင်တော့ သူတို့ဟာ သူ့တို့ရဲ့ နာမည်အက္ခရာအတိုင်း ခုံနံပါတ် ပြန်စီပေမဲ့ အပေါင်းအသင်း ဆုံသော အက္ခရာနှင့် အိမ့်ကိုတော့ အခင်အမင် မပျက်ကြပေ။ အက္ခရာဟာ ခါတိုင်းဆိုရင် အဲသည်လောက် စိတ်ဝင်စားလှတာ မဟုတ်ပေမဲ့ အခုတော့ ထိုစူးရှသည့် မျက်ဝန်းတွေကို ရင်ခိုင် သိုက်ရ၍ စောစောစီးစီး သိခွင့်ရချင်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အင်း၊ ခုံနံပါတ်အလိုက် ရိုးလ်ကောလ် မခေါ်ဘဲ နာမည်ခေါ်ရင်တော့ သူ့နာမည် သိနိုင်ကောင်းရဲ့။ နေစမ်းပါဦး နောက်မှ သိတော့ရော ဘာဖြစ်သလဲ။ ဘာမှတော့ မဖြစ်ပါ။ ဒါပေမဲ့ အက္ခရာသည် အခုချက်ချင်း သိချင်နေတာတော့ အမှန်ပဲ။ အင်မတန် စပ်စုတဲ့ မိန်းကလေးပဲနော်။

"အက္ခရာ ... ရှင် တီဗီမှာ ကတာတွေ့တယ်နော်၊ အရမ်းလှတာပဲ၊ သုံးပုဒ်တောင်လွှင့်တယ်၊ မြဝတီကလည်း အကလွှင့်တယ်နော်၊ ရှင့်ကို မီမီဝင်းဖေရယ်၊ ဟေမာနေဝင်းရယ် ဆိုပေးတယ်နော်"

အက္ခရာ၏နောက်ဘက် တစ်ခုံကျော်မှ သူငယ်ချင်းက သူမ၏ ခပ်ကျယ်ကျယ်အသံဖြင့် မေးမြန်းလျှင် နောက်ဘက်လှည့်ခွင့်ရ၍ ကျေနပ်ဝမ်းသာခြင်းကို မငြင်းချင်။ ဘာဖြစ်လို့မှန်း မသိအောင် ပီတိဖြစ်လျက် ခါတိုင်းထက် ပိုမိုလှပအောင် ပြုံးကာ နောက်ဘက်လှည့်၍ စကားများဖို့ ပြင်ဆင်လိုက်သည်။ သေချာတာက မကြာခဏ ကြည့်ချင်သော မျက်ဝန်းတစ်စုံကို ခိုးကြည့်မိမှာပဲ ဖြစ်သည်။

* * *





ကျေးဇူးပဲ မိန်းကလေးရေ၊ ခပ်တိုးတိုးကလေး တစ်ယောက်တည်း ရေရွတ်မိပြီး ဘယ်သူများ မြင်သွားသလဲဟု ခိုးရိပ်သွားခဲ့သည်။ တော်ပါသေးရဲ့။ သူ့ကို ဘယ်သူမှ သတိမထားမိချေ။ ပြီးတော့ သူ့လို အသစ်တစ်ယောက်ကို ဘယ်သူမှလည်း စကားစပြောပြီး ခင်မင်ရင်းနှီးဖို့ မကြိုးစားကြသေးချေ။

"ဟင် ... ရှင် ဒီနှစ်မှ တွေ့တယ်လား၊ ငါက မနှစ်ကတည်းက ကတာလေ၊ မနှစ်ကဆို လေးပုဒ်တောင် လွှင့်တယ်"

"မနှစ်က ကျုပ် တရားစခန်း ဝင်နေတယ်လေဟာ၊ နောက်ပြီး တီဗီလည်း ကြည့်လေ့ကြည့်ထမရှိတာ၊ ဒီနှစ်မှ အကတွေ စိတ်ဝင်စားပြီး စောင့်ကြည့်လို့ တွေ့တာ"

သူမသည် အခန်းထဲ စဝင်လာကတည်းက သူမ နှုတ်ခမ်းဖျားတွင် တင်ထားသော လှလွန်းသည့် အပြုံးကလေးကို ခုထိ မဖယ်သေး။ မှန်တာပြောရရင် သူမဟာ နဂိုတည်နေတဲ့ အလှထက် ပြုံးလိုက်တဲ့အလှက ပိုပေါ်လွှင်တယ်၊ ပါးကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



မို့တက်ပြီး မျက်ဝန်းကလေးတွေ မှေးစင်းသွားပုံက ဘယ်အပြုံးနဲ့မှကို မတူတာ တကယ်ပဲ သည်လောက်လှတဲ့ အပြုံးမျိုး မတွေ့ဖူးပါ။ သူမရဲ့ မေးစေ့ချွန်ချွန်ကလေးက ဆွဲဖျစ်ချင်စရာကောင်းလှသည်။

ဒါ မကြဲကောင်း မကြဲစည်ရာတွေပဲဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေသော်လည်း သူမ၏ စကားလှည့်ပြောဟန်နှင့် ထာဝရ မပျောက်သော အပြုံးကို စက္ကန့်မလပ် ငေးကြည့်ချင်သည်။

ပြီးတော့ သူ့ကို အရင်ဆုံးကြည့်လိုက်တဲ့ အကြည့်ကလေး အဲသည် အကြည့်ကလေးက အတော်လေး ရင်ခုန်စရာကောင်းတာပဲ။ နေစမ်းပါဦး ဒါ ဘာရင်ခုန်စရာ ရှိသလဲ။ သူမက သူ့ကို အသစ်ဟူသော အမြင်နဲ့ စူးစမ်းတာပါ။ ဒါဟာ ရူးသွပ်မှုပဲ။

သူမက ခေသူမဟုတ်ချေ။ တိဗိမှာ အက မင်းသမီးအဖြစ် လူသိများနေသူ ဖြစ်လိမ့်မည်။ ဘာဖြစ်လို့လဲဆိုလျှင် သူမဝင်လာတာနဲ့ ကောင်ကလေးတချို့ လှုပ်လှုပ်ရှားရှားဖြစ်၊ ကောင်မလေးတွေ အချင်းချင်း လက်တို့၊ ပြီးတော့ သူမနဲ့ တခြားကျောင်းသူတို့ရဲ့ စကားအပြောအဆိုအရ ခန့်မှန်းလို့လည်း ရသေးသည်။ သူ ကျင်လည်ခဲ့ရာ ဆေး (၂) ပတ်ဝန်းကျင် မဟုတ်၍ မဟာ (၁) နယ်မြေသည် သူ့အတွက် အရာရာက အစိမ်းသက်သက် ဖြစ်နေခဲ့သည်။





'အက္ခရာ'တဲ့၊ နာမည်ကလေးက ဆန်းလှချည်လား။ သူ့နာမည် အက္ခရာစဉ်အရဆိုလျှင် သူမနဲ့ အလှမ်းဝေးသော နာမည် ဖြစ်သည်။ သို့သော် သူက ကျောင်းသားအသစ်မို့ အခုဆော့ သူမတို့နှင့် တစ်နှစ်လုံး အတူတူ ပို့စတင် ဝင်ရမည်။ ဂျူတိုရီယာယ်၊ ပရက်တီကယ်တွေ တူမည်။ နောက်နှစ်တော့ ခင်း၊ နောက်နှစ်တော့ ဟာ … ဘာတွေ တွေးနေမိပြန်တာပါလိမ့်။ ရှက်စရာကောင်းလိုက်တာ။ သူမမှာ သက်ဆိုင်သူ ရှိနေလျှင် ဘယ်နှယ့်လုပ်မလဲ။ သူကရော လှလို့ ငေးမိတာနဲ့ သူမကို ချစ်ဘာပါဟု ပြောလို့ရနိုင်မလား။ သူက သူ့အဖြစ်ကို သူ ပြန်ဆန်းစစ်ရပြန်သည်။

လက်ချာသင်သော ဆရာက ရိုးကောလ် ခေါ်သောအခါ ခုံနံပါတ်ကို မခေါ်ဘဲ နာမည်ခေါ်၏။ ထိုအခါ သူ့နာမည်ကို ဆရာကအစ အားလုံး အံ့သြတော့သည်။

"မြန်မာတဲ့၊ ဟုတ်လား မင်းနာမည်"

"ဟုတ်ကဲ့ပါ ဆရာ"

"သိပ်ကောင်းတဲ့ နာမည်လေးပဲ၊ မင်းမိဘက ပေးတတ်လှချည်လားကွ၊ မင်း ရိုးလ်နံပါတ် ထွက်ပြီလား"

"မထွက်သေးဘူး ဆရာ"

"အေး … အေး သုံးလေးရက်ကြာရင် ထွက်မှာပါ၊ လိုတာရှိရင် ဆရာ့ကိုလာပြော ဟုတ်ပြီလား၊ ကဲ … ကဲ ဒီနေ့တော့ ဒီလောက်ပါပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာဖြစ်လို့ လှည့်ကြည့်ရသလဲ အက္ခရာ မင်းကြည့်တော့ ငါကလည်း ပြန်ကြည့်မိတာပေါ့။ ပြောရရင် သူမ၏ လှည့်ကြည့်ဟန်က သူ့နာမည်ကို သိလိုက်ရ၍ ကျေနပ်ဖွယ် လှည့်ကြည့်ဟန်မျိုး။ သူမသည် အတန်းထဲကထွက်ဖို့ မစဉ်းစား သေးဘဲ ချုံများဖြင့် ပြည့်နှက်နေသော ကချင်လွယ်အိတ် အမဲ ထဲမှ အသည်းပုံ မှန်ကလေးထုတ်ကာ မှန်ကြည့်သည်။ ပခုံးနား ရောက်လုလု ဆံပင်တို့ကို ခေါင်းဖြီးသည်။ ဟော်တော် အလှကြိုက် တဲ့ မိန်းကလေး။

သူက လွယ်အိတ် ကောက်လွယ်လိုက်တော့ ခါးကြား မှာ ထိုးထားသည့် ကားသော့က ချွမ်းခနဲ သမံတလင်းပေါ် ပြုတ် ကျ၏။ ပြန်ကောက်ပြီး မော့လိုက်တော့ သူမ၏ မျက်ဝန်းကလေး က စောင့်ကြိုနေပြန်သည်။

ဘာလဲကွာ ငါ့ကို ဘာလို့ သည်အကြည့်တွေနဲ့ ဒုက္ခပေးချင်ရတာလဲ။ သူက အလိုလိုနေရင်း စိတ်တိုကာ သူမ အား တစ်ချက်ကြည့်၍ လှေကားတွေမှ တစ်ဟုန်ထိုး ပြေးဆင်းကာ သူမအား ကျောခိုင်း ထားရစ်ခဲ့၏။

"အိုက်လိုက်တာ သေတော့မှာပဲ အိမ့်ရယ်၊ ငါက မေ့ပြီ အင်္ကျီအနက်ရောင်ကြီး ဝတ်လာမိတယ်၊ ဒီအချိန်ဆိုရင် ကင်န်တင်းတော့ လူပြည့်နေလောက်ပြီ၊ ဘယ်မှာ ထမင်း စားမလဲ၊ ငါ ထမင်းဘူး မပါဘူး"





အကြောင်းအရာစုံ တောက်လျှောက်ပြောချသော သူမ၏ စကားသံက နောက်ပိုင်းမှာ ကျန်ရစ်၏။ တော်တော် စကားများတဲ့ ကောင်မလေး။ စာသင်ချိန် တစ်လျှောက်လုံးလည်း တစ်ချိန်လုံး ဆရာ မမြင်အောင် ခိုးပြီး စကားများတယ်။ သူ့ ကိုလည်း ခိုးကြည့်တယ်။ ဘေးက လူတွေကိုလည်း အမျှင်မပြတ် စကားပြောတယ်။ သူမ စကားများတယ်၊ သူ့ကို ခိုးကြည့်တယ် ဆိုတာတွေ သိလောက်အောင် သူကိုယ်တိုင်ကလည်း သူမကို တစ်ချိန်လုံး ကြည့်နေမိတာကို ဝန်ခံပါသည်။

"ထမင်းဘူး မပါဘူး"

ဟူသော ညည်းညူသံကလေးကိုတော့ သနားလှ သည်။ သည်အချိန်ဆို ကျောင်းသားဦးရေနှင့်မမျှသော နှစ်ခု တည်းသော ကင်န်တင်းက တိုးမပေါက်အောင် စည်ကားနေတော့ မည်။ သူမ ဆာနေမည်လားဟု တွေးပူချင်သေးရဲ့။

ထို့နောက် သူ့ သူငယ်ချင်းဟောင်းများနှင့် ပြန် သည်တွေ့ဆုံသောအခါ သူမကို မေ့သွားတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည် 'မြန်မာ'ဟု သိပြီးနောက်တွင် အကွ
သည် သူ့အား မေ့သွားခဲ့တာကို ဝန်ခံပါသည်။ ဘာဖြစ်လို့
ဆိုလျှင် သူကလည်း အတန်းလစ် အက္ခရာကလည်း အတန်းလ
ပြီးတော့ ပီအက်စ်အမ်ဖို့စတင်က သုံးရက်တိတိ လက်ချာဝေး
မှ အပြင်ကို ဗစ်ဇစ် (Visit) သွားရမည်ဖြစ်၍ သူနဲ့ သေသေချာ
မဆုံဖြစ်ကြချေ။ အမှန်ပြောရရင် အဲသည့်မျက်ဝန်းလေးရဲ့ နက်
ထိုးဖောက်မှုကိုတော့ ဘယ်အချိန်ပဲဖြစ်ဖြစ် အမှတ်တရ ရှိနေ
မြန်မာဆိုသော လူတစ်ယောက်ကိုတော့ သိပ်ပြီး လိုက်လိုက်လဲ
စိတ်မဝင်စားသေးတာလည်း ဖြစ်နိုင်သည်။ သူ့အကြောင်းကိုလည်
မစုံစမ်းမိပေ။ အင်မတန်မှ ပျော်စရာရွှတတ်သော သူမ၊ အ
မွှေးမွှေးနဲ့ ပုန်းညက်တို့ဟာ ကျောင်းဖွင့်ဖွင့်ချင်းလျက်နဲ့ သူ
အတော်လေး စိတ်ဝင်စားလှသော 'တစ်ပြည်သူ မရွှေထား'ဟု
ဓာတ်ကားရုံတင်ချိန်ကိုက်ကာ FMI မှာ အဝတ်အစားသစ်
သွားဝယ်တာတွေနဲ့ ကျောင်းတက်ရက် သုံးရက်အတွင်း အ
မမှန်ကြချေ။





မှတ်မှတ်ရရ သူနဲ့ သေသေချာချာ ဆုံရသော နေ့ကတော့ ရောဂါဗေဒ ကျူတိုရီယာယ်အချိန်ပဲဖြစ်သည်။ ခါတိုင်းတော့ ရိပ်ခနဲ တွေ့လိုက်ရုံသာရှိပြီး အဲသည့်နေ့ကတော့ မရည်ရွယ်ဘဲ သူထိုင်နေရာ ခုံတန်းရှေ့တည့်တည့်မှာ အိမ့်က ဝင်ထိုင်လိုက်၍ သူ့ရှေ့တည့်တည့်နေရာမှာ အက္ခရာက ဝင်ထိုင်လေသည်။ ရောဂါဗေဒကျူတိုရီယာယ်ခန်းကတော့ ကျောင်း ကင်န်တင်းနားက ချောင်ကျကျသီရေတာကလေး။ နာမည်က Old Anatomy Theatre ဟု ခေါ်သည်။

"အက္ခရာ ငါ့ ကဗျာစာအုပ်တွေ ဝယ်ပါဦးဟ"

သူ့ဘေးမှ ထိုင်နေသော အက္ခရာ၏ သူငယ်ချင်းဆောင်ကလေးက သူ့ကဗျာစာအုပ်တွေ ရောင်းတော့ အက္ခရာက လှည့်ပြီး ဝယ်ချိန်အထိ သူ့မျက်ဝန်းတွေကို နည်းနည်းမေ့နေသေးသည်။ ရှင်းရှင်းပြောရရင် မြန်မာဆိုတဲ့ လူတစ်ယောက်ကို သည်လောက်အထိ မပတ်သက်နိုင်ဘူးထင်လို့ မေ့ပစ်မိတာပဲ။ သူငယ်ချင်း၏ ကဗျာတွေ လှန်လှော ဖတ်ရှုစဉ်မှာ သူ့အသံကို ပထမဆုံး ကြားရ၏။

"မင်းနာမည်က မြန်မာနော်၊ ကျွန်တော် ဟိုနေ့က ကြားလိုက်တယ်၊ ကျွန်တော့်နာမည် သက်ခိုင်ပါ၊ မင်းက ဆေး (၂) မှာတုန်းက စီနီယာတန်းကဆို"

www.burmeseclassic.com



သူ့အကြောင်း စပ်စုနေတာပါလားဟု ချက်ချင်း သိရှိလိုက်ကာ သက်ခိုင်၏ အမေးကိုဖြေမည့် သူ့အဖြေကို အက္ခရာက စောင့်နားထောင်မိသည်။

"မနှစ်က သာ့ဒ်အမ်ဘီ အောင်ပြီးပြီးချင်း နိုင်ငံခြားသွား လိုက်တာ၊ ဟိုမှာ မာမီ နေမကောင်းဖြစ်တာနဲ့ကြုံပြီး နှစ် တစ်ဝက်လောက် ကြာသွားတယ်၊ မာမီက ဆေးရုံ တက် လိုက်ရတယ်လေ၊ ဒါနဲ့ စာသင်နှစ် တစ်နှစ် နောက်ကျ သွားရတာပေါ့၊ ဆေး (၁) ကိုတော့ ဒီနှစ်မှ ပြောင်းချင်လို့ ပြောင်းတာ"

"ဟုတ်လား မင်းအမေက ဟိုမှာဆိုတော့ မင်းက ဘာလို့ မလိုက်သွားတာလဲ"

"ဒယ်ဒီက ဒီမှာနေတာ၊ မာမီက နိုင်ငံခြားမှာနေတာ မမနဲ့ အတူတူနေတယ်၊ ကိုယ်က ဒယ်ဒီနဲ့ နေတယ်ကွာ မင်း နောက်တော့ ကိုယ့်အကြောင်းတွေ သိလာမှာပါ နောက်မှ ပြောပြမယ်"

"ဟာ ... ရပါတယ် ကိုမြန်မာရယ်၊ တစ်ယောက်နဲ့ တစ်ယောက် ခင်သွားကြဖို့ အဓိကပါ၊ ကျွန်တော့်ကိုလည်း ခင်ပါ၊ ဒါက ကျွန်တော်တို့ အုပ်စုပေါ့"

သက်ခိုင်က တစ်ယောက်ချင်းနဲ့ မိတ်ဆက်ပေးသ ကြားရသည်။ အိမ့်က ခပ်တိုးတိုးဖြင့် ...





"နိုင်ငံခြားပြန်ကြီးတော့"

ဟု အတင်းအုပ်၏။ နေစမ်းပါဦး သူက ဆေး(၂) က ပြောင်းလာတာတဲ့လား။ နောက်ပြီး အက္ခရာတို့ရဲ့ အပေါ် တန်းဖြစ်တဲ့ စီနီယာတန်းကဆိုပဲ။ ဘာဖြစ်လို့ ဂျူနီယာတန်းကို ပြောင်းသလဲ။ အက္ခရာသည် သူနဲ့ သူ့မိသားစုဝင်တွေ အကြောင်း ကို စထင်စိတ်ဝင်စားမိသွားတော့သည်။ ဒါကြောင့် သူက ခပ်ငိုင်ငိုင် ဖြစ်နေတာ။ အမေ့ကို လွမ်းနေတာလား။

ကင်န်တင်းနားက ချောင်ကျကျ သီရေတာကလေး အတွင်းမှာ သူ့အကြောင်းကို စတင် သိခွင့်ရသောအခါ အက္ခရာ သည် ဟိုး ... လွန်ခဲ့တဲ့ သုံးရက်ကထက် သူ့ကို ပိုမို စိတ်ဝင်စား သွားတော့၏။ ထိုနေ့က ကျူတိုရီယာယ်မှာ ကျောင်းသားကတ် တွေဖြည့်ပြီး ဆရာမက ပြန်လွှတ်လိုက်သောအခါ သူက လစ်ခနဲ ထွက်သွားတော့သည်။ လုံချည် ပြင်ဝတ်တာ ကြာနေသော အိမ့် ကိုပင် စိတ်မရှည်ဘဲ သူ ဘယ်ထွက်သွားသလဲ ဟူသော သိချင် စိတ်ဖြင့် လိုက်ကြည့်သော်လည်း သူ့ကိုမမြင်ရတော့ချေ။ သိပ်ပြီး မြန်ဆန်တဲ့ ခြေလှမ်းတွေရဲ့ ပိုင်ရှင်ပဲ။

ထိုတစ်ပတ်၏ သောကြာနေ့မှာ စတင်သွားရသော အလုံမြို့နယ်က ကျန်းမာရေးဌာန ဆေးခန်းသည် ပီအက်စ်အမ် ပို့စတင်၏ ပထမဆုံး Visit ပဲ ဖြစ်၏။ စိတ်မကောင်းစရာတစ်ခု က အုပ်စုတွေခွဲပြီး တစ်ခန်းဝင် တစ်ခန်းထွက် လေ့လာရသော

www.burmeseclassic.com



အခါ သူနဲ့ အက္ခရာတို့ အုပ်စုကလေးတွေ ကွဲသွားတာပဲ ဖြစ်သည်။ ကျောနပ်စရာကောင်းတာတစ်ခုကတော့ ကင်န်တင်းမှာ သူနဲ့ ဆုံရတာပဲ ဖြစ်သည်။ ထိုနေ့က နောက်ကျပေမဲ့ ကင်န်တင်းမှာ ထူးထူးဆန်းဆန်း နေရာရသည်။ စားပွဲရှည်ကြီးမှာ သူမတို့နှင့် ပို့စတင်မတူသော မွှေးမွှေးနဲ့ ပုန်းညက်ကို အတွေ့အကြုံ ဖောက်သည်ချနေခိုက်မှာ ...

"ဒီခုံမှာ လူရှိလား"

ဟူသော မေးသံဖြင့် သူ့ကို မမျှော်လင့်ဘဲ ဆုံရသည်။ သွက်လက်သော အိမ့်က မရှိဘူးဟုဖြေလျှင် သူသည် တည်တည်ငြိမ်ငြိမ်ပဲ ဝင်ထိုင်လိုက်၏။ သူနဲ့အတူ အကြီးတန်းက သူငယ်ချင်းတစ်ယောက်လည်း အတူတူ ပါလာသေးသည်။ သူ့မှာ ထမင်းဘူး မပါချေ။ ကင်န်တင်းက ထမင်းကြော်နှင့် အစိမ်းကြော်တွေ မှာသံကြားရ၏။ သူ့မျက်ဝန်းများက သည်တစ်ခါတော့ သူနဲ့ မျက်စောင်းထိုးမှာရှိသည့် အက္ခရာကို ကြည့်မနေချေ။ သူ့သူငယ်ချင်းနှင့် ဘာတွေလဲမသိ ဆွေးနွေးနေလေရဲ့။

သူ မှာထားသော ထမင်းကြော် ရောက်လာသောအခါ သူ့လက်ဖဝါးတွေကို သူမ မြင်လိုက်ရ၏။ သူ့ရဲ့ ဘယ်ဘက်လက်ဖဝါးသည် ပတ်တီးတွေ အထပ်ထပ် စည်းနှောင်ထားလေသည်။ ပြောရရင် တစ်စုံတစ်ခု ရှလို့ပဲလား။ မာကျောသော အရာဝတ္ထုတစ်ခုခုကို ထိုးလို့ပဲလား။ အဲသည်လိုပုံစံမျိုး၊ ဓွန်းနဲ့





ခက်ရင်းကို အစုံမကိုင်နိုင်၍ ဇွန်းနဲ့ပဲ ခပ်နေရသော သူ့ကို အလိုလို သနားနေချင်သည်။

"မင်း ရေးထားတဲ့ ရီပို့ Report တွေ ငါ ကူးမယ်နော်၊ ဘယ်သူတောင်းထားသေးလဲ"

"မင်းကိုပဲ ပေးမှာပါကွာ၊ ဘယ်သူမှ မတောင်းပါဘူး၊ အေး ဒါပေမဲ့ စာမေးပွဲနီးရင်တော့ ပြန်ယူရမယ်၊ ဗိုင်ဗာမှာ ဗစ်ဇစ်တွေ အဓိက မေးတာကွ၊ မင်းက တစ်ခုသွားပြီး ကူးပါလား၊ အားလုံး အစုလိုက်ယူရင် ပျောက်မှာပဲ"

"မင်း မားသားကြီး မနေ့ကကိစ္စ ဆူသေးလား၊ ဒယ်ဒီတော့ ငါ့ကို ရေရေလည်လည် ကောတာကွ၊ လက်က ကိုက်လွန်းလို့ ညက အိပ်လို့တောင် မရဘူး၊ ဒီမနက်လည်း ဗစ်ဇစ်အတွက် ရှစ်နာရီဆယ့်ငါး လူစုံရမယ်ဆိုလို့ အစောကြီး ထလာရတယ်၊ အိပ်ရေး မဝဘူး၊ အရမ်း အိပ်ချင်နေတယ်၊ အိမ်ပြန်ရင် ဒယ်ဒီက ဆူမှာကွ၊ မင်းအိမ် လိုက်အိပ်ရင် ကောင်းမလားလို့"

"ငါ့ညီမတော့ ရှိတယ်နော်"

"အေးပါ ယောက်ဖရာ သိပါတယ်၊ မင်း ညီမရှိတာ ငါ သိပါတယ်၊ မတိုတောင်းပါနဲ့"

ဘုရား ... ဘုရား သူ့သူငယ်ချင်းမှာ ညီမ ရှိသတဲ့။ ပြီးတော့ သူက အဲသည့်အိမ်မှာ အကျွမ်းတဝင် ဝင်ထွက်သွားနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပုံ ရတယ်။ အက္ခရာသည် ကယောင်ကတမ်းတွေ တွေးလျက် ပူအိုက်နေသော အပြင်က ရာသီထက် ရင်တွင်း၌ ပိုမိုပူလောင်ကာ ချွေးပြန်လာတော့သည်။ ယောက်ဖတဲ့။ သူကလည်း ယောက်ဖလို့ ခေါ်တယ်။ ဘာတွေများ ပတ်သက်ဖူးသလဲ။ အက္ခရာသည် သူ့ကို ယခုမှသာ သူနဲ့ ဆုံစည်းခဲ့ရသည့်အတွက် သူမကိုယ် သူမ မုန်းတီးချင်လာသည်။

* * *





"သွားရအောင် အက္ခရာ၊ လူရှင်းတုန်း ကျောင်းလခ သွားသွင်းရအောင်၊ ဘာတွေတွေးပြီး ငြိမ်နေတာလဲ"

ကောင်မလေးသည် သူမ သူငယ်ချင်း၏ ဆော်ဩမှုကြောင့် ထမင်းဘူးကို ကောက်ကိုင်ကာ ထဖို့ ပြင်ဆင်၏။ ဟူးခုမှပဲ ရင်ထဲ ပေါ့သွားတော့တယ်။ တစ်ချိန်လုံး သူ့ကို မလွှတ်တမ်းလိုက်ကြည့်နေသော ဒါမှမဟုတ် မသိမသာ ခိုးကြောင်ခိုးဝှက်ကြည့်နေသော အက္ခရာကို သည်တစ်ခါတော့ ရင်ဆိုင်ကြည့်ရမှာ ခဲမရဲ ဖြစ်မိသည်။ ဒါနဲ့ပဲ စကားတွေ လျှောက်ပြောနေတာတွေ ဘာတွေ ပြောမိမှန်းတောင် မသိပေ။ သူမ၏ အပြုံးကို မမြင်လိုက်၍ ရင်ထဲမှာ တစ်ခုခုလိုသွားသလို ခံစားနေမိပြန်သည်။

"ခုနက တစ်ယောက်က တီဗီမှာ အကမင်းသမီးတွေထဲမှာ စတားဆို၊ ဟုတ်လား မျိုးဝေ"

"အက္ခရာလား မင်းက အသစ်ဆိုတော့ ဘယ်သိမလဲ၊ သူက သာဒ္ဓအမ်ဘီထဲက တီဗီမှာ တော်တော်နေရာယူ



www.burmeseclassic.com

www.burmeseclassic.com



လာတာ၊ အရင်ကတော့ ကြိုကြား ကြိုကြားပေါ့ကွာ၊ အခုတော့ အရမ်းတွေ့လာရတယ်၊ ခဏခဏ တွေ့တော့ တီဗီစတား ဖြစ်လာတာပေါ့"

"သူ ဝင်လာရင် ချုသံတွေရော၊ စကားများသံရော ဆူညံနေတာပဲ၊ အတန်းလည်း အရမ်းလစ်တယ်၊ အတန်းတက်တဲ့ အချိန်ဆိုလည်း စကားများနေတယ်၊ ဒါနဲ့များ တစ်နှစ်မှ ဆပ်ပလီမထိဘဲ အောင်လာတယ်၊ အံ့ရော"

"အောင်မယ် မင်းရော ဘာထူးလို့လဲ၊ မိန်းကလေးတွေက ဟန်ဆောင်တာပါကွာ၊ အိမ်ရောက်ရင် ကျိတ်ကျက်ကြတာ၊ ငါတို့တွေသာ ပေါးလားဝါးလားနဲ့ စာမေးပွဲနီးမှ မျက်လုံးပြူးကြတာ၊ အက္ခရာက မလှဘူးလို့ ပြောလို့တော့ မရဘူး၊ ဒါပေမဲ့ သူ့ကို လှတယ်လို့ပြောတာထက် ချစ်စရာကောင်းတယ်လို့ ပြောတာက ပိုမှန်မလားဘဲ၊ အခုလည်း သတင်းကြားထားတာ ခေတ်အဆက်ဆက် ဆင်ယင်ထုံးဖွဲ့မှု ဆိုတဲ့ တီဗီအစီအစဉ်မှာ ဝင်ပါထားသေးတယ် ဆိုလား၊ နောက်ပြီး ဒီနှစ် ကျောင်းကိုယ်စား ဆိုကရေးတီး ဝင်ပြိုင်မယ်တဲ့။

သည်ကောင် သိလှချည်လား ရိုးမှရိုးရဲ့လား မသိဘူး၊ မသိမသာ အကဲခတ်တော့ မထူးခြားပါ။ ယောကျ်ားလေးတစ်ယောက်က နာမည် အတော်အတန် လူသိများသော မိန်းမတစ်ယောက်ကို သိနေသည့် ဟန်ပန်မျိုး ဖြစ်သည်။





သည်နေ့ အက္ခရာရဲ့ စကားသံတွေ တိတ်ဆိတ်နေတာ ထူးဆန်းသည်။ အလုံသွားတုန်းက ကျောင်းကဌားတဲ့ ားကြီးပေါ်မှာတုန်းက လမ်းတစ်လျှောက်လုံး စကားများလာတာ ဘွ့ပါသည်။ အခုမှ ဘာလို့ စကားနည်းသွားတာလဲ။ ကေန္တ သူနဲ့ မျိုးဝေပြောသော စကားတွေကို ခိုးနားထောင်နေလို့များလား။ ခင်းလေးတော့ ကြာရင် သူခိုးမလေး ဖြစ်တော့မယ်။ ငါ့ကိုလည်း ခိုးကြည့်ရ၊ အတန်းထဲမှာ ခိုးပြီး စကားများရ၊ ငါ့စကားတွေ ခိုးနားထောင်ရနဲ့။

ထိုနေ့က အက္ခရာသည် အတန်းချိန် အကုန်တက်သလို သူလည်း အတန်းချိန် အကုန်တက်ခဲ့ပါသည်။ ဒါပေမဲ့ သူမသည် အင်မတန်မှ ရိုက်ချင်စရာကောင်းလှစွာ အိုဂျီ (သားဖွားမီးယပ် ဆေးပညာ) အချိန်တွင် စားပွဲပေါ် မှောက်အိပ်နေခဲ့သသည်။ ရောဂါဗေဒ အချိန်မှာ ပါမောက္ခ လက်ချာပေးဖို့ ဝင်လာတော့ ဘေးက သူငယ်ချင်းနှိုးမှ စိတ်ညစ်ညစ်ဖြင့် ဆူပွဲပွဲလုပ်ကာ ထ၍ စာကူးဖို့ ပြင်ဆင်သည်။ ကြည့်ရတာ သူမဟာ အလိုလိုက်ခံရသော ခပ်ဆိုးဆိုး ကလေးမကလေး ဖြစ်ပုံရသည်။ ထိုနေ့၏ အိမ်အပြန်မှာ သူက သူမအား ထပ်မံ မေ့လျော့ နေခဲ့တော့သည်။

*  *  *



www.burmeseclassic.com

www.burmeseclassic.com



## ၂

"အက္ခရာ နှင့် အဲဒီတစ်ယောက်ကို ဘယ်လိုမြင်လဲ"

"အဆွေးသမား တစ်ယောက်လို့ မြင်တယ်၊ သူ့မျက်
တွေက မျက်အိမ်ကျယ်ကျယ်နဲ့ လှတော့ လှပါရဲ့၊ ဒါ
တစ်စုံတစ်ခုကို ကြေကွဲနေသလိုပဲ၊ ကေန္တ ရည်းစား
ကွဲထားတဲ့ လူတစ်ယောက် ထင်တယ်"

အက္ခရာသည် အိမ့်၏စကားကို တုံ့ပြန်လျက် မြ
ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ မြန်မာသည် သူ
နှစ်ယောက်နှင့် ခြားနားစွာ Visit ဟူသမျှကို သေသေချာ
စိတ်ဝင်စားသည်။ ရှင်းပြသမျှ ပြသသမျှကိုလည်း အာရုံစိ
နားထောင်တတ်သည်။ အက္ခရာနဲ့ အိမ့်ကတော့ စိတ်ဝင်စား
လိုက်ကြည့်လိုက်၊ နားထောင်လိုက် နေပူလျှင် နေရိပ်ထဲမှ ဆ
မမြင်အောင် နီးနားလိုက်၊ ရီပို့ (Report)ကို အချိန်မီ တ





အောင် အလျှင်အမြန် ရေးလိုက်နှင့် ပီအက်စ်အမ် ပို့စတင်ကာလကို
ကုန်သန်းသူများ ဖြစ်၏။

မြန်မာသည် အတော်လေး ထူးခြားသော ယောကျ်ား
တစ်ယောက်ပင် ဖြစ်သည်။ အတန်းထဲမှာလည်း ဘယ်သူနဲ့မှ
ရောရောနှောနှော မနေချေ။ အတန်းလည်း မှန်မှန်မတက်ချေ။
သို့သော် အတန်းတက်ရင်တော့ အက္ခရာတို့နှင့် ခြားနားစွာ သင်
ခန်းစာကို ဂရုတစိုက် မှတ်သားတတ်သူလည်း ဖြစ်သည်။ ပြီးတော့
အက္ခရာကို ဒုက္ခပေးလှသော သူ့မျက်ဝန်းများသည် တစ်စုံတစ်ခု
ကို ကြေကွဲနေတာတော့ အမှန်ပဲ ဖြစ်မည်။ တဖြည်းဖြည်းနဲ့
အက္ခရာက ထိုအရိပ်တို့ကို သိနေခဲ့ပြီ။

"သူက သာဒ့်အမ်ဘီတုန်းက ဆပ်ပလီနဲ့ အောင်လာတာဟဲ့၊
ဒါပေမဲ့ စာတော့ ဂရုတစိုက် လုပ်တတ်သားပဲနော်"

"ဆပ်ပလီဆိုတာက မတော်မဆ ကျတာပါ၊ သူ့မှာ
အခက်အခဲတွေ ရှိနေလို့ နေမှာပေါ့"

"အိမယ် ... ရှင် မဆီမဆိုင် သူ့အစား ရန်တွေ့ရတယ်လို့"

မွေးမွေးနဲ့ ပုန်းညက်တို့က အက္ခရာတို့ နှစ်ယောက်နဲ့
ပေါင်းမတွေ့ ၍ မြန်မာဆိုသော လူတစ်ယောက်အကြောင်း သိပ်
မသိကြပေ။ သိပ်ပြီးလည်း စိတ်မဝင်စားပေ။

"ဟဲ့ ... ကောင်မလေးတွေ နောက်မှာရပ်ပြီး စကားများ
မနေနဲ့၊ ဒီမှာ နည်းနည်းပါးပါး လာကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကလေးက လှမ်းခေါ်တော့ အက္ခရာသည် ခပ်ရှက်ရှက်ဖြင့် အမျိုးသား ရေကူးကန် တာဝန်ကျသူ၏ ရေသန့်စင်မှု ရှင်းလင်းနေသည်ကို ရှေ့တိုးနားထောင်ရလေသည်။ အမှန်ပြောရရင် အက္ခရာသည် ကိုယ်တိုင်က ရေမကူးတတ်၍ ရေကူးကန်ကို စိတ်မဝင်စားပါ။ ရေကန်ထဲက ရေတွေဝင်တာ၊ ထွက်တာ သန့်စင်တာတွေ၊ ဆေးကြောတာတွေလည်း မသိချင်ပါ။ သို့သော် အရေးကြီးသော ခေါင်းစဉ်အောက်တွင်ရှိသော လေ့လာရသည့် Visit များကို ဝတ္တရားအရ နားထောင်ရသည်မှာ အက္ခရာတို့လို ဆေးကျောင်းသား ဆေးကျောင်းသူတွေ၏ ဝဋ်ဒုက္ခလည်း ဖြစ်သည်။ မြန်မာဆိုသော အဆွေးသမားကတော့ အမြင်ကတ်စရာ ကောင်းလောက်အောင် စိတ်ဝင်တစား နားထောင်တတ်လှသည်။

ပီအက်စ်အမ် ပို့စတင်အတွက် ကျောင်းနဲ့ နီးနီးနားနား အမျိုးသား ရေကူးကန်ကို လာဖို့ကတော့ ကိုယ့်ကိုယ်ပိုင်ကားနဲ့ လာကြရသည်။ အဲသည့်အခါမှာ သူ့ရဲ့ ဖော်ရွေမှုကို သိရှိရသည်။ သူသည် သူ့ကားနဲ့လိုက်ဖို့ အားလုံးကို လိုလိုလားလား ဖိတ်ခေါ်နေသံ ကြားရ၏။ အက္ခရာနဲ့ အိမ့်ကတော့ ကားမောင်းတတ်သော်လည်း လိုင်စင် မလုပ်ရသေးသူများဖြစ်၍ ကျောင်းကို ကားမယူလာနိုင်သော်လည်း၊ သူငယ်ချင်းတစ်ယောက်၏ ကားနဲ့ ကားကြုံလိုက်ခွင့် ရလေသည်။ သူက အက္ခရာအား စတွေ့သည့်နေ့က သေသေချာချာ စိုက်ကြည့်ဖူးတာကလွဲလျှင် ခုနောက်ပိုင်းတွေမှာ ရှိတယ်လို့တောင် ဂရုပြုမိပုံ မရချေ။ ထို့ကြောင့် အက္ခရာ ဘာနဲ့သွားသလဲ၊ လာသလဲ မြန်မာ မသိပါ။ သိပ် မကျေနပ်ချင်စရာ ကောင်းတာပဲနော်။

"ရှီး … အိုက်လိုက်တာ သေတောင် သေချင်တယ်၊ ဒီလိုမျိုး ဘယ်နှရက် ဝဋ်ခံရဦးမလဲ မသိဘူး အိမ့်ရယ်၊ ဒီနှစ်မိုးလည်း မရွာသေးဘူး၊ မေလတောင် ကုန်တော့မယ်"

"နင့်ကို ဆက်ရက်ဆိုတဲ့ နာမည်ကနေ ခိုလို့ ပြောင်းပေးရင် ကောင်းမယ်၊ သိပ် ညည်းညူတာပဲ"

အိမ့်က ဟောက်တော့ အက္ခရာသည် စိတ်အနည်းငယ်ကောက်လျက် အိမ့်နားမှာ ရပ်မနေတော့ဘဲ သစ်ပင်တစ်ပင်အောက် သွားရပ်နေလိုက်သည်။ ထိုအခါ အက္ခရာကို မဆီမဆိုင်သည့်၍ ရှုးစမ်းကာ မြန်မာ၏ ကြေကွဲမျက်ဝန်းဟု အက္ခရာ တိတ်တဆိတ် အမည်ပေးထားသော မျက်ဝန်းများကို ရင်ဆိုင်ရသည်။ ဘာဆိုင်လဲ မင်းနဲ့ ဘာဆိုင်သလဲ။ ငါဘာသာ ဘယ်သူနဲ့ စိတ်ကောက်ကောက် ရန်ဖြစ်ဖြစ်။ အက္ခရာသည် သူမ၏ အမြဲတမ်း အပြုံးရိပ်ထင်နေသည်ဟု အများက တင်စားကြသော နှုတ်ခမ်းကို သည်တစ်ခါတော့ တမင် ရှုပုပ်ထားလိုက်၏။ ထိုအခါ မြန်မာသည် ဘာအဓိပ္ပာယ်ပေါက်သွားသည် မသိချေ၊ ခပ်မြန်မြန်မျက်နှာလွှဲသွားတော့၏။ ဟင်း … စိတ်ကုန်စရာပင် ကောင်းသေးတော့။

နေစမ်းပါဦး၊ တစ်ခု သံသယဖြစ်စရာကောင်းတာက အက္ခရာ ဘာလို့ မြန်မာကို စိတ်ဝင်စားသလဲဆိုတာပဲ။ သူ့ရဲ့

www.burmeseclassic.com



ကြေကွဲမျက်ဝန်းတွေကြောင့်ပါလို့ ညာကြည့်ချင်သည်။ သို့သော် ညာမရချေ။ သူ့ရဲ့ လှုပ်ရှားမှုတွေကို လိုက်လံ မှတ်သားကြည့်နေချင်သည်။ သူဟာ အရယ်အပြုံး နည်းလှ၍ သူရယ်တာ ပြုံးတာကို တစ်ခါတစ်ရံ တွေ့ရခြင်းအား မမြင်ရမှာ စိုးရိမ်နေတတ်သည်။ သူ့ရဲ့ဘဝ တစ်စိတ်တစ်ပိုင်းကို သိချင်သည်။ သူဟာ အက္ခရာကို စိတ်မဝင်စားဘူးဟူ၍ သိနေနှင့်တာတောင် အက္ခရာသည် မိုက်မဲစွာ ယောက်ျားတစ်ယောက်အား စတင် စိတ်ဝင်စားခြင်းတည်းဟူသော ရာဇဝင်ကို ရေးဆွဲမိပြီ။ အက္ခရာ၏ ရာဇဝင်ကလည်း ပျက်ခဲ့ပြီ။

မြန်မာက အင်မတန် လိမ္မာတဲ့ အမျိုးသားကလေးဖြစ်သည်ကွယ့်။ အက္ခရာတို့ အတန်းထဲက အချောအလှတွေကို စိတ်ဝင်တစားလည်း ငေးမကြည့်တတ်။ ဘယ်မိန်းကလေးကိုမှလည်း အရောတဝင် မနောက်ပြောင်တတ်။ များသောအားဖြင့် သူ့ကားထဲမှာ ကားမှန် အပြည့်တင်ပြီး ထိုင်ခုံနောက်မှီကို လှန်ချကာ သီချင်းနားထောင်ချင် နားထောင်၊ ဒါမှမဟုတ် မျက်လုံးမှိတ်နေတယ်။ တစ်ခါတစ်ရံ ကျောင်းရှေ့က ပေါက်ပင်ကို အောက်မှာ တစ်ယောက်တည်း ငေးချင် ငေးနေတတ်၊ ဒါမှမဟုတ် သူ့သူငယ်ချင်းတွေ ပြောသမျှ နားထောင်နေတတ်။

အင်း … ပြောရရင်တော့ ပဟေဠိ လူသားကလေးပဲပေါ့"

❋ ❋ ❋





ထိုပဟေဠိ လူသားအား တကယ်ပင် စွဲလမ်းသွားသည့် နေ့ကတော့ ပီအက်စ်အမ် ပို့စတင်၏ အရေးကြီးဆုံး တစ်ခုဖြစ်သော အက်ဖ်အိပ်ချ်စီ (F. H. C) သွားရသည့် နေ့မှာပဲ ဖြစ်သည်။ ထိုနေ့သည် ခါတိုင်းရက်တွေလို ရန်ကုန်နယ်နမိတ်ထဲမှာ လေ့လာရတာ မဟုတ်ပါ။ သန်လျင်မှာရှိသော ရပ်ကွက်ကလေးတွေကို ကျောင်းသားတစ်ယောက်လျှင် နှစ်အိမ်ကျ မိသားစုကျန်းမာရေးကို လေ့လာခြင်း၊ အကြံပေးခြင်း၊ ဆေးကုသခြင်းတွေ ဆောင်ရွက်ရခြင်း ဖြစ်၏။

အဲသည့်နေ့က ကျောင်းက ငှားထားသော ဒေဝူးဟိုးနိုးကားကြီးဖြင့် သန်လျင်ကို တပျော်တပါး သွားကြရသည်။ အားလုံးက တက်ကြွပျော်ရွှင်နေသလောက် သူက ခပ်ငိုင်ငိုင်။ လမ်းဘေး ဝဲယာကို ငေးကြည့်လျက် လိုအပ်သော အချက်အလက်စာရွက် စာတမ်းများကို ဖတ်ရှုလျက်။ ကျန်တဲ့ ယောက်ျားလေးတွေ အကုန်လုံး ကားထဲမှာ ဖွင့်ထားသော သီချင်းကို သံပြိုင်လိုက်ဆိုနေသလောက် မြန်မာက အင်မတန် ငြိမ်လွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဒီမှာ ဂျာ့ခ် (jerk) ခေါက်တဲ့ ဟမ်မာ (Hummer) ကျနေတယ် ရော့"

အက္ခရာသည် မြန်မာ့အကြောင်း တိတ်တဆိတ် တွေးနေချိန်မှာ အက္ခရာ၏ နောက်တည့်တည့်မှာ ထိုင်နေခဲ့သော မြန်မာသည် အက္ခရာအား ဟမ်မာကလေးကို ထိုးပေးလျက် ခပ်ဟောက်ဟောက်ကလေး ပြော၏။ ဘာလဲ … ဒါဟာ ငါ့ကို ဟောက်တာ။ ကိုယ့်ပစ္စည်းကိုယ် မရှိသေရ ကောင်းလားဆိုပြီး ဟောက်တာပဲဟု အနည်းငယ် ဒေါသဖြစ်ရလေသည်။

"အဲဒါ တို့ဟမ်မာ မဟုတ်ဘူး"

"ဒါဆိုရင် ဘေးကလူတွေရော မေးကြည့်လိုက်လေ"

ကြည့်စမ်း ငါ့ဟမ်မာ မဟုတ်လို့ မဟုတ်ဘူးလည်း ပြောရသေးတယ်။ လူကိုများ အမိန့်ပေးလိုက်၊ စကားမာမာပြောလိုက်နဲ့၊ တော်ပါပြီ ဒီလို ယောကျ်ားလေးမျိုးနဲ့ မိတ်ဆွေ မဖြစ်ချင်တော့ဘူး။ သူ့ဘာသာ ဘာတွေ အဆွေးသမားဇာတ် ခင်းခင်းဟု အက္ခရာက စိတ်ထဲက ရန်တွေ့ပစ်လိုက်သည်။

"အိမ့် နင့်ဟမ်မာလား"

အက္ခရာသည် ဘာပဲဖြစ်ဖြစ် လူများရှေ့မှာမို့ သူ ကျေနပ်အောင် မေးပေးရပါသည်။

"ငါ့ဟမ်မာ မဟုတ်ဘူး၊ သစ်သစ်ဟာလား မသိဘူး၊ ရှေ့ကို လက်ဆင့်ကမ်းလိုက်ပါလား၊ ခုန သူ ကိုင်ထားတာ တွေ့တယ်"





ဟမ်မာကလေးသည် သစ်သစ်၏ ဟမ်မာ ဖြစ်နေ
သည်။ အက္ခရာက သူမအား အနည်းငယ် ဟောက်သလိုလို
ားဆိုသော မြန်မာ့ကို မကြည့်လင်တာနှင့် ထပ်ပြီး ခေါင်းစောင်း
ည့်ဖို့ မကြိုးစားတော့ချေ။

သို့သော် သန်လျင်မှ အပြန်လမ်းတွင် သူ့ရဲ့ မှိုင်
သဏ္ဍာန်သည် အက္ခရာ၏ မာနများကို ဝါးမျိုခဲ့၏။ အလာ
း ကလို အက္ခရာ၏ နောက်ကြောတည့်တည့်ခုံမှာ မထိုင်ရတော့
အက္ခရာ၏ နောက်ဘက် မျက်စောင်းထိုးတွင် ထိုင်သော သူ့
်ဝန်းတွေသည် သန်လျင်တံတားပေါ်မှ မြစ်ပြင်ကို ငေးကြည့်
ွင် ရှိဝေဝေနိုင်လှသည်ဟု အက္ခရာ ယူဆသည်။ ပြီးတော့
ားတွေလို အတွေ့အကြုံ ရှင်းလင်းမနေ။ ခပ်ငြိမ်ငြိမ်ထိုင်လျက်
ခံနောက်မှီပေါ် ခေါင်းလှန်ချ၍ နေ၏။ နောက်တော့ မျက်
ွ စုံမှိတ်ထားလေရဲ့။ ကဲ … မြန်မာ ဘာတွေလုပ်သလဲ
ာ အက္ခရာ ဘာကြောင့် သိနေသလဲ စဉ်းစားသာကြည့်။

သူ့ရဲ့ လှုပ်ရှားမှုတွေကို ခိုးကြောင်ခိုးဝှက် လိုက်
နေလို့ပဲပေါ့။ အက္ခရာသည် မြန်မာ ပျော်မနေဘူးဆိုတာ
က်လျှင် သူမပါ ပစ္စုပ္ပန်ကို မေ့လျော့၍ ငိုင်တွေချင်သွားတော့
။ အက္ခရာ ကြုံတွေ့ရသော မိသားစု၊ ကလေးတွေ ဆင်းရဲ
ချို့တဲ့တာကို ခုနက သနားခဲ့သလောက် ခဏလေးနဲ့ မေ့
ာ အက္ခရာ၏ အာရုံထဲတွင် မြန်မာ ကြေကွဲခြင်း သဏ္ဍာန်
ရာယူလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ့်က ...

"ညနေ ငါတို့အတန်းနဲ့ သာဒ့်အမ်ဘီနဲ့ ဘောလုံးပွဲရှိတယ်

သွားကြည့်ရအောင်၊ နင် လိုက်ခဲ့နော်"

ဆိုတာတောင် ပွဲတိုင်းနွှဲရမှ ကျေနပ်တဲ့ အက္ခရာ သိပ်စိတ်ဝင်စားမှု မရှိချေ။ အက္ခရာအတွက် အခုလောလောဆ မှာ အသိချင်ဆုံး၊ စိတ်အဝင်စားဆုံး အရာတွေကို အလွှမ်းမိုး ဟာ မြန်မာဆိုသော လူတစ်ယောက်ရဲ့ ဖြစ်စဉ်တွေပဲ၊ မြ ဘာတွေ ထိခိုက်ခံစားနေရသလဲကိုသာ အက္ခရာ အသိချင် တည်း။

ဘယ်နေရာ ကြည့်ကြည့် အက္ခရာရဲ့ မျက်လုံးထဲ ထိခိုက်ကြေကွဲနေသော၊ အပျော်ကင်းမဲ့သော၊ တစ်ခုခုကို ဆ နေသော၊ တမ်းတနေသော မျက်နှာတစ်ခုက အရိပ်ထင်နေ သည်။ အက္ခရာသည် မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရသော နှ မှုတစ်ခုအတွက် အံ့သြမဆုံး ရှိနေပြန်တော့သည်။

ထိုနေ့၏ ညနေဘက်တွင်တော့ ဘောလုံးပွဲအ အတန်းတစ်ချို့ လွှတ်ပေးလေသည်။ အားလုံး တပျော်တပါ သထုံလမ်းမှာရှိသော ဘောလုံးကွင်းမှာ စုဝေးရောက်ရှိ အက္ခရာသည် တစ်စုံတစ်ယောက်ကိုတော့ ဘယ်သူမှမသိ ရှာဖွေမိလေသည်။ မြန်မာသည် ယောကျ်ားကလေးတွေ ထိုင်နေသော ပွဲကြည့်စင်၌ ခပ်ငြိမ်ငြိမ် ထိုင်နေတာကို





အက္ခရာ စိတ်ချမ်းသာတော့သတဲ့။ သည်လိုတော့လည်း သူပါ ဝင်ဆင်နွှဲသားပဲဟု ကျေနပ်ချင်သတဲ့။

ဘောလုံးပွဲသည် သိပ်တော့ နိုင်ဖို့ အခွင့်အရေး မရှိပါဟု အစကတည်းက သိထားပြီးသည့်အတိုင်း အက္ခရာတို့၏ အတန်းသည် ခံစစ်နဲ့ချည်း ကစားနေရသည်။ အင်မတန် ထူးဆန်းတာက အက္ခရာတို့အတန်းမှ ယောကျ်ားလေးတွေက သိပ်မအော်ဘဲ အက္ခရာတို့ မိန်းကလေးတွေက မခံချင်လှစွာ အော်ဟစ်အားပေးတာပဲ ဖြစ်သည်။ ကိုယ့်ဂိုးတိုင်ဘက် နီးလာလျှင် ရင်တထိတ်ထိတ်နှင့် အသံတွေထွက်ကြ၊ ဟိုဘက် ဂိုးတိုင်ဘက်နီးလျှင် ရင်ခုန်ကြနှင့် အတော်လေး စိတ်ပင်ပန်းရ၍ မြန်မာ့ကို မကြာခဏ လှည့်ကြည့်ဖို့တောင် မေ့လျော့ခဲ့ပါသည်။

သူရော အော်သလား မအော်သလား မသိပါ။ အက္ခရာတောင် အရင်ကလို ခပ်ငြိမ်ငြိမ် ထိုင်မကြည့်နေတော့ဘဲ အော်ဟစ်အားပေးမိတာသာကြည့်။ ဘယ်လောက် စိတ်လှုပ်ရှားရတဲ့ ဘောလုံးပွဲကလေးလည်းဆိုတာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူက သည်ကျောင်းနဲ့ အစိမ်းသက်သက် ဖြစ်နေ၍ အစကတော့ စိတ်ပါလက်ပါ သိပ်မရှိလှချေ။ သူနဲ့တွဲတဲ့ ကောင်တွေ ခေါ်လို့သာ လိုက်ကြည့်ဖြစ်ပေမဲ့ ကိုယ့်ဘက်က နိုင်ချေနည်းလာသော အခါ မနေနိုင်တော့ပေ။ တခြားကောင်တွေ အော်သလောက် အနည်းအကျဉ်း ဝင်အော်မိ၏။ ဘာပဲဖြစ်ဖြစ် သူက အခုလောလော ဆယ် အငယ်တန်းမှာ တက်နေတာပဲ။ နောက်ဆုံးနှစ် အပိုင်း (က) အငယ်တန်းပေါ့။ သူတို့ကျောင်းက အခေါ်နဲ့ဆိုရင် ဂျူနီယာပေါ့။

လူ့စိတ်ဆိုတာ ဘယ်လောက် အံ့ဩစရာကောင်းသလဲဆိုရင် သူ့ကို အမြဲတမ်း လှေ့လာနေတဲ့ မျက်လုံး အရောင်တောက်တောက် ပိုင်ရှင်ကလေးကို မိန်းကလေးအုပ်စုကြားမှာ မသိမသာ ရှာကြည့်မိသေးရဲ့။ ဟော ... တွေ့ပါပြီ။ အင်မတန်ကဲတဲ့ ကောင်မလေး။ သာဒ္ဒ်အမ်ဘီတွေ ဂိုးမဝင်တော့တာကို ဝမ်းသာအားရ ထခုန်ရင်း လက်ခုပ်တွေ တီးနေပုံများ။ သူမနဲ့တွဲတဲ့ ကောင်မလေးအပါအဝင် သူတို့ အတန်းထဲက ရကောင်မလေး တော်တော်များများလည်း ထိုနည်းတူပင်။





"တော်ပါသေးရဲ့ကွာ၊ ငါတို့ အတန်းလည်း မိန်းကလေးတွေ အော်ပေးလို့သာ ဒီလောက် အသံထွက်နေတာ၊ အော်များ မအော်ပေးမိရင် သာဒ္ဒ်အမ်ဘီတွေ ဒီ့ထက် ထောင်မယ်၊ ဟော ... ဟိုမှာ ကြည့်ပါဦး၊ သာဒ္ဒ်အမ်ဘီထဲက ကောင်လေး တစ်ယောက်ကလည်း ကင်မရာကြီး တကားကားနဲ့၊ ကမ္ဘာ့ ဖလားဘောလုံးပွဲ ကျနေတာပဲ၊ သာဒ္ဒ်အမ်ဘီတွေဟာ ပဲကို များတယ်"

သူ့ဘေးက သူငယ်ချင်းသည် သူမတို့တစ်တွေကို ...ာ့ ကိုယ့်အချင်းချင်းမို့ အားပေးလေရဲ့။ သူ့သဘောပြောရရင် ...းကလေးတွေအနေနဲ့ ဘောလုံးပွဲက သိပ်မအပ်စပ်ဘူးလို့ ထင် ...ည်။ သို့သော် ဒါကတော့ ကိုယ့်ကျောင်း ဘောလုံးပွဲမို့လို့ ...ားပါတော့လေဟု ခွင့်လွှတ်ပေးလိုက်ပါသည်။

"အမယ်လေး ဆယ်မိနစ်ပဲ လိုတော့တယ်၊ ဘာပဲဖြစ်ဖြစ် တစ်ဂိုးလောက် ပြန်သွင်းပါဟယ်၊ အခုထိ ဘဲဥမကွဲသေးဘူး၊ ပြန်ရမှာ ရှက်စရာကြီး၊ သာဒ္ဒ်အမ်ဘီတွေကို ဘယ်လို မျက်နှာပြရမလဲ၊ ဒီလောက်ကြီး အော်ထားတာ"

သူမက အသံကျယ်ကျယ်ဖြင့် ညည်းညူသံကို ... ကြားဖြစ်အောင် ကြားလိုက်သေးရဲ့။

"ကျုပ်ဆို ညက နိုက်ဂျူတီကျတယ်၊ တစ်ညလုံး ဝစ်တ်နက်စ် Witnessကြည့်ထားရတာ အတန်းထဲမှာလည်း မအိပ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဒီမှာ လာအော်လွန်းလို့ အသံတောင် ပျော နေပြီ"

အက္ခရာ ဆိုတော့ သူမ နံဘေးတစ်ဖက်မှာ ထိုင် သည့် ကောင်မလေးသည် မျက်ကွင်းချောင်ချောင် အသံအက်အ ဖြင့် ထောက်ခံသေးရဲ့။

ဟင်း ... တတ်ပဲ တတ်နိုင်တယ်။ ဘယ်လို ကော မလေးတွေမှန်း မသိ။

အတန်းတက်ဖို့ဆိုရင်တော့ နောက်ဆုံး ခုံတန်း မှာ ထိုင်တတ်သော အက္ခရာသည် ဒါမျိုးကျတော့ ရှေ့ဆုံး အော်ဟစ်အားပေးဖို့ အသင့်။ နေစမ်းပါဦး သူမရဲ့ စရိုက်တွေ သူနဲ့ ဘာဆိုင်သလဲ၊ အနေသာကြီးပါ။ သူ့ဘဝမှာ နောက် အချစ်တစ်ခု ရှင်းရှင်းပြောရရင် မိန်းကလေးတစ်ယောက် စိတ်ဝင်စားဖို့ဆိုတာ လုံးဝ မဖြစ်နိုင်တော့တာဘဲ။ သူက တစ်ယောက်ကလွဲရင် သူ့ရဲ့ နှလုံးသားဟာ နဒီဆီမှာ အပြီးအ ပေးထားခဲ့ပြီးပြီ။

သည်အချိန်မှာ သူမသည် သူ့ဆီ ဖျတ်ခနဲ တစ် လှည့်ကြည့်လေသည်။ သူ့အတွက် ကံဆိုးတာက သူမကို ကြည့်ရင်း နဒီကို သတိရမိတာပဲ ဖြစ်သည်။ သူမကတော့ သူ သူမအား ကြည့်နေတယ် ထင်လိမ့်မည်။ နှုတ်ခမ်းကလေး သွားလျက် ဆတ်ခနဲ ပြန်လှည့်သွားတော့ တောက်ပသော မျက်





လေးများက ညနေခင်း၏ နေရောင်အောက်တွင် လက်လက်က သား ဖြစ်သွား၏။

ဝမ်းနည်းပါတယ် မိန်းကလေးရေ၊ မင်းထင်သလို က မင်းရဲ့အလှမှာ ဝပ်စင်းတော့မဲ့ ယောကျ်ားတစ်ယောက် ဟုတ်ဘူးကွာ။

သိပ်ပြီး အထာမကိုင်လိုက်နဲ့။

"ကိုမြန်မာ အက်ဖ်အိပ်ချ်စီ ဘယ်လိုရေးမလဲ၊ မရေးတတ်လို့ နည်းနည်း အကြမ်းဖျင်း ပြောပြမလား"

"ငါ့ဆီမှာ မနှစ်က ဆေး (၂)က ဆရာမ ပေးထားတဲ့ပုံစံ ရှိတယ်ကွ၊ မင်းလိုချင်ရင် ဖိုတို (မိတ္တူ) ကူးပါလား၊ ဒါ မဟုတ် မင်း ငါ့အိမ် လာရေးမလား" ၌က

အင်း အက္ခရာကတော့ အက်ဖ်အိချ်စီကို ရော့မှ ားထားမယ် မတွေးဘူး၊ ပျော်စရာပဲ ရှာကြံနေတယ်။ သူ့က် သိဘဲ ဒီရီပို့ဒ်ကို ဘယ်လိုရေးမလဲ။ မဆီမဆိုင် သူမအကြောင်း အတွေးထဲဝင်လာ၍ ကိုယ့်ကိုယ်ကိုယ် အနည်းငယ် ဆဲဆိုပစ် က်သည်။

"ကိုမြန်မာ့ အိမ်လိပ်စာပေးလေ၊ မနက်ဖြန် ကျွန်တော် လာရေးမယ်၊ နည်းနည်းပါးပါး ပုံစံတစ်ခုရရင် ဆက်ပြီး ရေးလို့ရမယ် ထင်တာပဲ၊ ကိုမြန်မာက မနှစ်က ပီအက်စ်အမ် ရီပို့ဒ်တွေကို သူငယ်ချင်းတွေဆီက ရထားမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် တမင် လိုက်တောင်းထားတာ၊ ဦးနှောက် စားတယ်ကွ၊ သူများ ရေးပြီးသား ကူးရေးလိုက် ပြီးတာပဲ အရေးကြီးတာက Visitတိုင်းကို မှတ်မိဖို့ မှန်မှန်လိုက်ဖို့ပါ"

"ဟဲ ... ဟဲ ပြောရဦးမယ်၊ အကျွရာတို့ကလည်း စိနိယာ အသိရှိပုံ ရတယ်၊ ရိုပို့ဒ်တွေ အမြဲရေးပြီးသား ဖြစ်နေတယ် ဒါပေမဲ့ သူ့လက်ရေးက သော့လွန်းတော့ ကျွန်တော် သိ ဖတ်လို့မရတာနဲ့ တစ်ခါတလေမှ ယူပြီး ကူးတယ်"

ကျွတ် ... သည်ကောင်ဟာ စကားပြောနေရင် ဖောက်လာပြီ။ အကျွရာဆိုတဲ့ နာမည်ကို ဘာဖြစ်လို့ ထည့်ပြော သလဲ။ ထားပါ ထည့်ပြောတော့ရော သူက ဘာလို့ သည်နာမည် ဘြားချင်သလို ဖြစ်နေရတာလဲ။ မဟုတ်သေးပါဘူး၊ ကိုယ် ဒ့ပုဂ္ဂထဲက လူတစ်ယောက်ယောက် နာမည်ကို မကြာခဏတော ားရမှာပေါ့။ အရေးကြီးတာက သူမရဲ့ မာယာတချို့ကို ဒ ကျရှုံးမိစေဖို့ဘဲ။

"သူက ဘယ်ကျောင်းက အောင်တာလဲ"

လွှတ်ခနဲ မေးမိပေမဲ့ ဒါကိုတော့ အပြစ်မတင်ပါ သူမပုံစံကြည့်ရတာ မိန်းကလေး ကျောင်းတစ်ကျောင်းက ထွက် ပုံပဲ။

"သူငယ်တန်းကစပြီး ကျွန်တော်နဲ့ စတိတ် State မှာတည် က အတူတူ အောင်လာကြတာ၊ သူက အက သိပ်တော် တယ်၊ စတိတ်မှာတုန်းက သင်္ကြန်အကတွေ အမြဲပါတယ်၊ ကျောင်းကပွဲတွေလည်း သူချည်းပဲ၊ အိမ့်ဆည်းလည်းနဲ့ ဒီ ကျောင်းရောက်မှ တွဲကြတာ၊ သူ့သူငယ်ချင်းတွေ အကုန်လုံး တစ်ယောက်မှ ဒီမှာမရှိတော့ဘူး၊ နိုင်ငံခြား ထွက်ကုန်ကြပြီ"

'နိုင်ငံခြား ထွက်ကုန်ကြပြီ' ဆိုသော သိန်းထွန်း၏ အဆုံးသတ်စကားကို သူသည် အလွန်တရာမှ မုန်းတီးလှ၏။ ဒီနိုင်ငံခြားကို ဘာလို့ ထွက်သွားကြရတာလဲ။ သည်မှာနေလည်း သားနဲ့။ သူ့ရဲ့ 'နဒီ'ရော နဒီလည်း သည်လိုပဲ။ နဒီ့ကို သူ့ လုံးသားထဲက ဆွဲခေါ်ခြင်း ခံလိုက်ရတာလည်း သည်နိုင်ငံခြား ထွက်တယ်ဆိုတဲ့ အကြောင်းအရာကြောင့်ပဲ။

နဒီ့အကြောင်း တွေးမိတိုင်း သူသည် စိတ်အစဉ်က ရှုပွန်နှင့် ကင်းလွတ်သွားသလို ရှိတတ်သည်။ ဘယ်တော့မှ ဘြင်းလဲမှာ မဟုတ်တော့ပါဘူး နဒီရယ်။ နဒီ့တစ်ယောက် ည်းကိုပဲ တို့ ချစ်ခဲ့တာ။ နဒီနေရာမှာ ဘယ်မိန်းမကိုမှ အစား ထိုးနိုင်တော့ဘူး။ အကျွရာဆိုတဲ့ မိန်းမဟာ နဒီ့ထက်လှတယ်။ ဒါပေမဲ့ တို့က နဒီ့ကိုပဲ ချစ်တယ်။ အဲသည့် မိန်းမရဲ့ စူးစမ်းတဲ့၊ ဆွဲခေါ်တဲ့၊ ဂရုတစိုက်ကြည့်တဲ့ မျက်ဝန်းတောက်တောက်တွေ၊ အစားခံကို ကြည့်သလို အပြစ်ရှာကြည့်ချင်တဲ့ အကြည့်တွေကို ဘောတ်နိုင်ဆုံး ရှောင်ပစ်မှပါ။ တို့က နဒီအပေါ် သစ္စာမဖောက် နဒီ ကွယ်ရာမှာ ဘယ်မိန်းမကိုမှ မပြစ်မှားဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အချိန်စေ့သွားပြီ၊ ဒိုင်လူကြီးကလည်း ကြွက်တက်ပြီး လဲကျတဲ့အချိန် ချော်လဲလို့ ပြုစုတဲ့အချိန်တွေအတွက် အချိန်ပိုတော့ မပေးဘူး"

"ဝေါလ်ကပ် (World cup)မှာဆိုရင် အဲဒီအတွက် ရတယ်"

အက္ခရာဟာ အင်မတန် လူတတ်လုပ်ချင်တယ်။ သည်လောက် ပါမွှားပွဲကလေးအတွက် ကမ္ဘာ့ဖလားဘောလုံးပွဲနဲ့ ယှဉ်ပြီး ပြောချင်ရတယ်လို့။ ကားပေါ်တက်ပြီး မောင်းထွက်လာချိန်တွင် အိမ်ကကား လာမကြိုသေး၍ မျက်နှာငယ်ငယ်ကလေးနှင့် စောင့်နေသော အက္ခရာနှင့် အိမ့်ဆည်းလည်းကို မြင်ဖြစ်အောင် မြင်လိုက်သေး၏။ ကောင်းတယ်ဟု မဆိမဆိုင် ရေရွတ်လိုက်မိခြင်းကလည်း အံ့သြစရာပင်။

* * *





# ၃

အိမ့်ရဲ့အိမ်ကို တနင်္ဂနွေနေ့မနက် ကိုးနာရီတိတိ လိုက်ပို့နိုင်ဖို့ မမကြီးကို တဂျိဂျီ လုပ်ရသည်။ အိမ့်ဆီလည်း ဖုန်းဆက်ထားဖို့ဆိုတာ အိမ်ကဖုန်း ပျက်နေ၍ မဆက်ထားဖြစ်ပါ။ ဒါနဲ့ပဲ အက်ဖ်အိပ်ချ်စီအတွက် အိမ့်ဆီ သွားရေးရန် အိမ့် အပြင်ထွက်ခင် သူမ အိမ်ကို ကြိုရောက်နေဖို့ အက္ခရာ လောနေရဆော့သည်။

"စာပဲ ကိုယ့်ဘာသာ ရေးပါလားဟ၊ သေသေချာချာမှ မှတ်မလာဘဲ အခုမှ မျက်ရည်လေး တဝဲဝဲနဲ့ ဒုက္ခရောက်ပြီး ဟိုလူ့ဆီ ပြေးကူးရ၊ ဒီလူ့ဆီ ပြေးကူးရနဲ့"

"ဟာ ... မမကြီး၊ မသိပါဘူး၊ ပုံစံမဝင်ရင် ပြန်ရေးရမှာ၊ နောက်ပြီး ဖင်မလီ Familyတွေက လူများတယ်၊ နောက်ပြီး နှစ်ခုတောင်ဟ၊ ကလေးတွေလည်း ပါသေးတယ်၊ ရေးရမှာ အများကြီး"



www.burmeseclassic.com

www.burmeseclassic.com



တစ်မိသားစုလုံးမှာ ဆေးကျောင်းသူအဖြစ် အားလုံးက အားကျ အလိုလိုက်ပြန်၊ အငယ်ဆုံးလည်း ဖြစ်ပြန်၍ မျက်နှာပွင့်လှသော အက္ခရာသည် မမကြီးကို ဆရာပြန်လုပ်မိသေးသည်။ မမကြီး ဆူဆူအောင့်အောင့် လိုက်ပို့၍ အိမ့်ထံသို့ မနက်ကိုးနာရီမှာရောက်တော့ ကြိုတင် အကြောင်းမထား၍ အိမ့် အနည်းငယ် အံ့သြ၏။ ထို့နောက် နှစ်ယောက်သား စကားတပြောပြောဖြင့် အက်ဖ်အိပ်ချ်စီကို စိတ်ညစ်ရခြင်းများ၊ ညည်းညူရင်းဖြင့် သန်လျင်သွားရသော နေ့ကို ပြန်ပြောမိကြသည်။

ထိုအခါ အက္ခရာ၏ မြန်မာကလေး အကြောင်းက အလိုလို စကားဝိုင်း၏ ခေါင်းစဉ်ထဲ ပါလာတော့သည်။ ထိုသို့ မြန်မာတစ်ယောက် စကားဝိုင်းထဲ ပါလာရခြင်း၏ အဓိကတရားခံမှာ အက္ခရာပဲ ဖြစ်သည်။

"ငါ အခုတလော စိတ်တွေ လေနေတယ် အိမ့်ရယ်၊ ကျောင်းတက်ရတာလည်း မပျော်ဘူး၊ အိမ်မှာနေရတာလည်း မပျော်ဘူး၊ တစ်ခုခုကို ကြေကွဲနေချင်သလိုလိုပဲ"

ဟု အက္ခရာက မဆီမဆိုင် ရေရွတ်မိသည်။ အိမ့်က, ခေါင်းတညိတ်ညိတ်ဖြင့် ကြိုတင် ရိပ်မိနေဟန် ပြသည်။ အင်း ... ပြီးလည်း ပြီးသေးရဲ့။ အက္ခရာက အနည်းငယ် ရှက်ရွံ့ချင်သွားသည်။ အက္ခရာ သည်လို ဖြစ်ပျက်နေတယ်ဆိုတာ အိမ့် ရိပ်မိလောက်အောင် ဘယ်လောက်တောင်များ ဖရိုဖရဲ ဖြစ်နေမိပါလိမ့်။





"ဘယ်သူ့ကြောင့်လဲ၊ ငါ သိခွင့်ရှိမလား"

"နင်က ငါ့အကြောင်းကို ဟိုမိန်းမနှစ်ယောက်ထက် ပိုသိတာပဲ၊ နင်ပဲ ခန့်မှန်းကြည့်ပေါ့"

အိမ့်သည် အက္ခရာနှင့် သက်ဆိုင်သော ကောင်ကလေးတချို့၏ အမည်ကို ရေရွတ်ပြ၏။ နောက်ဆုံးတော့ အိမ့်သည် အမှန်မရနိုင်သည့်အဆုံး ...

"နင့်ဟာကလည်း အကုန်ကုန်ပြီ၊ တစ်ယောက်မှလည်း မကျန်တော့ဘူး၊ ဒါဆိုရင် လောလောဆယ် နင် စိတ်အဝင်စားနိုင်ဆုံး တစ်ယောက်ပဲ ရှိတယ်၊ ငါက သိပ်မထင်လို့"

ဟု အက္ခရာ၏ ငယ်ထိပ်ကိုထုလျက် ခပ်ဟောက်ဟောက်ကလေး ပြောလေသည်။

"အံမယ် ... လူ အရပ်ရှည်သလောက် စိတ်ကလည်း တိုပါ့၊ ပြောလေ ပြောလိုက်ပါလား၊ နင် သံသယရှိတဲ့လူ တစ်ယောက် မှန်မမှန် စောင့်နားထောင်တယ်၊ ကဲ ... ပြော၊ ငါ ဘယ်သူ့ကြောင့် စိတ်လေနေသလဲဆိုတာ"

အိမ့်၏ နှုတ်ဖျားမှ ထွက်ပေါ်လာသော နာမည်တစ်ခုအကြားတွင် အက္ခရာသည် အိမ့်ကို အင်မတန်မှ ချီးကျူးချင်သွားသည်။

"သိပ်တော်တဲ့ အမျိုးသမီးကလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း တကယ် ဟုတ်နေတယ်ပေါ့လေ၊ ပြောစမ်းပါ
ဦး၊ ဘယ်တုန်းက ဓာတ်လမ်းစထားလို့ယဲ၊ ကျောင်းဖွ
တာဖြင့် တစ်လမပြည့်သေးဘူး၊ တွေ့တာလည်း သိပ်မကြာ
သေးဘူး"

"ဟင့်အင်း၊ ဓာတ်လမ်း မရှိပါဘူး အိမ့်ရယ်၊ ငါက
တစ်ဖက်သတ်ပါ၊ သူ့ကို တစ်ဖက်သတ် စိတ်ဝင်စားရင်
နဲ့ သူ့ရဲ့ အမူအရာတွေမှာ ခံစားမိပြီး သူ့အတွက် အ
လို ကြေကွဲနေချင်တာပါ၊ ငါက ဒီအကြောင်း ပြောရ
ရှက်တောင် ရှက်တယ်၊ နင့်မို့လို့ အရမ်းခင်ပြီး
ပြောချင်တာပါ၊ ငါ တစ်ယောက်တည်း ကျိတ်ပြီး တမြ
မြည့် ဖြစ်နေရတော့လည်း ပိုဆိုးလာတယ်ဟာ၊ အဲဒါကြော
နင့်ကို ပြောပြဖို့ ရည်ရွယ်ရတာ"

"နင် သူ့အကြောင်း ဘယ်လောက် သိလို့လဲ"

"လုံးဝပဲ၊ ဘာတစ်ခုမှ မသိဘူး၊ ဒါပေမဲ့ သူ့ဘဝမှာ
ကြီးမားမား တစ်ခုတော့ ဆုံးရှုံးခဲ့ပုံ ရတယ်၊ သူက အဲ
အတွက် သိပ်ကြေကွဲနေသလိုပဲ"

"သိပ်ဟုတ်တာပေါ့"

အိမ့်သည် နေရာတကာမှာ အက္ခရာထက် အဆ
အသင်း ဆုံသူဖြစ်၍ တစ်ခါတစ်ရံတွင် အက္ခရာ မသိသေး
အကြောင်းအရာများကို အက္ခရာထက် အရင်သိနှင့်နေသူ
သည်။ အရင်က အင်း ... သေသေချာချာ ပြောရရင် အထက်





ကျောင်းမှာတုန်းကဆိုလျှင် အက္ခရာဟာ ကြောက်တတ်တဲ့ ခပ်အအ
ကောင်မလေးတစ်ယောက် နီးပါးပါပဲ။ ဘာမှမသိ၊ ဘယ်မှလဲ
သွားတတ်၊ ဘယ်သူနဲ့မှလဲ အရောတဝင် မရှိတတ်။ အိမ့်နဲ့
ပေါင်းမှ အရာရာရင်ဆိုင်ရဲတဲ့ စိတ်ဓာတ်တွေ ရှိလာတာ။ အက္ခရာရဲ့
ငယ်သူငယ်ချင်းတွေဆိုလျှင်လည်း အက္ခရာနဲ့ ပုံစံတူတွေ ဖြစ်သည်။
အက္ခရာဟာ သည်ဆေးကျောင်းကို စတက်ရစဉ်က တစ်ယောက်
တည်း ဖြစ်ရတာကို အမြဲ ဝမ်းနည်း အားငယ်နေတတ်သည်။
အိမ့်နဲ့ လက်တွဲညီသွားမှသာ။

"ဟဲ့ ... ပြောနေရင်း ငြိမ်ကျသွားလိုက်တာ စိတ်က
မြန်မာ့ဆီ ရောက်သွားပြီ ထင်တယ်"

"ဒီတစ်ခါတော့ မှားသွားပြီ၊ နင့်အကြောင်း တွေးနေတာဟဲ့"

"ဘာ ... ငါ့အကြောင်းလဲ"

"ဩော် ... နင်က ဘာပဲဖြစ်ဖြစ် ငါ့ထက် အရင်သိနေ
နှင့်လို့ပါ"

"ငါလဲ မစုံစမ်းပါဘူး၊ ဆေး (၂)က ငါ့အသိတွေနဲ့ စကား
စပ်မိရင်း သိလာတာ"

"ဟုတ်လား၊ ဘာပါလိမ့် ကြားချင်လိုက်တာနော်၊ ဈေးကိုင်
မနေပါနဲ့၊ မြန်မြန်ပြောပါဟျို့"

"မြန်မာက အသည်းကွဲနေတဲ့ လူတစ်ယောက်တဲ့၊ သူ့
ကောင်မလေးနဲ့ ကွဲသွားကြတယ်လေ၊ ကောင်မလေးက
နိုင်ငံခြားကို ထွက်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ"

"အဲဒါတော့ မသိဘူး၊ အပြီးအပိုင်သွားတာ ထင်တယ်၊ အဲဒါကြောင့် သူ ဒီလောက်ဖြစ်နေတာပေါ့"

"လိုက်သွားပါလားဟ ဒါမှ မဟုတ်လည်း ကောင်မလေး မိဘတွေ သွားတယ်ဆိုရင်လည်း ကောင်မလေးကို ပါမသွားအောင် ကိုယ့်ဘက်က အပိုင်ချုပ်ထားမှပေါ့၊ အင်မတန် တုံးတဲ့ သူငယ်လေးပဲ"

"ဟဲ့ ... အမျိုးသမီးလေး၊ နင်ပဲ သူ့ကို စိတ်ဝင်စားတယ် ဆို၊ ဘယ်လိုကြီးတုံး"

ဟင့်အင်း အိမ့် နားလည်အောင် ရှင်းမပြချင်ဘူး။ သိတယ် အိမ့်က အက္ခရာကို နားအလွယ်ဆုံး ဆိုတာတောင် သည်ကိစ္စမှာ နားမလည်နိုင်ဘူးဆိုတာ အက္ခရာသိတယ်။ ဒါကြောင့် ရှင်းမပြချင်ဘူး။

"ဒါနဲ့များ သူကပဲ နိုင်ငံခြား သွားလိုက်လို့ ကျောင်းတက် ရက်တွေ နောက်ကျတာနဲ့၊ နောက်တစ်တန်း ဆင်းနေရသလို မျိုး လျှောက်ပြောသေး၊ ကျောင်းလည်း ပြောင်းလိုက်သေး"

အက္ခရာသည် ထိုကိစ္စအတွက် အနည်းငယ် မကျေမနပ် ရေရွတ်လိုက်ခြင်းဖြင့် အိမ့်၏ နားလည်မှုကို မေ့ပစ်ဖို့ ကြိုးစားသော်လည်း မရချေ။ ဖွဲကြီးသော အိမ့်သည် အက္ခရာ၏





သူ့ချက် အထူးအဆန်း၊ အယူအဆ၊ ဆန်းဆန်းပြားပြားနှင့် ယောင်္ချများကို အတော်လေး သိချင်လှသူ ဖြစ်နေတော့သည်။

"သူလည်း သွားချင်သွားမှာပေါ့၊ စိတ်လေပြီးသွားတာ ဖြစ်မှာပေါ့၊ ကဲ ... အမိလေး နေစမ်းပါဦး၊ ဘာတွေ အဆန်းထွင်နေတာလဲ၊ ငါ့ကို ပြောပြပါဦး၊ မြန်မာ့အတွက် စိတ်လေပြီး ကြေကွဲနေချင်တယ်လည်းဆိုသေး၊ မြန်မာ့မှာ ကောင်မလေးရှိပြီး အဆင်မပြေမှန်း သိတော့လည်း ကောင်မလေးနဲ့ ပေါင်းစေချင်သေး၊ ဘယ်လိုဖြစ်နေတာလဲ ငါ့ကို သေသေချာချာ ပြောပြစမ်း၊ နင်နဲ့ငါက လျှို့ဝှက်ထားရမဲ့ လူတွေမှ မဟုတ်တာ၊ အဲဒီလို မဖုံးကွယ်နဲ့"

"အခုလောလောဆယ်တော့ ငါ့ကို နင် နားလည်ဦးမှာ မဟုတ်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် နားမလည်သေးလို့ဘဲ၊ တဖြည်းဖြည်းတော့ အဖြေပေါ်လာမယ် ထင်တာပဲ၊ ဒါပေမဲ့ ငါ့ရဲ့ 'အပျော်တွေ မဲ့နေတဲ့ မျက်လုံးတွေကို သနားတယ်၊ နင်တော့ သိမသိ ငါ မသိဘူး၊ ငါတော့ စတွေ့တဲ့နေ့ကတည်းကကို ထူးခြား တယ် ထင်ခဲ့တာ၊ ဟုတ်တယ် သူ့မျက်လုံးတွေက ဘယ် လောက်ပဲရယ်ရယ် အဲဒီအရယ်က မျက်လုံးအထိ မကူး စက်ဘူး၊ မျက်လုံးထဲမှာ အမြဲကြေကွဲတမ်းတနေသလိုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ငါတော့ အဲဒီ မျက်လုံးတွေကို မကြည့်ချင်တော့ဘူး
ကြည့်မိတိုင်း ငါ့ရင်ထဲမှာ ငိုချင်နေတယ်"

အိမ့်သည် အကွာရာထံမှ ထူးဆန်းသော စကားများ အတွက် သက်ပြင်းတွေချကာ ငြိမ်သက် တွေးတောနေခဲ့၏။ မိမိဘာသာ ဘာဖြစ်နေမှန်းတောင် မသိသေးပါဘူးဟု ဖွင့်ပြော ထားတဲ့ အကွာရာအား အိမ့်ကိုယ်တိုင်လည်း ဘာမှ ဝေဖန်မပြတတ် သေးချေ။ အကွာရာသည် သူမဘဝတွင် တစ်ခါမှ မမျှော်လင့်ထား ဖူးသော အဖြစ်တစ်ခုကို လက်ရှိ ရင်ဆိုင်လိုက်ရ၍ နောက်ထပ် ဖြစ်လာမဲ့ အနာဂတ်များကို ကြိုတင် မမှန်းဆရဲတော့ချေ။ အကွာရာ သည် ရှင်းရှင်းပြောရရင် အတွေ့ကြီးသော မိန်းမတစ်ယောက်ပင် ဖြစ်လေသည်။ မိမိ ချစ်သူသည် မိမိအား ပထမဆုံး ချစ်မိသူဖြစ်စေ ချင်သူ၊ အလျှင် ဦးသူရှိနိုင်သော ယောကျ်ားတစ်ယောက်ထံမှာ သူမ၏ အချစ်တို့ကို မပေးဆပ်လိုသူ၊ သူမ၏ ချစ်သူထံမှ အချစ် တို့သည် သူမတစ်ယောက်တည်းအတွက်သာ ဖြစ်စေချင်သူလည်း ဖြစ်လေသည်။

"ဒါဆိုရင် နင့်ရဲ့ တီကောင်ကလေးကရော"

တီကောင်ကလေးတဲ့။ ဟုတ်တယ် အကွာရာထက် တစ်နှစ်တိတိငယ်သော ကောင်ကလေးတစ်ယောက်ကို အကွာရာ နင့်နင့်နဲနဲ ချစ်ခဲ့ဖူးတယ်။ အဲသည်တုန်းက တစ်ဖက်သတ်





မဟုတ်တာ။ တီကောင်ကလေးကပဲ အရင်စပြီး စိတ်ဝင်စားဟန် တွေ အသည်းအသန်ပြလို့ အကွာရာရဲ့ မယိုင်မနဲ့လိုသော နှလုံး သားက ယိုင်နဲ့ဖူးသွားခဲ့တာ။ အင်း၊ မှတ်မိသေးရဲ့။

တီကောင်ကလေးကို အိမ့်လည်း သိတယ်။ မွှေးမွှေး နဲ့ ပုန်းညက်လည်း သိတယ်။ အကွာရာရဲ့ ကောင်လေးကို တီကောင် ကလေးလို့ နာမည်ပြောင်တောင် ပေးဖူးသေးတာပဲ။ သိလား အရမ်းရယ်ရတာပဲ။ ကောင်လေး အဲ ... တီကောင်ကလေးက အမြဲ အငြိမ်မနေ။ ဆားနဲ့တို့ထားတဲ့ တီကောင်လို လှုပ်စိလှုပ်ရွ တွန့်တွန့်လိမ်လိမ် မျက်စိနောက်စရာလေးမို့ သည်နာမည် ပေးခဲ့ မိတာ။ အကွာရာကို တီကောင်ကလေး စပြီး လိုက်ကတည်းကပေါ့။

"တီကောင်ကလေးကိုတော့ တကယ် ချစ်မိတယ်၊ ဒါပေမဲ့ သူ့ကို မယုံဘူး၊ သူ့ရဲ့ ရည်းစားတစ်ယောက်အဖြစ် သတ်မှတ်ခံရတဲ့ စာရင်းထဲမှာ ပါသွားမှာစိုးလို့၊ ငါ့ဘက် က ဘယ်တော့မှ မျက်နှာကြော မလျှော့တဲ့ ဆက်ဆံရေးနဲ့ ဒီလောက်ထိ အချိန်ကြာနေတာပေါ့၊ တကယ်ဆို နှစ်နှစ် ဆိုတဲ့ ကာလအတွင်း ငါသာ မျက်နှာသာပေးရင် တီကောင် ကလေးဟာ အခုဆို ငါ့ရဲ့ရည်းစား ဖြစ်နေပြီပေါ့၊ အိမ့် ရယ် ... နင်သိပါတယ်၊ သူ့ကို ငါနဲ့တွဲတာကို မြင်ဖူးပြီးသား လူတစ်ယောက်ဟာ တခြားတစ်နေရာမှာ ငါ မဟုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ကောင်မလေးတစ်ယောက်နဲ့ သူ့ကို တွဲတွေ့ရင် အဲဒီလူဟာ ငါ့ဘက်ကို တွေးကြည့်မဲ့ အတွေးတစ်စုံတစ်ရာကို မခံချင်တတ်တာ နင် သိပါတယ်၊ ဒါကြောင့် တီကောင်ကလေးကို ချစ်လျက်သားနဲ့ မေ့ထားလိုက်တာ"

❊ ❊ ❊





တီကောင်ကလေးလို့ နာမည်ပြောင် စတင်မပေးခင်က အင်း... မဟုတ်သေးဘူး။ အက္ခရာနဲ့ပတ်သက်မဲ့ ကောင်လေးတစ်ယောက်အဖြစ် မသိခင်အချိန်ဟာ အက္ခရာ အင်မတန် စိတ်ဓာတ်ကျနေသော ဒုတိယနှစ် ဆေးသင်တန်း စတက်ချိန်ကာလပင်ဖြစ်သည်။ အဲသည်အချိန်က တီကောင်ကလေးက ပထမနှစ်ဆေးကျောင်းသားကလေးပေါ့။ ကျောင်းစတက်တဲ့ နေ့ကတည်းက ထူးထူးခြားခြား လှပကြသူ အချောအလှတွေကြားမှာ အက္ခရာကိုရွေး၍ စိတ်ဝင်စားဟန်ပြသော ကောင်ကလေးကို အိမ့်၊ မွှေးမွှေးနဲ့ ပုန်းညက်တို့က ယည်ကျောင်းက မဟုတ်ပါဘူးလို့တောင် ထင်ကြသေးရဲ့။ ယူဆရလောက်အောင် တီကောင်ကလေးဟာ ဆေးကျောင်းသားတစ်ယောက် ပုံစံမှ မဝင်တာ။ (အခုထိပဲ ဆယ်တန်းကျောင်းသားကလေးနဲ့ တူတုန်း။ သွက်လက်ပေါ့ပါး ပေါ့ ဟေးလား ဝါးလားလုပ်တုန်း။)

"အဲဒီကောင်ကလေးနာမည်က ဒေးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



အိမ့်က အရင်ဆုံး နာမည်သိသူ ဖြစ်သည်။

"ဟင် ... နာမည်ကလဲ တစ်လုံးတည်း၊ ဒေးဆိုတာဟာ ဒီ–အေ–ဝိုင် (D - A - Y) ဒေး(day) လား၊ နေ့ပေါ့နော်၊ သူ့နာမည် မောင့်နေ့ပေါ့"

မွှေးမွှေးနဲ့ ပုန်းညက်က စိတ်ဝင်စားသလောက် အက္ခရာက ခန္ဓာဗေဒ စာမေးပွဲအငယ်လေး နှစ်ခါကျဖူးတာကို စိတ်ဓာတ်ကျကာ ထိုကောင်ကလေးကို ရှိတယ်လို့တောင် ဂရု မစိုက်မိပါ။ (ဘယ်လို နှိုင်းရမလဲ။ မြန်မာက သူ့ကောင်မလေး ကြောင့် ဘာကိုမှ ဂရုမစိုက်မိဘဲ အက္ခရာဆိုတဲ့ ကောင်မလေးကို သတိမပြုမိဟန်မျိုးပဲ။ အခု အက္ခရာ ဝဋ်လည်နေပြီပေါ့။)

ထို့နောက် ကောင်လေးသည် အက္ခရာတို့ အတန်း ဆင်းချိန်တွေ စောင့်ကြည့်၊ သူတို့ရဲ့ Break time နဲ့ အချိန်ချင်း မတူတာမို့ အက္ခရာတို့ရဲ့ အချိန်တွေကို တမင်စောင့်ကြည့်၊ အက္ခရာကြားအောင် သီချင်းတချို့နဲ့ နောက်ပြောင်၊ သူနဲ့ ခင်ရာ မင်ရာ တွဲရာ သူငယ်ချင်းတွေကို ကြေညာပြသ၊ အက္ခရာတို့ လေးယောက်ထိုင်နေရင် အက္ခရာဆီပဲ တည့်တည့်မတ်မတ် စိုက် ကြည့်၊ ဣန္ဒြေမရ ဟိုသည်ကူးသန်း၊ အောင်ကျယ်ဟစ်ကျယ် စကားပြောပြ၊ အင်မတန်မှ တစ်စက်လေးတောင် အငြိမ်မနေတတ် တာ အားလုံး သတိပြုမိလာတာသာကြည့်။

ဘယ်လောက် အသည်းအသန် ဖြစ်ပြသလဲဆိုတာ





"ဒေးဟာ တော်တော် လှုပ်စိလှုပ်ရွနိုင်တဲ့ ကောင်လေးပဲ၊ သူ့ဆံပင်တွေကလဲ ခါ၊ တစ်ကိုယ်လုံးလည်းခါ၊ ခုန်ပေါက် လိုက်၊ ခေါင်းကလည်း ခါလိုက်၊ ကြည့်ရတာ မျက်စိနောက် ချင်စရာလေး၊ တီကောင်ကို ဆားနဲ့တို့ထားသလိုပဲ၊ အငြိမ် နေတာ တစ်ခါမှ မတွေ့ဖူးဘူး"

မွှေးမွှေးက တစ်နေ့မှာ ဒေးကိုကြည့်ရင်း အမှတ်ကမဲ့ ရွတ်လိုက်တဲ့ စကားထဲကပဲ ဒေးရဲ့ နာမည်ပြောင်ကလေးကို ပုန်းညက်က အတည်ပြုပေးလိုက်သည်။

"ဟုတ်တယ် တီကောင်ကလေးလို့ခေါ်ရင် ပိုကောင်းမယ်"

"ဟဲ ... ဟဲ ဓနုကြီး အမျိုးသမီးတွေ၊ ဒီမှာ အက္ခရာကို မေးပါဦး သဘောတူရဲ့လားလို့၊ သူက ပိုင်ရှင်ဟဲ့၊ သူ မကြိုက်ဘဲ ခေါ်ရင် မရဘူး"

"အံမယ် ... ဘာမှ မဆိုင်ဘူး၊ ခေါ်ချင်သလို ခေါ်ပေါ့"

"တစ်နေ့ ဆိုင်ချင် ဆိုင်လာမှာပဲ၊ အဲဒီအခါကျရင် ငါတို့ ဒီလို နာမည်ပြောင်ခေါ်ရင် နင် စိတ်ဆိုးမှာ မြင်ယောင်သေး"

သို့သော် တီကောင်ကလေးနှင့် အက္ခရာသည် ဘယ်တော့မှ မသက်ဆိုင်လာခဲ့ပါ။ ဘာဖြစ်လို့လဲ ဆိုရင် အက္ခရာ သည် တီကောင်ကလေးကို တော်တော်လေး ချစ်မိသွားပြီဟု သူငယ်ချင်းတွေကို ဖွင့်ဟဝန်ခံသွားပြီး မကြာမီတွင် တီကောင် ကလေးနှင့် ပတ်သက်သော သတင်းတွေ စတင် ကြားလာရတော့ တာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် အက္ခရာတို့ လေးယောက်ဟာ ဒေးဆိုတဲ့ တီကောင်ကလေးကိုသာ သိရှိပြီး သူ့ရဲ့ အကျင့်စရိုက်တွေ ဘာဆိုတာ တစ်ခုမှ မသိကြပေ။ အက္ခရာဟာ တီကောင်ကလေးအား ပြန်ချစ်မိနေပြီဆိုတာအား အုပ်စုထဲမှာ သတင်းတစ်ရပ်ဖြစ်နေဆဲကလေးမှာ သည်သတင်းတွေ တိုက်တိုက်ဆိုင်ဆိုင်ကြားရတော့တာပါပဲ။

အဲသည့်နေ့က အက္ခရာတို့လေးယောက်ဟာ ကျောင်းရှေ့ ခုံပိုင်းတွေမှာ ထိုင်နေချိန် ဖြစ်သည်။ အတန်းထဲက ကောင်မလေး တချို့က တစ်ဖက်ခြမ်း၊ အက္ခရာတို့ လေးယောက်က တစ်ဖက်ခြမ်းဆီမှာ ဖြစ်ပေမဲ့ စကားပြောသံတွေတော့ ကြားနေရသည်။ ထိုအချိန်မှာ ကံဆိုးသူက ဒေးပဲ ဖြစ်သည်။ ဒေးရဲ့ကားကလေး ကျောင်းထဲ ချိုးဝင်လာစဉ်မှာ ဟိုဘက်အုပ်စု လှုပ်လှုပ်ရွရွတွန်းထိုးနောက်ပြောင်တာကို အက္ခရာတို့က သတိထားမိပါသည်။

"ဟောတော့ သွေးသွေးရဲ့ မောင်လေး လာပြီ၊ အံမယ် ရင်တောင် ခုန်နေတယ်ဟ၊ မောင်လေးရေ ဒီမှာ မမ ရင်ခုန်ပြီလို့ အော်ပေးမယ်၊ ရှင့်အစား ကျုပ် အော်ပေးမယ်"

အိမ့်က တအံ့တသြဖြင့် အက္ခရာကို လက်ကုတ်၏။ အက္ခရာသည် သည်အဖြစ်အတွက် တဒင်္ဂတွေဝေကာ ဒေးကိုအကဲခတ်ဖို့ တမင်ပင် တစ်ခါမှ သေသေချာချာ စိုက်မကြည့်ဖူးသော ဒေးကို စိုက်ကြည့်ဖို့ အားတင်းမိသတဲ့။



ဒေးသည် ချက်ချင်း မျက်လုံးကစားလိုက်ပြီးနောက် ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ ခေါင်းငိုက်စိုက်ချကာ အက္ခရာတို့အုပ်စုနှင့် တစ်ဖက်က အုပ်စုရှေ့က ခပ်တည်တည် ခပ်သွက်သွက်ခြေလှမ်းများဖြင့် ဖြတ်လျှောက်သွားလေသည်။

ထိုနေ့က အက္ခရာသည် တိတ်တိတ်ကလေး မျက်ညိုကျချင်သော်လည်း အက္ခရာအား အရိပ်တကြည့်ကြည့် လုပ်နေသော သူငယ်ချင်းမလေး သုံးယောက်ကြောင့် နောက်ဆုံးတော့ ဆါပေါ်တင်တင်ပဲ မျက်ရည်ဝဲမိတော့သည်။

"တီကောင်ကလေး ပါးစပ်ဆော့ပြီး နောက်ပြောင်မိတာဖြစ်မှာပါဟာ၊ နင့်ကို တကယ် သဘောကျတဲ့ ပုံစံပါ၊ မဟုတ်တာတွေ တွေးပြီး ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲပါနဲ့ အက္ခရာရယ်"

အိမ့်က နှစ်သိမ့်ပေးပါသည်။ သို့သော် အက္ခရာက ...က်မခံခဲ့ချေ။

"မဟုတ်သေးဘူး အိမ့် ငါ သိတယ်၊ သူ မှုမမှန်တာ အသိသာကြီးပါ၊ တကယ်ဆို ငါ့တစ်ယောက်တည်းကိုပဲ ချစ်တယ်ဆိုရင် သူဟာ ဒီအုပ်စု နှစ်စုရှေ့က ဖြတ်အလျှောက်မှာ အရင်က ငါတို့လေးယောက်ရှေ့က ဖြတ်လျှောက်ရင် ငါ့ကို စိုက်ကြည့်သလိုမျိုး စိုက်ကြည့်ရမှာပေါ့၊ အခုတော့ အပြစ်ကျူးလွန်ထားတဲ့ လူပုံစံမျိုးနဲ့ ခေါင်းငုံ့သွားတာကြည့်၊

www.burmeseclassic.com

www.burmeseclassic.com



ငါ တမင် စိုက်ကြည့်နေတာ သူ ဖျတ်ခနဲ မြင်လိုက်တာနဲ့ မျက်နှာ ပျက်သွားတယ်၊ အဲဒီကတည်းက ငါ သိလိုက် တယ်၊ သူဟာ လူပွေ လူရှုပ်တစ်ယောက်၊ တွေ့သမျှ မိန်းကလေးကို စိတ်ဝင်စားပြီး ဓာတ်လမ်းရှာနေတဲ့ ကောင် ကလေးတစ်ယောက်၊ သူ့ အရူးလုပ်သမျှ အတုံးအရုံး ကျဆုံးနေတဲ့ မိန်းမတွေကို လက်ညှိုးထိုး ရယ်ချင်တဲ့ ယောကျ်ားတစ်ယောက်၊ ဒါပေမဲ့ ... ဒါပေမဲ့ ငါ သူ့ကို တကယ်ပဲ ချစ်မိနေတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဘယ်ပြ ညာပြန် ရိုက်ချင်တယ် သိလား"

"စိတ်လက်မာန်ပါတွေ လျှော့က်မတွေးပါနဲ့ဟာ၊ အခြေ အနေကို စောင့်ကြည့် အကဲခတ်ဦးပေါ့"

"အိုး ... နေပါစေ၊ ဒီလောက်နဲ့တင် သူ့အထာတွေ သဘောပေါက်နေပြီ၊ ဒါတောင် ဒီကျောင်းမှာ သူ့ရဲ့ ရှုပ်ယှ မှုကိုပဲ သိသေးတာ၊ တခြားကျောင်းတွေမှာ ဘယ်လော တောင် ရှုပ်ထားသေးသလဲ မသိဘူး၊ ငါကိုက အ,ပါတယ်"

အမှန်ပဲ။ အက္ခရာဟာ ခပ်တုံးတုံးကောင်မလေ ဖြစ်ခဲ့လေသည်။ နောက်ပိုင်းမှာ တီကောင်ကလေးရဲ့ အကြော ကို အိမ့်တို့က မခံချင်စိတ်ဖြင့် စုံစမ်းပေး၍ သည့်ထက်ပ သိလာသောအခါ အက္ခရာသည် သူမ၏အချစ်ရေးကို တမင် မေ့ပစ်လိုက်တော့သည်။ တီကောင်ကလေးဟာ ပွေတာ ရှုပ်တာ





ပြော၍မရသော စရိုက်ရှိသူ၊ သူ့ သဘောကျသော ကောင်မလေး ိုင်းကို အသည်းအသန် လိုက်ပြသူ၊ သို့သော် ဘယ်တစ်ယောက် ိုမှ တိတိကျကျ ဖွင့်ပြောခြင်းမရှိသူ။ သူ့ အရူးလုပ်တိုင်း အက္ခရာ ို့လို ကောင်မလေးတွေက သူ့ရဲ့ မာယာတွေမှာ နစ်မြုပ်ရတာ ို ဂုဏ်ယူတတ်သူ၊ အိုး ... ဘယ်လောက်တောင် ခံပြင်းစရာ ာင်းလိုက်သလဲ။

သို့သော် အက္ခရာသည် တီကောင်ကလေးကို ကယ်ပဲ ချစ်မိသူဖြစ်၍ ဒေးဆိုသော ကောင်ကလေးကို မနာ ည်းနိုင်သူဖြစ်၍ သည်နေ့အထိ ချစ်နေဆဲဟု သူမ၏ သူငယ်ချင်း ားအား ကြေညာထားရဲ့သူ ဖြစ်သည်။

အက္ခရာတို့ စက္ကင်းအမ်ဘီအောင်၍ သာဒ့်အမ်ဘီ က်တော့ တီကောင်ကလေးနဲ့ အက္ခရာတို့ တစ်နှစ်လောက် ာင် မတွေ့ခဲ့ကြရတာတောင် အက္ခရာသည် ဒေးဆိုတဲ့ တီကောင် လေးကို လွမ်းဆွတ်စွဲလမ်းလျက် သာဒ့်အမ်ဘီရဲ့ စာသင်ရက် ားကို ဖြတ်ကျော်ခဲ့ရသူ ဖြစ်သည်။ တစ်ခါတစ်ရံသာ အိမ့်က ့် လမ်းမှာတွေ့တာ၊ ဘယ်ကျောင်းမှာ တွေ့ခဲ့တာတွေ ပြောပြ ် ဒေးရဲ့သတင်းကို ကြားရသော်လည်း ကျေနပ်နေသူ ဖြစ်သည်။

ဒေးက မာယာများတတ်သော ကောင်ကလေးလည်း ်လေသည်။ အက္ခရာတို့ အတန်းတင်စာမေးပွဲကြီး စစ်ချိန်မှာ းက အက္ခရာကို အမြဲ လာစောင့်ကြည့်တတ်တာ။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်စက်လေးမှ လှည့်မကြည့်သော အက္ခရာကို မျက်တောင်မခတ် လိုက်ကြည့်ကြောင်း အိမ့်ပြောပြ၍ သိရတာတွေနှင့် အက္ခရာသည် ဒေးကို ယုံရလည်းခက်၊ မယုံရလည်း အခက်ပင်။

"အကယ်၍ ငါဟာ တီကောင်ကလေးအပေါ် စစ်မှန်တဲ့ အချစ်နဲ့ ချစ်မိခဲ့တယ်ဆိုရင် တစ်နေ့တော့ ရောင်ပြန်ဟပ် မှာပါလို့ပဲ မျှော်လင့်ရတာပေါ့၊ ခုတော့ ဒေးကို ဘယ်တော့မှ ငါ့ဆီက ကျဆုံးမှုတွေမပြသဖို့ ဆုံးဖြတ်ထားခဲ့ပြီ"

ဟူ၍ အက္ခရာသည် ဒေးနှင့်ပတ်သက်သော ကိစ္စတို့ ကို ပြတ်ပြတ်သားသား ကြေညာထားခဲ့သူ ဖြစ်သည်။ ဒါကြောင့် အိမ့်တို့အားလုံး၏အမြင်မှာ အက္ခရာသည် ဒေးအား နှင့်နှင့်နဲ့နဲ့ ချစ်နေသူအဖြစ် သတ်မှတ်ထားပြီးမှ ယခုလို ထူးဆန်းသော စကားတွေ အက္ခရာထံမှ ကြားရသောအခါ ပထမဆုံး ကြားခွင့် ရသော အိမ့်က အံ့ဩနေခဲ့တာပဲ ဖြစ်လေသည်။

* * *





အက္ခရာသည် ကားမရပ်ခင်လေးမှာ ကားတံခါး ကို ကြိုဖွင့်မိ၍ မမကြီး ဆူတာကိုလည်း ခံလိုက်ရ၏။ ဒါပေမဲ့ အက္ခရာသည် ထုံးစံအတိုင်း မမကြီး၏ ဆူပူခြင်းကို တစ်စက် လေးမှ စိတ်မဆိုးဘဲ ရှစ်နာရီခွဲတော့မည်ဟူသော အသိကြောင့် ဆေးခဲတိုက်မှာ သင်ကြားသည့် ပီအမ် (p.m) poot morterm(ရင်ခွဲ စမ်းဆေးခြင်း)ကို မမီမှာစိုးရိမ်နေရ၍ ...

"ငါတစ်ယောက်တည်း နောက်ကျရင် ဘယ်ကောင်းမလဲ မမကြီးရဲ့၊ ဆရာက စာသင်နေတုန်း သိရေတာကလည်း ရှေ့တစ်ပေါက်ပဲရှိတာ၊ ငါက ဝင်သွားရင် ဝိုင်းကြည့်ကြ မှာ ရှက်စရာကြီး၊ နောက်ပြီး ငါ့ရဲ့ ဒေါက်မြင့်ဖိနပ်ကလည်း တဂွပ်ဂွပ်မြည်၊ ခြူတွေကလည်း တချွင်ချွင်နဲ့၊ ပိုပြီး ဆရာ အမြင်ကတ်မှာ၊ အမှန်တော့ ငါ အိပ်ရာထနောက်မကျပါဘူး



www.burmeseclassic.com

www.burmeseclassic.com



နော်၊ လေဒီကလေး ကလေးမွေးတာ သွားထိုင်ကြည့်နေ
လို့ နောက်ကျသွားတာ၊ ဆရာ့ကို ပြောပြရင်လည်း သူမှာ
တွေ ရယ်ဦးမယ်၊ ဒုက္ခပါပဲ”

ဆိုကာ အက္ခရာ၏ စကားတွေ ဆက်တိုက်ပြော
ချတတ်သည့် စရိုက်ကိုလည်း ပြမိသေးရဲ့။ အက္ခရာ မွေးထားသော
ကြောင်မကလေး လေဒီ သည်နေ့မနက်မှ ဗိုက်နာပြီး ကလေး
မွေးချင်တော့တာကိုပဲ အပြစ်ပုံချနေသော အက္ခရာအား မမကြီး
က နားငြီးလှဟန်ဖြင့် ...

“ကဲပါ ဒါဆိုလည်း သွားပါတော့၊ မြန်မြန်သွား၊ ငါ့မှာ
လိုက်လည်းပို့ရသေး၊ နားလည်းအူသေး”

ဟု ထပ်မံငေါက်ငမ်းလေသည်။

အဲသည့်အချိန်ထိ အက္ခရာသည် သူမအား ထပ်
ငေါက်ငမ်းတော့မည့် နောက်ထပ် တစ်ယောက်ကို တွေ့ဆုံရမည်မှ
ကြိုမသိခဲ့သေးချေ။ မမကြီးရဲ့ကားရှေ့က သွားနေသော ကားတစ်စီး
ရပ်တန့်၍ မမကြီးကို ထိုကားနောက်မှာ ကားကို လိုက်ရပ်ပေး
တော့ အက္ခရာက အရင်စလို ဆင်းလိုက်သေး၏။ ထိုအခါ လက်
ထဲမှာပိုက်ထားသော စာအုပ်တချို့ မြေပြင်ပေါ် လွတ်ကျသွားပြ
သည်။ 'ဟယ် ဒီကောင်မလေး'ဟု မမကြီးအော်သံမဆုံးခင် လျှာ
ကလေး တစ်လစ်ထုတ်ပြီး ကမန်းကတန်း စာအုပ်တွေကောက်
ကာ ရေခဲတိုက်၏ လှေကားထစ်ကလေးတွေဆီ လျှောက်လာခဲ့သည်





အက္ခရာသည် ခြေလှမ်းတွေ သွက်သွက်လှမ်းတိုင်း
ဒေါက်ဒေါက် မြည်နေသည့် ဒေါက်မြင့် ဖိနပ်သံကြောင့်
ကိုယ့်ကိုယ်ကိုယ် သည်တစ်ခါ စိတ်ပျက်မိသည်။ မပြောချင်ပါဘူး၊
ခရပ်က ပေမီဒေါက်မီ မဟုတ်လို့ ဒေါက်မြင့်ဖိနပ်စီးရတာ။ ရှိုး
ထုချင်လို့တော့ မဟုတ်ဘူး။ ဒေါက်မြင့်ဖိနပ်စီးရတာ ဘယ်လောက်
ခက်ခဲသလဲ။ ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းရသေး၊ လမ်းလျှောက်
ဟန်လှအောင်လည်း ကျင့်ရသေး။ ထိုသို့ အတွေးမဆုံးခင်မှာ
အက္ခရာသည် သမံတလင်းချိုင့်နေသော နေရာတစ်ခုကို နင်းမိ
သွားကာ ကျသွားဖြစ်၍ ကိုယ်ဟန်ပျက်သွားပြီဟု သိလိုက်ချိန်တွင်
ဘူး၊ ငါတော့ ချော်လဲပြီဟု၍ ထိတ်လန့်သွားတော့သည်။
သော် ကံကောင်းလှစွာ အက္ခရာ ချော်မလဲခဲ့ချေ။ အက္ခရာ
လက်မောင်းတစ်ဖက်ကို ထိန်းကိုင်ပေးလိုက်သော လူတစ်ယောက်
ကြောင့် ဖြစ်သည်။

ကြည့်စမ်း မြန်မာ ... မြန်မာပါလား၊ ဘယ်အချိန်က
နောက်ကနေ လျှောက်လာခဲ့တာလဲ။ သူလည်း သည်နေ့
နောက်ကျတာပေါ့နော်။ သူ့ခြေသံ လုံလှချည်လား။ ဒါမှမဟုတ်
ဘာသာ ငါ့ဆီက အသံတွေနဲ့ ဆူနေလို့ သူ့ခြေသံ မကြားမိ
တာလား။ မမကြီး ရပ်ပေးတဲ့နေရာရှေ့က ထိုးရပ်သွားတဲ့ ကားဖြူ
ကြီးက သူ့ကားပဲ။ ဟုတ်တယ်၊ အခု မှတ်မိသွားပြီ။ အဲဒါ
တော့ကားပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ချော်လဲတော့မယ် ကြည့်စမ်း၊ တော်သေးတာပေါ့၊ ဒီ
အလျင်အမြန်လာရတဲ့ နေ့မျိုးဆို ဟီးလ်စီးလာဖို့ မ
ဘူး၊ အခုတော့ အလကား အနာတရ ဖြစ်တော့မ
ကံကောင်းလို့ပေါ့၊ မိန်းကလေးဖြစ်ပြီး ဝီရိယလည်း မရှိ
ကိုယ်က အလှပြင်တတ်တဲ့လူဆိုရင် အစောကြီးကတ
က ထပြီး ပြင်ဆင်ပါလား"

ဒေါသ ထောင်းခနဲ ဖြစ်ချင်သွားသည်။ သူ့ကြော
ချော်မလဲတော့တာကိုတောင် ကျေးဇူး မတင်ချင်တော့ပေ။
စေ၊ သူ မထိန်းလို့ ချော်လဲတာကမှ ပိုကောင်းသေး။
သတိပေးသလို ရေခဲတိုက်သွားရင် ချော်မလဲအောင် ဂရုစိ
အပမိုမယ်၊ ဘာညာတွေလည်း မကြောက်တော့ပါဘူး၊ အခု
အချင်းချင်းကို ဆရာပြန်လုပ်ရ ဟောက်ရဟိန်းရနဲ့။ သူနဲ့ ဘာ
လို့ ဟောက်ရသလဲ။ အနေသာကြီး။ အကွရာသည် သူ့အား
ပြလိုက်ပြီးနောက် ...

"အတူတူ နောက်ကျတဲ့လူချင်း လာမကြောနဲ့၊ ရှင်
ပေးရလို့ ကျုပ် လဲမကျသွားရဘူးဆိုတဲ့ အကြော
စကားဆက်ပြောမယ်ဆိုရင် အခုချက်ချင်း ကျုပ်ကို ပြန်
လိုက်၊ လဲကျသွားတာမှ ကောင်းသေး"

ဟု ခပ်ဆတ်ဆတ်လေး အော်ပစ်လိုက်မိသည်။
အခါ သူက 'ဟေး'ခနဲ သတိပေးသလိုရွတ်၍ သူ့နှုတ်ခမ်း
လက်ညှိုးဖြင့်တင်ကာ 'ရှူး'ဟု တားမြစ်သည်။





"စကားတိုးတိုးပြောပါဟာ၊ နောက်ကျရတဲ့အထဲ ဆရာပါ ဆူချင်အောင် မလုပ်နဲ့၊ ကဲ ... မင်း အရင်ဝင်"

"အောင်မယ် ရှင် အရင်ဝင်ပါလား"

"လေဒီဖတ်စ်လေ"

"တော်ပြီ ဒီနေ့ မတက်ရရင်လည်း နေပါစေတော့၊ နေရာတကာ လိုက်ကတ်သတ်နေတဲ့ ယောကျ်ားတစ်ယောက်နဲ့ မပြိုင်တာဘဲ ကောင်းတယ်"

မြန်မာသည် အကွရာအား အလျှော့ပေးဟန်ဖြင့်
သက်ကာ၍တားကာ 'ကဲ ... လာလာ ကျွန်တော် အရင်ဝင်ပါ့
မယ်'တဲ့လေ။ ဘယ်လိုမှန်းကိုမသိ။ စိတ်က ခုတစ်မျိုး၊ တော်ကြာ
တစ်မျိုး။ အကွရာသည် သူ့မကို အရှုံးပေးလိုက်သော မြန်မာ့ကြောင့်
ကျေနပ်သွားလျက် မြန်မာ မမြင်အောင် ကျိတ်ပြုံးမိသေးရဲ့။
သို့သော် အကွရာ၏ အပျော်ကလေးတွေက စက္ကန့်ဝက်တောင်
ကြာမြင့်ခဲ့ပါ။ ထင်ထားတဲ့အတိုင်း ဆရာ စာသင်လို့ တိတ်ဆိတ်
နေတဲ့ အခန်းဝမှာ ရပ်မိသော မြန်မာ့ကို အားလုံးက လှည့်ကြည့်
သလို မြန်မာ့နောက်မှ ဝင်လိုက်လာသော အကွရာကိုလည်း
လှည့်ကြည့်ကြပါသည်။ သည်တစ်ခါ အကြည့်ခံရတာ ဘယ်လိုကြီး
မှန်း မသိပါ။ မြန်မာသည် ဘာကိုမှ ဂရုမထားဟန်ဖြင့် ခေါင်း
ငုံ၍ အခန်းထဲ ဝင်လိုက်သော်လည်း အကွရာက ခြေလှမ်းရမှာ
ရဲပြန်။



www.burmeseclassic.com

www.burmeseclassic.com



"အော် ... သူတို့က ဒီလိုကိုး"

ဟူသော နောက်ပြောင်သည့်အသံက ဘယ်ကမှန်းမသိ ထွက်ပေါ်လာလျှင် အက္ခရာသည် အခန်းဝကနေ လှည့်ပြေးချင်လောက်အောင် ရှက်မိသတဲ့။

"ကဲ ... ကဲ ဝင်လေ၊ တွေ့တဲ့နေရာ ဝင်ထိုင်လိုက်၊ ဒီနေ့ ခွဲပြစရာလည်း ရှိသေးတယ်၊ အချိန်သိပ်မရဘူး"

ဆရာက အူတူတူရပ်နေသော အက္ခရာကို ကြည့်မရဟန်ဖြင့်ပြောတော့ အက္ခရာသည် အိမ့်ကို ရှာမနေတော့ဘဲ အခန်းဝနှင့် နီးရာထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ မရည်ရွယ်ခဲ့သော်လည်း အက္ခရာ ထိုင်နေသော နေရာမှာ မြန်မာ၏ နောက်ဘက် တည့်တည့် ဖြစ်နေခဲ့သည်။ ခပ်တိုးတိုး ရယ်သံတချို့ ကြားဖြစ်အောင် ကြားလိုက်သေးသည်။ မြန်မာကတော့ အင်မတန် တည်ငြိမ်နိုင်တဲ့ အမျိုးသားကလေးပဲ။ တစ်စက်မှ ဂရုမစိုက်ဘွာ ဆရာရေးထားသော လက်ချာတွေကို လိုက်ကူးနေ၏။ အင်း ... အက္ခရာမှာသာ ဘယ်ကစရေးရမှန်း ဘာရေးရမှန်း မသိအောင် ကယောင်ချောက်ချား ဖြစ်နေသတဲ့။

"ဒါ အစလားဟင်"

အားက သူငယ်ချင်းကိုမေးပြီး လိုက်ကူးသော်လည်း စိတ်ဝင်စား၍ မရချေ။ မြန်မာ ဘယ်လိုရေးသလဲ ဆိုတာကိုသာ လိုက်ကြည့်ချင်နေသတဲ့။ မြန်မာသည် ဆရာပြောသမျှ တစ်လုံးမကျန် လိုက်ရေးသူ ဖြစ်သည်။ ဒါလည်း အက္ခရာနဲ့ ခြားနားတဲ့





အချက်ပဲ။ အက္ခရာက ဆရာရွတ်သမျှ လိုက်မရေးချင်။ လိုက်ရေးဖို့ မကြိုးစား။ ဆရာရေးချမှသာ လိုက်ကူးသူ ဖြစ်သည်။ အက္ခရာသည် စာကူးလိုက်၊ မကူးချင်ရင် မြန်မာ့ကို ခိုးငေးလိုက် ဖြင့် ပီအမ်အချိန်ကို ဖြတ်သန်းရလေသည်။

မြန်မာသည် ဒေးလို လှပသော ကောင်လေးတစ်ယောက် မဟုတ်ချေ။ ဒေးက အရပ်မြင့်သလောက် မြန်မာက သာမန် အရပ်အမောင်းပဲ ရှိလေသည်။ ပြီးတော့ ဒေးက ဆံပင်ပျော့လေးတွေတစ်ညီတည်း နားရွက်ပေါ်အောင်ညှပ်၍ ခပ်တိုတို ထားတတ်သလောက် မြန်မာ့ ဆံပင်တွေက ဖရိုဖရဲနဲ့ ဖြစ်၏။ ရေချိုးပြီးခါစ လာတာမို့ ဆံပင်ဖျားတွေမှာ ရေစိုနေ၍ ကပ်နေလေရဲ့။ ဒေးက မျက်လုံး မှေးမှေးစင်းစင်းတွေနဲ့ မိန်းမတစ်ယောက်သို့ ငေးဖြားယောင်းစွာ ကြည့်တတ်သလောက် မြန်မာ့ မျက်လုံးတွေက ပြူးစင်းရီးသားလေရဲ့။ ပြီးတော့ အမြဲတွေ့ရတဲ့ အရိပ်ကတော့ အပျော်ကင်းမဲ့သော၊ တမ်းတသော၊ ဝမ်းနည်းနေသော၊ ဆုံးရှုံးနေသော အရိပ်တွေပေါ့။

ဒေးနဲ့မြန်မာတို့ နှစ်ယောက်စလုံး အသားဖြူကြသော်လည်း ဒေးအသားတွေက ပိုလတ်ဆတ်သလိုပဲ။ လေအေးစက်ဖွင့်ထားတဲ့ ကားထဲကထွက်လာရင် ဒေးရဲ့ ပါးကလေးတွေ နှုတ်ခမ်းကလေးတွေက ပန်းရောင်ကလေးတွေ သမ်းနေတတ်တယ်။ မြန်မာကတော့ အဲဒီလိုမျိုး မဖြစ်တာမို့ ဒေးက အသားပိုဖြူတယ် ဆိုရမလား။ ဒေးက စီးကရက်မသောက်တတ်။ ဒါပေမဲ့ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



က ငါးသုံးလုံးစီးကရက် ဘူးလိုက်ဆောင်ပြီး သောက်တာ တွေ့ရ စမြဲ။ ဒေးကို ကြည့်လိုက်ရင် အမြဲပျော်ရွှင် တက်ကြွနေသလောက် မြန်မာကတော့ မှိုင်တိမှိုင်ငေး လေးလေးလံလံ (ဒါကတော့ ခံစားချက် ရှိသူမို့ ဖြစ်မည်ဟု အက္ခရာက တစ်ဖက်သတ် ယူဆ သည်။)

နေစမ်းပါဦး။ ငါ အခု ဘာတွေ ဖြစ်နေတာလဲ။ ဒေး ဆိုတဲ့ တီကောင်ကလေး ဆိုတဲ့ ချစ်ရသူကလေးကို ချစ်ပါ တယ်လို့ အတိအလင်း ဖွင့်ဟထားပြီးလျက် ကိုယ်တိုင်လည်း လက်ခံထားပြီးလျက် ဒေး မသိအောင် နှစ်နှစ်တိတိ ကျိတ်ပြီး ချစ်နေခဲ့လျက် ဘာဖြစ်လို့ မြန်မာ့ကို စိတ်ဝင်စားရသလဲ။ အဓိပ္ပာယ် မရှိတာ။

ဒေးနဲ့ မြန်မာ့ကို ဘာလို့ နှိုင်းယှဉ်စရာ လိုသလဲ။ ရှင်းရှင်းပြောရရင် ဒေးက အက္ခရာကို ချစ်နေသူဖြစ်ပြီး မြန်မာ က အက္ခရာကို စိတ်မဝင်စားသူ ဖြစ်လေသည်။

သို့သော် အံ့သြစရာကောင်းလှစွာ အက္ခရာသည် မြန်မာ့ လှုပ်ရှားမှုတိုင်းကို "ဒေးက" "တီကောင်ကလေး"နဲ့ လိုက်လံနှိုင်းဆမိသတဲ့။

"အက္ခရာ အိမ့်က စာပေးလိုက်တယ်"

အက္ခရာသည် ဘေးက သူငယ်ချင်းလက်ထဲ လာထည့်သော စာတိုကလေး ခေါက်လျက်သားကို ဖွင့်ဖတ်ကြည့် လိုက်၏။





"ဒေါက်တာ အက္ခရာ

ပီအမ်တက်တာလား၊ ဆရာခွဲမဲ့ ဘော်ဒီ Body ကို ကြည့်မှာလား၊ ဒါမှမဟုတ် နိုင်ငံခြားပြန်ကြီးရဲ့ ဘော်ဒီကို ပီအမ်လုပ်ပြီး ဟာ့ထိ Heart ထဲမှာ ဘယ်သူ့ပုံ ရှိနေမလဲ ဆိုတာ ကြည့်မှာလား၊ မျက်လုံးတွေ ပြန်ကောက်တင်ဦး။

ဒေါက်တာ အိမ့်ဆည်းလည်း"

တဲ့လေ။ ရယ်ပဲ ရယ်ရသေး။ မနေနိုင် မထိုင်နိုင် စွာ အက္ခရာကို အမြင်ကတ်လွန်း၍ အိမ့်သည် သူမ ထိုင်နေရာ ဟိုဘက်ခြမ်းကနေ တစ်ဆင့်ချင်း လက်ဆင့်ကမ်း၍ အက္ခရာဆီ ထိုစာကလေးကို ပို့ဖြစ်အောင် ပို့လေသည်။

အက္ခရာသည် စာကိုဖတ်ပြီး အိမ့်ဆီ လှမ်းကြည့် ကာ လက်သီး ထောင်ပြလိုက်သည်။ ထိုအခါ အိမ့် မျက်မှောင် ကြုတ်၍ အံကြိတ်ပြလျက် ပြီးမှ တွေ့မယ်ဟူ၍ ကြိမ်းဝါးလေ သည်။ အိမ့်သည် အက္ခရာဘက်မှ နာလျက် ကိုယ့်ကို တစ်စက် ကလေးမှ စိတ်မဝင်စားသော ချစ်သူကို တမ်းတနေသော ယောက်ျားတစ်ယောက်ထံမှာ မကျဆုံးစေလိုသော ဆန္ဒဖြင့် အက္ခရာ အား ဆူပူခြင်းဟု နားလည်ခွင့်လွှတ်ပေးခဲ့ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ နောက်ကျတာလဲ"

"လေဒီကလေး ဗိုက်နာနေလို့ ထိုင်စောင့်ပေးနေတာဟ၊ နောက်မို့ဆို ပီအမ် လာတောင်မတက်ဘူး၊ မမကြီးက တိုင်တေဘယ်လ်တွေ အကုန်သိပြီး မေမေ့ကို သွားထောင်လို့ ထလာရတာ၊ လေဒီကလေးက ငါ လာတုန်းက အဖြူရောင်လေးတစ်ကောင် မွေးပြီးပြီ၊ အခု ဘယ်နှကောင်ဖြစ်နေပြီလဲ မသိဘူး၊ ကျောင်းလာရတာ စိတ်တောင် မဖြောင့်ဘူး၊ အခု ဖုန်းဆက်ပြီး မေးမလို့၊ ဆရာဝန်လည်း ခေါ်ခိုင်းထားခဲ့တယ်၊ လေဒီက သား ဦးဆိုတော့ မွေးရခက်မှာပဲ"

"ဟဲ့ ... ကြောင်ပဲ၊ မွေးချင်သလို မွေးမှာပေါ့၊ နင်ကိုက အသည်းပိုတာပါ၊ တောထဲမှာဆို တိရစ္ဆာန်တွေ သူတို့ဘာသာ မွေးနေကြတာပဲ"

"ဒါက တောမှ မဟုတ်တာ မြို့ဟဲ့ မြို့၊ ပြီးတော့ တစ်သက်လုံး လူလုပ်ပေးမှ ရပ်တည်လာလို့ လေဒီကလေးက တောက အကောင်တွေနဲ့ ဘယ်တူပါ့မလဲ"





"အဲဒါ ထားပါတော့၊ ငါ ရုနပေးထားတဲ့ စာထဲက ကိစ္စ ဆွေးနွေးကြရအောင်"

"ရှူး ... နောက်မှပြော"

မြန်မာသည် သူ့နောက်ကြောဘက်ကနေ ဒေါက်ဖိနပ်သံ၊ ချူသံ၊ စကားသံတွေကို နားစွင့်လာခဲ့ရင်း မနက်လာချိန်က အကွရာနှင့် ရန်ဖြစ်ခဲ့ရခြင်းကို ပြန်သတိရ၍ ရယ်ချင်သွားသည်။ ကျောင်းလာတာ ဒေါက်ဖိနပ်နဲ့ ရှိုးများသလောက် သူမရဲ့ စကားအပြောအဆိုက ကလေးဆန်နေသေးသည်။ သူမဟာ အငယ်ဆုံး သမီးကလေးဖြစ်ကြောင်း ဟိုတစ်နေ့က သူတို့စကားဝိုင်းထဲ သူမအကြောင်း ပြောလာသူတွေကြောင့် သိခဲ့ရသည်။

အိမ်က ကြောင်မ ကလေးမွေးတာနဲ့ ပီအမ် နောက်ကျရတယ်လို့လေ။ နဒီနဲ့များ ကွာပါ့။ နဒီကတော့ အင်မတန်မှ အချိန်ကို တန်ဖိုးထားသည်။ ဘာမဟုတ်တဲ့ ကိစ္စလေးတွေကြောင့် သူမအတွက် အရေးကြီးသော အချိန်တွေကို အပွန်းမခံတတ်ချေ။ ဆုတ်စွအဆုံး၊ သူနဲ့ ချိန်းတွေ့တာတောင် အချိန် အကန့်အသတ်နဲ့ အဲဒီအချိန်ထက် လွန်သွားမှာ သိပ်စိုးရိမ်တတ်တာ။ ပြောဆက်စ စကားကိုတောင် တိခနဲဖြတ်ချပြီး သူမ တက်စရာရှိတဲ့ ဆင်တန်းဖြစ်ဖြစ် သွားဖို့ ဆုံးဖြတ်ရဲသူ ဖြစ်သည်။ သူနဲ့ အကြိမ်ဆင်းများစွာ ရန်ဖြစ်ရတဲ့ အဓိက အကြောင်းရင်းက ထိုသို့ ဆလုပ်ခံရပေါင်း များ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း နဒီက ဘဝကို တိုးတက်ဖို့အတွက် ဦးနှောက်ရဲ့ ဆန္ဒကို ရှေ့တန်းတင်ပြီး သူမ နှလုံးသားထဲက သူ့ပုံရိပ်ကို ဖျက်ပစ်ခဲ့တာပဲပေါ့။

"ဆရာဝန် မဖြစ်ခင် ကို လိုက်ချင်လည်း လိုက်လာပါ၊ နဒီ အားလုံး စီစဉ်ပေးမယ်၊ ဒါမှမဟုတ် ဆရာဝန်ဖြစ်ပြီးမှ လာချင်လည်းလာ၊ ပညာတော်သင် လာရရင် ပိုကောင်းတာပေါ့ ကိုရယ်၊ နဒီ့ကို လွမ်းဆွေးပြီး ဘဝကို ရေစုန်မျှော မမျှောလိုက်နဲ့နော် ကို၊ အဲဒါဆို နဒီက ကို့ကို ယောကျ်ား မပီသဘူးဆိုပြီး တစ်သက်လုံး မုန်းမိမှာပဲ"

ဟု နဒီက ရာဇသံ ပေးခဲ့သေးသည်။ အင်း...သူသာ အတန်းတစ်နှစ်အောက်ပြီး နောက်တစ်တန်း ဆင်းနေတယ်သာ နဒီသိရင် ဘယ်လောက် အပြစ်တင်လိုက်မလဲ။ သူဆီလာတဲ့ နဒီ့စာအများစုဟာ သူမ ဘာကျောင်းတက်နေပြီ။ ဘယ်မှာ အလုပ်ရပြီ။ သူရော ဘယ်လိုအခြေအနေ ရှိလဲ။ ကျောင်းပြီးရင် ဘယ်နှစ်နှစ် စောင့်ရဦးမလဲ။ ကျောင်းပြီးပြီးချင်း ထွက်လာလို့ မရဘူးလား တွေ့နှင့် ထာဝရ ပြည့်နှက်လို့။ သူ မြင်ချင်သော သူ့ကို ဘယ်လောက် လွမ်းရကြောင်း၊ ချစ်ရကြောင်း အခုမှ အလွမ်းဝေဒနာကြောင့် နောင်တရကြောင်း ဆိုသော စာသားများမပါ။ ချစ်သူဟူ၍ ချွဲနွဲ့ခြင်းမပါ။ ဘယ်ကောင်မလေးနဲ့ ရှုပ်နေမလဲဆိုသော သဝန်တိုခြင်း စာသားများ မပါ။





ပြောရရင် တကယ့်ကို မိတ်ဆွေဆန်သော စာများသာ ရေးတတ်၍ တစ်လတစ်စောင် တစ်မျက်နှာထက် မပိုသော ဝံ့သေနည်းကြီးနဲ့ ဒေါ်နဒီပဲ ဖြစ်လေသည်။

သူ့ဘဝမှာ သူက ချစ်ရသလောက် သူ့ကို မချစ်နိုင်သော နဒီ့ကို နာကြည်းကြည့်ချင်သည်။ သို့သော် တစ်ခါမှ နာကြည်းလို့ မရခဲ့သေးပေ။ အဲဒါဟာ နဒီ့အပေါ်ထားသော မေတ္တာများပြားတဲ့ သူ့ရဲ့ ချစ်ခြင်းတွေကြောင့် ဖြစ်မည်။ နဒီ့ကြောင့် ဒယ်ဒီနဲ့လည်း အဆင်မပြေခဲ့။ မာမီနဲ့လည်း စကားပြောပြေပြစ်ခဲ့။ နဒီက သူမ၏ အတ္တကိုသာ ဦးစားပေးလွန်းသူဖြစ်ကြောင်း ဒယ်ဒီနဲ့ မာမီဟာ တစ်ယောက်နဲ့တစ်ယောက် သဘောထားခြင်း မတိုက်ဆိုင်၍ တကွဲတပြားစီ နေကြသလောက် သည်နေရာမှာတော့ ကောက်ချက်ချတာခြင်း တူနေသည်ကတော့ ထူးဆန်းလေစွ။

နဒီက တကယ်ပဲ အတ္တကြီးကြောင်း၊ သူကိုယ်တိုင်လည်း သိပါသည်။ ဒါပေမဲ့ သူက အပြစ်မမြင်ရက်ပါ။ နဒီ့ဘဝက အကျရာတို့လို ပြည့်စုံသော မိန်းကလေးတစ်ယောက်ဘဝမှ မဟုတ်ခဲ့တာ။ နဒီ့ဘဝကို သူ အသိဆုံး။ ဒါကြောင့် နဒီက သူတကာထက် မြင့်မားသာလွန်သော ဘဝကို ရချင်သူ ဖြစ်တာ၊ အတ္တကြီးခဲ့တာလို့ နားလည်ခွင့်လွှတ်နေဆဲတည်း။

ကားသော့ကို ငုံ့ဖွင့်စဉ် ဒေါက်မြင့်ဖိနပ်သံ တဒေါက်ဒေါက်က သူ့နံဘေးမှ ဖြတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းဆက်ချင်တယ် ကျပ်စေ့ပါလား အိမ့်"

"ကြောင် ကလေးမွေးတဲ့ကိုစ္စ ဖုန်းဆက်မယ်ဆိုရင် မပါဘူး"

"အင်မတန် မုန်းစရာကောင်းတဲ့ အမျိုးသမီးကလေးပဲ၊ အေးပေါ့၊ ငါ့မှာ အားကိုးစရာ မရှိသေးတော့ အနိုင်ကျင့် ဦးပေါ့လေ၊ ဟင်း ... ငါ့မှာ အားကိုးစရာ ရှိလို့ကတော့"

"ဆက်ပြောလေ ဆက်ပြော၊ ငါ့ကို ထားခဲ့မယ်ဆိုတာ ဆက်ပြောပါ၊ အပ်ကြောင်းထပ်နေတဲ့ ဓာတ်ပြားဟောင်းကြီးနဲ့လေ၊ တော်စမ်းပါ အဖြစ်လည်ရှိတာ မဟုတ်ဘဲနဲ့၊ ဘာကြေးလောင်းလိုက်ရဦးမလဲ"

"လူကို အထင်မသေးပါနဲ့၊ ဦးနှောက်က တားမြစ်ထားလို့ ဒီလောက် စဉ်းစားနေတာပေါ့ဟဲ့၊ အမယ်လေး ... လမ်းလျှောက်သွားရဦးမယ်၊ ကျောင်းက အဝေးကြီးပဲ၊ ဘတ်စ်လည်း မရှိဘူး၊ ဟိုပုဂ္ဂိုလ်လည်း ဒီနေ့ ပီအမ်မလာတာနဲ့ ကားကြုံလိုက်လို့ မရဘူးဟာ၊ မြန်မြန်မလျှောက်နဲ့ အိမ့်ရယ် နင်က ဟီးလ် မစီးထားရတော့ ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ။

အသီးသီး ကားကိုယ်စီဖြင့် ဒါမှမဟုတ် မိမိခင်ရာ သူငယ်ချင်း ကားကြုံတွေဖြင့် ကျောင်းကို ရေခဲတိုက်က... သွားကြတာ များသည်။ ဒါကြောင့် ရှိုးထုတ်၍ ဒေါက်မြင့်ဖိနပ်စီးထားသော သူမ ဒီနေ့ကတော့ လမ်းလျှောက်ရတော့မဲ့ဒုက္ခ...ညစ်နေပုံရသည်။ အတန်းသား အချင်းချင်းမို့ ကားကြုံ...ချင်ပါသည်။ သူ့ကားနဲ့လိုက်သော သူငယ်ချင်းတစ်ယောက်...သူမတို့နှစ်ယောက် လိုက်ရင် ဖြစ်သည်။ သို့သော် ဓာတ်လမ်း...တယ် ထင်ဦးမည်။ သူမလို လူသိများသော မိန်းမတစ်ယောက်...အရောဝင်တယ် ထင်ဦးမည်။





ဒီနေ့ ပီအက်စ်အမ်က ကျူတိုရီယာယ်မို့ ဘယ်မှ...စရာမလိုချေ။ အတန်းတက်ရမှာ ပျင်းတတ်သော သူတော့...တော်သည်းခံပြီး သွားထိုင်ရဦးမည်။

"အတန်းတက်ရမှာ ပျင်းစရာကြီးဗျာ၊ တစ်ချိန်မတက်ဘဲ နောက်တစ်ချိန်ကျမှ သွားတက်ရင် ကောင်းမယ်၊ မင်း ဘယ်လို သဘောရသလဲ သက်ခိုင်"

"အဲဒီလိုမှ ပြောပါ့မလားလို့ အဖော်ညှိဖို့ စဉ်းစားနေတာဗျ။ ဗိုလ်ချုပ်ဈေးထဲ လျှောက်ကြည့်မလား"

"မိန်းမလှလေးတွေ ကြည့်မလို့ ဆိုပါတော့"

သူ့ကို မကြာခဏ လည်ပင်းလိမ်ကြည့်ရင်ကြည့်၊ ...ဟုတ် ဆားတိုက်ကျသော နေရာမှာ ထိုင်မိတဲ့နေ့ဆို ဆံပင်တွေ...၍ ဆံပင်ကြားမှ ချောင်းကြည့်တတ်သော အကျွရာတော့ ...ကို မတွေ့ရင် ဘယ်လောက် ပျင်းနေရှာမလဲ၊ ကျွတ် ... မဆီ...သူမအကြောင်း တွေးမိပြန်ပြီ။ ကျောင်းစတက်တဲ့ နေ့တုန်း သူမကို ငေးကြည့်ချင်စိတ်၊ သူမ၏ အပြုံးရိပ်မှုပျက်သော

www.burmeseclassic.com



မျက်နှာပြင်ကို ငေးကြည့်ချင်စိတ်တွေ ဖြစ်ပေါ်ဖူးတာ သူကိ
တိုင်လည်း ဘာကြောင့်မှန်း မသိချေ။

သူမထံမှ မာယာများလှသော အလှတွေကို အ
ပုံချကြည့်ချင်သည်။ သို့သော် သူမထက်လှသော မိန်းမ
တစ်ပုံတစ်ပင်ရှိသည့် သူတို့အတန်းထဲမှာ သိပ်ပြီး ထူးထူးခြား
မရှိလှသော အက္ခရာကို ဘာလို့များ ငေးကြည့်မိတာပါ
ဒါဟာ သူ့ဘက်က တစ်စုံတစ်ရာ ရှုးသွပ်မှုပဲ ဖြစ်လိမ့်မည်

နောက်ပြီး သူ့ကို စာရေးခံတစ်ယောက်အား ကြ
သလို ကြည့်တတ်သော၊ သူ့ရင်ထဲက အတိတ်ကို သိချင်
သော၊ စပ်စုလိုသော သူမ၏ စူးစမ်းသည့် မျက်ဝန်းတွေ
မျက်ဝန်းတွေအတွက် သူလည်း သံသယ ဖြစ်ချင်သည်။ နေစမ်း
သူမနဲ့ ဘာဆိုင်လို့ သူ့အကြောင်း သိချင်ရတာလဲ။ သူ
သာမန် မထင်မရှား တစ်ယောက်ဆီက အသည်းကွဲဇာတ်လ
သိရတော့ရော သူမမှာ ဘာတွေ ထူးခြားသွားနိုင်တာ မှတ်
ဥပမာ သူမဟာ စာရေးဆရာမတစ်ယောက်ဆိုရင် ထားပါ
သူ့အကြောင်း အရင်းတည် အကြမ်းဖျင်း ဇာတ်ကျောရိုး
ရေးချင်လို့ပဲဆိုတဲ့အသိနဲ့ အံ့ဩစရာမလိုပါ။ အခုတော့ သူ
စာရေးဆရာမလည်းမဟုတ်။ ပြီးတော့ သူမရဲ့ အလှတွေ နဲ့
မဆိုင်တဲ့ သူ့ဇာတ်လမ်းကို သိချင်တာတော့ အံ့ဩစရာပဲ၊
ထူးဆန်းတဲ့ မိန်းကလေးပဲ။





"ကိုမြန်မာ ဘာဝယ်စရာရှိလဲ"

"ရှိရင်လည်း ရတယ်၊ မရှိရင်လည်း ရတယ်ကွာ၊ ဈေးလာ
တာ လာရကျိုးနပ်အောင် ပုဆိုးတစ်ထည်လောက် ဝယ်ဖြစ်
မလားလို့၊ မင်းရော ဘာဝယ်မလဲ"

"ဟဲ ... ဟဲ ကျွန်တော့် ကောင်မလေးအတွက် ဆံပင်ညှပ်တဲ့
ကလစ် ဝယ်မလားလို့၊ သိပ်တော့ မဝယ်တတ်ဘူး၊
ဒါပေမဲ့ သူ အံ့ဩသွားအောင် ဝယ်ပေးကြည့်ချင်လို့၊
ခါတိုင်းတော့ ဘောလ်ပင်လောက်၊ ဒိုင်ယာရီစာအုပ်လောက်
ပဲ ဝယ်ပေးဖူးတာ"

ကလစ်တဲ့၊ ဆံညှပ်ကလစ်ကလေး။ နဒီနဲ့သူ တွေ့
ဘာ ဒီဆံညှပ်ကလစ်ကလေးကြောင့်ပဲဆိုတာ သတိရသွားတော့
က်တို့က ပြန်လည် မှိုင်းညို့ချင်သွားတော့၏။ ဒီအကြောင်းတွေ
ာက်မှ ပြောပြရဦးမည်။ အဲဒီတုန်းက နဒီ ကလစ်ကလေးနဲ့
ူ့ရဲ့အချစ်တွေ စတင် တူးဖော်ခံလိုက်ရတဲ့ အဖြစ်ကလေးဟာ
ူ့ဘဝမှာ တသသ ဖြစ်စေခဲ့ရတယ်။

မြန်မာဆိုသော ယောကျ်ားတစ်ယောက်အတွက် ပိုပြီး
ူးဆန်းစွာ တိုက်ဆိုင်လိုက်သော အကြောင်းအရာတစ်ခုက
ပ်မံ ဖြစ်ပွားခဲ့လေသည်။ ဘာဖြစ်လို့လဲဆိုရင် အက္ခရာနဲ့ ပိုမို
ိုးနီးသွားစေရသော အကြောင်းကလည်း သက်ခိုင်ဝယ်သည့်
လစ်လေးတစ်ခုကြောင့်ပဲ ဖြစ်လေသည်။

www.burmeseclassic.com



"ပြဿနာပဲ ကိုမြန်မာရဲ့၊ ကလစ်ဆိုင်မှာ မိန်းမတွေချည်း သွားဝယ်ရမှာ ရှက်စရာကြီး၊ ရောင်းတဲ့သူကအစ မိန်း ဖြစ်နေတယ်"

"ယောကျ်ား ရောင်းတဲ့ဆိုင် ရှာဝယ်ကွာ၊ မင်းဟာ မိန်းမ အသုံးအဆောင်ပစ္စည်း ဝယ်မှတော့ ဘယ်ကင်း မလဲ၊ စဉ်းစားကြည့်"

အဲဒီလို နှစ်ယောက်သား တီးတိုးတိုင်ပင်တုန်း သေးချိန် သူတို့နှစ်ယောက်အေးမှ ဖြတ်ကျော်သွားသော ခေါ မြင့်ဖိနပ်ခွာသံ တခေါက်ခေါက်နှင့် ချူသံတွေကြောင့် အကွ များလားဟု သူတို့နှစ်ယောက် လိုက်ကြည့်မိသည်။

"ဟာ ... အကွရာ"

သက်နိုင်က ဝမ်းသာအားရအသံကြီးဖြင့် ရေ တော့ အကွရာနှင့် အိမ့်ဆည်းလည်းဟု သိထားပြီဖြစ်သော ကောင်မလေးက လှည့်ကြည့်ကြသည်။ ထိုအခါ သူ့ကို မြင်လို ရ၍ အကွရာ၏ မျက်ဝန်းကလေးတွေမှာ အံ့သြခြင်းနှင့်အ ကျေနပ်ပျော်ရွှင်ခြင်းတွေကိုပါ တွေ့လိုက်ရပါသည်။ ဘာ ဒါဟာ သူမဘက်က တစ်ခုခုပဲဟု သံသယတော့ ဖြစ်ချင်ဒ ပင်။

"အကွရာ ခဏ ခဏ၊ ငါ့ကို တစ်ခု ကူညီစမ်းပါ"

"ဘာတုန်း အလန့်တကြားနဲ့၊ အတန်းမတက်ဘူးလာ





"တက်မှာပါ၊ နောက်တစ်ချိန်ကျမှ သွားတက်မှာ၊ အခု ငါတို့ ဝယ်စရာတစ်ခု အခက်အခဲတွေ့နေလို့ ကူညီပေး မလား"

"ဘာဝယ်မှာလဲ ဆယ့်တစ်နာရီ ထိုးခါနီးနေပြီ သက်နိုင် ရဲ့၊ ငါတို့ အမိပြန်ရမှာ နင်သိသားနဲ့၊ သိပ်မကြာတဲ့ ပစ္စည်းပဲ ဝယ်ပေးနိုင်မယ်နော်"

"သိပါတယ် အိမ့်ဆည်းလည်းရာ၊ ငါ ဟဲ ... ဟဲ ငါ့ ကောင်မလေးအတွက် ကလစ်ဝယ်ချင်လို့၊ ဝယ်လည်း မဝယ် တတ်ဘူးလေ၊ နောက်ပြီး ဝင်ဝယ်ရမှာလည်း အခက်တွေ့နေ လို့၊ နင်တို့ ဝယ်ပေးပါလား၊ ဘယ်ကလစ် ကောင်းသလဲ ဆိုတာ နင်တို့ပဲ သိမှာပါ၊ ကူညီစမ်းပါ"

အင်း ... ခုနက ပီအမ်က အဆင်းမှာတုန်းက ခြေ ာက်ညောင်းသလေး ဘာလေးနဲ့။ အခုတော့လည်း ဈေးထဲ ျောက်ပတ်ဖို့ကျတော့ ခြေထောက် မညောင်းတော့တဲ့အတိုင်းဘဲ။ ာ်တော်ဆိုးတဲ့ ကောင်မလေးပဲ။

"ဘာကလစ်လဲ၊ ဆံပင်နောက်က စည်းတဲ့ ကလစ်လား၊ ဖန်နဲ့လား၊ ကော်နဲ့လား၊ ပုလဲလုံးတွေနဲ့လား၊ ဘယ်လောက် တန်လောက် ဝယ်မယ်စိတ်ကူးသလဲ၊ သေသေချာချာ ပြောလိုက်၊ ဒါမှမဟုတ် ငါတို့နဲ့ တစ်ခါတည်း လိုက်ဝယ် ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကလစ်ကလည်း အစုံပါလား၊ တစ်ခုမှလည်း ငါမသိ
အတူတူ နင်တို့ပဲ ကြည့်ဝယ်ခဲ့ဟာ၊ ဆံပင်စည်းတဲ့ ကလ
နော်၊ ငါ့ကောင်မလေးက ဆံပင်ရှည်တယ်၊ ကလစ်
လည်း ဆံပင်မှာ တပ်တယ်"

"အကြွားကလည်း မလျှော့ဘူး"

ကဲ ... ကြည့်စမ်း၊ သည်ကလစ်တွေဟာ သူ့ဘဝ
မိန်းကလေးတစ်ယောက်နဲ့ စတင် ရင်းနှီးရအောင် ပံ့ပိုးပေး
သလို ရင်းနှီးပြီးသား မိန်းကလေးတစ်ယောက်နဲ့ ပိုမိုခင်မင်သွ
ရအောင် ပံ့ပိုးနေကြသလိုပဲ။ ဘာဖြစ်လို့လဲဆိုတော့ အပြန်
တစ်လမ်းတည်း ပြန်ကြမည်အတူတူ အက္ခရာတို့နှစ်ယောက်အ
သူ့ကားနဲ့လိုက်ခဲ့ဖို့ သူက လိုလိုလားလား ခေါ်မိခဲ့၍ပဲ ဖြစ်သည
ပြီးတော့ သည့်ထက်မက ပိုမိုရင်းနှီးသွားစေခဲ့ပါသည်။

အရင်က မျက်မှန်းတန်းမိရုံ။ မနက်ကမှ ပီအ
အသွားမှာ နည်းနည်း ကတောက်ကဆဖြစ်ရုံ သိကျွမ်းသွား
ပြီး ယခုတော့ သက်ခိုင်ရဲ့ ဆံပင်ညှပ်ကလစ် ဝယ်ခြင်းကို အကြော
ပြု၍ အတော်အတန် ရင်းနှီးသွားခဲ့ကြလေသည်။

❋ ❋ ❋





"ရုပ်ကိုက တစ်စက်မှ မျက်နှာပိုးကို မသေဘူး၊ နှုတ်ခမ်းနဲ့ နှာခေါင်းကြား နားရွက်တက်ချိတ်တော့မယ် သတိထားဦး၊ တီကောင်ကလေးလည်း မြေကြီးထဲ ဝင်သွားပြီထင်ပါရဲ့၊ တီကောင်ကလေးဟာ မြန်မာ့မြေပြင်ထဲ နစ်မြုပ်သွားရရှာပြီ၊ ကျွတ် ကျွတ် ... သနားလိုက်တာ"

"တီကောင်ကလေးက ဘယ်တော့မှ မမြုပ်ပါဘူးဟယ်၊ အဲဒီလို မပြောပါနဲ့၊ သနားပါတယ်"

"အံမယ် ... ဒါနဲ့များ မြန်မာနဲ့ ရန်ဖြစ်ရတာ၊ မြန်မာနဲ့ ရှေ့ဆင့်နောက်ဆင့် ထိုင်ရတာ၊ ပြောလို့မဆုံးခင် မြန်မာ့ကားနဲ့ ကားကြုံလိုက်ရတော့ ဝမ်းသာလုံးတွေ ဆို့နေပြီးတော့များ၊ ဟင်း ... မိန်းကလေး ငါးရံ့နှစ်ကောင် မဖမ်းနဲ့"

"မြန်မာက မြန်မာ သတ်သတ်၊ တီကောင်ကလေးက တီကောင်ကလေး သတ်သတ်ပါဟာ၊ မရောပစ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာသည် သူမကိုယ် သူမတောင် အဖြေ [illegible] မရသေးခင်မှာ အိမ့်က နားမလည်ဘူးဆိုတာကို အပြစ်မဆိုခဲ့ [illegible] အိမ့် အထင်လွဲတာကိုလည်း ဝမ်းမနည်းပါ။ မုန့်တာဝန်ခံရ [illegible] ဈေးထဲမှာ အပျင်းပြေ လျှောက်သွားရင်း သက်ခိုင်နဲ့အတူ မြန် [illegible] ကိုပါ တွေ့လိုက်ရချိန်မှာ ဘယ်လောက်တောင် ဝမ်းသာမိသ [illegible] မသိချေ။ ပြီးတော့ အက္ခရာကို အတန်းမတက်ဘဲ လျှောက်သွ [illegible] နေခြင်းအတွက် ကဲ့ရဲ့ချင်ဟန် ပုံစံနဲ့လည်း ကြည့်သေးသည် [illegible] စဉ်းစားကြည့်ပါလား၊ သူတောင် ပျင်းလို့ လျှောက်သွားနေမှတော [illegible] အက္ခရာလည်း အတန်းတက်ရမှာပျင်းသော ကျောင်းသ [illegible] တစ်ယောက်ပဲ။ စရိုက်တူတွေပါ။ သူက လူတတ် လုပ်ချင်ရတ [illegible] လို့လေ။ ဒေါသဖြစ်ချင်စရာ။

ဒါပေမဲ့။

"အက္ခရာတို့ ကျောင်းသွားမှာပဲ၊ ကျွန်တော့်ကားနဲ့ လိုက် [illegible] ခဲ့ပါ၊ လမ်းကြိုနေသားပဲ၊ လာပါ အားမနာပါနဲ့၊ အချ [illegible] ချင်းတွေပဲ"

ဟူသော ဖော်ရွေသည့် ဖိတ်ခေါ်သံကလေးသည် အက္ခရာ၏ ဒေါသတချို့ကို အနိုင်ယူနိုင်လွန်းပြန်သည်။

"ပီအက်စ်အမ်တွေ ဘယ်လိုကျက်လဲ"

ဟု သူက စာအကြောင်းတွေ ဆွေးနွေးချင်ဟန်ဖြ [illegible] မေးသေး၏။ အက္ခရာသည် အမှန်အတိုင်းပင် ဝန်ခံခဲ့သည်။





"မကျက်ဘူး ဒီအတိုင်း ထားတယ်၊ ဘယ်ရောက်နေလို့ ရောက်မှန်းတောင် မသိဘူး၊ အတန်းမတက်ဖြစ်တာ များတယ်၊ တက်ရင်လဲ ရီပို့စ်ကူးရ၊ အိပ်ငိုက်ရ၊ မဂ္ဂဇင်းခိုးဖတ်ရနဲ့ မအားပါဘူး၊ နားလည်းမထောင်ဖြစ်ပါဘူး"

"ဟ ... ဒါဆို စာမေးပွဲဖြေရင် ဘယ်နှယ့်လုပ်မလဲ"

"အဲဒီ့အခါကျတော့လည်း သူ့ဟာနဲ့သူ အဆင်ပြေသွားမှာပေါ့၊ First Test (ပထမအစမ်း)က အဝေးကြီးပါ၊ အခုမှ ကျောင်းတက်တာ တစ်လမပြည့်သေးဘူးနော်၊ ဟုတ်တယ် မဟုတ်လား အိမ့်"

ထိုအခါ သူသည် အက္ခရာအား ဘယ်လိုဟာကလေးပါလိမ့်ဟူသော အံ့သြစိတ်ဖြင့် ကားနောက်ကြည့်မှန်မှ တစ်ဆင့် လှမ်းကြည့် ကဲ့ရဲ့ပြန်သေးသည်။ အင်း ... သူနဲ့ ပတ်သက်ခဲ့တာ မှန်သမျှကို ရုပ်ရှင်အနေးပြကွက်တွေလို တစ်ကွက်ချင်း တစ်ကတ်ချင်း၊ အသေးစိတ် မှတ်မိလွန်းနေတာတော့ ဘယ်ကောင်းမလဲနော်။ တိကောင်ကလေးအပေါ်မှာ သစ္စာပျက်ရလည်း ကျတယ်၊ အချစ်မစစ်မှန်ရာလည်း ကျတယ်၊ သို့သော် အက္ခရာသည် ယခုထိ ကိုယ့်ကိုယ်ကိုယ် နားမလည်သေးပါဘူးဟူသော ဆင်ခြေဖြင့် ရပ်တည်ချင်သေးသည်။

အိမ့်ပြောလည်း ပြောချင်စရာ။ အက္ခရာသည် မြန်မာ [illegible]င့် ခင်မင်ခွင့်ရခြင်းကိုပဲ တကယ့် ဆုလာဘ်ကြီးတစ်ပါးလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်နေဟန်မျိုးများ ဖြစ်နေမလား။ အရင်ကတည်းက 'အပြုံးမပျက်တဲ့ မိန်းကလေး'၊ 'ထာဝရပြုံးနေတဲ့ မိန်းကလေး' ဆိုတဲ့ နာမည်တောင် တွင်ထားတဲ့ အကျွန်ုပ်ရာသည် သည်နေ့ တစ်နေ့လုံး အပြုံးအရယ်တွေ စံချိန်သစ် တင်နေတော့သတဲ့။ အိမ့်ကို ပိတ်ထား၍ ဘာမှ သိခွင့်မရကြသော မွေးမွေးနဲ့ ပုန်းညက်တောင် မသက်သာချင်တော့သည့် အထိပဲ။ အဲသည့်လောက်ကို သည်းခဲ့တာ။

* * *





# အကြင်နာကြီးတဲ့ တိမ်တိုက်တွေ
# အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com



## ၁

'နဒီ'လို့ မသိခင်က အသားဖြူဖြူ ပိန်ပိန်သွယ်သွယ် ဆံပင်တွေ ရှည်လျားလှပသော ကောင်မလေးဟုသာ သူ သိခဲ့သည်။ ထိုကောင်မလေးသည် ဆံပင်တွေ လှရုံကလွဲရင် ယောကျ်ားလေးတွေ သဘောကျလောက်သော ရုပ်ရည်မျိုးလည်း မပိုင်ဆိုင်၊ ပြေပြစ်သော ကိုယ်ခန္ဓာအလှလည်း မရှိချေ။ သို့သော် သူမ၏ နှုတ်ခမ်းများကတော့ တိကျပြတ်သားစွာ အမြဲလို တင်းတင်း စေ့ထားတတ်သည်။ သူမကို သူ စတင် ဆုံစည်းရသော နေရာကတော့ ကျောင်းမဖွင့်ခင်အတွင်းမှာ သူနဲ့ သူငယ်ချင်းတွေစုပြီး အပျော်ဖွင့်ထားသော ဓာတ်ပုံဆိုင်ကလေး၏ အပေါ်ထပ်မှာရှိသည့် ကွန်ပျူတာသင်တန်း ဖြစ်သည်။ သူတို့ဆိုင်ဘေး လှေကားပေါ်မှ နေ့စဉ် ဖြတ်သန်းသွားရသော သူမသည် သည်သင်တန်းကို အပျော်လာတတ်ကြသူတွေလို မဟုတ်ဘဲ ထူးခြားနေတာကို သူတို့ အားလုံး သတိထားမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဆံပင်တွေနဲ့ သူ ဘယ်လို ဘတ်(စ်)ကားတိုးစီးလာသလဲ မသိဘူး၊ ကလစ်ညှပ်ထားတဲ့နေ့ဆို တော်သေးရဲ့၊ မညှပ်လာတဲ့နေ့ဆို သူ့ဘေးလူတွေ ဆံပင်နဲ့ထိလို့ စိတ်ညစ်မှာပဲ"

ဟု သူကတောင် တစ်ခါတစ်ရံ ဆံပင်ဖားလျားကြီးကို မနှစ်မြို့စွာ ကဲ့ရဲ့မိသေး။ သို့သော် ထိုဆံပင်များ၏ ပိုင်ရှင်ကောင်မလေးကို အရှုံးအမှုး ဖွဲ့လမ်းသွားမိစေဖို့အတွက် စတင်ရင်းနှီးဖို့ အကြောင်းအရာတစ်ခုက မကြာခင်မှာပဲ ပေါ်ပေါက်လာခဲ့လေသည်။

ထိုနေ့က သူမဟာ သူ့ရှေ့ ခြေလှမ်းသုံးလှမ်းအကွာကနေ ခပ်သွက်သွက် ခြေလှမ်းများဖြင့် လျှောက်နေခဲ့ပြီး သူကတော့ သူ့ရဲ့ ဓာတ်ပုံဆိုင်ကလေးဆီ ခပ်အေးအေး လျှောက်လာနေခဲ့သည်။ ဓာတ်ပုံဆိုင်နဲ့ မျက်နှာချင်းဆိုင်မှာရှိသော ဈေးသံသွင်းဆိုင်ကအခွေသစ်ဝယ်ပြီး ပြန်၍ ကားလမ်းကူးစဉ် သူမက သူ့ဘေးမှ ပြုတ်ကျော်သွားတာဖြစ်ပြီး သူက မြင်နေကျဖြစ်၍ သူမကို မှတ်မိခဲ့သေးသည်။ သည်နေ့ ဆံပင်တွေကို ကလစ်နဲ့ ညှပ်လာတယ်လို့တောင် သတိထားမိသေးရဲ့။ သူမနဲ့ သိကျွမ်းရဖို့ ဖန်လာတဲ့အကြောင်းအရာကတော့ ထိုဆံပင်တို့ကို စည်းနှောင်ထားသည့်ကလစ်ကလေးကြောင့် ဖြစ်သည်။ ထိုကလစ်ကလေးက မမျှော်လင့်ဘဲ သူမ ဆံပင်တွေဆီက ပြုတ်ကျသွားချိန် သူကလည်း ခြေ





ပြင်ပေါ် ကျသွားသော ကလစ်ကို မမြင်ဘဲ တက်နင်းမိချိန်တစ်ထပ်တည်း ဖြစ်ခဲ့သည်။

"ဟာ ... ကျိုးသွားပြီဗျာ"

သူမက ဆံပင်တွေကိုင်၍ နောက်သို့ လှည့်ကြည့်စဉ် သူသည် တစ်ခုခုကို နင်းမိမှန်း သတိထားမိ၍ လည်သာရှူးစီးထားသော သူ့ခြေထောက်ကို ရုပ်လိုက်သော်လည်း ကလစ်ကလေးက ကျိုးသွားခဲ့ပြီ။

"ဆောရီးဗျာ၊ ကျွန်တော်လည်း အတွေးလွန်လာတော့ သတိမထားလိုက်မိဘဲ နင်းမိသွားတယ်"

"ကိစ္စမရှိပါဘူး ကျွန်မ ဆံပင်တွေက ထူလွန်းတော့ ဘယ်ကလစ်မှ မြဲမြဲမြံမြံ တပ်လို့မရဘူး၊ ဒီလို ပြုတ်ကျတာ ခဏခဏပဲ၊ ဒါကြောင့် မတပ်လာပြန်ရင် တခြားလူတွေ ဒုက္ခပေးရာရောက်မှာစိုးလို့ တပ်လာရတာယ်၊ ဟင်း ... ဟင်း ဒီတစ်ခါ ကျိုးတာ အရင်ဆုံးပဲ၊ ခါတိုင်းတော့ အကောင်းအတိုင်း ပြန်ရတတ်တယ်"

"ကျွန်တော် အသစ်ပြန်ဝယ်ပေးပါ့မယ်"

"ဟင့်အင်း ရပါတယ်"

သို့သော် သူသည် စေတနာတွေ ရေစီးကမ်းပြိုဖြစ်ကာ သူမအတွက် ဆံညှပ်ကလစ် လှလှကလေးတစ်ခုအားနောက်တစ်နေ့မှာ သွားဝယ်ပြီး သူမ သင်တန်းလာချိန် စောင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးခဲ့ပါသည်။ သူမက အားနာစွာ ငြင်းပယ်သေးသည်။ ဒါပေမဲ့ နောက်ဆုံးတော့ သူ အလျော်ပေးသော ကလစ်ကလေးက သူမ၏ ဆံပင်တွေကြား ဝင့်ကြွားစွာ လိုက်ပါခွင့် ရသွားခဲ့သည်။

ထို့နောက် သူမ၏အမည်မှာ နဒီဖြစ်ကြောင်း သိခွင့်ရသည်။ သိပ်မကြာခင်မှာ သူမ၏ မိသားစုအကြောင်း ထပ်မံသိရခြင်းကတော့ သူနဲ့ အတော်အတန် ရင်းနှီးလာ၍ သူက စပ်စုမိသောကြောင့် ဖြစ်သည်။ ဘာဖြစ်လို့ စပ်စုရသလဲဆိုရင် သူမအား ကလစ်ပြန်ဝယ်ပေးမိချိန်မှစပြီး သူမ၏ ပိရိတိကျသော နှုတ်ခမ်းပါးက ရိုးသားအေးချမ်းသည့် စကားသံကလေးတွေကို ထပ်ခါထပ်ခါ ကြားချင်၊ ဆံပင်ရှည်ရှည်တွေကြားမှာ သူ့ရဲ့ ကလစ်ကလေးရှိနေတာကို ကျေနပ်ခြင်း၊ သွက်သွက်လှမ်းလာတတ်သော ခြေလှမ်းတွေရဲ့ ပိုင်ရှင်ကလေးကို ထာဝရ မြင်ခွင့်ရခြင်း စသော ခံစားချက်အသစ်များကြောင့် တမင် ရင်းနှီးအောင် သူမနဲ့ စကားလက်ဆုံကျဖို့ သည်လို စပ်စုခြင်းပဲ ဖြစ်လေသည်။

"နဒီ့ အမေက နဒီ ငါးနှစ်သမီးကတည်းက ရိုးရိုးမကျန်းမာဖြစ်ပြီး ဆုံးခဲ့တယ်၊ အဖေက အမေ့ကို တမ်းတပြီး အရက်တွေသောက်၊ စီးပွားပျက် လူ့လိမ်ခံရနဲ့ နောက်ဆုံးတော့ လူ့လောကထဲမှာ နဒီ့ကို ရှစ်တန်းကျောင်းသူဘဝနဲ့ ထားခဲ့တယ်။ နဒီ့ကို အမေ့ရဲ့ညီမက စောင့်ရှောက်ထားလို့ သာပေါ့၊ နောက်မို့ နဒီတို့က ဆွေမျိုးသိပ်နည်းတာ၊ တစ်ခု





ပြောရဦးမယ်၊ နဒီ့ ဒေါ်လေးက ပညာလည်း မတတ်သလို ဘာအလုပ်မှလဲ လုပ်လို့မရအောင် စကားမပြောတတ်ဘူး သိလား၊ အဖေ ဖြုန်းခဲ့သမျှထဲက ကျန်တာလေးတွေနဲ့ နဒီ ကျောင်းဆက်တက်ရတယ်၊ အလုပ်ရအောင် ကွန်ပျူတာသင်တန်းတို့ စာရင်းကိုင်တို့ အင်္ဂလိပ်စကားပြောသင်တန်းတို့က အခု လောလောဆယ် တက်ထားရတယ်၊ အဖေက သူ ဆုံးချိန်မှာ နဒီ့အတွက် အခန်းကျဉ်းလေးတစ်ခုရယ်၊ ဒီမှာ နဒီ ပန်ထားတဲ့ အမေ့ နားကပ်လေးရယ်၊ ငွေတစ်သိန်းရယ်၊ ထားပေးခဲ့တယ်ဆိုတော့ နဒီက ရှေ့ဆက်ရမဲ့ ခရီးအတွက် ကြိုတင်ပြင်ဆင်နေရတာပေါ့ ရှင်၊ ကိုမြန်မာတို့လို နဒီ့ဘဝက မပြည့်စုံပါဘူး"

ထို့နောက် သူသည် နဒီ့ကို လက်တွဲခေါ်ချင်စိတ် သည့်ထက်မက များပြားလာခဲ့တော့သည်။ နဒီ့ကို ချစ်မိပြီ သူငယ်ချင်းတွေအား ကြေညာပြီး နဒီ့ထံမှ တုံ့ပြန်သော ချစ်ကို အသည်းအသန် မျှော်လင့်ခဲ့ရသည်။ နဒီ့ကို အရူးအမူး ဘ်တာခဲ့ရသည်။ နဒီ့ဆီမှ ခပ်တင်းတင်း ဆက်ဆံမှု၊ တစ်ခါတစ်ရံ င်ဖယ်ဖယ်ဆက်ဆံမှု၊ တစ်ခါတစ်ရံ မယုံသင်္ကာသလို ဆက်ဆံ လေးများကို ရင်ဆိုင်ရတော့ ကြေကွဲခဲ့ရသည်။ ဒါပေမဲ့ ချစ် နဒီလေးက သူ့ရဲ့ ဖွဲ့နှပဲကို နောက်ဆုံးတော့ အသိအမှတ် ရလေသည်။ နဒီ့ကို ခင်မင်ပြီးချိန် သုံးလအကြာမှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့သည်။ တစ်နှစ်အကြာမှာ နဒီဆီမှ အဖြေကို ရခဲ့သည် ထိုနေ့က သူသည် အရှုံးတစ်ယောက်လို ဣန္ဒြေမရ ဖြစ်ခဲ့ရ သည်။

"ကိုက ဆေးကျောင်းသား ပေါက်စကလေး၊ မိဘကလည် ချမ်းသာတယ် ဆိုတော့ နဒီ မယုံချင်ပါဘူး၊ ဒါပေမဲ့ မျက်နှာလေးက အင်မတန် ရိုးသားလွန်းလို့ နဒီ ကို ပြန်ချစ်မိသွားပြီ"

ဟု သူနဲ့ ချစ်သူ ဖြစ်သွားရတာကိုပဲ နောင်တရ အဲသည်နေ့က နဒီ ရေရွတ်ခဲ့သေးသည်။ ထိုစကားကြောင့် အတော်လေး စိတ်မကောင်း ဖြစ်ခဲ့ရသည်။ သို့သော် အရာရာ တစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းနေရသော နဒီဘဝပေး အ အနေအရပ်လေဟု နားလည် ခွင့်လွှတ်ပေးနိုင်သူမှာ မြန်မာဆို အမျိုးသားကလေးပဲ ဖြစ်လေသည်။

ကျောင်းတွေ ပြန်ဖွင့်တော့ သူက ပထမနှစ် ဆေး သင်တန်းကို ဆက်တက်ရသလို နဒီကလည်း ပထမနှစ် အင်္ဂလိ အဓိကသင်တန်းကို ဆက်တက်ရလေသည်။ သူက ယောကျာ်း ပီပီ နဒီရှိရာကို နေ့စဉ် သွားဖန်များတော့ နဒီက တားမြစ် သည်။ ဆေးကျောင်းသားဖြစ်သော သူက အတန်းလစ်ပြီး ဆေး ကျောင်းသူ နဒီက အတန်းမလစ်တတ်ပေ။ အဲဒါကလည်း သူ နှစ်ယောက်ကြား သိသာသော ကွာခြားမှုပဲတည်း။





စဉ်းစားကြည့်၊ ကိုယ့်ချစ်သူကို တွေ့ချင်လို့လာတဲ့ ူတစ်ယောက်ကို သူမက အတန်းဆင်းချိန်လေးလောက်သာ ကားထွက်ပြောပြီး ဆရာဝင်တာနဲ့ သူ့ကို ထားရစ်ပြီး အတန်း သွားတက်သတဲ့။ ဘယ်တော့မှ တစ်ချိန်လောက်ကလေးတောင် ျက်ပေးချင်သတဲ့။

"ဆရာကြီး ပီမိုးနှင်းက ပြောတယ်၊ လူဆိုတာ တစ်နေ့ ကုန်ဆုံးသွားတိုင်း ဥစ္စာသော်လည်းကောင်း၊ ပညာသော် လည်းကောင်း တစ်ခုခုကျန်ခဲ့အောင် လုပ်ရမတဲ့၊ နဒီတို့က စီးပွားမရှာနိုင်သေးတော့ ရသမျှပညာကို အလေအလွင့် မရှိအောင် ယူရမှာပေါ့ ကိုရယ်၊ ကိုလည်း ဘာပဲဖြစ်ဖြစ် ဆေးကျောင်းကို ဝါသနာပါလို့ တက်သည်ဖြစ်စေ၊ ဘာ ကြောင့် တက်ရသည်ဖြစ်စေ ကိုယ့်အတွက် အကျိုးရှိစေချင် တယ်"

ထိုအခါ သူသည် ...

"နဒီဟာ ကိုယ့်ထက် နဒီ့ရဲ့ ပညာတွေ၊ တိုးတက်မှုတွေ၊ အောင်မြင်မှုတွေကို သိပ်ဦးစားပေးတယ်၊ စိတ်ကို ချုပ်တည်း လွန်းတယ်၊ လူတစ်ယောက်ဟာ ကံ၊ ဉာဏ်၊ ဝီရိယသုံး ပါးရှိမှ တိုးတက်တယ်ဆိုတာကိုလည်း နဒီ မမေ့နဲ့ဦး၊ နဒီ ဘယ်လောက် ကြိုးစား ကြိုးစား ဖြစ်ထိုက်တဲ့ ကံမပါရင် ဖြစ်မလာပါဘူး နဒီ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တမင် ရှုတ်ချပစ်လိုက်သည်။ နဒီ စိတ်ခေတ်
ကျအောင် ခပ်ရွဲ့ရွဲ့စကားတွေနဲ့ ထိုးနက်ခဲ့သည်။ နဒီ့ဆိ
အတွေးအခေါ်တွေကို လှောင်ပစ်ခဲ့သည်။

"နဒီ ကံကို မယုံဘူး ကိုရဲ့"

ဆိုသော တုံ့ပြန်စကားဖြင့်သာ နဒီက သူ့ရဲ့ ရန်လို
တွေကို ဖြေသိမ့်တတ်သည်။ သို့သော် သူသည် နဒီကို ဘယ်တော့
အပြစ်မယူခဲ့၊ စိတ်မဆိုးခဲ့။ စိတ်ကောက်ပြီး အသွားအလာ ပျ
ကွက်တာမျိုးလည်း မရှိခဲ့။ သည်နေ့ ရန်ဖြစ်ပြီး ကျောင်းကပြန်သွ
ရင် နောက်နေ့တော့ သည်ပုံစံတိုင်း သူက အတန်းလစ်၊ နဒီ
ရောက်၊ နဒီက ရသလောက်အချိန်ပဲ စကားထွက်ပြော၊ သူ
အတန်းတွေ မဖျက်ပေး။ အင်း ... တစ်ခါတလေ ကံကောင်း
တော့ ဆရာတွေမအားလို့ ဝင်မသင်တဲ့အချိန်မျိုးတွေလည်း ရှိတ
သည်။

အဲသည့်နေ့မျိုးမှာတော့ နဒီက ကြည်ကြည်သာ
ပဲ သူနဲ့ အချိန်အကြာကြီး နေပေးတတ်ခြင်းဖြင့် သူနဲ့ နဒီတို့
ချစ်သူဘဝကို ဖြတ်သန်းရစမြဲတည်း။

* * *





"ကျောင်းမှာ နဒီ့ကို သိပ်ချစ်တဲ့ ဆရာမကြီးတစ်ယောက်
ရှိတယ်၊ သူက အပျိုကြီး ကိုရဲ့၊ နဒီ့ကို မွေးစားမယ်လို့
တောင် ခဏခဏ ပြောတတ်တယ်၊ သူ့အမျိုးတွေ အကုန်
လုံး အမေရိကားမှာ ရောက်နေကြပြီ၊ သူ တစ်ယောက်ပဲ
ကျန်တော့တာလေ၊ နဒီ့ကိုဆို ကျူရှင်မယူနိုင်မှန်းသိတော့
နားမလည်တဲ့စာတွေ အကုန်သင်ပေးတတ်တာ၊ ကျောင်း
ပိတ်ရက်တွေဆို နဒီက သူ့အိမ်သွား စာမေး၊ ဆရာမကြီး
ဝေယျာဝစ္စ လုပ်ပေးရတယ်၊ ဒါကြောင့် ကိုနဲ့ လျှောက်
မလည်နိုင်ဘူး"

ဆိုသော စကားမျိုးကို နဒီ့ထံမှ မကြာခဏ ကြားရ
န်းက ဒါဟာ သူနဲ့ နဒီတို့ ဝေးစေဖို့ စတင်နိဒါန်းချီခြင်းပဲ
၍ မသိသေးချေ။ နဒီက မိဘမရှိသော မိန်းကလေးပေမဲ့
ရာကို ကြိုတင်တွေးဆတတ်၍ နဒီ့အိမ်ကို လာလည်ခွင့် မရ
သာ သူက ကျောင်းပိတ်ရက်တွေမှာ နဒီ့ကို တွေ့ချင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အောင့်အည်းမျိုသိပ်ရသည်။ ပြီးတော့ ဆရာမကြီး အိမ်သွား... လည်း လိုက်ပို့ခွင့်မရချေ။

နဒီနဲ့ ပတ်သက်သော အဆန်းအပြား တစ်ခုက... နဒီသည် ဘယ်တော့မှ သူ့ကားကို မစီးတာဘဲ ဖြစ်သ... ဘာဖြစ်လို့မှန်းမသိ ခေါ်လို့မရပါ။ အကြောက်အကန် ငြင်း... တတ်သည်။ အဲသည့် ကိစ္စနဲ့ပတ်သက်ပြီးလည်း ခ... စကားများကြ...သေးသည်။ ရှင်းရှင်းပြောရရင် နဒီနဲ့ သူရဲ့ ... ဘဝမှာ နဒီရဲ့ မာနများကြောင့် အဖုအထစ်တွေ မလိုအ... များပြားနေရတယ် ဆိုရမလား။

"နဒီက အောလ်ဒီထွက်ထားတော့ နဒီ့ စံချိန်ကို ဆက်... ထားဖို့ ဆရာမကြီးရဲ့ အကူအညီတွေ အများကြီးလိုတ... ကိုရဲ့၊ နဒီ ကိုယ်တိုင်လည်း အရင်ကထက် နှစ်ဆတို... ကြိုးစားရတယ်"

ထိုအခါ သူသည် နဒီ့ကို စိတ်ကောက်ပြီး နှ... လောက် မသွားဘဲ နေခဲ့ခြင်းက ပထမဆုံး နဒီအပေါ် ပျက်... သော ရှောင်လွှဲမှု ဖြစ်သည်။ အဲသည်အချိန်ကတော့ နဒီ ဒု... နှစ်ကို ဘာသာစုံ ဂုဏ်ထူးဖြင့်အောင်ပြီး ပထမနှစ် ဂုဏ်ထူး... ကို စတက်ချိန် ဖြစ်လေသည်။

အရာရာက မထင်မှတ်စရာတွေ တစ်ခါတစ်ရံ... ပေါ်တတ်ကြောင်း သူ သိခွင့်ကြုံလိုက်ရခြင်း၏ အဓိကအကြော... ရင်းမှာ နဒီနဲ့အတူနေသော နဒီ့ ဒေါ်လေး မမျှော်လင့်ဘဲ ဆုံး...





...ကြောင့် ဖြစ်သည်။ နဒီ့ ဒေါ်လေးသည် ရေချိုးခန်းထဲမှာ ...လဲ၍ သတိပြန်မလည်လာတော့ဘဲ ဆေးရုံရောက်ပြီး တစ်ရက် ...ကြာမှာ ဆုံးခဲ့လေသည်။

"နဒီက ကံဆိုးတဲ့ မိန်းကလေးပဲ ကိုရယ်၊ နဒီ့ဘဝမှာ ငါးနှစ်သမီးအရွယ်မှာ အမေဆုံးခဲ့လို့ အဖေ့ရင်ခွင်မှာနေခဲ့ ရတယ်၊ အဖေကလည်း နဒီ့ကို ထားခဲ့ပြန်တယ်၊ တွယ်တာ စရာဆိုလို့ ဒေါ်လေးတစ်ယောက်ပဲ ရှိချိန်မှာ ဒေါ်လေးက လည်း ထားခဲ့ပြန်ပြီ၊ နဒီတို့မျိုးရိုးက အသက်ရှည်ရှည်နေရမဲ့ ဇာတာမပါဘူးထင်ပါရဲ့၊ နဒီတော့ စိတ်ဓာတ်အရမ်းကျ နေပြီ"

နဒီ့ထံမှ တိုင်တည်သံတွင် သူ အရည်ပျော်ကျကာ ...ယောက်တည်း ကျန်ခဲ့ပြီဖြစ်သော နဒီ့ကို သူ့ဘဝထဲ အပြီး ...ိုင် ခေါ်ယူဖို့ ဆုံးဖြတ်ခဲ့သည်။ ထိုစကားအား နဒီ ကြားသော ...

...

"မိုက်လှချည်လား ကိုရယ်၊ ဒီအချိန် အိမ်ထောင်ပြုလို့က တော့ နှစ်ယောက်စလုံး ခွေးဖြစ်သွားမှာပေါ့၊ နေပါဦး ကိုက နဒီ့ကို ဘာအလုပ်အကိုင်ရှိလို့ ကျွေးထားပေးမှာလဲ"

ဟု သူ့စေတနာကို ဓော်ကားခဲ့သည်။ နဒီ ပြောရက် ...ယ်လို့ စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှ မချေပခဲ့ပါ။ နဒီ့ဆီ ...ဘခဏ လာချင်တာတောင် လာခွင့်မရသော နဒီ့ စည်းကမ်း ...အောက်မှာတောင် တော်ရုံ မေတ္တာနဲ့ဆိုလျှင် နဒီ့ကို ထားရစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိရှာပဲ။ အရင်ကတည်းက အဒေါ်နဲ့ နေတာတောင် လာခွင့်မပေး
နဒီဟာ အခုဆို ပိုဆိုးရောပေါ့။ သူနဲ့တောင် တွဲသွားတွဲလာ သိ
မလုပ်ချင်တော့ပေ။ အရင်ကထက် ဣန္ဒြေတွေ၊ သိက္ခာတွေ
ထပ်ဆင့်လာခဲ့သည်။ ဒါကိုလည်း သူက နားလည်ပေးနိုင်ခဲ့သည်

တစ်နေ့မှာ နဒီ့ဆီက စကားအဆန်းတစ်ခုကြားရ

"နဒီ အခုနေတဲ့ အိမ်ကို ပိတ်ထားပြီး ဆရာမကြီးအိမ်မှာ သွားနေတယ် သိလား ကို၊ ဆရာမကြီးက မိန်းကလေး တစ်ယောက်တည်း နေဖို့မသင့်ဘူး ခဏခဏ ပြောတယ် နဒီလည်း စဉ်းစားမိတယ်၊ အဲဒါနဲ့ ဆရာမကြီးအိမ် ပြောင်း နေလိုက်တယ်"

"ဘယ်သူတွေရှိလဲ"

စိတ်ပူပန်စွာ မေးခဲ့မိတော့ နဒီက ဟက်ဟ
ပက်ပက် ရယ်လျက် ...

"စိတ်ချပါ ကို၊ ဆရာမကြီးကလည်း သူနဲ့ သူ့မွေးစား ရှိလို့ နဒီ့ကို ခေါ်သလို နဒီကလည်း ဘယ်သူမှမရှိ သွားနေတာပါ၊ နောက်ပြီး နဒီ့လို မလှမပ၊ ယောကျာ်း အတွက် ဆွဲဆောင်နိုင်မှုနည်းတဲ့ မိန်းမတစ်ယောက် ဘယ်သူကမှ အရှုံးအမူး စွဲလမ်းပိုင်ဆိုင်ချင်မှာ မဟုတ်ပါ

ဟူ၍ ဖြေကြားခဲ့သည်။ သူက စိတ်အနည်း
အေးသွားသော်လည်း အမှန်မှာ ဒါဟာ နဒီနဲ့သူ့ကို ပိုမိုဝေး
ဖန်လာရခြင်းဟု သူ ကြိုတင်မမှန်းဆခဲ့မိသောကြောင့် ဖြစ်လေသ





အဲသည်တုန်းကတော့။

"Except မြန်မာဆိုတဲ့ ယောကျာ်းတစ်ယောက်ပဲပေါ့၊ မြန်မာ ကတော့ နဒီဆိုတဲ့ ပုံတုံးတုံး ကောင်မလေးကို အရူးအမူး စွဲလမ်း ပိုင်ဆိုင်ချင်တယ်ဆိုတာ နဒီ မသိဘူးလား"

လို့ ပြန်လည်နောက်ပြောင်ခဲ့သေးသည်။ နောက်ပိုင်း
တွေမှာ နဒီနဲ့ သူ့အတွက် တွေ့ရချိန်က အတော့်ကို နည်းသွား
၏။ အရင်ကတော့ ကျောင်းဆင်းချိန်ဆို အချိန်ဆွဲပြီး စကားတွေ
ပြောလို့ရသည်။ နဒီက အဲသည့်လောက်တော့ ခွင့်ပြုလေသည်။
ဒါမှမဟုတ် ကျောင်းမတက်ခင် အစောကြီး နဒီ့ကို လာခိုင်းပြီး
ကင်န်တင်းထိုင်ဖို့ အဖော်ညှိလို့လည်း ရသည်။ နဒီက အဲဒါလည်း
ခွင့်ပြုသည်။

သို့သော် ဆရာမကြီးအိမ် သွားနေပြီးကတည်းက
နဒီသည် ကျောင်းကို ဆရာမကြီးနှင့်အတူ လာ၍ အရင်ကလို
အစောကြီး မရောက်တော့ပေ။ နဒီ ရောက်ချိန်သည် သူမ
အတန်းတက်ရန် ဆယ်မိနစ်၊ အလွန်ဆုံး ဆယ့်ငါးမိနစ်လောက်
သာ အနည်းအကျဉ်း စကားပြောခွင့်ရပြီး တစ်နေ့လုံး အတန်း
တက်သော နဒီ့ကို အေးအေးဆေးဆေး တွေ့ခွင့်မရပေ။ ညနေ
ဆိုလည်း ဆရာမကြီးကားပေါ် ပါသွားသော နဒီ့ကို အဝေးက
ဆေးခွင့်ရရင်ရ တစ်ခါတလေ နှုတ်ဆက်စကား ပြောရုံကလေးပဲ
ရှင်ရတတ်သော ဝေးကွာမှုကို သူ သည်းမခံနိုင်တော့သောအခါ
နဒီ့ကို နားပူနားဆာလုပ်ဖို့ ကြံစည်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့အတွက် နောက်ကျခြင်းဆိုသည်မှာ နဒီ စန့်တီးပေးခဲ့မှုပဲ ဖြစ်ပေါ်ခဲ့သလား မသိပါ။ တစ်နေ့မှာ နဒီက သူ့ကို ခါတိုင်းကဲ့သို့ ကျောင်းမတက်ခင်လေး စကားရပ် ပြောနေကျ ထုံးစံကိုဖျက်၍ အေးအေးဆေးဆေး စကားပြောကြ ဖို့ တောင်းဆိုခဲ့သည်။ ဘာများပါလိမ့်။ အေးလေ ... နဒီလည်း ဆေးကျောင်းနေရတာကြာတော့ တစ်နေ့တလေ တွေ့ချင်မှာပေါ့ ဟူသော ကြည်နူးခွင့်က သိပ်မကြာမြင့်လိုက်ပါ။

"နဒီ ကျောင်းဆက်မတက်တော့ဘူး ကို"

ဟူသော စကားဖြင့် အစပျိုးလိုက်လျှင် သူက အထိတ်ထိတ် အလန့်လန့်ဖြင့် နဒီကို မေးမိ၏။ နဒီသည် ဆုံး ဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချပြီးဖြစ်သော မျက်နှာပေးဖြင့် သူ့ အတွက် စီရင်ချက် တစ်ခုကို ပြတ်ပြတ်သားသား ကြေညာလေ သည်။

"နဒီ့ကို ဆရာမကြီးက သူ့ဆွေမျိုးရှိတဲ့ အမေရိကားကို ခေါ်သွားတော့မယ် ကို၊ ဟိုတစ်နေ့တပဲ နဒီ့ကို အမွေစား အမွေခံ သမီးအဖြစ် မွေးစားလိုက်တယ်၊ ဆရာမကြီးက အစကတည်းက သွားဖို့ ရည်ရွယ်ချက် ရှိတယ်၊ နဒီ့ကိုပါ တစ်ခါတည်း ခေါ်သွားချင်လို့ နဒီ့အတွက် ထပ်လုပ်နေ ရင်း ဒီလောက်အထိ ကြာသွားတာ၊ နဒီလည်း မသိပါဘူး နဒီ့ကို မွေးစားမယ်လို့ ဖွင့်ပြောရင်းနဲ့ ဒီစကားကိုပါ ပြော ခဲ့တာ"





"နဒီက လိုက်သွားမလို့လား"

"နဒီ့ဘဝ တိုးတက်လာဖို့အတွက် လိုက်သွားသင့်တယ် လို့ နဒီ ဆုံးဖြတ်ပြီးပြီ ကို၊ ဒါကြောင့် နဒီ လက်ခံလိုက်ပြီ"

"ဘာ ... ဒါဆိုရင် နဒီက ကိုယ့်ကို ထားခဲ့မယ်ပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူး ကိုရယ်"

"ဘာမဟုတ်ရမှာလဲ၊ နဒီ့ ဆရာမကြီးက အပြီးအပိုင် သွားမှတော့ ဒီကို ဘယ်ပြန်လာတော့မလဲ၊ ဒါဆို နဒီလည်း ဘယ်ပြန်လာတော့မလဲ"

ထိုအခါ နဒီသည် ပြန်လာမှာပေါ့ဟူသော အဖြေ ကို တစ်ခွန်းမှတောင် မဟခဲ့ပါ။ ဒါပေမဲ့ သူ့အတွက် စကား လက်ဆောင်တော့ ပေးခဲ့ပါသေးသည်။

"ဆရာဝန်မဖြစ်ခင် ကို လိုက်လာချင် လိုက်လာပါ၊ အားလုံး စီစဉ်ပေးမယ်၊ ဒါမှမဟုတ် ဆရာဝန်ဖြစ်ပြီးမှ လာချင်လည်းလာ၊ ပညာတော်သင် လာရရင် ပိုကောင်းတာ ပေါ့ ကိုရယ်၊ နဒီ့ကို လွမ်းဆွေးပြီး ဘဝကို ရေစုန်တော့ မမျှောလိုက်ပါနဲ့နော် ကို၊ အဲဒါဆို နဒီက ကို့ကို ယောကျ်ား မပီသဘူးဆိုပြီး တစ်သက်လုံး မုန်းမိမှာပဲ"

သို့သော် ဒါဟာ ရာဇသံလား၊ စကားလက်ဆောင် လား၊ သံယောဇဉ် နှောင်ကြိုးလားဆိုသော အခုထိ အဖြေရှာမရ ထဲမှာ မြန်မာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ဖျောင်းဖျမရသည့်အဆုံးမှာ သူသည် နဒီကို အရှုံးပေးရမြဲ ထုံးစံအတိုင်း အရှုံးပေးလိုက်ရသည်။ အ မဆူးလို့လည်း မရချေ။ နဒီက ဘယ်တော့မှ သူ့စကားကို န မထောင် မလိုက်လျောခဲ့သော ချစ်သူကလေးပဲ။ သူ မသွား တားလည်း သွားမယ်ဆိုတာ ကြိုတင်မှန်းဆလို့ ရနိုင်သားပင်

အဲသည့်အကြောင်းတွေ ရှုပ်ထွေး၍ စိတ်ညစ်ည ရသောကြောင့် သာဒ့်အမ်ဘီကို ဆပ်ပလိုင် (Supply)နဲ့ အောင် ရသည်။ နဒီက အနည်းငယ် ဆူခဲ့သေး၏။ သူ Part I စတ တော့ နဒီ သွားရမဲ့အချိန်က ကပ်နေခဲ့ပြီ။ နောက်တော့ န သူ့ကို ထားခဲ့လေသည်။ စိတ်လေပြီး မာမိနဲ့ မမတို့ရှိရာ ဂျ ကို ခဏသွားလည်မိပါတယ်။ မာမိ ဆေးရုံတက်တာနှင့် ကြ ၍ အဲသည်မှာ တော်တော်ကြာသွား၏။

ကျောင်းစတက်ကတည်းက နဒီ သွားချိန်နီးလာ ကျောင်းတက်ရက် မမှန်ခဲ့သလို မာမိကြောင့် ဂျပန်မှာ နှစ် နီးပါး ကြာသွားခဲ့ရ၍ ကျောင်းခေါ်ချိန်လည်း မပြည့်တော့ ဆိုတာ တွက်ဆမိသည်။ အကယ်၍ မိုက်မိုက်ကန်းကန်း ကျော ဆက်တက်မယ်ဆိုလျှင် ကျောင်းခေါ်ချိန် မပြည့်၍ တစ်နှစ်အော ရမည်။ သူတို့အတန်းနောက်က အကွာရာတို့ အတန်းက အတ ကာလချင်း ခြောက်လလောက်ပဲခြား၍ တက်ခွင့်ရမည်မဟုတ် နောက်ထပ်တက်လာမည့် အငယ်တန်းတစ်တန်းနဲ့မှ ပြန်တက်





ည်။ ဒါကြောင့် ကြိုတင်၍ သူ တက်နေသော အတန်းကနေ အောက်အတန်းဖြစ်သည့် ဂျူနီယာတန်းကို ပြောင်းရင်း ဆေး(၁) ကိုပါ တစ်ခါတည်း ပြောင်းလိုက်တော့သည်။

"မင်းကတော့ အချစ်ကို အင်မတန်ကိုးကွယ်တဲ့ ကောင်ပဲ၊ ရေလည်အံ့ဩတယ်"

ဟူ၍ သူ့အပေါင်းအသင်းများကြားမှာ တသသ ဖြစ်ရသလို သူ့အကြောင်း အတော်လေး စပ်စုလိုဟန်ပြသော အကွာရာသိလျှင်လည်း အံ့ဩဦးမည်။ အင်း … ဘယ်သူပဲ သိသိ အံ့ဩကြဦးမည်။ တကယ်တော့ ဒါဟာ အံ့ဩစရာမှ မဟုတ်တာ။

သူတို့ဟာ တကယ် မချစ်တတ်သူတွေ ဖြစ်လို့ပဲ၊ အချစ်ကို သေသေချာချာ မကြုံရသေးလို့ဘဲ၊ အချစ်ရဲ့ နက်ရှိုင်း မှုကို နားမလည်သေးလို့ဘဲဟု အပြစ်တင်လျက် မြန်မာသည် နဒီ ဆိုသော ချစ်သူကလေးအား စက္ကန့်မလပ် တမ်းတနေရသူတစ်ဦး ဘဝကို ကျေကျေနပ်နပ် ခံယူခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၂

ရန်ကုန်မြို့သူ စစ်စစ်ဖြစ်ပြီး ရန်ကုန် အနီးဝန်းကျ ဒေသတွေကို မရောက်ဘူးသော အကွာရာအတွက် အက်ဖ်အိပ်ချ (Family Health Care မိသားစု ကျန်းမာရေးလုပ်ငန်း ဆောင်ရွ ခြင်း)ကြောင့် သန်လျင် ရောက်ဖူးခဲ့ခြင်း ဖြစ်သည်။ အမှန် သန်လျင်ကို P.S.M ပို့စတင်အတွက် ကျောင်းသားတိုင်း သုံး တိတိ သွားရမည် ဖြစ်သော်လည်း အကွာရာတို့၏ မိန်းကလေ ကိုးယောက်တိတိရှိသော အုပ်စုသည် ဘယ်သူမှ မသွားဖ အရင်ဆုံး တစ်ခါတော့ ရောက်ရသေးသည်။

ဘာကြောင့် ရောက်ရသလဲဆိုသော် ပီအက်စ်အ ဘာသာတွင် စီအက်စ်စီ (Clinicosocial Case Presentati စာတမ်းဖတ်ပွဲအတွက် အကွာရာတို့ သွားရသော ဆေးရုံမှာ စိ ရောဂါကုဆေးရုံဖြစ်ပြီး အကွာရာတို့၏ လူနာမှာ သန်လျင်တွ



သား;စုရှိ၍ သန်လျင်ကို Home visit လိုက်ရသောကြောင့် သူများတွေမရောက်ခင် အရင်ဆုံးတစ်ခေါက် ရောက်ခဲ့ပြီးပြီ။ ါကြောင့် သန်လျင်ကို လေးခေါက်တိတိ ရောက်ရသူမှာ အကွာရာ တို့ မိန်းကလေးကိုးယောက် အုပ်စုဝင်တွေ ဖြစ်၏။

ဒုတိယအကြိမ် အက်ဖ်အိပ်ချ်စီ သွားစဉ်တွင် ဆရာမတွေက သန်လျင် ကျိုက်ခေါက်ဘုရားကိုအလည်ပို့ပေးသည်။ ထိုနေ့က အကွာရာအတွက် အင်မတန်မှ ထူးဆန်းပြီး မသိခဲ့သေး သော အသစ်အဆန်း အကြောင်းအရာတစ်ခုကို သိခဲ့ရသေး၏။

တာဝန်ကျ ဆရာက ကားထဲမှာ လူစုံတက်စုံ ပါလာကြ လိုက်နေသော ကျောင်းသား လေးဆယ်တို့အား တစ်ချက် ကြည့်၍ ...

"ဒီထဲမှာ ချစ်သူစုံတွဲ ပါသလားဟေ့၊ ပါရင် ဘုရားမတက် နဲ့နော်၊ ဝမ်းနည်းစရာတွေ ဖြစ်ကုန်မယ်"

ဟု မေးလျှင် ကျန်သူတွေက သိနှင့်ပြီး အကွာရာက ဘာကြောင့် မေးသလဲ မသိချေ။ အိမ့်ကို တိတ်တိတ်လေး မေးရ သည်။ ထိုအခါမှ ချစ်သူချင်း ကွဲတတ်သည်ဟု သိရပြန်လျှင် အကွာရာသည် ကြားဖူးနားဝရှိသော ပုံပြင်ကလေးကြောင့်ပဲလို့တော့ နားလည်မိသေးရဲ့။ အင်း ... ဘာပြောရမလဲ မဆီမဆိုင် သူမရော ဘုရားကို ဖူးလို့ ဖြစ်ပါ့မလားဟူ၍ စိုးရိမ်မိသေး။

အိမ့်ကို ပြောမိတော့။

www.burmeseclassic.com

www.burmeseclassic.com



"တီကောင်ကလေးနဲ့ လာဖူးတာမှ မဟုတ်တာ၊ နင် တ
ယောက်တည်း လာတာပဲ၊ အတွေးမခေါင်နဲ့"

မဟုတ်ဘူး။ ဒီစကားပြောချိန်အထိ တီကောင် ကလေးကို လုံး၀ စိတ်ကူးထဲမှာ မဖော်မိဘူး။ အမှန်က အကွ သည် မရှိသေးသော ချစ်သူတစ်ယောက်ကို ကြိုတင်မှန်းဆ အစိုးရိမ်ကြီးမိတာပဲ ဖြစ်၏။ ဘယ်သူမှ မသိအောင် ပြောပြ တော့ ဒီအဖွဲ့ထဲမှာ မြန်မာပါနေလို့ပဲ။ မြန်မာက အကွရာ စိတ်မ၀င်စားပေမဲ့ အကွရာက ဒေးကို မေ့ချင်ချင် ဖြစ်လာ မြန်မာ့ကို နက်နက်နဲနဲ စိတ်၀င်စားနေချိန်မှာ ကြိုတင် စိုးရိမ်ရ ဖြစ်သည်။ အဲဒီ တဒင်္ဂတုန်းက အကွရာရဲ့ ရင်ထဲမှာ မြန် တစ်ယောက်တည်းပဲ ရှိနေခဲ့တယ်။

မြန်မာရေ အကွရာရဲ့ ဆုတောင်းများရင်လည်း များပါစေတော့။ ဒီဘုရားအပေါ်ကို ရင် မတက်နဲ့နော်။ အကွ ပဲ အိမ့်ကို ငါ မရောက်ဖူးဘူး သွားချင်တယ်ဆိုလို့ စကား ပြီးလို့ တက်ရမှာမို့ အကွရာတစ်ယောက်ပဲ တက်ဖူးမယ်နော် ရှေ့ဆုံးက ကားမောင်းသူနားတွင် ထိုင်နေသော မြန်မာ့ ကျော ကလေးကို လှမ်းကြည့်ပြီး တိုင်တည်မိသေးရဲ့။ အမှန်တကယ် အကွရာ၏ ဆုတောင်း ပြည့်ခဲ့လေစွ။ မြန်မာသာ ဘုရား တက်လာခဲ့ရင်ဆိုသော အတွေးနဲ့ နောက်ကို လှည့်မကြည့်စ လှေကားတွေကို သတ်ခြေတင်မိပြီးမှ ရင်ပြင်ပေါ်မှာ မြန်မ





တော့ မတွေ့ချေ။ ဟုတ်မှ ဟုတ်ရဲ့လားလို့ မယုံလို့ ထပ်ရှာ ပြီးသေတဲ့။ သို့သော် အင်မတန် လိမ္မာသော အမျိုးသားကလေး သည် ဘုရားပေါ် မတက်ခဲ့ချေ။ အကွရာတို့ ပြန်ဆင်းလာ တခြား ကောင်ကလေးတွေနဲ့ လက်ဖက်ရည်ဆိုင်မှာ န်နေတာ တွေ့ရ၏။

သိပ်အလိုက်သိတဲ့ သူငယ်လေးပဲဟု မြန်မာ့ကို းတင်စွာ တစ်ချက်ကြည့်မိတာ ဘာအဓိပ္ပာယ်ပါမှန်း အကွရာ မသိပါ။

အခုနောက်ပိုင်းမှာ ကျောင်းတက်ခါစနဲ့မတူ ပျော် က်ကြွလာသော (အရင်ထက်စာရင် ပြောတာပါ၊ တခြား သူ့ရင်တော့ တစ်ခုခု လိုနေသလိုပဲပေါ့) မြန်မာ့သဏ္ဌာန် ကွရာကို အမောပြေစေသည်။ အတန်းထဲမှာ အသံကျယ်ကျယ် ကျယ်နဲ့ စကားများတတ်လာသည်။ သူပေါင်းသော တာလည်း ပေါ့ပါးသွက်လက်တဲ့ အုပ်စုဖြစ်ပြီး အတန်းလစ် အုပ်စုဖြစ်နေ၍ မြန်မာတောင် အကွရာ နီးပါး အတန်းလစ် တတ်ပြီ။ ဒါပေမဲ့ တစ်ခါတစ်ရံ စိတ်ဖောက်ရင် အတန်း တစ်ယောက်တည်း လာ၀ေါင်နေတတ်တာတော့ ရှိနေဆဲ

ဟိုတစ်နေ့က ရောဂါဗေဒရဲ့ Morbidစာသင်ခန်းမှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ...မြန်မာတို့အုပ်စု စကားတွေ ကျွက်ကျွက်ညံ ဆူနေတယ်နော်၊ ဘာတွေ ပြောစရာ ရှိနေလဲ မင်းက ဂျူနီယာ တက်မှာလား၊ စီနီယာ တက် သေသေချာချာ ဆုံးဖြတ်ပြီးပြီ ထင်တယ်"

ဆရာမက မြန်မာ့ကို ခပ်ဆူဆူလေး မေး သူ့ကို ဆရာ၊ ဆရာမ တော်တော်များများ သိနေပြီ

"ဂျူနီယာတန်းမှာပဲ တက်တော့မယ် ဆရာမ"

ဟူသော ရယ်ကျဲကျဲ ဖြေသံကတော့ အက္ခရာ ကျေနပ်ချင်စရာ ကောင်းသည်နော်။ ပြီးတော့ အက္ခရာ မျက်နှာချင်းဆိုင်တွေ့ရင် ပြုံးပြနှုတ်ဆက်တတ်လာပြီ တစ်အုပ်စုလုံး အတန်းလစ်ချိန်ဆို အက္ခရာကို တစ်သိကြီး ထိုးပေးဖို့ ခိုင်းတတ်ပြီ။ အက္ခရာရဲ့ ရီပို့ဒ်တွေကိုငှားပြီး တတ်လာပြီ။

တစ်ခါတလေ အက္ခရာတို့ ကားကြုံလိုက် သူငယ်ချင်း ကောင်ကလေးမလာရင် မြန်မာ့ရဲ့ကားကို တို့ ကားကြုံလိုက်ဖို့ အမြဲခေါ်တတ်လာပြီ။

"တီဗီထဲမှာ မိတ်ကပ်တွေလိမ်း၊ ဆံထုံးထုံး၊ ထိုင်မသိမ်း လက်ဝတ်ရတနာတွေဝတ်ပြီး သီချင်းတစ်ပုဒ်လော အကုန်ခံရခြင်းရဲ့ အကျိုးအမြတ်က ဘာရသလဲ နောက်ပြီး အက္ခရာ ဘာတွေ ထူးခြားသွားသလဲ လိုက်တာ"





ဟူ၍ စပ်စုတတ်သေးရဲ့။

"ဝါသနာအရ လုပ်ချင်လို့ လုပ်တယ်ဆိုတော့ ဆန္ဒပြည့်သွားရတဲ့အတွက် ကြည်နူးတာပေါ့၊ မြန်မာမှ နားမလည်တာ ဘယ်သိပါ့မလဲ"

"အလကား မိဘပိုက်ဆံ ဖြုန်းတာပါ"

အိမ့်က ဝင်နှောက်ရင် သူကပါ လိုက်ဟားပေးဖို့ မဆိုင်းမတွ ပြင်ဆင်တတ်သည်။ ထိုအခါမျိုးမှာ အက္ခရာသည် မြန်မာ့ကို မျက်စောင်းထိုး၊ အိမ့်ကို မျက်စောင်းထိုး၍ စိတ်ကောက်ပစ်မိသည်။ အိမ့်ကတော့ သူငယ်ချင်းမို့ ချော့တယ်ပဲ ထားပါ။ မြန်မာကတော့ သိပ်လည်း အရင်းအနှီးကြီး မဟုတ်၍ အက္ခရာရဲ့ စိတ်ကောက်ခြင်းကို မသိဘဲ မချော့ခဲ့တာကိုတော့ အက္ခရာက ဝမ်းနည်းချင်သေးသတဲ့။

"တီကောင်ကလေးကသာ အက္ခရာနဲ့ မြန်မာတို့ ရည်းစား ဖြစ်သွားကြတဲ့ သတင်းကိုကြားရင် ဆားပုံခံရသလို တကယ်ပဲ တွန့်လိမ်တော့မှာ"

အိမ့်သည် အက္ခရာဘက်က သိသာသော အမူအရာများကြောင့် ဒေးအတွက် စိတ်ပူပေးချင်သေးသည်။ အမှန်တော့ အိမ့်သည် အက္ခရာအပေါ် သူငယ်ချင်းတစ်ယောက်လိုကလွဲလျှင် ပိုသာသော၊ တစ်ခါတစ်ရံ ငေးချင်ငေးနေတတ်တဲ့ အကျင့်ရှိနေသော ဖြစ်သော အရင်ရည်းစားလောက် နောက်ထပ် ဘယ်မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို့မှ နှစ်နှစ်ကာကာ ချစ်နိုင်မဲ့ အခွင့်အရေးနည်းပါးသော မြန်မာ လို အသည်းကွဲ ဝေဒနာရှင်ကြောင့် အက္ခရာမှာ ထိခိုက်ခံစားရခြင်း မဖြစ်လို၍ ဒေးအကြောင်း မကြာခဏ စကားထဲထည့်ပြော တာ ဖြစ်သည်။ နောက်ပြီး ရယ်စရာကောင်းတာက တစ်ခုလည်း ရှိသေးသည်။ အဲဒါကတော့ အိမ့်သည် အက္ခရာကို သဝန်တိုချင် တာပဲ ဖြစ်သည်။

ဒေးနဲ့တုန်းကတောင် ...

"အဲဒီ့ တီကောင်ကလေး ပုံစံက လူပွေ လူရှုပ် ကလေးပါ ဟာ၊ နင်က ဘာဖြစ်လို့ တစ်ခါတည်း မုန်းမပစ်နိုင်ရတာ လဲ၊ မုန်းတယ်လို့ ပြောလိုက်ပါလား၊ ဘာဖြစ်လို့ ချင်ခြေ ဆဲပါပဲလို့ ခဏခဏလာပြီး ဝန်ခံနေရသလဲ"

တဲ့လေ။ အက္ခရာ၏ တွေဝေမှုကို အပြစ်တင်၍ ဒေးကို ချစ်မနေဖို့ တားမြစ်သတဲ့။

"နင် သာဒ့်အမ်ဘီဖိုင်နယ်လ် ဖြေတုန်းက တီကောင်ကလေး လာစောင့်ကြည့်တယ်ဆိုတာ နင့် တစ်ယောက်ကိုပဲ မဟုတ် ဘူး၊ သွေးသွေးကို ကြည့်လို့လည်းရတယ်၊ ဖတ်စ်အမ်ဘီ (1st M.B.ပထမနှစ်ဆေး)က ကောင်မလေးကိုလည်း ကြည့် လို့ ရတယ်ဆိုတဲ့ သဘောနဲ့ လာကြည့်တာပါ၊ သူ့မှာ သာဒ့်အမ်ဘီကရော၊ ဖတ်စ်အမ်ဘီကရော ချိန်ထားလို့ ရတဲ့ မြားတွေမှ မနည်းတာ၊ အေး ... တီကောင်ကလေး





အချိန်ခံရတဲ့အထဲ အက္ခရာပါနေတာတော့ ဝမ်းနည်းစရာ ပဲပေါ့၊ ဒါကို တချို့အမျိုးသမီးတွေကတော့ တီကောင်က လေး အချိန်ခံရတာကို ဂုဏ်ယူချင်သေးတာ အံ့သြစရာ ကြီးပဲ"

ဟူ၍လည်း အက္ခရာ၏ စိတ်ကူးယဉ်မှုကို ရပ်တန့် ဆေးခဲ့သေးသတဲ့။

ကဲ ... အခုကျတော့ မြန်မာ့ကို စိတ်မဝင်စားဖို့ လိုက်လံပိတ်ဆို့ရန် ဒေးကို တမင် စကားထဲ ထည့်ပြောနေပြန် ခဲ့ပြီ။ ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲ။ အိမ့်မှာ မြန်မာနဲ့ပတ်သက်တဲ့ အခြား ဘာတွေ၊ ရှင်းရှင်းပြောရရင် အက္ခရာ သိထားတာထက် ပိုသိနေတာတွေ ရှိလို့ပဲလား၊ အိမ့်က သူသိရင် မနေပါဘူး အက္ခ ရာကိုတော့ ပြောနေကျပါ။ မွေးမွေးနဲ့ ပုန်းညက်တို့က အိမ့် လောက်မခင်လို့ တော်ရုံဆို မပြောတတ်ချေ။ ခံစားချက်တွေကို လည်း မဖွင့်ဟတတ်ချေ။

အက္ခရာ၏ ခံစားချက်ဟူသမျှ အကုန်သိခွင့်ရှိသူ မှာ အိမ့်ဖြစ်ပြီး အိမ့်၏ ခံစားချက် တော်တော်များများတို့ကို သိခွင့်ရသူမှာ အက္ခရာပဲ ဖြစ်သည်။

"မြန်မာ့ပုံစံ ကြည့်ရတာ ဆေးချဖူးရင်းလည်း ချဖူးမဲ့ပုံစံပါ၊ စီးကရက်ကိုလည်း ဘူးလိုက်ဆောင်ပြီး သောက်တယ်နော်၊ အဲဒါ မဖြစ်သင့်ဘူး၊ တစ်လိပ်နှစ်လိပ်ဆို တော်ရောပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ကျောင်းသား၊ ပြီးတော့ သာမန်ကျောင်းသားလည်း မဟုတ်ဘူး၊ ဆေးကျောင်းသား ဖြစ်နေပြီး လူနာကိုတော့ ဆေးလိပ်လျှော့သောက်၊ အရက်လျှော့သောက်နဲ့၊ Health Education(ကျန်းမာရေး ပညာပေး) ပေးပြီး ကိုယ်ကတော့ လုပ်နေတာတော့ မကောင်းဘူးပေါ့"

အံမယ် အဲသည်လိုလည်း တစ်ခါတလေ အက္ခရာ စိတ်ကုန်သွားအောင် အပြစ်တွေကို ထောက်ပြသေး။ ထိုအခါမျိုးမှာ မှန်တာ ဝန်ခံရရင် အက္ခရာသည် မြန်မာဟာ အဲသည်လိုများလား ဟု စိတ်ပူချင်ခဲ့ပါသည်။ သို့သော် ကျောင်းရောက်လို့ မြန်မာ့ မျက်နှာကို တွေ့ခွင့်ရရင် ဒါမဟုတ် မြန်မာ့ဆီက နှုတ်ဆက်မှု ကို ရရှိလိုက်ရရင် ဒါတွေအကုန် မေ့သွားတတ်စမြဲပဲ။ နဂို စိတ်ဝင် တစား ရှိမြဲအတိုင်း စိတ်ဝင်စားဆဲ။ မြန်မာနဲ့ သူ၏ ကွဲသွား တယ်ဆိုသော ချစ်သူကောင်မလေးအကြောင်းကို သိချင်ဆဲ။

ဟိုးတစ်နေ့ကတောင် ကင်န်တင်းမှာ အဝင်အထွက် ကလေးတွင် ဒေးနဲ့ အက္ခရာတို့ မျက်နှာချင်းဆိုင် ဆုံကြသေး သည်။ အိမ့်က အက္ခရာအားမှုဖြတ်၍ ကင်န်တင်းအပြင် ထွက်သွား သော ဒေးကို လှည့်ကြည့်ပြီး ...

"ရင်ခုန်သွားပြီ ထင်ပါရဲ့၊ အဟမ်း ... အဟမ်း"

ဟူ၍ နောက်ပြောင်ခဲ့စဉ် မှန်တာဝန်ခံရသော် အနည်း ငယ်မျှ ရင်ခုန်သွားရပါသည်။ ဒါပေမဲ့ ဒေးကို မြင်စဉ် ရင်ခုန်ခြင်း





သာသော ရင်ခုန်ရခြင်းကတော့ မြန်မာ့ကို ထပ်မံ တွေ့ဆုံ ကြောင့်တည်း။ တစ်နေ့လုံး အတန်းမတက်သည့် မြန်မာ့ တွေ့ရ၍ အက္ခရာ မှိုင်နေသည်ကို နည်းနည်းရိပ်မိသော ...

"နောက်တစ်ခါ ထပ်ပြီး ရင်ခုန်သွားပြီ ထင်ပါရဲ့"

ကင်န်ကင်းထဲတွင် အက္ခရာတို့ ထိုင်ပြီးပြီးချင်း င်လာပြီး ခုံတစ်လုံးမှာ ဝင်ထိုင်သော မြန်မာ့ကို တွေ့ ထိုစကားကို ပြောခြင်းဖြစ်၏။

"ဟော့ကောင်တွေ ငါ့ရိုးလ်ရှိတ် ထိုးလိုက်ရဲ့လား"

လို့ ရှိနေနှင့်ပြီးသော အတန်းထဲက သူငယ်ချင်းတွေ ည်း အော်ကျယ် အော်ကျယ် မေးသေး။ ဘယ်တွေလျှောက် လို့ အတန်းမတက်တာလဲ။ ခါတိုင်းဆိုရင်တော့ အုပ်စု ျောက်သွားတယ်။ သည်နေ့ ဘာလို့ တစ်ယောက်တည်း ရသလဲတွေနဲ့ စူးစမ်းမိသူမှာ အက္ခရာပဲတည်း။

ဒေးဟာ အခုနောက်ပိုင်းမှာ ခပ်တည်တည် ဖြစ် ကို ရိပ်မိသော အက္ခရာသည် ဒေးဘက်မှ ရှောင်ဖယ်ဖယ် ကို ဝမ်းမနည်းတော့သတဲ့။ အရင်ကလို ဒေးကို တိတ်တခိုး း ဖြစ်နေမယ်ဆိုတော့ တစ်မျိုးပေါ့နော်။ အခုတော့ ် အက္ခရာကို လွမ်းမိုးနိုင်စပြုလာပြီဖြစ်တဲ့ မြန်မာ့ကြောင့် ္ခရာကလည်း ဒေးနဲ့ပတ်သက်ရင် တည်ငြိမ်စ ပြုလာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မြန်မာလည်း ဘာထူးလို့လဲ။ အ
ကို သိပ်တရင်းတနှီးကြီး စကားပြောဆက်ဆံခြင်းမှ မရှိ
သာမန်ပဲ ကိုယ့်အတန်းသားတစ်ယောက်လို ခေါ်ပြော
ဟန်ပန်ထက်အပြင် မပိုခဲ့တာကို အက္ခရာ သိပါသည်။ ဒါ
လည်း အိမ့်က အက္ခရာကို အားမလိုအားမရ ဖြစ်တာ
ကိုယ့်ကို အနည်းငယ်မှတောင် ယိမ်းယိုင်ခြင်း မရှိသေး
နောက်လည်း ယိမ်းယိုင်ချင်မှ ယိမ်းယိုင်မည့် မြန်မာ့ကို သည်
မက စွဲလမ်းတွယ်တာမိလျှင် အက္ခရာပဲ ခံစားထိခိုက်ရ
သိလျက် ဖွတ်တိုးနေမည်ကိုတော့ အိမ့်က တားမြစ်လို့ရ
မြစ်ချင်နေခဲ့သည်။

ဒါပေမဲ့ အက္ခရာကတော့ မြန်မာ့ဆီက အ
တာကို မမျှော်လင့်ဘဲ မြန်မာ့ထံမှ အမူအရာ၊ စကားသံ
ရှားမှုတို့မှာပဲ ထိုင်ငေးနေခဲ့ချင်သားပင်။

* * *





"ကို ...

ဆေး (၁)ကို ပြောင်းတာ၊ အငယ်တန်းကိုပြောင်းတာ နဒီ ခုမှ သိရတယ်။ ဘာလို့ အစကတည်းက မပြောတာလဲ ဟင်။ နဒီ အဲဒီ့အတွက် စိတ်မကောင်းဘူး၊ နဒီ့ဆီကို လိုက်လာမဲ့အချိန်တွေတွက်ပြီး နဒီက ပျော်နေတာ။ ဒါပဲ နော် ကို၊ နဒီ့ဆီ ဒီအတိုင်းလာလို့ မရဘူး။ ဘွဲ့လွန်တက်ဖို့ ဆိုတဲ့ အကြောင်းနဲ့ပဲ လာရမယ်၊ နဒီက ဒီမှာ ဂရင်းကတ်ဒ် (Green card) ရသွားပြီ ကိုရဲ့။ ကို စိတ်မပူနဲ့တော့"

ဒုတိယအကြိမ် ပြန်ဖတ်စဉ်တွင် အဆုံးထိဆက်ဖတ်လို့ မရတော့ချေ။ နဒီ့ကို ချက်ချင်းပြေးတွေ့ပြီး ပခုံးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ယမ်း မေးပစ်ချင်စိတ်တွေက တရိပ်ရိပ်၊ ဒေါသတွေကလည်း တရိပ်ရိပ် တက်လာနေ၍ပင်။ ဘာလဲ နဒီက ကိုယ့်အပေါ်ထားတဲ့ အချစ်ဆိုတာကို မေ့ပစ်လိုက်ပြီလား။ ကိုယ်က နဒီ့နောက် လိုက်လာပါရစေလို့ ငမ်းငမ်းတက်ပြောမိလို့လားတွေ နှင့် ရန်တွေ့ပစ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လတစ်ခေါက် လာနေကျမှ တဖြည်းဖြည်း စာအလာကျဲသွားတာကို သူ မခံချိမခံသာဖြစ်စဉ် သုံးလလောက် စာမလာတော့ဘဲ ယခု လက်ခံရရှိသော စာသည်လည်း သူ့အတွက် ဆောင်းသတင်းတစ်ခုမှ မပါခဲ့ချေ။ အစပိုင်းတော့ သူလည်း စာ မှန်မှန် လက်မခံရရင်တောင် နဒီဆီ အမြဲ စာရေးပါသေးသည်။ အခုတော့ နဒီဆီက သံယောဇဉ် အရိပ်အငွေ့ နည်းပါးလှသော စာတွေကို ကြည့်မရဖြစ်လာတာနဲ့အမျှ သူ့ဘက်ကလည်း အရာရာကို မေ့ပစ်ဖို့ ကြိုးစားနေခဲ့ပြီ။

စာကို လွယ်အိတ်ထဲ ဖြစ်သလို ထိုးထည့်လိုက်စဉ် ပီအမ်လက်ချာသင်ရာ အခန်းရှေ့မှာ အစိမ်းရောင် အရိပ်တစ်ရိပ် တွေ့လိုက်၍ ခေါင်းမော့ကြည့်တော့ ပြုံးမြမြ နှုတ်ခမ်းများနှင့် အက္ခရာကို တွေ့ရသည်။ တစ်ခု ဝမ်းနည်းစရာကောင်းတာက သူ့မျက်နှာတစ်ခုလုံး မှုန်ကုပ်နေခြင်းကြောင့် သူနဲ့ မျက်နှာချင်း ဆုံလိုက်သော သူမ အံ့ဩထိတ်လန့်သွားတာပဲ ဖြစ်သည်။

"ဝင်လေဟာ အတန်းရှေ့ ဘာရပ်လုပ်နေတာလဲ"

အိမ့်ဆည်းလည်းက တွန်းတွန်းတိုက်တိုက် လုပ်၏။ သူမသည် သူ့ဆီ ထပ်မံမကြည့်တော့ဘဲ အိပ်မက်ထဲမှာ လမ်းလျှောက်နေသူလို ခြေလှမ်းတွေနှင့် အတန်းထဲ ဝင်လာလေသည်။ ကျွတ် … ပြဿနာပဲ၊ ငါ့ဘာသာ နဒီစာအတွက် ဒေါသဖြစ်မိပါတယ်။ သူမက သူ ဘုကြည့် ကြည့်တယ်များ ထင်သွား





ား မသိပါ။ မျက်နှာကလေး ညှိုးညှိုးငယ်ငယ် ပုံစံပြောင်းသွား ရဲ့။ သူ ရိပ်မိသလောက်တော့ အက္ခရာဟာ သူ့အပေါ်မှာ ခဲ့ခဲ့သော အကြောင်းကြောင့် စိတ်ဝင်စားနေသည်ဟု ထင်၏။ … မိန်းကလေး သိက္ခာကျပါတယ်၊ သည်လို မထင်သင့်ဘူး အသိစိတ်ကတော့ တားမြစ်နေသားပင်။

"ကဲ … လာ လာ၊ ဒီရှေ့မှာ ထိုင်ရအောင်၊ အပေါ်ဆက် တက်ပြီး ထိုင်ဖို့ မစဉ်းစားနဲ့၊ ဒီတစ်ပတ် နှစ်တန်းပေါင်း သင်တာဟ၊ ထိုင်စရာနေရာ ပြည့်နေပြီ"

ထိုင်စရာနေရာကို ခပ်ကြောင်ကြောင် ရပ်ရှာနေသော ္ခရာအား အိမ့်ဆည်းလည်းက ဆရာလုပ်၍ သူ့ရှေ့ခုံတန်းမှာ ိုင်ရင်း လှမ်းခေါ်သည်။ သူမ အစောကြီးကတည်းက သူ့ ့တန်း လွတ်နေတာ တွေ့သားပဲ။ သူ့ဆီက မျက်မှောင်ကြုတ် ထင်ရာဆွဲတွေးပြီး သူ့ရှေ့ လာမထိုင်တာ အိမ့်ဆည်းလည်း ရေချေ။

"အစိမ်းရောင် ဒီဇိုင်းဝတ်လာပြီး နားကပ်အစိမ်းရောင် မတပ်လာဘူးလား၊ ငါ မွေးနေ့လက်ဆောင် ဝယ်ပေးထားတဲ့ အစိမ်းရောင်နားကပ် မပန်တာ ကြာပြီ။ ဘယ်ရောက် သွားလို့လဲ"

ဆံပင်တိုတို့ကြောင့် ပြီးတော့ နားရွက်နောက်ထဲသို့ က် သွင်းထည့်ထားသော ဆံပင်ကြောင့် သူမ၏ နားရွက်



www.burmeseclassic.com

www.burmeseclassic.com



ဆိ မျက်လုံး ရောက်သွားမိသည်။ ဟင် ... နားပေါက်
မရှိဘဲနဲ့ ဘယ်လို နားကပ်ပန်သလဲ။ ဒါဆို သူမ မကြာ
တပ်လာတာတွေက ကပ်နားကပ်တွေပေါ့၊ အံ့ပါရဲ့၊ နားရွက်အ
ခံပြီးများ လှချင်ရတယ်လို့။

"ဟဲ့ ... မေးနေတယ်၊ နားကပ် ဘယ်ရောက်သွား

သူမသည် အင်းခနဲတစ်ချက် ညည်းညူပြီး —

"ပျောက်သွားပြီ"

ဟု အပြစ်ရှိသူတစ်ယောက်ပမာ ဖြေ၏။

"ဘယ်တုန်းက ပျောက်တာလဲ"

"သကြိန်တုန်းကပေါ့၊ မမကြီးက ဖြုတ်ကျမယ် မတ
ပြောတာ မနေနိုင်လို့ ယူတပ်သွားမိပါတယ်၊ မီးသတ်
နဲ့လည်း ထိုးလိုက်ရော လက်ထဲက ကိုင်ထားတဲ့ ဘီးတွေ
မှန်တွေရော၊ နားရွက်က နားကပ်ရော၊ မျက်နှာသုတ်
ရော လွင့်ကုန်တာပဲ၊ နားကပ်က ကျသွားမှန်းမသိလို့
တော့ မတွေ့ရဘူး၊ ကျန်တာတွေက ချက်ချင်း ကားပေါ်
ငါ့မောင်လေးတွေ ဆင်းကောက်ခိုင်းလို့ရတယ်၊ နားကပ်
ပါလာတယ်ပဲ ထင်နေတာ၊ အရှေ့ကားက ကောင်တွေ
နားကပ်တစ်ဖက်တည်းကြီးနဲ့လို့နောက်မှ ဟုတ်များ ဟ
မလားလို့လည်း စမ်းကြည့်ရော တကယ် မရှိတော့
တစ်ဖက်ပဲ ကျန်တော့ ငါ ဘယ်လိုလုပ် တပ်မလဲ"





"အဲဒီနေရာ ပြန်သွားရှာပါလား"

"နင်မှ သကြိန်မလည်ဖူးတာ ဘယ်သိမလဲ၊ ကားတန်းက
အရှည်ကြီး၊ လမ်းတွေကပိတ်၊ ဘယ်လိုမှ ဂယ်ကွေ့
ကွေ့လို့မရတဲ့ နေရာဟဲ့၊ ပြန်ပြီး ကားအောက်တွေလိုက်ရှာ
ရင် ကားတိုက်သေဖို့ပဲ ရှိတယ်"

"နေစမ်းပါဦး ဘယ်နေရာမှာ ပျောက်လို့လဲ"

"အနောက်ပိုင်းမှာပေါ့၊ ရိုမန် (Roman) ကြွေပြား မဏ္ဍပ်
နားမှာ"

အိမ့်ဆည်းလည်းသည် အက္ခရာ၏ လျှောက်လဲချက်
သိပ်ပြီး လက်ခံချင်ဟန် မရှိချေ။ ပွစိပွစိဖြင့် ဘာမှန်းမသိ
တ်၏။ အက္ခရာသည် အိမ့်ဆည်းလည်း၏ ဒေါသနှင့်ရန်တွေ့
က် သူမ၏နောက် မျက်စောင်းထိုးခုံမှာရှိသည့် သူ့ဆီ မကြာ
မျက်လုံးဖွေကြည့်နေတာ အိမ့်ဆည်းလည်း မသိသေးပေ။

သေချာပါတယ် သူမဟာ သူ့အကြောင်း တချို့
လ သိနေပုံရတယ်။ သူ့ကို အဲသည်လို အကဲခတ်တတ်တာ
သူမရဲ့ ထူးခြားချက်ပဲ။

"စိတ်မကောက်ပါနဲ့ အိမ့်ရယ်၊ နင် မရှိရင် ငါတစ်ယောက်
တည်း နေလို့မရဘူးဆိုတာ သိရဲ့သားနဲ့"

"အေး နင့်မှာ အားကိုးရသွားရင် ဒီစကားမျိုး ပြောနိုင်
သေးလားလို့ စောင့်ကြည့်ရသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"Ideal man(စံပြယောကျ်ား) တစ်ယောက်ကို ရှာလို့ ...
သေးသ၍ ဘယ်တော့မှ အားကိုးရှာလို့တွေ့မှာ မဟုတ် ...
"အကြောင်းကြောင်းစကားတွေ ဥာဏ်မမီပါဘူးဗျို့၊ နား ...
မဲ့သူကို သွားပြောပါ"

"အိမ့်ကလည်း"

အင်း ... မလွယ်ပါလား။ သည်နေ့ ဆရာက ...
သင်ဖို့ နောက်ကျနေတာနဲ့ သူမတို့နှစ်ယောက်ရဲ့ ငြင်းခုံ ...
ကြားနေရဦးမယ်။ မဆိမဆိုင် သူလည်း ရောယောင် နား ...
နေမိပြီ။ ရှင်းရှင်းပြောရရင် အက္ခရာ၏ နှုတ်ခမ်းအစုံမှ ...
စကားပြောဟန်ကို ငေးကောင်းကောင်းနှင့် ငေးချင်တာ ...
ပါသည်။ စဉ်းစားကြည့် ပြုံးရင် လှတယ်ဆိုတဲ့ မိန်းက ...
တစ်ယောက်ဟာ စကားပြောပုံကတောင် ပြုံးပြီး ပြော ...
ရတယ်။ စကားကလည်း များပါတယ်ဆိုမှ ဘယ်ယောကျ်ား ...
က ငေးမကြည့်ဘဲ နေနိုင်မလဲ။ လောင်းကြေးနဲ့တောင် ...
တယ်။ နဒီအတွက် ကြေကွဲရမှုတွေ မပျောက်သေးခင် ...
စတက်ရက်ကာလကတောင် ပထမဆုံးနေ့မှာ သူမရဲ့ ပြုံး ...
စကားပြောဟန်ကို သတိလက်လွတ် ငေးမိသေးတာပဲ။

"ဒီမှာ တွေ့လား အိမ့်၊ နင့်နားကပ်လေးတစ်ဖက် ...
မရှိတော့ပေမဲ့ နောက်တစ်ဖက်ကို အမြဲတမ်း ငါနဲ့အ ...
ထားပါတယ် ကြည့် ... ကြည့် ... အိမ့်ရဲ့၊ ကြည့်ပါ ...





သူမတို့နှစ်ယောက်ကြားမှာ ရှုပ်ထွေးနေသော နားကပ်တစ်ဖက်ဆီ ဘာရယ်မဟုတ် ကြည့်မိစဉ်တွင် သူသည် တိုက်ဆိုင်မှုများစွာကို တော်တော် အံ့သြမိတော့သည်။ သည်ကပ်နားကပ်မျိုးပေါ့၊ ဟုတ်တယ် ဒီကပ်နားကပ်မျိုးပါပဲ။ သူ့ဆီမှာ တစ်ဖက်ရှိတယ်။ ဟုတ်တယ် မီးသတ်ပိုက်နဲ့ အထိုးခံရမှာ ကြောက်လို့ ကားပေါ်ကဆင်းပြီး လမ်းလျှောက်စဉ် သူ့မျက်စိထဲ တန်းခနဲမြင်မိလို့ ကောက်ယူခဲ့မိတယ်။ သည်လိုမျိုး ကျောက်စိမ်းရောင်နဲ့ ကပ်နားကပ်တစ်ဖက် ဘာရယ်မဟုတ် ကောက်ယူပြီး အိတ်ထဲ ထည့်မိခဲ့သေးတယ်။ နောက်တော့ ခုတင်ဘေးက အံဆွဲထဲ ပြီးစလွယ် ပစ်ထည့်ထားမိတယ်။

လှတာနဲ့ လွှင့်ပစ်လိုက်ဖို့လည်း မလိုလား။ ဒါနဲ့ပဲ စားပွဲအံဆွဲထဲ အဲသည် နားကပ်တစ်ဖက် ရောက်နေတာ ကြာပြီပေါ့။ အံဆွဲဖွင့်တိုင်း အမြဲတမ်း တွေ့နေကျမို့ အိမ့်ဆီည်းလည်း လက်ထဲက ကပ်နားကပ်တစ်ဖက်ကို ချက်ချင်း မှတ်မိသွား၏။

ကျွန်တော့်ဆီမှာ ရှိတယ်လို့ပြောပြီး ပြန်ပေးလိုက်ရင် ကောင်းပါ့မလား။ ဒါဆို သူမတို့ရဲ့ စကားဝိုင်းကို သူက စိတ်ဝင်စားလို့ နားထောင်နေတာ သိသွားရင် အခက်သား။ ဘယ်လို ပြန်ပေးရမလဲ မသိပါ။ မှန်တာဝန်ခံရရင် အက္ခရာ၏ နားကပ်တစ်ဖက်ကို အင်မတန်မှ ပြန်ပေးချင်နေခဲ့သည်။ ဘာကြောင့်လို့ မှန်းတော့ မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ Ischemic Heart Disease နဲ့ သေတဲ့ Body တစ်ခု ခွဲပြမယ်တဲ့ အိမ့်ရေ ... ဟိဟိ"

"ဟယ် ... သွားစမ်းပါ အက္ခရာ၊ ငါ့ကို လာမခြောက်နဲ့နော်၊ ငါ ဒုက္ခရောက်မှာ နင် မြင်ချင်လို့လား"

အက္ခရာသည် သူ သတိထားမိသလောက်တော့ အတော့်ကို သွေးမကြောင်တတ်သော မိန်းကလေးပဲ ဖြစ်လေသည်။ လူသေအလောင်းတစ်ခုကို ကျောက်ခုံပေါ်မှာ လာချလိုက်ပြီဆိုတာနဲ့ သူမဟာ စာထဲမှာ စိတ်မဝင်စားနိုင်ဘဲ ထိုအလောင်းပေါ်မှာပဲ အာရုံတွေ စူးနစ်နေတတ်သည်။ ပြီးတော့ ဘယ်လိုစပြီး ခွဲသလဲ၊ အထဲက အင်္ဂါတွေ ဘယ်လိုထုတ်သလဲ ဦးခေါင်းခွံ ဘယ်လိုခွဲပစ်သလဲ ရင်အုပ်ပိုင်းက နံရိုးတွေကို ဘယ်လို ဖြတ်တောက်ပြီး ဆွဲလှန်ပစ်သလဲကအစ အသေးစိတ် မျက်တောင်မခတ်စတမ်း ကြည့်တတ်သေးသည်။ တခြား မိန်းကလေးတွေသာ မျက်နှာလွှဲရင်လွှဲ စုတ်တသပ်သပ် လုပ်ရင်လုပ်မည်။ သူမကတော့ တအံ့တသြ ကြည့်နေတတ်သေးသည်။

အသေးစိတ် ခွဲထုတ်ပြီး ဆရာက လာကြည့်ကြတော့ဟုဆိုလျှင် အက္ခရာသည် အိမ့်ဆည်းလည်းအား လိုက်ကြည့်ဖို့ ခေါ်သည်။ သို့သော် အိမ့်ဆည်းလည်းက မကြည့်ဘူးဟု ငြင်းဆန်ကာ ရှူဆေးကို တွင်တွင် ရှူရှိုက်နေတော့သည်။ အင်မတန် အနံ့ဆိုးရှားသော ကိုယ်ခန္ဓာထဲမှ အင်္ဂါများကို ကြည့်ဖို့ အတော် စိတ်ဝင်စားပုံရသူမှာ အက္ခရာပဲတည်း။





"လာလေ ရှေ့တိုးကြည့်မလား၊ ကျွန်တော့် အရပ်နဲ့ကွယ်နေရင် အက္ခရာ မမြင်ဘဲ နေဦးမယ်၊ ကျွန်တော့်နောက်က မရပ်နဲ့ မြင်ရမှာ မဟုတ်ဘူး"

"ကျေးဇူးပဲ Coronary Vessels occlusion (ကော်ရိုနရီ သွေးကြောပိတ်ခြင်း) ဖြစ်တာ ကြည့်ချင်လို့"

"အိမ့်ဆည်းလည်းက ကြောက်ပုံရတယ်နော်"

"အင်း ... သူက တခြားလူတစ်ယောက်က ဘယ်လိုခွဲတော့ ဘယ်လိုမြင်ရတာ ပြောရင်လဲ အန်ချင် အန်တတ်တာလေ၊ အခုတော့ ဒီနေ့ ကိုယ်တိုင်မြင်ရတော့ ပိုဆိုးတာပေါ့"

ပီအမ် (Post mortsen)သင်ရချိန်မှာ မနက်စောစော ...ရှိမှ ကိုးနာရီခွဲအထိ ဖြစ်သည်။ တစ်ပတ်ခြား နှစ်ရက်စီ ...၍ သူတို့အုပ်စုက နှစ်ရက်သာလာဖူးပြီး တစ်ခါမှ အလောင်းခွဲ ...ကြုံရသေးချေ။ ယခုအကြိမ်က ပထမဆုံးကြုံရခြင်း ဖြစ်သည်။

"ရေနစ်သေတဲ့ အလောင်းတို့၊ ဓာတ်လိုက်သေတဲ့ အလောင်းတို့၊ ကြိုးဆွဲချသေတဲ့ အလောင်းတို့၊ အဆိပ်သောက်သေတဲ့ အလောင်းတို့ဆို ပိုပြီးတောင် ကြောက်စရာကောင်းသေးတယ်၊ ရွံစရာလည်း ကောင်းတယ်၊ အဲဒါဆို အိမ့်ဆည်းလည်း ဘယ်လိုလုပ်မလဲ"

"အဲဒါ ရှင် သွားမေးပါလား၊ ကျုပ် ဘယ်သိပါ့မလဲ"

ဟာ ... နေရင်းထိုင်ရင်း စိတ်ဆိုးသွားသတဲ့။ အိမ့် ...သည်း အကြောင်း ပြောမိတာနဲ့ သူ့ကို စိတ်ဆိုးသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သဝန်တိုတာပဲလား။ သူမဘက်က ဘာတွေ ဖြစ်နေခဲ့ ပါလိမ့်။ သူသည် ထင်ရာမြင်ရာ လျှောက်တွေးရင်း သူ လည်ပင်းလိမ်၍ စကားလှည့်ပြောဖို့ မကြိုးစားတော့ဘဲ ဆ ထောက်ပြရာ သွေးကြောကို အသေအချာ လိုက်ငုံ့ကြည့်နေသ သူမ၏ ဆံပင်တိုတို လွတ်နေရာ လည်ကုပ်ကလေးအား လိုက် မိသည်။ ကျောင်းဖွင့်စက ဆံပင်ကို ပခုံးနားရောက်လှလှ အ ထားတာ တွေ့သေးရဲ့။ ဘယ်တုန်းကများ ဂျပန်ဆံတော သွားညှပ်ပစ်လိုက်တာပါလိမ့်။

အခုနောက်ပိုင်းမှသာ အက္ခရာအား သတိထား လာ၍ သူမ၏ ဆံပင် ဘယ်တုန်းက ညှပ်ပစ်သလဲ သူ မသိ မဟုတ်သေးပါဘူး၊ နဒီကြောင့် အချစ်ရေးကို စိတ်ကုန်ချင် လို့ ညည်းတွားခဲ့မိပြီးမှ ဘာဖြစ်လို့ နောက်ထပ် မိန်းမတစ်ယော ကို စိတ်ဝင်စားချင်ရတာလဲ။ ပတ်သက်ချင်ရသလဲ။ သူ အတွေးမဆုံးခင် သူမသည် နောက်ကို ခြေတစ်လှမ်း ဆုတ် လေသည်။ ကပျာကယာ သူ ရှောင်သော်လည်း မရပါ။

သူမ၏ ဟီးလ်အထူကြီးက သူ့ခြေမကို နင်း သည်။ သူက 'ဟာ'ဟု ယောင်အော်ချိန်မှာ သူမက သူ့ မိကြောင်း ချက်ချင်းသတိပြုမိ၍ ...

"ဆောရီး ... ဆောရီး မြန်မာ၊ ကိုယ် မေ့သွားလို့ ကို ယောင်ပြီးဆုတ်မိတာ၊ ရှင့်ကို နင်းမိသွားပြီ၊ လားဟင်၊ ဆောရီးပဲဟယ်"





ခပ်တိုးတိုး ပြော၏။ ဘာဖြစ်လို့လဲဆိုတော့ ဆရာ င်းပြလို့ တိတ်ဆိတ်နေတဲ့အချိန် စကားအကျယ်ကြီးပြောရင် သာနေမှာ စိုးရိမ်လို့ပဲ ဖြစ်မည်။

"ခြေမကို နင်းမိသွားတယ်"

"အရမ်း နာနေလားဟင်၊ ကိုယ့်မှာ ပရုတ်ဆီ ပါတယ် လိမ်းမလား၊ လိမ်းလိုက်ပါဟာ နည်းနည်းသက်သာသွား တာပေါ့"

"နောက်မှ လိမ်းမယ်၊ အခု ဆရာပြတာ ကြည့်လိုက်ဦး"

"ပြီးရော"

ထို့နောက် ဆရာက သွားခွင့်ပြုလိုက်၍ ကိုယ့်နေရာ ယ်ပြန်ကြကာ ပစ္စည်းတွေသိမ်းတော့ သူမက မမေ့မလျော့ပင် ကို ပရုတ်ဆီဘူးကလေး လှမ်းပေး၏။ အိမ့်ဆည်းလည်းက သေချာချာ အကဲခတ်နေတာ သတိထားမိသည်။ သူမ နုပ်အောင်ယူပြီး လိမ်းလိုက်ရသော်လည်း အမှန်က သူ မလိမ်း ပါ။ သည်လောက်ကလေးနဲ့ နာတယ်လို့ ညည်းညူလို့ မရ ဲ့ သူက ပါးစပ်ဆော့၍ ပြောမိသောကြောင့် သူမ အလိုကျ ဖြစ်လို့ ယူလိမ်းလိုက်ပါလိမ့်။

မိန်းကလေးတစ်ယောက် အငြိုအငြင်မခံရဖို့ လိုက် ာမိတယ်ဆိုတာကိုက သူ့ဘက် မှားယွင်းမှုပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ အမျိုးသမီး အလောင်းရဲ့ ဟာ့ဒ် (Hea
အပြင် မြန်မာရဲ့ Heartကိုပါ မြင်ခဲ့ပြီလား၊ ပရုတ်ဆီ
လိမ်းရ၊ ဂရုစိုက်ရနဲ့ နေစမ်းပါဦး၊ သူက ဘာဖြစ်သွား
ခြေမကို ပရုတ်ဆီ လိမ်းရသလဲ၊ ယောကျ်ားဖြစ်ပြီး န
နည်းလေးမှ အောင့်မခံဘူး"

ထင်တဲ့အတိုင်းပါပဲ။ အိမ့်ရဲ့အတွေးကို တွေးကြ
ရင် ပြောကြည့်တာထက်တောင် မှန်တယ်ဆိုရမည်။ ရေခဲတို
ထဲက ထွက်ထွက်ချင်း မေးမြန်းတော့တာပဲ ဖြစ်သည်။ အ
သည် ရယ်ကျဲကျဲလုပ်၍ ...

"ငါ ဒေါက်မြင့်ဖိနပ်နဲ့ သူ့ခြေမကို နင်းမိသွားလို့ပါ
ကိုယ့်တာဝန် မကင်းတဲ့ လူနာတစ်ယောက်ကို ပစ်ထား
မသင့်တာ ဆရာဝန်တစ်ယောက်စိတ်နဲ့ တွေးပေးစမ်း"

ပြောတော့ အိမ့်သည် ခပ်စွဲစွဲပြန်မေးလေသ

"ဘာလဲ အသည်းကွဲ လူနာကြီးလား"





"ခြေမကို အက်ဆီးဒင့်တလီး (Accidently)အနင်းခံရတဲ့ ငါ့ရဲ့ လူနာကလေးပါ အိမ့်ရယ်၊ သနားပါတယ်၊ သူ့ခမျာ ချစ်သူနဲ့ ကွဲနေရတော့ ဘယ်လောက် ဝမ်းနည်းနေလိုက်မလဲ၊ ကိုယ်ချင်းစာစမ်းပါ ကလေးမရယ်"

"နင်တော့ မလွယ်ဘူး၊ ငါက မြန်မာ့ကို နင် စိတ်မဝင်စားစေချင်လို့ မဟုတ်ဘူးနော်၊ ဒါပေမဲ့ နင် ထိခိုက်ရမှာ စိုးရိမ်တယ်၊ မပြောနိုင်ဘူး၊ နင်နဲ့ အဆင်ပြေပြီးမှ သူ့ကောင်မလေး ပြန်လာရင် ပြန်ဆက်သွယ်ရင် သူက ဘယ်သူ့ဘက်ပါမလဲ၊ နင် စဉ်းစားကြည့်နိုင်သလား၊ သူ့စိတ်ကို ဘယ်သူကမှ အကဲမခတ်နိုင်သေးတာ၊ နင့်ကိုတော့ ဒေးနဲ့ မြန်မာကို ယှဉ်ရွေးရင် မြန်မာ့ကို ပိုရွေးစေချင်တာပေါ့၊ ဒေးက နင့်ထက် တစ်နှစ် ငယ်တယ်၊ ပြီးတော့ ရှစ်ရှစ်ကလေး၊ နင်ပဲ လိုက်ထိန်းရမှာ၊ နင့်ကို အရမ်းအနိုင်ကျင့်မှာ၊ နင် စိတ်ညစ်ရလိမ့်မယ်၊ မြန်မာကတော့ ကိုယ့်အတန်းထဲချင်းလည်း ဖြစ်တယ်၊ ကိုယ့်ထက်လည်း တစ်နှစ်ကြီးတယ်၊ အရာရာကို လေးလေးနက်နက် ပုံစံလည်း ရှိတယ် ဆိုတာ ငါတင်မက နင်လည်း ရိပ်မိမှာပါ၊ သူက နင့်ဘက်ကို လုံးလုံးလျားလျားပါရင် ကောင်းတာပေါ့၊ ဟိုဘက်ကိုလည်း မပြတ်မသားဖြစ်နေရင် နင်ပဲ စိတ်ဆင်းရဲရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ့်ရေ နင်တော့ အံ့သြမလား မသိဘူး၊ ငါက အ
ဒေးကို တော်တော်လေး မေ့နေတတ်ပြီး တွေ့မှသ
သြော် ... ငါ့ရဲ့ တီကောင်ကလေးပါလားလို့ သတိရ
တယ်၊ ငါတို့က တစ်ကျောင်းတည်းပေမဲ့ သိပ်မှ မ
ဖြစ်ကြတာနော်၊ ဒေးက အပြင်မှာ ကောင်မလေးရှိ
ထင်ပါရဲ့၊ ကျောင်းမှာ သိပ်မတွေ့ရတော့ဘူး၊ ဟိုးအရင်
သူ့လောက် ကျောင်းမှန်ပြီး သူ့လောက် အတန်း
ကင်န်တင်းထိုင်တဲ့ကောင် မရှိဘူး၊ ခုတော့ ကျောင်း
လုံးဝကို မတွေ့ရဘူး၊ ငါ ဒေးကို မေ့ရခြင်းအ
အကြောင်းရင်းက အဲဒါတော့ မဟုတ်ပါဘူး၊ အရင်က
က ခဏ ခဏ မတွေ့ရရင်တောင် အမြဲ သတိရနေ
တယ်၊ ဒါပေမဲ့ အခုတော့ မေ့နေတတ်ပြီ"

"မြန်မာကြောင့်လား"

"ဟုတ်တယ်လို့ အခုတော့ ငါ ဝန်ခံရဲသွားပြီ၊
နှစ်နှစ်တိတိ စိတ်ထဲမှာ ကျိတ်ချစ်နေမိပြီ၊ သူ့ကိုတွေ့
တစ်လမပြည့်ခင် ဘာဖြစ်လို့ ပြောင်းလဲသွားသလဲ
ငါ မသိဘူး အိမ့်ရယ်၊ အဲဒီလောက် မစဉ်းစားတတ်
ငါ အခုတော့ ဒေးကို လုံးဝမေ့သွားခါနီးပြီ၊ ငါ့ရဲ့ အ
တိုင်းကို မြန်မာကပဲ နေရာယူထားပြီ"

"အေး မြန်မာကလည်း နင့်ကို သူ့အရင် ကောင်မလေး
ပိုလို့ ချစ်ခြင်းနဲ့ ချစ်နိုင်ပါစေလို့ ဆုတောင်းရမှာ





အက္ခရာသည် အိမ့်၏ အဆုံးသတ် စကားတစ်ခွန်းအတွက် အတော်လေး ကြေကွဲလှသည်။ တကယ်ပါ၊ ဖြစ်ချင်းဖြစ် ကိုယ့်ကိုသာ အရင်ဆုံး ချစ်မိတဲ့ လူတစ်ယောက်နဲ့သာ ဆုံစည်းလိုခဲ့တာပါ။ ဒါပေမဲ့ အက္ခရာဆိုသော မိန်းမတစ်ယောက်ဘဝမှာ ဒီဆန္ဒက မပြည့်ဝစေရဘူး ထင်ပါရဲ့။ အမြဲလိုလို နောက်လူဖြစ်နေရတယ်။ ဒေးနဲ့တုန်းကလည်း အက္ခရာဟာ နောက်လူဖြစ်ဖို့ သချာခဲ့သလို မြန်မာနဲ့ကျပြန်တော့လည်း အက္ခရာဟာ တကယ့်ကို နောက်ကျခဲ့သူ ဖြစ်နေခဲ့ပြီ။

အိုး ... အက္ခရာဟာ တော်တော်ရှုံးသွပ်တဲ့ မိန်းမပါပဲလား။ ကိုယ့်ကို ချစ်သည် မချစ်သည် မှန်တာပြောရရင် ချစ်ဖို့က ပိုများသော ယောကျ်ားတစ်ယောက်ကို မျှော်လင့်ခြင်းနဲ့ စတင်နေရသတဲ့။ ကြိုတင်ပြီး အနာဂတ်တစ်ခုကို မှန်းဆကြေကွဲရသတဲ့။ စိတ်ပျက်စရာပင် ကောင်းသေးတော့။

"ငါ့ဘဝဟာ အစစအရာရာ နောက်ကျနေသလိုပဲ အိမ့်ရယ်၊ မျိုးကျော့မြိုင်ရဲ့ မမီလိုက်ဘူးဆိုတဲ့ သီချင်းလိုပေါ့၊ အိပ်ရာထလည်း နောက်ကျ၊ အလုပ်သွားလည်း နောက်ကျ၊ ထမင်းစားလည်း နောက်ကျ၊ ရည်းစားထားလည်း နောက်ကျ၊ ဖြစ်နေပြီ"

"သြော်... သြော် ဒီလောက် စိတ်ညစ်ရတာတောင် သီချင်းဆိုနိုင်သေးတယ်နော်၊ ဝါသနာကလည်း ကြီးပါ့"



www.burmeseclassic.com

www.burmeseclassic.com



အကွ္ခရာသည် သူမ၏ ကြေကွဲမှုကို ဖုံးအုပ်သ
အနေနှင့် လွှတ်လွှတ်လပ်လပ် ရယ်မောပစ်လိုက်ဖို့ ခွန်အား
ဆော့ ရှိနေသေးသည်။ ဒီခွန်အားတွေက ဘယ်အချိန်ထိ ဟန်ဆေ
နိုင်မဲ့ ခွန်အားတွေလည်း မသိချေ။ အခုထိတော့ တောင့်ခံထား
ဆဲပေါ့။

ထိုနေ့က အကွ္ခရာသည် မြန်မာ့အတွက် မြန်မာ
ထပ်မံ၍ တိတ်တခိုး ချစ်ရသူဖြစ်ပြန်တော့ သူမအတွက် စိတ်
တွေ ရှုပ်ထွေးရသလောက် ပြီးတော့ သူမ နင်းမိသော မြ
ခြေမကလေးအတွက် မြန်မာ့ကို သနားရသလောက် မြန်မာသ
ယခုတော့ အရင်က လိမ္မာပါတယ် ချီးကျူးမိတာ မှားတော
မှားတယ်ဟု ရေရွတ်ရအောင် အတော့်ကို ဆိုးစပြုနေပြီ။ ဘာ
လို့လဲ သိလား၊ အတန်း စတက်ချင်း မွန်းလွဲ ဆယ့်နှစ်
လေးဆယ်၊ တနင်္လာနေ့တိုင်း ပထမဆုံး အချိန်ဟာ ပီအက်စ်
(P.S.Mကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ) ဘာသာရဲ့ ရှေ
ကျူတိုရီယာယ်ချိန် ဖြစ်သည်။ သို့သော် ဒီတစ်ပတ်မှာ
နောက်ဆုံး အချိန်ကို ရွှေ့လိုက်ကြောင်း ဆရာမ ကြေညာ
စာသင်ဖို့ Transparencyတွေ ကောက်ကိုင်စဉ် မြန်မာတို့ အ
တွေ နောက်ပေါက်က ထွက်ပြေးပြီး အတန်းလစ်လာကြတာ
ဖြစ်သည်။

အကွ္ခရာတောင် အမြင်ကတ်ပြီး လည်ပင်း
ကြည့်မိသေး။ အိမ့်က 'ဟမ်း'လို့ ငေါက်ငမ်းလို့သာ။ နောက်



Foren sic(မှုခင်းဆေးပညာ) အချိန်ဖြစ်သော ဒုတိယတစ်ချိန်မှာ လာမတက်ပြန်။ အဲဒီအချိန် မရောက်ခင်တုန်းက အကွ္ခရာတို့ ကင်န်တင်းကို ခဏသွားခဲ့သည်။ သူနဲ့ကောင်လေးတချို့(ထိုကောင်ကလေးတွေထဲမှာ အဆောင်နေသော ကောင်ကလေးလည်း ပါသည်။) လမ်းမတော် ဆေးကျောင်းဆောင်ဘက် လမ်းကူးသွားကြတာကို မြင်ဖြစ်အောင် မြင်လိုက်၏။ သူတို့ ဘာသွားလုပ်ကြသလဲ အကွ္ခရာ မသိဘဲ နေပ. ..ပ်ား။ ဆေးကျောင်းသူ ရင့်မကြီးပါ။ ဆေးကျောင်းသားတွေ ဘာလုပ်ကြသလဲ အချင်းချင်းတွေ မသိဘဲနေရင် ခက်မယ်။

"အိမ့်ရေ မြန်မာတို့ အတန်းမတက်တာ ဘာသွားလုပ်သလဲဆိုတာ ငါသိတယ်၊ ပြောပြရမလား"

"ဖောရင်းဆစ် (Forensi..) မတက်ရင် ဒုက္ခရောက်မှာ မပူဘဲ မတက်တာ နင်က ဘာလို့ ဂရုစိုက်နေရသလဲ"

အိမ့်၏ ဆူနေခြင်းကို အကွ္ခရာက ဂရုမစိုက်ချေ။ ဘယ်သူမှ မကြားအောင် ...

"သူတို့ အဆောင်ဘက် ကူးသွားကြတယ်၊ ဖဲသွားရိုက်တာ ငါသိတယ်၊ သူတွဲတဲ့ကောင်တွေ အကုန်လုံး ဖဲရိုက်မှန်း အတဲ့ မိန်းကလေးကလွဲရင် ကျန်တဲ့ မိန်းကလေးတွေ အကုန်သိတယ်၊ မြန်မာလည်း တော်တော် အကျင့်ပျက်ချင်နေပြီ၊ ရောက်စက မှိုင်တိုင်တိုင်နဲ့ အခုတော့ သူ့လောက်ကဲတာ မရှိတော့ဘူး"

www.burmeseclassic.com



ဟု မြန်မာ့အတင်းကို ချရသည်။ Q.Gအချိန်လည်း မတက်ချေ။ နောက်ဆုံးအချိန်ကျမှ ကျူတိုရီယာယ်ဖြေဖို့ တစ်ချို့ လုံး ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးဝင်လာကြလေရဲ့။

အက္ခရာက တော်ထော်လေး အမြင်ကတ်တာ လှည့်မကြည့်ခဲ့ချေ။ ဟင်း ... မုန်းစရာလေး။ နေပါစေဟု ... ရိုးရှိထုံ့ကို နောက် ဘယ်တော့မှ မထိုးပေးတော့ဘူး။ သူ့ဘာ... ပါမောက္ခနဲ့ခေါ်ပြီး ရှင်းရ ရှင်းရ။ သို့သော် ကျောင်းဆင်းချိန် တော့ ကျောင်းဝင်းထိပ်မှာ ရပ်နေသော အက္ခရာအား ကားပေါ်... လက်ပြနှုတ်ဆက်သွားသော မြန်မာ့ ဟန်ပန်ကလေးကို မြင်လိုက် လျှင် အက္ခရာသည် ခုနက ကြိမ်းဝါးထားသမျှအား အလိုလို မေ့လျော့သွားတော့သည်။

* * *





## ၃

ပီအက်စ်အမ် ပို့စတင်ပြီးတော့ အက္ခရာတို့ အုပ်စုသည် Child(ကလေးဆေးပညာ) ပို့စတင်ဝင်ရ၏။ ထိုပို့စတင်အတွက် ကလေးဆေးရုံ သွားရတာ အကြောင်းမဟုတ်။ မြန်မာ့နဲ့ ဝဒ် (ward) ကွဲသွားတာတော့ အက္ခရာအတွက် အနည်းငယ် စိတ်ညစ်ဖို့ပဲ၊ အရင်ကတော့ တစ်မနက်လုံး တွေ့ခွင့်ရပြီး ညနေပိုင်း ကျောင်းတက်ချိန်တွေမှာ တွေ့တဲ့အချိန်တွေ့ပြီး မတွေ့ချင်လည်း မတွေ့တတ်တာမို့ ယခုတော့ မနက်ပိုင်းရော၊ ညနေပိုင်းမှာပါ မြန်မာ့ကို တွေ့ခွင့်နည်းပါးခဲ့ပြီ။ မနက်ပိုင်းတွင် ရှားရှားပါးပါး တွေ့ခွင့်ရချိန်ကလေးတစ်ခုတော့ ရှိပါရဲ့။ Combined lecture တက်ရတဲ့ အချိန်ကလေးပဲ ဖြစ်သည်။ ဗိုပြီးဆိုးတာက အိမ်နဲ့ ကွဲသွားတာပဲ ဖြစ်သည်။

"နင်နဲ့ မခွဲနိုင်ပါဘူးဆိုမှ ဘာလို့ ကွဲသွားရတာလဲ မသိ ဘူး အိမ့်ရယ် စိတ်ညစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ မြန်မာနဲ့ ဝဒ်မတူလို့ ပိုပြီး စိတ်ညစ်တာရော မဖြစ်နိုင်ဘူးလား၊ ရောမချပါနဲ့ ကလေးမကလေးရယ်"

"အိမ့်နော် လိုက်မစနဲ့၊ အတန်းလစ်ပြီး လက်ဖက်ရည်ဆိုင် ထိုင်၊ အဆောင်မှာ ဖဲသွားရိုက်တဲ့ကောင်ကို မလွှမ်းပါဘူး ရည်းစားနဲ့ကွဲလို့ စိတ်ဖြေစရာ နည်းလမ်းက ဒီတစ်နည်း ရှိသလား မရှိဘူး၊ ငါ တော်တော် ဆူချင်နေပြီ၊ တစ်ရေး ဆူမိလိမ့်မယ် ထင်တယ်"

"ငါ သိရသလောက် မြန်မာ့က သိပ် မရိုက်ပါဘူး၊ လိုင် ကြည့်တာပါတဲ့၊ ငါ မသိမသာ မေးကြည့်ပြီးပြီ"

"အလကား ညာပြောကြတာ၊ ဘေးက ထိုင်ကြည့်ပြီး ဘာမှမလုပ်ရင် ဖီလင်အောက်ပါတယ်၊ ဘေးကနေ ပိုက်ဆံ ထိုးတာရော မဖြစ်နိုင်ဘူးလား၊ ဟင်း ... ဖဲကို မရိုက်ချင် လို့သာ မရိုက်တယ် အကုန်လုံး နားလည်တယ်၊ တတ်တယ် ဘာလုပ်မယ်ဆိုတာလဲ သိတယ်၊ ငါ့အိမ်မှာ ဖေဖေတို့အရာရှိ အသိုက်အဝန်းတွေရဲ့ ယဉ်ကျေးမှုအရ အပျော်ကစားကြတာ သိပ်မြင်ဖူးတာပေါ့၊ အေးလေ ... မြန်မာက ဆေးကျောင်း သားဘဝမို့ အပျော်ကစားရင် အကြောင်းမဟုတ်ပါဘူး အဲဒီ အလုပ်ကြီးကို စိတ်မပါသွားဖို့တော့ ထိန်းသင့်တယ်"

အဲသည်လိုသာ အတင်းအုပ်နေချိန် မြန်မာဟာ အက္ခရာရဲ့ မြင်ကွင်းရှေ့ ရောက်မလာမိစေနဲ့။ ရောက်လာတဲ့အခါ





ကိုင်း မဆီမဆိုင် ချက်စောင်းထိုးပစ်သည်။ သူ ရယ်ပြုံ့နှုတ်ဆက် လည်း မသိချင်ယောင်ဆောင်၍ ခပ်တည်တည် ကြည့်ပစ်သည်။ နှုတ်ထိုးဖို့ လာခိုင်းလည်း ကြည်ကြည်ဖြူဖြူ ပုံစံမပြဘဲ မျက်နှာ ကို အစွမ်းကုန် တင်းထားပစ်သည်။ အက္ခရာ၏ တိုက်စစ်များ ကို မြန်မာသည် တအံ့တသြဖြင့် စူးစမ်းတော့ စူးစမ်းတတ်သား င်။ ဒါပေမဲ့ မေးတော့ မမေးရဲသေးပေ။ အိမ့်ကိုတော့ ဟိုတစ်နေ့ က မေးတယ်ဆိုပဲ။

"အက္ခရာ ခုတလော ဘာဖြစ်နေသလဲ၊ ကျွန်တော့်ကိုလည်း မခေါ်ချင်သလိုဘဲ၊ အိမ့်ဆည်းလည်းနဲ့ရော အဆင်ပြေရဲ့ လား"

တဲ့လေ။ သူ မေးစရာလား။ ငါ့ဘာသာ ဘာဖြစ်ဖြစ် လို့ ရွဲ့ပုံပစ်ပေမဲ့ တကယ့်တကယ် ဝန်ခံရရင် ကြည်နူးချင်သားပင်။

အက္ခရာဟာ ဘယ်လောက် ဆိုးသွမ်းတဲ့ မိန်းကလေး သည်းဆိုတာ။ မြန်မာ့ လုပ်ပုံကိုင်ပုံတွေ မကြည်လင်တာနဲ့ မြန်မာ့ ကို ဒဏ်ခတ်ပစ်တာပဲပေါ့။ ကင်န်တင်းမှာ လူကျပ်ချိန်ဆို ခုံရှာ ရတဲ့ဒုက္ခကို ဆေးကျောင်းသားတိုင်း စိတ်ညစ်ကြသည်။ အဲသည့် အချိန်မှာ အက္ခရာတို့ လေးယောက်က စားပွဲဝိုင်းတစ်ဝိုင်း ခေါ်းခုံရထားချိန်။ အဲသည့်ခုံပေါ် စာအုပ်တွေ စုတင်ထားပေမဲ့ လာယူတဲ့လူရှိရင် ပေးမလို့ပါပဲ။ လာယူတဲ့လူက မြန်မာ ဖြစ်နေ သာအခါ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီခုံ အားလား အကွရာ"

ဟု မြန်မာက မေးတော့ ကျန်တဲ့ သုံးယော
ပါးစပ်တွေမဟခင် အကွရာသည် အလျင်အမြန်ပင် ...

"မအားဘူး လူရှိတယ်၊ နောက်မှ ရောက်လာမှာမို့ ဦးထား
တာ"

လို့ ညာပစ်သတဲ့။ မြန်မာက ယုံသွား၍ လှည့်ထွ
သွားပြီးတဲ့အခါ ကျန်တဲ့ အမျိုးသမီးသုံးယောက်တို့က အကွ
ကို 'ဟဲ့'ဟု ကျိတ်မာန်ကြခြင်းကို လက်ခံရ၏။ အကွရာ
မြန်မာ့အပေါ် ပတ်သက်မှုကို အိမ့်ကလွဲလျှင် မွေးမွေးနဲ့ ပုန်းညှ
မသိရှာတာမို့ အကွရာ တ့မင် ညစ်တယ်ပဲ ထင်ကြမည်။ အိ
ကတော့ အကွရာ ဘာလို့ မြန်မာ့ကို နှိပ်စက်လိုက်သလဲဆို
အပြင်းအထန် စဉ်းစားနေတော့သည်။

"သူ့ကို ဒဏ်ခတ်တာပေါ့၊ ကောင်းတယ်၊ ခုံလိုက်ရှာရ
ခြေထောက်ညောင်းတာက နည်းသေး၊ ဖဲရိုက်လို့ ညော
တာက ပိုညောင်းတာ မသိဘူး ထင်ပါရဲ့"

ဟူ၍လည်း မြန်မာ့ကို ခုံရှိရဲ့သားနဲ့ မအား
ပြောလိုက်ရခြင်းကို ကျေနပ်တာတော့ အကွရာ ဆိုးတာပဲ
နော်။

ဒါပေမဲ့ တစ်ခုတော့ ထူးဆန်းတာရှိသည်။ မြန်
သည် အိမ့်ကို တွေ့လိုက်ရင် အကွရာ ပါမယ်ဆိုတာ အတ





သိသူဖြစ်၍ အိမ့်ကို အရင်မြင်လိုက်တာနဲ့ နောက် ဘက်ကပါလာ
သည့် အကွရာကို စောင့်ကြည့်နေတတ်တာ မကြာခဏ ကြုံလာ
ရသည်။ ကင်န်တင်းလာချိန်၊ စာသင်ခန်းထဲ ဝင်ချိန်တွေ မျိုးမှာ
သိသာသည်။ အကွရာကိုတွေ့ဖို့ မျှော်လင့်လာတတ်ပြီဟု အကွရာ
က တစ်ဖက်သတ် ယူဆပစ်သည်။

တစ်နေ့ကတောင် အကွရာ ဆီးထုပ်ဝယ်နေစဉ်
မြန်မာက အကွရာဘေး လာရပ်၍ ...

"ထရစ်ပယ်ဖိုက် တစ်ဘူးပေးပါ"

လို့ ကံဆိုးစွာမှာမိလျက်သား ဖြစ်နေသည်။ ကံဆိုး
တယ်လို့ ဘာကြောင့်ပြောသလဲဆိုတော့ အကွရာသည် ပါးစပ်ကို
အင်းတင်း စေ့ထားသည့်ကြားမှ ...

"စီးကရက်ကလည်း ဘူးလိုက်ဆောင်ပြီး သောက်တယ်
နော်၊ တော်တော်ကြိုက်သလား တစ်နေ့ နှစ်လိပ် သုံးလိပ်ဆို
တော်ရောပေါ့"

ဟူ၍ လွှတ်ခနဲပြောမိသေးရဲ့။ အဲဒီတုန်းက စိတ်ညစ်
ပါတယ်။ ဒီပါးစပ်ဟာ ပိတ်ရိုက်ပစ်ဖို့ ကောင်းတယ်ဟု ကိုယ့်
ကိုယ်ကိုယ် ကျိန်ဆဲမိသေးရဲ့။

"စီးကရက်ပဲ သောက်တာပါ ဆေးမချုပါဘူး"

ဟု ရယ်ကျဲကျဲဖြေသော မြန်မာကတော့ အင်မတန်
ရိုးစင်းစွာဖြေခြင်း ဖြစ်သည်။ ဘာဖြစ်လို့လဲဆိုရင် သူ့စိတ်က



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာဟာ ဆရာဝန်မှ မဖြစ်သေးဘူး၊ ဆရာလုပ်ချင်၊ ကျန်းမာရေး ဩဝါဒပေးချင်သည် ဟူသောပုံစံဖြင့် ရယ်ကျဲကျဲ လုပ်ခြင်းဖြစ်ကြောင်း အက္ခရာ နားလည်လိုက်၍ပင်။

အိမ့်ကို ပြန်ပြောတော့တောင် အိမ့်က တဟမ်းဟမ်းနဲ့ တားမြစ်သေးသည်။

"စိတ်ချပါ အိမ့်ရယ် မြန်မာဟာ အကယ်၍ ငါ့ကို ချစ်လာတယ်ဆိုရင်တောင် ငါ့ဘက်က အထာပေးလို့စလာတဲ့ ချစ်ခြင်းမျိုးနဲ့ မဖြစ်စေရပါဘူး၊ ငါလည်း မဖြစ်ချင်ပါဘူး နှင့် သူငယ်ချင်းမလေးကို စိတ်ချထားလိုက်ပါ"

ထိုအခါ အိမ့်က အက္ခရာကို နားလည်စွာ ထောက်ခံပါသည်။

အက္ခရာ ကိုယ်တိုင်ကတောင် အတန်းမှန်မှန် မတက်သော ကျောင်းသူတစ်ယောက် ဖြစ်သော်လည်း အက္ခရာနဲ့ အိမ့်က ဘယ်မှလျှောက်သွားတာမှ မဟုတ်တာ။ ကင်န်တင်းမှာ ထိုင်ရင်ထိုင်၊ ဒါမှမဟုတ် မင်းမနိုင် တိုက်တန်းတွေဘက်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်ထိုင်၊ ဗိုလ်ချုပ်ဈေး သွားရင်သွား လောက်ပဲ ဝါသနာပါကြသည်။ သို့သော် အက္ခရာနီးပါး အတန်းလစ်သော မြန်မာကိုတော့ အဆောင်ဘက်သွားမှာ အင်မတန် မလိုလားပါ။ အင်း ... ပြောရရင် အရင်ကလို အဆွေးသမားဘဝကပဲ ခပ်ကောင်းကောင်းရယ်။ သူ့ဘာသာ ကားထဲထိုင်ပြီး သီချင်းနဲ့





ွးရင်ဆွေး၊ အတန်းထဲက စားပွဲပေါ် မှောက်အိပ်ပြီး ငိုင်ရင်ငိုင် ါ။ အက္ခရာရဲ့ မြင်ကွင်းထဲမှာ မြင်ခွင့်ရနေတဲ့အချိန်။

ကဲ ... ကြည့်စမ်း။ အခုတော့ ဘယ်လောက်ပြောင်းလဲ ားလိုက်သလဲဆိုတာ အရယ်အပြုံးက သူ့စရိုက်အရ သိပ်မများ မဲ့ သူ့ရဲ့ အဆွေးဇာတ်လမ်းထဲက လွတ်မြောက်စပြုပြီ။ ာင်မလေးကို မေ့လို့ရစပြုပြီဆိုတဲ့ သွင်ပြင်ကတော့ အမြဲတစေ ရိပ်ကြည့်နေသော အက္ခရာက ရိပ်မိခဲ့ပြီ။

"ဒါပေမဲ့ သူ့ရင်ထဲမှာ ရှိရင်ရှိနေမှာပဲ၊ အဲဒါဆို ဘယ့်နှယ် လုပ်မလဲ ကိုယ်က သိနိုင်တာမှ မဟုတ်တာ"

ဆိုတဲ့ ခပ်ကြောင်ကြောင် စာကြောင်းကလေးတွေ ာ့ မြန်မာ့အကြောင်း စဉ်းစားနေရင်း အမိပ္ပာယ်မဲ့စွာ ဗလာ အုပ်ထဲ ချရေးတတ်တဲ့ အက္ခရာပဲ ဖြစ်သည်။

ဒါဟာ အတော့်ကိုမှန်ကန်ခဲ့သော အက္ခရာ၏ တွေးပဲဖြစ်ခဲ့ကြောင်း သိပ်မကြာခင်ရက်များအတွင်း သိခွင့်ရ ည်။ ဘာကြောင့်လဲဆိုတော့ မြန်မာရော အက္ခရာပါ အတန်းထဲ ခွင့်ရသောအချိန်၊ မြန်မာတို့ ထိုင်ခုံတန်း၏အရှေ့မှာ အက္ခရာတို့ ိုင်ရသောအချိန်မှာ မြန်မာ့ သူငယ်ချင်းတစ်ယောက်က Right e waiting ဆိုတဲ့ သီချင်းကို ညည်းခဲ့သည်။

"လွမ်းပါတယ်ဆိုမှကွာ မင်းသီချင်းကလည်း နောက်တစ်ခု ပြောင်းဆိုလို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော သူ့ဆီမှ တိုးလျှလျှစကားသံကို အ...
ကြားခဲ့ရသည်။ သူ့သူငယ်ချင်းက အလိုက်တသိ သီချင်းပြောင်း...
ပေးခဲ့ပါသည်။ ထိုသီချင်းသည် Ghost ကားထဲက Unchan...
Melody ဖြစ်နေပြန်လျှင် ...

"အဆွေးသီချင်းထဲကကို မလွတ်တော့ဘူး"

ထပ်မံ ညည်းညူပြန်ပါသည်။ I need your lo...
ဟူသော စာကြောင်းကလေးကို လိုက်ဆိုရင်း၊ (I need your to...
ဟူသော စာကြောင်းကလေးကို လိုက်ညည်းရင်း) သူ့အသံ...
မွမွကြေနေတော့သည်။

"ငိုတော့ မငိုလိုက်ပါနဲ့ကွာ"

သူ့သူငယ်ချင်းက ခပ်တိုးတိုးနောက်၏။ အိမ့်သ...
အက္ခရာနည်းတူ ထိုအသံတွေကြား၍ 'မျက်ရည်ပင်လယ်...
မျောတော့မယ် သတိထား' လို့တောင် အက္ခရာအား ခံတ...
ဗလာစာအုပ် တစ်ခုမှာရေးပြရင်း အတင်းအုပ်သေးသည်။

ထိုနေ့က အက္ခရာလည်း အင်မတန် ငြိမ်သက်...
မိသည်။ သူဟာ သူ့ချစ်သူကလေးလောက် ဘယ်သူ့ကိုမှ...
ချစ်မှာ မဟုတ်တော့ဘူး။ ငါကသာ ကိုယ်လိုရာဆွဲတွေး...
ရှုံးသွပ်နေရတာ ငါ့ကို သူငယ်ချင်းလိုပဲ ခင်နေတာ။ ငါထင်...
အတိုင်း သူ့ရင်ထဲမှာ ကောင်မ...ကြ ရှိနေသေးတယ်။ ဘယ်...
မှ မပြောင်းလဲစွာ တည်တံ့နေတော့မှာပဲ။ ဘယ်လောက် ချစ်...





လိုက်တဲ့ ကောင်ကလေးလဲ။ အက္ခရာသည် အဲဒီနေ့တစ်နေ့လုံး မြန်မာ့ကို မကြည့်တော့ဘူး ငါပဲ ပိုပြီးခံစားရလိမ့်မယ်၊ ဘာဖြစ်လို့ ကြည့်ရမှာလဲဟု ဆုံးဖြတ်ကာ မြန်မာ့ကို လုံးဝမကြည့်ခဲ့ပါ။ ကင်န်တင်းသွားရင်တောင် သူတို့အုပ်စုရှိသလားလို့ အရင်ကြည့်ထားပြီး ရှိနေရင် ထိုအုပ်စုဘက်ကို ကျောခိုင်း ထိုင်ပစ်လိုက်သည်။

ဒါပေမဲ့ အက္ခရာဟာ ကိုယ့်ကိုယ်ကိုယ် ညာ၍မရသော မိန်းမဖြစ်သည်။ ရောဂါဗေဒ ကျူတိုရီယာယ်ချိန်မှာ ဆရာမ ရိုးလ်ကောလ် (Roll Call) ခေါ်တော့ မြန်မာ မရောက်သေးကြောင်း သိရ၍ သူ တော်တော် လွမ်းနေရှာတာပဲဟု စိတ်မကောင်း ဖြစ်မိခဲ့သည်။ သီရေတာ အပေါက်ဝကလေးမှာ သူ့ ပုံရိပ်ကလေး တစ်ခန် ဝင်လာတာတွေ့မှ စိတ်အေးသွားရသတဲ့။ သူ့ရဲ့ ခုံနံပါတ်ကို ဆရာမဆီ လှမ်းပြောသံကြားရမှ ကျေနပ်သွားသတဲ့။

ကဲ ... ဘယ်လောက် ကိုယ့်ဒုက္ခကိုယ်ရှာတဲ့ အမျိုးသမီးကလေးလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်မြူးကြွသော ဟန်ပန်အပြည့် ရှိသည် ကောင်ကလေးက သာ့ဒ်အမ်ဘီ ကျောင်းသားကလေးသာဆိုတယ် တကယ့်ကို ဆယ်တန်း ကျောင်းသားလေးပုံစံနဲ့ မခြား အုံ့သော်နဲ့ ခင်မင်ရင်းနှီး၍ သူတို့ထိုင်နေရာဝိုင်းမှာ ဝင်ထိုင်ရ ချက်ချင်း တစ်ဖွဲ့လုံးနှင့် ခင်မင်သွားအောင် ဖော်ရွေသည့် ကော ကလေးလည်း ဖြစ်သည်။ ကောင်ကလေးသည် ကင်န်တင်းအ ဘက်သို့ တစ်ချက် လှည့်ကြည့်ပြီးနောက် ...

"မမ လာပြီ၊ ဟဲ ... ဟဲ့ ကျွန်တော့် မမ သေးသေး လာနေပြီ၊ မမက ဒီနှစ် ပိုလှလာသလိုပဲ ကြည့်ရတာ သိ မျက်စိပသာဒ ဖြစ်တယ်"

ဟု အုံ့သော်ဘက် ပြန်လှည့်ပြောသည်။ ဘယ် ပါလိမ့်။ ဒီကောင်လေးရဲ့ မမ။ အိမ့်ဆည်းလည်းထံမှ တစ်စုံတ ငုံ့အပြောအား သဘောတကျ ရယ်လိုက်သော အက္ခရာကို တွေ့ သည်။ ဒါဆို ဒီကောင်လေးရဲ့ မမဟာ အိမ့်ဆည်းလည် အက္ခရာ နှစ်ယောက်ထဲကပဲပေါ့။





အက္ခရာသည် သူတို့စားပွဲဝိုင်းဆီ တစ်ချက်ကြည့်ပြီး ချက်မှောင် အနည်းငယ်တွန့်ကာ သူတို့အား ကျောခိုင်းသော ခုံတစ်လုံးတွင် ထိုင်လိုက်လေသည်။ ဟိုကောင်ကလေးက ဘယ်သူ့ ကို မမ ခေါ်တာလဲ။ သူနဲ့ မသက်ဆိုင်ပေမဲ့ သိချင်နေသားပင်။

"မမက အခုနှစ် စတွေ့ကတည်းက စိမ်းကားနေတယ်၊ တစ်ခုခုကို စိတ်ညစ်နေသလိုပဲ ကိုအုံ့သော် သိလား၊ မမ မှာ ရည်းစားရှိနေပြီလား ကြည့်ရတာ ရည်းစားပူမိနေတဲ့ ပုံစံမျိုးနဲ့ဗျ"

"အက္ခရာလား တစ်သက်ရည်းစားထားမှာ မဟုတ်ဘူး၊ အပျိုကြီးတောင် ဖြစ်ရင်ဖြစ်နိုင်တယ်၊ အေး ... ဒါပေမဲ့ မင်းရဲ့ကြိုးစားမှုကြောင့် ရည်းစားထားဖြစ်သွားရင်လည်း ထားဖြစ်သွားမှာပေါ့"

"ဘာလဲ ကျွန်တော်နဲ့လား"

"ဝေးသေး မင်းကိုကြောက်လို့ သူ့နားမှာရှိမဲ့ တစ်ယောက် ယောက်ကို မြန်မြန် ရည်းစားတော်လိုက်မှာကို ပြောတာ ကွ"

"ဟာဗျာ ကိုအုံ့သော်ကလည်း"

ဒေးဆိုတဲ့ ကောင်ကလေးက မဆိုးပါဘူး၊ အက္ခရာကို သဘောကျနေတာတဲ့။ အက္ခရာက ဘာလို့ ပြန်မကြိုက်တာလဲ။ အက္ခရာ စက္ကင်းအမ်ဘီ ကျောင်းသူဘဝကတည်းကလို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



ကြားရသည်။ ဟိုကောင်လေး ပြောလည်းပြောစရာ။ အက္ခရာ ကြည့်ရတာ အခုတလော သိပ်ရွှင်ရွှင်ပျပျ မရှိလှဘူး။ စတွေ့ခါစနဲ့ တော်တော်လေး ခြားနားနေခဲ့ပြီ။ ဘာတွေများ စိတ်ညစ်စရာ ရှိနေပါလိမ့်။ သူ့ကို အရင်ကလောက် ရယ်ပြုံ့တတ်ဆက် ဒါမှမဟုတ် ရှာဖွေတတ်တဲ့ အမူအကျင့်ကလေးတွေတောင် လျော့ပါးနေခဲ့ပြီ။ သူ့ကို မမြင်ချင်ယောင် ဆောင်သွားတာလည်း ကြုံဖူးသည်။ ဘာဖြစ်နေတာပါလိမ့်။

အချစ်ရေးကြောင့် စိတ်ညစ်နေရတယ် ဆိုရင်တော့ ကိုယ်ချင်းစာပါတယ် အက္ခရာဟု အက္ခရာ၏ ဆံပင်ကလေး မကြာခဏ သပ်တင်၍ စကားပြောဟန်အား ငေးကြည့်ရင်း အသံတိတ် ပြောမိသည်။

"မင်း မမအက္ခရာ ရည်းစားပူ မိမိတော့ မသိဘူး လောလောလတ်လတ်တော့ မင်းဘေးမှာထိုင်နေတဲ့ မြန်မာ ကတော့ ရည်းစားနဲ့ကွဲလို့ လွမ်းနေတဲ့လူပဲ မမြင်ဖူးရင် ကြည့်ထား နေ့တိုင်းလွမ်းနေတဲ့ ဝေဒနာရှင်ကြီးပေါ့"

"ဟုတ်လား၊ အစ်ကို့ ကောင်မလေးက ဘယ်ရောက်သွား လို့လဲ ကျွန်တော်က မလွမ်းဖူးလို့ လွမ်းကြည့်ချင်နေတယ် ထားသမျှ ရည်းစားတွေကလည်း သိပ်ပြီးချစ်လှတာ မဟုတ် လို့ ကွဲလည်း မဆွေးမိပါဘူးဗျာ၊ ပြီးသွားတဲ့ ဓာတ်လမ်း တစ်ပုဒ်လိုပဲ"





အင်း ... ဒါကြောင့် မင်းကို အက္ခရာက ပြန်မကြိုက် တာပဲဖြစ်မယ်ဟု စိတ်ထဲကပြန်ပြောရင်း အံ့သော် ပြောပြသမျှ သူ့အကြောင်းတွေကို စိတ်ဝင်စားစွာ နားထောင်နေသည့် ဒေးအား အက္ခရာနဲ့ မတန်ပါဘူး။ အက္ခရာသာ ပြန်ကြိုက်မိရင် စိတ်ညစ် မှာပဲ။

အခုရော ဘာတွေ စိတ်ညစ်နေလို့လဲဆိုသော သိချင် စိတ်က ပျောက်မသွားပါ။ မကြာခဏ အက္ခရာဆီ လှမ်းကြည့်ရင်း ညှပ်ရှားမှုများအား အကဲခတ်ချင်သည်။

ဟိုးတစ်နေ့ကလည်း ပီအက်စ်အမ် ကျူတိုရီယာယ် ကို အသည်းအသန် ရေးနေကြချိန်မှာ စားပွဲပေါ် လက်တံတောင် ထောက်၍ လက်ဖဝါးထဲ မေးစေ့ထည့်ရင်း ငေးနေသော သူမအား တွေ့တောင် အံ့သြသွားရသည်။ အချိန် နည်းနည်းလေးအတွင်း မေးခွန်းကူးရ၊ အဖြေကိုရှာရ၊ ကူးရေးရနဲ့ တော်တော်ပင်ပန်းနေ သော သည်ကျူတိုရီယာယ်မှာ သူမက ရေးဖြေရမည့် စာရွက်တွင် တစ်ကြောင်းရေးလိုက် ငေးလိုက်နဲ့ အိမ့်ဆည်းလည်း၏ 'ဟဲ့ ... ဘူးရေးလေ ဘာငိုင်နေတာလဲ' ဟု မာန်မဲသံ ကြားရသေးသည်။ အရင်ကဆို သူရော ဖြေရဲ့လားဆိုသောပုံစံဖြင့် လှည့်ကြည့်တာ တွေ့ရစမြဲ။ အခုတလောမှာ သူ့ကို သိမ်လှည့်မကြည့်တော့ချေ။ တစ်ခုခုကို စိတ်ဓာတ်ကျနေတာတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမက ချစ်စရာကောင်းတယ်ဗျာ၊ လှတယ်လို့ ပြော မရဘူး၊ တကယ့်ကို ချစ်စရာကောင်းတာ ကလေးလေး ဘယ်တော့မှ လူကြီးရုပ် မပေါက်တော့ဘူး၊ ဆရာဝန်ဖြစ် ဘယ်လိုနေမလဲ မသိဘူး"

"ဟော့ကောင် သူများမပြောနဲ့၊ မင်းလည်း ဆရာဝန်ပုံပေါ် မဲ့ကောင် မဟုတ်ပါဘူး၊ ဆရာဝန်ဖြစ်ရင် မင်းဝတ်ချင် ဂျင်းပင်န်တွေ တီရှပ်တွေ ဝတ်ခွင့်နည်းသွားမယ်၊ ဝေါ် ရှူးစီးခွင့် နည်းသွားမယ်၊ လူကြီးလူကောင်းဆန် အောင်းဘီပုံစံနဲ့ ရှပ်နဲ့ လည်သာရှူးနဲ့ ဝတ်ကို ဝတ် ပုဆိုးနဲ့ရှပ် မဝတ်ချင်ရင်ပေါ့ကွာ"

"အခုလည်း ဘာထူးလို့လဲ အစ်ကို အံ့သော်ရာ၊ ပါ အမိန့်ထုတ်ထားလို့ တီရှပ်နဲ့ဂျင်းပင်န် မဝတ်ရ တစ်ခါတလေ ခိုးဝတ်နေရတယ်၊ ဝတ်လည်း မမြင်အောင် ပတ်ပြေးနေရတယ်ဗျ၊ ကျွန်တော်က မရဘူးဗျာ ဒါမျိုးဝတ်တာကို Used to ဖြစ်နေပြီ"

အခုလည်း ဒေးသည် ရှပ်အင်္ကျီနဲ့ဂျင်းပင်န် ဝတ် ထားသည်။ မိန်းမကလေးကျလောက်တဲ့ ရုပ်ရည်မရှိဘူး ဆိုလို့ ရနိုင်သော်လည်း ဒေးမှာ ဆွဲဆောင်မှုတစ်မျိုး ပါဝင်နေ မင်း ပြန်မကြိုက်တာ မှန်တယ် အက္ခရာရေ ဒီကောင်က စိတ်ဝင်စားစရာကောင်းလို့ သဘောတကျ လိုက်ငေးတဲ့ ပုံစံ





မင်းအပေါ် နှစ်နှစ်ကာကာ မရှိလှဘူး။ အက္ခရာကို ခင်မင်မိသည်မို့ မှန်တာပြောရရင် သူ့လိုမျိုး အချစ်တစ်ခုကို တန်ဖိုးထားတတ်တဲ့ လူမျိုးနဲ့သာ ဆုံစည်းစေချင်သည်။

"မမ၊ မမ ရက်စက်ထားသမျှ အရှုံးပေး ခံယူနိုင်အောင် ခွန်အားတွေ မွေးထားပါမယ်"

အက္ခရာနှင့် အိမ့်ဆည်းလည်းတို့ စားပွဲမှထတော့ ဒေးက အော်ကျယ်အော်ကျယ်ဖြင့် အက္ခရာဆီ စူးစိုက်ကြည့်လျက် အော်ပြော၏။ အက္ခရာက တစ်စက်လေးမှ လှည့်မကြည့်ချေ။ အင်မတန်လိမ္မာပြီး ဣန္ဒြေရတဲ့ မိန်းကလေးပဲဟု သည်တစ်ခါတော့ ချီးကျူးချင်သွားသည်။

"ဟား ... ဟား မမက လှည့်တောင်မကြည့်ဘူး၊ ရေလည် ဖီလင်တက်နေတယ်ဗျ၊ ကိုအံ့သော် စုံစမ်းပေးစမ်းဗျာ၊ မမ ဘယ်သူနဲ့ငြိနေလို့ ဖီလင်တက်နေတာလဲလို့၊ ကျွန်တော် သိချင်လွန်းလို့ပါ၊ ကျွန်တော့်ကိုတောင် ပြန်မကြည့်ဘဲ တခြားတစ်ယောက်ကို ကြည့်တယ်ဆိုတော့ အဲဒီပုဂ္ဂိုလ် ကျွန်တော့်ထက်သာလို့ပဲ ဖြစ်ရမယ်"

"အံ့သော် Forensic အချိန်ကွ သွားတက်မလား"

စကား ဖြတ်ပြောလိုက်၍ ဒေးက သူ့ကို လှည့်ကြည့် သည်။ ဒေး၏ ပခုံးစွန်းကိုပုတ်ရင်း ထရပ်လိုက်၏။ အကယ်၍ ဒေးကသာ အက္ခရာကို အမှန်တကယ်ချစ်တဲ့သူ ဖြစ်မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူကတောင် ဝင်ကူညီပေးလိုက်မိမည်။ အခုတော့ ပေါ့ပေါ့တန်တန် ရှိလှသော ဒေးအား သိပ်အကြိုက် မတွေ့မိချေ။ အုံ့သော်က အဘန်းတက်ဖို့ ထလိုက်လာသည်။ ဒေးကတော့ အတန်းမတက်ချင်သော တခြားကောင်တွေနဲ့ လေကန်ဖို့ ကျန်ခဲ့လေရဲ့။

အတန်း၏နောက်ပေါက်မှ ဝင်သောအခါ စာအုပ်ကို ရှေ့မှာဖွင့်ရင်း မေးထောက်ကာ အပြင်ဘက်ကို ပြတင်းပေါက်မှ တစ်ဆင့် ငေးနေသည့် အက္ခရာအား တွေ့ရ၏။ အရင်ကလို လှသံကြား၍ လှည့်ကြည့် စပ်စုခြင်းလည်း မရှိ။ သူမမှာ ဘာတွေ သည်လောက်တောင် တွေးစရာ၊ ငေးစရာ ရှိနေတာပါလိမ့်။ ရိုးလ်ရိုတ့် သူ့ဆီရောက်လာတော့ သူ့ခုံနံပါတ်နေရာမှာ လက်မှတ် ထိုးပြီးလျက်သား ဖြစ်နေတာတွေ့ရ၏။ သည်လိုတော့လည်း သူမ တာဝန်ကျေသေးသားပဲ။

သူ ရောက်နေသလား၊ မရောက်နေသလား အနောက် ကိုလည်း လှည့်မကြည့်။ အတန်းတက်သလား၊ မတက်သလား လည်း မမေး။ သို့သော် သူ့ခုံနံပါတ် နေရာမှာတော့ သူမသည် တာဝန်ကျေစွာ လက်မှတ် ထိုးပေးထားမြဲဖြစ်တာ ကြုံရပေါင်းလည်း များခဲ့ပြီ။

＊＊＊

"မြန်မာက ကလေး သိပ်ချစ်တာပဲနော်"

အိမ့်သည် အတော်ကြာကြာ ငြိမ်နေပြီးမှ တိုးဖွဖွလေး ...ရွတ်လိုက်သော အက္ခရာ၏စကားကို အထူးအဆန်းဖြစ်ဟန် ...၏။ ကျောင်းရှေ့က ခုံတန်းကလေးတွေမှာ စထိုင်ကတည်းကိုက ...ဘာတွေတွေးပြီး ငြိမ်နေမှန်းမသိသော အက္ခရာ၏ ငြိမ်သက်မှု ...သည်း မနှောင့်ယှက်လို။ အက္ခရာ၏ ရင်တွင်းခံစားချက်ဟူသမျှ ...လည်း သိပြီးသူဖြစ်၍ အက္ခရာ တိတ်ဆိတ်သည်ကို အပြစ် ...တင်လို။ ထို့ကြောင့် အလိုက်တသိ ငြိမ်ပေးခဲ့ရပေါင်းများသူမှာ ...ခိုဆည်းလည်းပဲတည့်။

"နင်က ဘာစိတ်ကူးပေါက်ပြီး ပြောပြန်တာလဲ"

"မနက်က ထမင်းစားချိန်မှာလေ၊ ကင်န်တင်းထဲက အသုပ်ဆိုင်က အဒေါ်ကြီးရဲ့ ကလေးလေး ငါတို့ထိုင်တဲ့ စားပွဲဝိုင်းနဲ့ မြန်မာတို့ထိုင်တဲ့ စားပွဲဝိုင်းကြားမှာ ချော်လဲတာ နင်တွေ့လား အိမ့်"

www.burmeseclassic.com

www.burmeseclassic.com



အိမ့်ဆည်းလည်းသည် အသေးစိတ် ပြောပြနေ

အက္ခရာအား အနည်းငယ် ခပ်ချဉ်ချဉ်ဖြစ်လာ၍ 'တွေ့သားပ

စိတ်မပါစွာ ညည်းတွားလိုက်သည်။ ဒါကို အက္ခရာက သတိ

မိချေ။ တစ်စုံတစ်ယောက်ထံမှာ သူမ၏ စိတ်ဝိညာဉ်ကို ပို့

ထားခဲ့သူပဲ ဖြစ်နေသလား။ ဒါမှမဟုတ် တစ်ခုခုကပဲ သူမ၏စိ

လွှမ်းမိုးထားသလား မသိချေ။ ခါတိုင်းတော့ အိမ့်၏ စကားဟု

ကို အမြဲတစေ အထအနကောက်တတ်သော အက္ခရာက

တစ်ခါ အထအနကောက်ဖို့ သတိမရတော့ချေ။

"အဲဒီ ကလေးလေး ချော့လဲတာ ဖြည်းဖြည်း

သိပ်လည်းမနာပါဘူး၊ ကလေးဆိုတော့ အမေက လှမ်

တာမြင်တာနဲ့ တမင်အသံထွက်ငိုပြတယ်၊ အဲဒါကို

သိတယ်၊ ငါလည်း သိတယ်၊ အဲဒီ ကလေးလေးရဲ့

လည်း သိတယ်၊ ဒါကြောင့် သူ့အမေက လာမထူ

ကလေးကလည်း သူ့ဘာသာပြန်ထပြီး နေရာမှာ ရ

ပါ၊ ဒါကို မြန်မာက မနေနိုင်ဘူး သိလား၊ လက်သွ

သိပ်မဝေးတဲ့ သူ့အမေဆီ လိုက်ပို့ပေးလေရဲ့"

"ပီအက်စ်အမ် ပို့စတင်တုန်းကတည်းက နင် သိဖို့

တယ်၊ မြန်မာ ကလေးချစ်တတ်တာကို အခုမှ သိ

ဟုတ်လား၊ ညံ့သေးတာပဲ"

"ဟင့်အင်း မဟုတ်ပါဘူး၊ ငါ တော်တော်လေး

ပါပြီ၊ ငါ တွေ့သလောက် သူက ကလေး သိပ်ချ





ကလေးသူငယ် စောင့်ရှောက်ရေးဂေဟာ ရောက်တုန်းကလည်း ငါက သူ့ကို လိုက်ကြည့်နေတာ သူဘာလုပ်သလဲ အကုန်တွေ့တယ်၊ ကလေးလေးတွေကို တစ်ယောက်ချင်း သေသေချာချာ ပါးကလေးကိုင်ရ လက်ကလေးကိုင်ရနဲ့ ကလေးတွေနားက မခွာဘူး၊ သူက Any Baby ပါပဲ ဘယ်ကလေးမဆို ချစ်တာ ချောမှလှမှရယ် မဟုတ်ဘူး ဆိုတာ သိသာတယ်၊ မေရီချက်(ပ)မင်းကျောင်းက ကလေးတွေလည်း သူ ချစ်တာပဲ၊ သူ့မှာ ကလေးတွေဘာလုပ်လုပ် သူသဘောကျနေတာဟ၊ နင်သိတဲ့အတိုင်း မေရီချက်(ပ)မင်းက ကလေးတွေဟာ ချို့တဲ့နေတဲ့ ကလေးတွေပိပိ ငါ့သဘော ပြောရရင် တစ်စုံတစ်ခု ချို့တဲ့နေတဲ့လူတွေဟာ တစ်မျိုးကြီးမို့ ကြည့်မကောင်းပါဘူး၊ ဒါပေမဲ့ အံ့သြစရာကြီး မြန်မာက ချစ်တယ် သိပ်စိတ်ဝင်စားတယ်ဟ"

"ဟင်း ... မိန်းကလေး နင်ကတော့ လက်ဖျားနဲ့တောင် မတို့ဘူး မဟုတ်လား"

"ဟုတ်တယ် ... ဒါပေမဲ့ ငါ ကလေးမချစ်လို့ မဟုတ်ဘူး၊ ကလေးတွေကို စိတ်ထဲကပဲ ချစ်ရင်ချစ်မယ် အမူအရာနဲ့ တစ်ခါမှ မပြဖူးဘူး၊ နောက်ပြီး ငါက အတွေးဆန်တယ်ပဲ ပြောရမလား မသိဘူး၊ ကိုယ်နဲ့ပတ်သက်တဲ့ ကလေးလောက်ပဲ စိတ်ဝင်စားတယ်"

"အင်မတန် တရားမျှတတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာသည် 'အိမ့်နော်' ဟု စိတ်ဆိုးမာန်ဆဲ ဆော်လိုက်တော့ အိမ့်က ရယ်လိုက်လေသည်။ ထိုအခိုက်အတ ကလေးမှာ မှန်တာပြောရရင် မြန်မာ့အကြောင်း ပြောနေ စိတ်ချမ်းသာသားနော်။ အက္ခရာရဲ့အဖြစ်က ဘယ်လို ပြောရ တစ်ဖက်သတ် ဇာတ်လမ်းကလေးတစ်ခု ဖြစ်နေပြီ။ မြန်မာကလည်း လွမ်းလို့ကောင်းနေဆဲ။ အက္ခရာရဲ့ မြန်မာ့အပေါ် တိမ်းညွတ်နစ်သ ကလည်း အင်အားကြီးမားဆဲ။ အစောပိုင်း ကာလကလေး တုန်းကတော့ မြန်မာဟာ သူ့ရဲ့ ချစ်သူကလေးကို မမေ့သေး လွမ်းနေသေးတယ်။ ငါ့မှာသာ အရှုံးဖြစ်ရတယ်။ သူ့ကို တွယ် မိတယ်။ ကြည့်စမ်း ဘယ်လောက် ဝမ်းနည်းစရာ ကောင်းသ တွေနှင့် စိတ်ဓာတ်ကျ၊ စိတ်ညစ်ညူး မှိုင်တွေနေရသလော အခုတော့ အို ... သူ့ဘာသာ လွမ်းချင်သလောက်လွမ်း တမ်းတချင်သလောက် တမ်းတစမ်း၊ ငါ့ဘာသာ သူ့အကြော တွေးနေ ပြောနေရတာ ဘယ်လောက် စိတ်ချမ်းသာသ ပြောင်းလဲတွေးခေါ်ကာ အက္ခရာဟာ ချစ်သူကို ကိုယ်က ချစ်နေ ကျေနပ်သော မိန်းမတစ်ယောက်ဘဝကို ကျေကျေနပ်နပ် ခံယူ သူလည်း ဖြစ်သည်။

"အက္ခရာရယ် နင့်ကို ငါ အရမ်းသနားတာပဲ"

"အံမယ် ... အလကားနေရင်း အခိပ္ပာယ် မရှိလို ကွယ်"





"မြန်မာ့အကြောင်း ပြောရလို့ အူမြူးမနေနဲ့ မိန်းကလေး၊ ငါက နင့်ကို တကယ်ပြောနေတာ၊ မြန်မာက တခြား တစ်ယောက်ကို လွမ်းနေချိန်မှာ နင်ကလည်း နေ့စဉ်နဲ့အမျှ မြန်မာ ဘာလုပ်တယ် ဘာပြောတယ်ကအစ တသသ ရောဂါတက်လာတော့ နင့်အဖြစ်က မလွယ်ဘူး၊ တီကောင် ကလေးကိုတော့ နင်က နာစရာတွေရှာကြံတွေးပြီး မေ့ပစ်ချင် မေ့ပစ်လို့ရတယ်၊ မြန်မာ့ကိုကျတော့ နင်က သနားရင်း ချစ်နေရတဲ့ အဖြစ်မျိုးဆိုတော့ ဘယ်နည်းနဲ့မှ နင်က သူ့ကို မေ့လို့ရမှာ မဟုတ်ဘူး၊ အခုအတိုင်းသာ ရှေ့ဆက်တိုး ရင် နင် ဒီ့ထက်မက ခံစားရမှာစိုးရိမ်တယ်၊ ပညာရေးလည်း ထိခိုက်မှာ စိုးရိမ်တယ်၊ သိပ်ပြီးတော့ မျှော်လင့်ချက် မထားနဲ့ပေါ့ဟာ၊ ငါက နင့်ကိုချစ်လို့ နင့်အတွက် တွေးပေး တာ"

အက္ခရာသည် လေသံပျော့ကလေးဖြင့် 'အေးပါ ယ်' ဟု အိမ့်၏ သတိပေးစကားကို နာခံလိုက်ပါသည်။ သို့သော် အက္ခရာဆိုသော အမျိုးသမီးကလေးသည် အိမ့် ထင်သလို န်မာ့ထံမှ ထပ်မံပေါက်ဖွားလာနိုင်မည့် ချစ်ခြင်းတစ်ခုကို အမှန် ကယ် ပြောရရင်တော့ အတ္တကြီးသော မိန်းမပီပီ မျှော်လင့်ချင် ားပင်။ ထိုချစ်ခြင်းသည်လည်း အက္ခရာအတွက် ပေါက်ဖွားသော ခြင်း ဖြစ်စေချင်သားပင်။ သို့သော် အိမ့်က သည်လိုပြောပြန်တော့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ’လို့ ထောက်ခံဖို့လည်း ဝန်မလေးတတ်ခဲ့
အချစ်ဆိုတာကလည်း အံ့သြစရာကြီးနော်။ ဟိုးအရင်နှစ်တွေ
တုန်းက ဒေး ဘာလုပ်လုပ် ခွင့်လွှတ်ပြီး ချစ်နေလိုက်ရတာ
ဒါက သူ့စရိုက်ပဲ၊ သူ့အကျင့်ပဲ စိတ်ထဲကပါလို့မှ မဟုတ်တာတွေ
ခွင့်လွှတ်နိုင်လိုက်ရတာ။

အင်း ... အခုကျတော့ ဒေးရဲ့ ဆောင့်ကြွားကြွား
ကိုပဲ ကြည့်မရတော့သလိုလို အက္ခရာကို လိုက်ကြည့်ရင်ပဲ သူ့
နံပါတ်စဉ်စာရင်းထဲမှာ ငါမှက်ဆိုးပြီး ပါနေရလေခြင်းလို့ ခံပြင်း
လိုက်ရသလိုလို။ မြန်မာနဲ့ဒေး မတော်တဆ ဆေးကျောင်းသား
အချင်းချင်း မျက်မှန်းတန်း သိကျွမ်းမှုကြောင့် တစ်ခါတလေ
စကားလက်ဆုံကျတာ မြင်ရင်ပဲ သူမကို လိုက်ဖူးကြောင်းပြောကြ
စိုးရိမ်မိသလိုလို။

“ဟော ... ဟိုမှာ မြန်မာ လာနေပြီ၊ အိမ့် သူ့အကြောင်း
မပြောနဲ့တော့နော်”

“အေးပါ ... ငါမြင်ပါတယ်”

မြန်မာသည် အင်မတန်တေသော လူကလေး
ဖြစ်သည်။ သူ ချောင်းတွေ သိပ်ဆိုးနေတာ တော်တော်ကြာပြီ
အက္ခရာ ရိပ်မိပေမဲ့ စီးကရက် သောက်တာလည်းမလျှော့၊ အ
သောက်တာလည်း မလျှော့၊ ဆေးလည်း သေသေချာချာ သော
မရချေ။ Vicks ဆိုတဲ့ ပူရှိန်းဆေးပြားလေးတွေ ငုံတာလော





တွေ့ရသည်။ အဲဒါနဲ့ ချောင်းဆိုးပျောက်တယ်လို့ ဘယ်သူပြောသလဲ
အခိပ္ပာယ်မရှိတာ။ ကိုယ်တိုင်လည်း နောက်ဆုံးနှစ် အပိုင်း(က)အထိ
ဆေးကျောင်း တက်လာပြီးပြီ။ ချောင်းဆိုးပျောက်ဆေးလောက်
ဆော့ သောက်တတ်မှာပါဟု အက္ခရာက ကျိတ်၍ အပြစ်တင်
ရသည်။

ထိုကဲ့သို့ အပြစ်တင်၊ အိမ့်ကိုပဲ တိုင်တည်၊ သူ
ချောင်းဆိုးတာမြင်ရင် အက္ခရာမှာ အမြဲဆောင်ထားတတ်တဲ့
ဆေးမျိုးစုံထဲက တစ်မျိုးလောက်ဖြစ်ဖြစ် ပေးသောက်ချင်။ အဲသည်
လို ဗျာများရခြင်း မကြာမြင့်လိုက်ပါ။ မိုးတွေ အင်မတန်သည်းခဲ့သော
သာကြာနေ့ ကျောင်းတက်ရက်တွင် သူ မိုးမိ၍ဖျားခဲ့ပုံရသည်။
ဘာဖြစ်လို့လဲဆိုတော့ တနင်္လာနေ့မှာ ကျောင်းကို ခဏတစ်ဖြုတ်
သာပြီး သူငယ်ချင်းတွေကို တစ်စုံတစ်ခုမှာသွားကာ အိမ်ပြန်သွားတာ
အက္ခရာ မြင်လိုက်ပါသည်။ အင်္ဂါနေ့ရဲ့ ကျောင်းတက်ချိန်မှာ
သူဟာ တစ်ချိန်နှစ်ချိန်လောက်ပဲ စာလိုက်နားထောင်နိုင်ပြီး အတန်း
ရဲ့ နောက်ဆုံးခုံတန်းတွေမှာ လှဲအိပ်နေတာ တွေ့ရသည်။

မှတ်မိသေးရဲ့။ အက္ခရာက စိတ်မချစွာ အိမ့်ကိုကျော်
ပြီး သူများတွေမမြင်အောင် ခဏခဏ ခိုးကြည့်ရတာပေါ့။ ဆရာ
တွေ စာသင်တာတောင် နားမထောင်နိုင်ခဲ့ဘူး။

“အဟမ်း ... အဟမ်း အက္ခရာ အုံးလွဲနေတယ် ထင်တယ်
ခေါင်းက တစ်ဖက်တည်းပဲ လှည့်လို့ရတယ်”



www.burmeseclassic.com

www.burmeseclassic.com



လို့တောင် အိမ့်က နောက်သေးလို့ မွှေးမွှေးနဲ့ပုန်းည ကြားမှာ စိုးရိမ်ရသေး။ ပြောရရင် မွှေးမွှေးနဲ့ ပုန်းညက်ကို အ လောက်မှ မယုံကြည်တာ။ သူတို့နှစ်ယောက်က အိမ့်နဲ့အကွ ပုံစံတွေဂကိုလည်း ကဲ့ရဲ့ချင်တဲ့ဟန်ပန်တွေ ရှိပုံရလို့ပဲ။

"သူက နေလည်းအရမ်းမကောင်းဘူး အိမ့်ရဲ့၊ အနွေးထ လည်း ဝတ်မလာဘူး အင်မတန်တေတာပဲ၊ ရှပ်အင်္ကျီလ ရှည်နဲ့ ချိုင်းပြတ်ဆွယ်တာလောက် ဝတ်လာရင် တော် တယ်၊ နေမကောင်းလည်း အိမ်မှာ အိပ်နေပါလား၊ ဒီ ကျောင်းမတက်ရင်လည်း ရရဲ့သားနဲ့၊ သူ့အဖေကလ သားအငယ်ဆုံးလေး တစ်ယောက်တည်း သူ့ဘက်လိုက် အတူတူ နေခဲ့သေးတာတောင် ဂရုမစိုက်ဘူးနော် ဆရာ ရော ပြရဲ့လားမသိဘူး၊ ငါတို့ ကျောင်းကလူတွေ အမှာ လုပ်သလို ကိုယ့်ဘာသာဆေးတွေ သောက်ကြည့်နေသ မသိဘူး၊ ဘာပဲဖြစ်ဖြစ် ဆရာဝန်က ပိုသိတယ်ဆိုတာ နားလည်ရဲ့သားနဲ့"

ဟု အကွ္ခရာသည် အိမ့်ကို ထိုနေ့တစ်နေ့လုံး ဒုက္ခ ပေးခဲ့လေသည်။

"မသိဘူးဟော ... မသိဘူး၊ သိပ်စိတ်ပူနေရင် ကိုယ် သွားမေးတော့ ငါ့ကို လာမမေးနဲ့"





လို့တောင် အိမ့် အော်ငေါက် ပစ်လိုက်တာသာကြည့်။ အကွ္ခရာ ဘယ်လောက် စိတ်ပူခဲ့ရသလဲဆိုတာ။ နောက်နေ့တွေ ာလည်း သူ ဆက်တိုက်နေမကောင်းဖြစ်ခဲ့မှန်း အကွ္ခရာက အမြဲ သိုက်ကြည့်ရသူဖြစ်၍ သိနေခဲ့ရပါသည်။ သို့ပေမဲ့ ဘယ်လောက် ဆာင် သနားစရာကောင်းတဲ့ အကွ္ခရာလဲ။ ကိုယ့်ချစ်သူအဖြစ် ကိုယ့်ဘက်ကသာ ကျေကျေနပ်နပ် လက်ခံ သတ်မှတ်ထားခဲ့ သူမို့ ပိုင်ပိုင်နိုင်နိုင် ပြောပိုင်ခွင့်၊ ပြုစုပေးပိုင်ခွင့်၊ အကြင်နာတွေ ဆးပိုင်ခွင့် မရှိခဲ့သူပဲ ဖြစ်သည်။

ဒီအတိုင်းသာ လက်ပိုက်ကြည့်၊ ညတွေမှာ အိပ်မရ ဖြစ်လောက်အောင် သူ့အကြောင်းတွေတွေး ရင်ထဲမှာ သိပ်တင်းကျပ် သာရင် အိမ့်ကို ဖွင့်ဟချင်ဟ၊ ဒါမှမဟုတ် ဒိုင်ယာရီမဟုတ်သော ာတိုကလေးတွေ တွေ့ရာစာရွက် အလွတ်ထဲမှာ ချရေးချင်ရေး ရေးရင် ဘာလုပ်သလဲ။ ဘယ်သူမှမသိတဲ့ အဖြစ်တစ်ခု ပြောပြ ဦးမယ်။ နိုးပြီး သူ့အတွက် ယတြာချေပေးတာပေါ့။ မြန်မာက ကြာသပတေးသားပဲဟု ကိုယ့်ဘာသာ တစ်ထစ်ချကို မှတ်ယူပြီး ဘုရားမှာ ရေသွားလှူပေးရ၊ ဆီမီးပူဇော်ပေးရ၊ ပန်းလှူပေးရနဲ့ မြန်မာ့နာမည်နဲ့ အလှူငွေ လက်ခံရရှိကြောင်း ဖြတ်ပိုင်းကလေး ဆာင် အကွ္ခရာမှာ ရှိနေသေး။ ဗေဒင်မေးပြီးချေတဲ့ ယတြာမဟုတ် ဲ့ ယတြာတွေပေါ့နော်။ အဲဒါ အကွ္ခရာရဲ့ စိတ်ကူးကလေးတွေပဲ။ အိမ့်တောင် မသိသေးဘူး။ မမကြီးလည်း မသိစေရဘူး။ လိုင်ဇာ်ရ



www.burmeseclassic.com

www.burmeseclassic.com



ကြီးလို့ ကိုယ်ဘာသာ မေမေ စိတ်မချမှုန်းသိလျက် ကားခိုးမောင်းပြီး ဘုရားမှာ သွားဆုတောင်းပေးခဲ့တာပဲ။

"ဟယ် ... မိုးဖွဲဖွဲကျနေတယ်၊ မြန်မာက သူ့ကား ရှိလျက် သားနဲ့ ကားမယူဘဲ ဘာဖြစ်လို့ ဒီအတိုင်း ကျောင်းအပြင် ထွက်ရသလဲ မသိဘူး"

အက္ခရာတို့နှစ်ယောက် ကြည့်နေစဉ်အတွင်း အဆော မြန်မာသည် သူငယ်ချင်းတချို့နဲ့ စကားရပ်ပြောနေသေးသည်။ ပြီးတော့ ကျောင်းအပြင်ဘက် ဒီအတိုင်း ခပ်သွက်သွက်ထွက် သွားတာ တွေ့လိုက်ရတော့ အက္ခရာသည် မအောင့်နိုင်တော့ ပါးစပ်မှ ပြောမိသွားပြန်တော့သည်။

"သူ တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဟိုကောင်တွေ မိုးရွာထဲ လမ်းလျှောက်သွားတာပဲဟာ"

"ဟဲ့ ... မတူဘူးလေ၊ သူက ဒီနေ့မှ နည်းနည်းနေကောင်း သွားပုံရတယ် မျက်နှာလေးပါ လန်းလာတယ် တွေ့လား ဒါပေမဲ့ ချောင်းတွေ အရမ်းဆိုးနေသေးတယ် မျက်နှာတွေ ချောင်းကျနေတယ်၊ ဒီလောက်မတောသင့်ဘူး ကိုယ့်ကိုယ်ကို အကြမ်းပတမ်း မနေသင့်ဘူး"

"ကဲ ... ကဲ အမိလေး ထီးပေးချင်ရင် ငါ ပြန်ခေါ်ပေး ပေးမလား၊ ဒါမှမဟုတ် မြန်မာရေ ကားယူသွားပါ အော်ပေးရမလား၊ ဟိုမှာတွေ့လား သူတို့က အဆောင်အ





သွားတာမို့လို့ ကားနဲ့မသွားတာ၊ ဟင်း ... နင့်မြန်မာ နေသာမကောင်းတယ် ဖဲသွားရိုက်တာ ဖြစ်မှာပဲ"

အက္ခရာသည် အိမ့်စကားကြောင့် တွေတွေဝေဝေဖြင့် ိတ်ဆိတ်လျက် မြန်မာ့ကို စိတ်ဆိုးရပြန်ပါသည်။ တော်တော် ိုးတဲ့ လူတေကလေးပဲ။ ဘာဖြစ်လို့များ ဆေးကျောင်းရောက် ာသလဲ၊ စာလည်း ကြိုးစားပမ်းစား မသင်ဘူး။ အခုတော့ ယ်လောက် ရှက်စရာကောင်းသလဲ။ အဲသည့်လိုမျိုး အိမ့်ကို ိမ့်ရခြင်းအတွက် အက္ခရာသည် မြန်မာ့ကို စိတ်ထဲမှာ တော်တော် းအပြစ်တင်မိသေးသည်။

"ကဲပါ ငိုင်မနေနဲ့၊ မင်းမနိုင်ဘက်သွားပြီး လက်ဖက်ရည်ဆိုင်ထိုင်ရအောင် ပျင်းစရာကြီး လာပါ စိတ်ပြေလက်ပျောက်ပေါ့"

အက္ခရာသည် မြန်မာ့ကို အလိုလို ဒေါသဖြစ်နေရ၍ ိမ့်စကားကို လိုက်လျောကာ အဆောင်ထဲက မြန်မာ ပြန်ထွက် မည့်အချိန်ကို စောင့်မကြည့်ချင်တာနဲ့ အိမ့်နှင့်အတူ မင်းမနိုင် ိုက်ခန်းတွေဘက်က လက်ဖက်ရည်ဆိုင်ကလေးဆီ လိုက်လာခဲ့ သည်။ အက္ခရာ ဘယ်လောက်တောင် စိတ်တွေထွေနေသလဲ တာ ခလုတ်တိုက်ပြီး ဟပ်ထိုးလဲမလိုတောင် ဖြစ်ခဲ့သေး။ အိမ့် မြန်မြန်ဆွဲလိုက်လို့သာပေါ့။ နောက်မို့ ခေါင်းနဲ့အုတ်ခုံ ပြေး ောင့်မလား၊ မှောက်လျက်လဲမလား၊ သွားကျိုးကုန်မလား မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အက္ခရာထင်သလို မြန်မာသည် အဆောင်ထဲမှာ ဖဲသွားရိုက်နေခြင်း မဟုတ်ခဲ့ချေ။ ဘာဖြစ်လို့လဲဆိုတော့ အက္ခရာတို့ သွားထိုင်သော လက်ဖက်ရည်ဆိုင်ကလေး၏ ဖြတ်သွားရာမှာရှိတဲ့ အအေးဆိုင်ကလေး တစ်ခုထဲမှာ မြန်မာ၏ အုပ်စုကို မြင်လိုက်ရ၍ပဲ ဖြစ်သည်။

"ဟယ် ... မြန်မာတို့ပါလား၊ ဘယ်တုန်းက အဆောင်ထဲက ထွက်ပြီး ဒီရောက်နေတာလဲ မသိဘူး"

အက္ခရာ၏ ကျေနပ်အားရစွာ အိမ့်ကို ပြောလိုက်သော အား အိမ့်က ပြုံးစိစိလုပ်လေသည်။ အို ... ဘာဖြစ်သလဲ အိမ့်၏ များ သောက်ဂရုစိုက်လို့ဟု အက္ခရာသည် ငြိမ်ငြိမ်ကလေးတွေးလျက် မသိချင်ယောင်ဆောင်နေလိုက်ပါသည်။

✻ ✻ ✻





၄

မြန်မာဆိုသော ယောကျ်ားတစ်ယောက်၏ ဘဝတွင် အလွန်တရာမက ထူးဆန်းလှသော အဖြစ်အပျက်ကို ကြုံတွေ့ခဲ့ရခြင်းသည် မထင်မှတ်သည့် မိန်းမတစ်ယောက်ထံမှ ဖန်တီးမှုကြောင့် ဖြစ်သည်။ ထိုမိန်းမက ကျော်ကြားမှုတချို့ကို လက်ခံရရှိနေသူ ဖြစ်သည်။ ထိုမိန်းမ၏ ခေါင်းအညိတ်ကို လက်ကမ်းကြိုဆိုနေကြသော အမျိုးသားကလေးတွေလည်း မနည်း။ ထိုမိန်းမမှာ လူအများ အသိအမှတ်ပြုခံရသည့် တစ်မူထူးခြားသော အနုပညာအရည်အချင်းများလည်း ပိုင်ဆိုင်သေး၏။ သူမ၏ လက်ချောင်းများက လုပသည့် ကကွက်ဆန်းများကို ဖန်ဆင်းနိုင်သေး၏။ ရှေးခေတ်က မင်းသမီးတစ်ပါးလို ချပ်ဝတ်တန်ဆာ အပြည့်အစုံကို ဆင်မြန်းကာ တီဗီဖန်သားပြင်ပေါ်မှာ သူမ၏ အလှ၊ အကနှင့် အနုပညာအစွမ်းများကို ဝင့်ကြွားတတ်သော မိန်းမလည်း ဖြစ်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူမကား မျက်ဝန်းတောက်တောက် တစ်စုံနှင့် လှိုက်လှဲပူနွေးသော အပြုံးတစ်စုံတို့ဖြင့် တိတ်ဆိတ်ငြိမ်သက်လျက် ဖြစ်နေသည့် နှလုံးသားအား ပိုင်ဆိုင်နေဆဲ သူ့ကို ပထမဆုံး စတွေ့သည့်နေ့တွင် ဖရိုဖရဲ ဝေကြည့်ပြစ်မှားစေခဲ့သူ 'အက္ခရာ' ပဲတည့်။

ဘယ်လောက်အံ့သြစရာ ကောင်းလိုက်သလဲ။ သူမ၏ ပတ်ဝန်းကျင်တွင် သူ့ထက်လှသော၊ ခန့်သော၊ အကျင့်စာရိတ္တကောင်းသော၊ အပြစ်အနာအဆာ ကင်းသော၊ အကြင်နာမေတ္တာ ပုံအောပေးနိုင်သော အမျိုးသားကလေးတွေ ဝိုင်းနေခဲ့ပါလျက် သူမသည် သူ့ကို တိတ်တဆိတ် စွဲလမ်းနေခဲ့သည်တဲ့။ ကြည့်စမ်း ဘယ်အရာကများ ဒီလိုဖြစ်အောင် သူမအား ပြုစားခဲ့ပါလိမ့်။

ထိုနေ့က ကျောင်းပိတ်ရက်တစ်ရက် ဖြစ်သည်။ မိုးနှောင်းပိုင်းကာလ၏ ရက်တစ်ရက်ဖြစ်သော်လည်း ထိုနေ့က မိုးခပ်သည်းသည်း ရွာနေခဲ့သည်။ သို့သော် သူက သူ့အကျင့်အတိုင်း ထီးမပါဘဲ လမ်းလျှောက်ရတာ ဝါသနာပါသူပီပီ လူရှင်းသည့် ကတ္တရာလမ်းကျဉ်း ဆိတ်ငြိမ် ရပ်ကွက်ကလေးထဲကနေ အေးအေးဆေးဆေး လမ်းမကြီးဘက် ပြန်လျှောက်လာခဲ့လေသည်။ ထိုနေ့က သူ့ကားစက် သိပ်စိတ်မချရ၍ ကားမယူလာဘဲ ဒီအတိုင်းထွက်ခဲ့တာ ဖြစ်သည်။ ထိုနေ့က သူငယ်ချင်းတစ်ယောက်ဆီ သွားလည်ခြင်း ဖြစ်သည်။ ဒါပေမဲ့ သူငယ်ချင်း အိမ်မှာမရှိဘူး၊ ခုလေးတင် အပြင်ထွက်သွားတယ်လို့ သိရ၍ သူများအိမ်မှာ အကြာကြီးထိုင် မစောင့်ချင်တာနဲ့ မိုးရွာနေတာတောင် ဒီအတိုင်း လှည့်ထွက်ခဲ့သည်။





အဲဒီမှာ အက္ခရာနဲ့ တွေ့တာပဲဖြစ်သည်။ မိုးခပ်သည်းသည်းမှာ ကားမှန်နက်တွေ အပြည့်တင်၍ လမ်းဘေးမကျတကျ ရပ်နေသော ဟွန်ဒါကား အဖြူရောင်ကိုတောင် သူက ဘာလုပ်နေတာပါလိမ့်လို့ အငေးမှာကတည်းက လှမ်းအပြစ်တင်နေခဲ့သေး၏။ အမှန်က သူ မသိသေးသည့် အက္ခရာ၏ကား ဖြစ်နေခဲ့တာပဲ။

"မြန်မာ ... မြန်မာ"

သူလည်း ကားဘေးက ဖြတ်လျှောက်ရော တံခါး ဂျိတ်ခနဲပွင့်ပြီး ဝမ်းသာအားရ ခေါ်လိုက်သည့် အသံတစ်ခုကို ကြားရတော့သည်။ သူ့နောက်ဘက်က အသံဖြစ်တာမို့ သူက လှည့်ကြည့်တော့ ...

"အက္ခရာပါလား ဘာလုပ်နေတာလဲ"

လို့တောင် ရေရွတ်လိုက်သေးသည်။ ထိုအခါ သူမ၏ မျက်နှာကလေးသည် တော်ပါသေးရဲ့ ဟူသောသဘောဖြင့် မျက်မှောင်ကလေး ပြေသွားတာ သတိထားမိ၏။ ဘာများဖြစ်နေလို့ပါလိမ့်။ အက္ခရာ ဘယ်တုန်းက ကားမောင်းတတ်နေပါလိမ့်။ ကျောင်းကို တစ်ခါမှ ကားမယူလာဖူးပါဘူး။ သူ၏ အတွေးမဆုံးခင် သူမက ဖြေကြားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှလုပ်နေတာ မဟုတ်ဘူး စိတ်ညစ်လို့ ကားထဲထိုင်နေတာ၊ မြန်မာ့ကို တွေ့တာနဲ့ ဝမ်းသာသွားတယ်"

"ဘာဖြစ်လို့လဲ"

"အင်း ဒုက္ခပေးရတော့မှာပဲ၊ အားတော့နာပါရဲ့ ဒါပေမဲ့ ကိုယ်လည်း မတတ်နိုင်တဲ့ ကိစ္စမို့လို့ပါ"

ရှည်ရှည်ဝေးဝေး လေရှည်နေသော သူမကို သိမ်းမကြည်မလင် ဖြစ်ချင်လာသည်။ နဒီနဲ့များ ကွာပါ့။ နဒီဆို ဒါ လိုချင်ရင် လိုချင်တယ်ပဲလို့ ခဏတစ်ဖြုတ် သတိရလိုက်သေးတာ လွန်တယ် ထင်ပါရဲ့။ စိတ်မရှည်တာနဲ့ အက္ခရာ၏ စကားကို ဆက်နားမထောင်လိုဟန်ဖြင့် …

"ပြောလေ ဘာကူညီရမလဲ"

ဟု ခပ်မာမာ မေးလိုက်မိသည်။ သူမသည် သူ့လို မိုးရေထဲ ထွက်ရပ်နေ၍ ရေတွေ တော်တော်စိုနေလေပြီ။ ဆံပင်တွေ ရေစိုကာ ကပ်စပြုနေပြီ။ သို့သော် အက္ခရာသည် ကြည့်လိုက်ရင် ခပ်ပျော့ပျော့မိန်းကလေး ထင်ရသော်လည်း သူမသည် မိုးရေတွေ စိုနေတာကို ဂရုစိုက်မနေခဲ့ချေ။

"ဟို … ကားဘီး ပေါက်သွားလို့"

"စပယ်ယာဘီးပါလား လဲလိုက်ပေါ့"

"အဲဒါတော့ ရှင် ပြောမှလား ပါတာပေါ့ လဲမှမလဲတတ်တာ နောက်ပြီး ကျုပ် အင်အားကလေးနဲ့ ကားဘီးပေါက်တာ





ဘယ်လိုလုပ်ဖြစ်အောင် လဲမလဲ၊ ဒီနားက အိမ်တစ်အိမ်မှာ ဖုန်းဆက်ဖို့ သွားမေးတော့လည်း ဖုန်းပျက်နေတယ်တဲ့၊ တခြားအိမ်တွေလည်း လိုက်မမေးချင်တော့ဘူး၊ မေးလို့လည်း မဖြစ်ဘူးလို့ ထင်တယ်၊ ကိုယ်မသိတဲ့ ရပ်ကွက်တစ်ခုထဲ ကားကြီး ဒီအတိုင်းပစ်ထားပြီး ခပ်ဝေးဝေးလျှောက်သွားလို့ ဖြစ်မလား၊ နောက်ပြီး မေးရတာလည်း ကြောက်တယ် လူကောင်းသူကောင်းနဲ့ မတွေ့ရင် ဒုက္ခရောက်မှာ"

"ကဲပါ ကဲပါ တော်ပါတော့ ရှင်းတာနဲ့တင် ရှုပ်နေပြီ၊ ကျွန်တော် သဘောပေါက်ပြီ ကျွန်တော်က ဒီကားဘီးကို လဲပေးရမယ်ဆိုပါတော့ ဟုတ်လား"

"ဟို … မြန်မာ လုပ်မပေးနိုင်ရင်လည်း ရပါတယ်၊ ကားဘီး လဲပေးဖို့တတ်နိုင်မဲ့ လူတစ်ယောက်လောက် သွားခေါ်ပေးဖို့ပါ၊ မိုးရွာကြီးထဲမှာဆိုတော့ အကြာကြီး လုပ်ခိုင်းရမှာ အားနာတယ်။ နောက်ပြီး မြန်မာက နေမကောင်းဘူး မဟုတ်လား ချောင်းတွေ အရမ်းဆိုးနေတာ တွေ့တယ်"

ကြည့်စမ်း။ ဒီဟာမကလေး ငါ နေမကောင်းတာ သိနေတယ်။ ဘာဖြစ်လို့ပါလိမ့်။ ဒါပေမဲ့ အဲဒီအချိန်အထိ သူမဘာလို့ သူ နေမကောင်းဖြစ်ခဲ့တာကို သိနေသလဲ မရိပ်မိခဲ့ချေ။

"နေကောင်းပါတယ်၊ ကဲ … ဘယ်မှာလဲ ဘီး၊ ကျွန်တော်ပဲ လဲပေးပါ့မယ် သွားခေါ်ရအောင် ဒီနားလည်း ဘယ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဘာရှိတယ်ဆိုတာ ကျွန်တော် သိမှမသိတာ၊ ကျွန်တော့်သူငယ်ချင်းအိမ်ရှိလို့ လာလည်တာ"

"ဟုတ်လား အက္ခရာက မြန်မာ့အိမ် ဒီလမ်းထဲမှာရှိတယ်ထင်လို့ပါ၊ ဖြစ်ရဲ့လား မြန်မာ၊ မိုးက သိပ်မသည်းသလို့တော်တော်စိုတယ်နော်"

"လျှာရှည်မနေနဲ့ ပစ္စည်း အပြည့်အစုံပါလား၊ ကားနောက်ခန်းထဲမှာထင်တယ် ဖွင့်ပေးလေ၊ မြန်မြန်ပြီးရင် မြန်မြန် စိတ်အေးရတာပေါ့"

လောကကြီးက အရာရာကို တမင်တကာပဲ ဖန်တီးပေးခဲ့လေသလား မသိပါ။ နဒီကြောင့် မိန်းမတွေနဲ့ ပတ်သက်ရင်းနှီးမှု မရှိချင်ပါဘူးဆိုမှ အခုတော့ ပတ်သက်ခဲ့ရပြီ။

မိုးခပ်သည်းသည်းကလေးမှာ အက္ခရာ၏ ကားဘီးကိုလဲပေးတော့ အက္ခရာသည် သူ့ဘေးမှာ ဆောင့်ကြောင့်ထိုင်လျက်စိတ်ဝင်တစား ကြည့်နေခဲ့လေသည်။

"မိုးရွာနေတယ် သစ်ပင်အောက်မှာ သွားခိုပါလား"

ဟူ၍တောင် သူက ဘာရယ်မဟုတ် သူမအားမိုးရေထဲမှာ ကြာကြာရှိနေရင် အအေးမိမှာစိုးရိမ်၍ အကြံပေးမိသေးသည်။

"ရတယ် မြန်မာလည်း စိုတာပဲ"

"ကျွန်တော်က ဖြစ်ပါတယ်"





သူမသည် ဆတ်ခနဲထ၍ ကားထဲက တစ်စုံတစ်ခုကိုသွားယူလေသည်။ ထီးသွားယူတာပဲ ဖြစ်သည်။ ပြီးတော့ သူမသည်သူ့ကို ထီးမိုးပေးထားခြင်းအား အံ့သြစဖွယ်ကြုံရ၏။

"အက္ခရာ ဆောင်းထားလေ၊ နှစ်ယောက် မျှဆောင်းရင်စိုကုန်မှာပေါ့၊ အက္ခရာပဲ ဆောင်းပါ၊ ကျွန်တော့်ဘက်ချည်းပဲ ဆောင်းမထားနဲ့"

"ဘယ်ဖြစ်မလဲ တရားမျှတအောင် တစ်ယောက်တစ်ဝက်စိုကြတာပေါ့နော်၊ ဩော် ... မြန်မာ၊ မြန်မာ ကားမပါဘူးမဟုတ်လား ကားဘီးလဲပြီးရင် မြန်မာ့ကို ပြန်လိုက်ပို့ပေးမယ်နော်၊ အဲဒါတော့ လက်ခံပါ ကားဘီးလွှဲပေးတဲ့အတွက်အရမ်းအားနာလို့ ပြန်လိုက်ပို့ပေးပါရစေ"

"ရပါတယ်"

"ဘာကို ရပါတယ် ပြောတာလဲဟင်"

"အက္ခရာ ပြောတာတွေ အကုန်လုံးလေ၊ အက္ခရာကစကားတစ်ခု ပြောပြီဆိုရင် ဆက်တိုက် အများကြီးပြောတယ်အကြောင်းအရာတွေကလည်း ဟိုရောက်ဒီရောက် အမြဲပဲ၊ ဒါကြောင့် ကျွန်တော် မှတ်မိသလောက် စကားထဲကအကြောင်းအရာတွေအတွက် ရပါတယ်လို့ ပြောတာပါ"

"ကြည့်စမ်း၊ ရှင်လည်း အိမ့်အတိုင်းပဲ၊ ကျုပ်ကို စကားများတယ်လို့ ဝေဖန်တာပေါ့လေ၊ အဲဒီအတွက် စိတ် မဆိုးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်၊ မှန်တာပြောရင် ဘယ်တော့မှ စိတ်မဆိုးတတ်ဘူး
သိလား"

အင်း သည်လိုတော့လည်း မဆိုးပါဘူး။ မိုးရွာထဲမှာ မိုးရေအစိုခံပြီး ကားဘီးလဲတဲ့ ကိစ္စမျိုးကို ကိုယ့်ဘာသာတော ဖြစ်အောင် လုပ်ချင်မှလုပ်မည်။ သို့သော် ကမ္ဘာဦးအစကတည်း ယောကျ်ားတွေဟာ မိန်းမတွေရဲ့ ဒုက္ခအပိုင်းအစကလေးကို ရင်သော်မှ တင်းမခံနိုင်ဘဲ ထိုဒုက္ခကလေးကို ဖြေရှင်းပေးတတ် သူတွေပီပီ သူလည်း ယခုတော့ အက္ခရာ၏ ဒုက္ခကို ဖြေရှင်း လျက်သား ဖြစ်ခဲ့ပြီ။

အကယ်၍သာ သူမ၏ ကားဘီးကို လဲပေးပြီးနော သူမ ပြန်ပို့မည်ကို လက်မခံခဲ့လျှင်၊ သူမ၏ ကားဒက်ရှ်ဘုတ်ပေါ် တင်ထားသော ကက်ဆက်ခွေတွေကို မစပ်စုမိလျှင်၊ ထိုကက်ဆက် ခွေများပေါ်တွင် တင်ထားသော ဒိုင်ယာရီ စာအုပ်လှလှကလေး သေသေချာချာ ဘေးမှာဖယ်ပြီး အောက်က ကက်ဆက်ခွေ ဂရုတစိုက်ယူခဲ့လျှင် ထိုဒိုင်ယာရီ စာအုပ်ကလေးသည် ဒက်ရှ်ဘုတ်ပေါ်မှ ပြုတ်ကျစရာ အကြောင်းမရှိပါ။ အခု နှစ်ယောက်သား ရယ်ရယ်မောမော စကားတွေပြောနေရင်းက

"အခု ဖွင့်ထားတဲ့သီချင်း ကောင်းတယ်နော်၊ ရင်း ဒဏ်ရာဝတ်စုံထဲက 'အိပ်မက်မဟုတ်ဘူး'ဆိုတဲ့ သီချင်း မဟုတ်လား ကျွန်တော် သိပ်ကြိုက်တာပဲ၊ 'မင်းမရှိတဲ့ ညတွေ'လည်း ကျွန်တော်ကြိုက်တယ်၊ အက္ခရာရော ဘယ် သူ့ကြိုက်လဲ ရင်ဂိုလား၊ ဇော်ဝင်းထွဋ်လား၊ လေးဖြူလား၊ မျိုးကျော့မြိုင်လား"

ဟု အက္ခရာ၏ကားထဲက သီချင်းသံကနေ ဆက်စပ် ပြီး သီချင်းခွေတွေဘက် စကားရောက်သွားတာမှာ စတင်တော့ တာပဲ။ အဲဒါ ဘယ်သူ့အမှားလဲ။ ဒိုင်ယာရီထဲမှာ သူမ၏ လျှို့ဝှက်ပစ္စည်းတစ်ခု ရှိနေတာကို မေ့လျော့နေသော အက္ခရာရဲ့ အမှားလား။ ဒိုင်ယာရီစာအုပ်ကို မဖယ်ဘဲ အောက်က ကက်ဆက်ခွေ အထပ်ကို အမြန်ဆွဲယူလိုက်တဲ့ သူ့ရဲ့အမှားပဲလား မသိ။ ဟုတ်သည် တကယ် မသိခဲ့ချေ။

"အဆိုတော်လား ဘယ်သူ့အကြိုက်ဆုံးမှ မဟုတ်ဘူး အကုန် ကြိုက်တယ်၊ ကိုယ်က သီချင်းတွေ သိပ်ကြိုက်တာ ဘာလုပ်လုပ် သီချင်းသံ ကြားနေရမှ ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေ အလွတ်ခံရင်ခံမယ်၊ သီချင်းအခွေတော့ ကိုယ်သိပ်ကြိုက်တဲ့ အဆိုတော်တိုင်းကို လုံးဝအလွတ်မခံဘူး တွေ့လား၊ ဒက်ရှ် ဘုတ်ပေါ်မှာ တစ်ထပ်ကြီးပဲ၊ မြန်မာ သီချင်ရင် ယူကြည့်ပါ လား၊ ကိုယ့်ဆီမှာ မြန်မာခွေရော အင်္ဂလိပ်ခွေရော အစုံပဲ"

ကဲ ... မြန်မာကသာ မကြည့်ဘူးဆိုရင်လည်း သည်လျှို့ဝှက်ချက် မပေါ်နိုင်ဘူး။ အက္ခရာကသာ ယူကြည့်ပါလား ပြောရင် သည်အကြောင်း သူ မသိနိုင်ဘူး။ တကယ့် တကယ်တော့

www.burmeseclassic.com



သူ သိခွင့်ရချိန်တန်လို့ကို သိသွားခဲ့တာပဲ။ သူမလည်း သူ့ ရင်မဆိုင်ဝံ့လောက်အောင် ရှက်သွားခဲ့တာပဲ။ သူလည်း သူ့ ဆန်းကြယ်လှသော အချစ်စိတ်တစ်ခုကို အံ့သြခဲ့ရတာပဲ။

ကက်ဆက်ခွေထပ်ကို လက်က လှမ်းအဆွဲ ဒိုင်ယာရီ စာအုပ်ကလေးကို သတိထားမိပါရဲ့။ အောက်မကျနိုင်း ထင်ပြီး နမော်နမဲ့ လှမ်းဆွဲလိုက်မိသည်။ ကက်ဆက်ခွေတွေလည်း လောဘတကြီး သုံးလေးခွေလောက် တစ်ခါတည်း လှမ်းဆွဲလို မိသည်။ ဒိုင်ယာရီ စာအုပ်ကလေးက လျှောခနဲ သူ့ခြေရင်း 'ထောက်'ဆို အသံမြည် ပြုတ်ကျသွား၏။ သူက 'ဆောရီး' ရေရွတ်ပြီး ပြီးစလွယ်ပြန်တင်တော့ စာရွက်တွေကြားက တ တစ်ခုက စာအုပ်အား ဒက်ရှ်ဘုတ်ပေါ် တင်ပြီးတာတောင် ပေါင်ပေါ် ဝေ့ခနဲ ထပ်မံပြုတ်ကျချိန်မှာ အကွာရာသည် တစ်ခုခု သတိရထိတ်လန့်လျက် ဘရိတ်ကို ယောင်၍နင်းလိုက်ချိန် ကျွီ အသံနှင့်အတူ ...

"ဟင်"

သူကလည်း ပေါင်ပေါ်ပြုတ်ကျလာသော တစ်စုံတ ကလေးကို အမှုမဲ့အမှတ်မဲ့ ကြည့်မိပြီး အံ့သြလွန်းလှစွာ အ ထွက်အောင် အာမေဋိတ်သံပြုချိန် ...

ဒါ ... ဒါဟာ ... ဒါဟာ ငါ့ဓာတ်ပုံပဲ။ ဟုတ်တ ငါမှ ငါအစစ်။ ဘေးတစောင်းလှည့်ပြီး တစ်ခုခုကို စိတ်ဝင်တ





လှမ်းကြည့်နေတာ။ ရှေ့မှာ စားပွဲခင်းဖြူဖြူနဲ့ စားပွဲရှည်ကြီးနောက် က ကျောက်သင်ပုန်းမှာ CLINICO SOCIAL CASEPRE- SENTATION လို့ ရေးထားတယ်။ ပုံကလည်း ကြည်လင်ပြတ်သား 'ဟာ' ဆတ် ခနဲ သူ့လက်ထဲက ဆွဲလုကာ ဒိုင်ယာရီစာအုပ်ထဲ ပြန်ညှပ်ပြီး သူမဘက် ပြန်ထားလိုက်သော အကွာရာအား သူက အမေ့မေ့ အလျော့လျော့ လိုက်ငေးကြည့်မိသည်။

အကွာရာ ဘာလို့ ငါ့ဓာတ်ပုံကို ရိုက်ယူထားသလဲ။ သည်ဓာတ်ပုံကို လွန်ခဲ့တဲ့သုံးလလောက်က ပီအက်စ်အမ် ပို့စတင်ရဲ့ အရေးကြီးဆုံး စာတမ်းဖတ်ပွဲမှာ အုပ်စုလိုက်ထိုင်ပြီး ဆွေးနွေးဖို့ အလှည့်ကျချိန်၊ အကွာရာတို့က ရှေ့တည့်တည့်မှာ ထိုင်နေသော သူတို့အုပ်စု၏ အလှည့်ကို ထိုင်ကြည့်ရချိန်မှာ ရိုက်ထားတာဖြစ်မည်။ အဲသည်တုန်းက ကင်မရာတစ်လုံးနဲ့ ဆရာလုပ်နေသော သူမကို သူတောင် ကြည့်မရဖြစ်ခဲ့သေး။ ဆရာမတွေ ပြေးရိုက်ရ၊ သူငယ်ချင်း တွေ ရိုက်ပေးရနဲ့။

အကွာရာသည် မျက်ဝန်းထဲတွင် မျက်ရည်တွေ ဝေ့ဝဲ လာခဲ့လေသည်။ သူမ၏ လက်ကလေးတွေ တဆတ်ဆတ် တုန်ယင်နေမှန်း ကားစတီယာရင်ပေါ် တင်ထားသော လက်ချောင်း ကလေးတွေကို ကြည့်မိချိန်မှာ သတိထားမိလေသည်။ ပြီးတော့ သူမသည် သူ့ကို လုံးဝ စကားမပြောတော့ချေ။ အံ့ကိုကြိတ်၍ မျက်မှောင်ကြုတ်ကာ ခက်ထန်တင်းမာ ှသည်။ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ဆင်မှတ်မထားသော မမျှော်လင့်သည့် အဖြစ်အပျက်တ
မြန်မာနှင့် အက္ခရာဆိုသော လူသားနှစ်ယောက်ကြားတွင်
ခဲ့၍ အခုတော့ သူလည်း သူမ မသိစေချင်သော တိတ်တ
ခြင်း တစ်ခုကို သိခွင့်ရခဲ့လေပြီ။ ငါ့အပေါ် သည်လော
စွဲလမ်းနေခဲ့ပါလားလို့ အံ့သြမိပြီ။ အက္ခရာလည်း သူ့ကို
ကာ ရင်မဆိုင်ရဲခဲ့ပြီ။

"ရပြီ ... ရပြီ အက္ခရာ၊ ဒီလမ်းထိပ်မှာပဲ ရပ်လိုက်
ကျွန်တော် ဆင်းပြီး လျှောက်သွားရင် ရောက်ပါ
အက္ခရာ လမ်းထဲချိုးဝင်နေရတာ ခက်နေလိမ့်မယ်"

သူမသည် ကားပေါ်မှ သူ ဆင်းပြီးချိန်အထိ သူ
တစ်ချက်မှ ငုံ့မကြည့်တော့ချေ။ တစ်ရှိန်ထိုး မောင်းထွက်
သော ဟွန်ဒါကားဖြူဖြူကလေး၏ နောက်မြီးကို ပဟေဠိ
ဖြင့် မိုးရွာထဲ ငေးကြည့်ကျန်ရသည်မှာ မြန်မာပဲတည်း။

"ဒါဟာလေ အိပ်မက် မဟုတ်ဘူး၊ ယုံလိုက် စ
အချစ်ညလေးပဲ၊ အထူးခြားဆုံး ကြုံတွေ့လာခဲ့ ဒ
အိပ်မက်မဟုတ်ဘူး မေရေ"

လမ်းထဲ လျှောက်ဝင်လာသောအခါ လက်ဖ
ဆိုင်ကလေးထဲက 'အိပ်မက်မဟုတ်ဘူး'က ပျံ့လွင့်လာ
သူက ကြည်နူးရှင် ... ကောင်းကင်ပေါ် မော့ကြည့်ပြီး ရယ်
မိသည်။ ... ဘားတ ဘာဆိုင်လို့ ရယ်ရသလဲ။ တစ်ခု





းယွင်းနေပြီ။ သေသေချာချာ စဉ်းစားကြည့်ဦးမှ။ ငါ ဘာဖြစ်
လို့ အူမြူးပြီး ရယ်သလဲကို သေသေချာချာ စဉ်းစားကြည့်မယ်။
ကျန်ရာချင်းဆိုင်မှာ ထီးကို လုံအောင်ဆောင်းလျက် လျှောက်လာ
သော သူ့အရွယ် အမျိုးသမီးကလေးက မိုးရွာထဲတွင် ကောင်း
ကင်ပေါ်မော့ကာ ရယ်လိုက်သော သူ့ကို စူးစမ်းခြင်းများစွာဖြင့်
ရှည်ကြည့်သွားလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာသည် စာရွက်တစ်ထပ်ကို ငုံ့ကျက်နေ ရိပ်ခနဲဝင်လာသော လူရိပ်ကို ယောင်ယမ်း မော့ကြည့်မိ အိုး ..., ရုက်ဖို့ကောင်းလိုက်တာ။ သူ့မျက်လုံးတွေနဲ့ တည့် ဆုံလိုက်ရတယ်လို့။ အက္ခရာသည် ဆတ်ခနဲ တင်းမာခက် မျက်နှာလွှဲပစ်ပြီး စာကို ဆက်ကျက်နေလိုက်၏။ ဒါပေမဲ့ အ စာတွေ ခေါင်းထဲ ဝင်မယ်ထင်သလား။ အိမ့် ကူညီကျက် ခဲ့လို့သာ သည်လောက်အထိ ခရီးပေါက်ခဲ့တာ။ တတွတ် ရွတ်နိုင်ခဲ့တာ။ နောက်မို့ သည်စာမေးပွဲကို ဘယ်လိုလုပ် ရမလဲတောင် မသိချေ။

မသိစေချင်သော၊ မဖြစ်စေချင်သော၊ မကြုံ သော အဖြစ်အပျက်တစ်ခုကို လွန်ခဲ့တဲ့ တစ်ပတ်ကမှ ကြုံ ထားခဲ့တဲ့ အက္ခရာဟာ သည်ဖတ်စ်တက်စ် (First te အောင်ဖို့ ဘယ်လိုလုပ် စိတ်အာရုံနှစ်ပြီး စာကျက်နိုင် အိမ့်က ဆူဆူပူပူ။





"ငါ အတန်တန် သတိပေးလျှတ် နင်က ပစ်စလက်ခတ် ထားတာကိုး၊ နင်နဲ့ ငါသိတဲ့ ဒီဓာတ်ပုံကိစ္စ ခုတော့ ကာယကံရှင်ကိုယ်တိုင်က သိသွားပြီ၊ နေစမ်းပါဦး နင်က ဘာလို့ သွားလေရာ ကိုယ်နဲ့မကွာ ယူသွားရသလဲ၊ အိမ်က အဝတ်ဗီရိုထဲ ဝှက်ထားရင်ရလျက်သားနဲ့ အဖြစ်သည်းတာ ကိုး၊ နောက်ပြီး ဒိုင်ယာရီထဲ ဓာတ်ပုံညှပ်ထားတာ မမေ့ပေမဲ့ ပြုတ်မကျနိုင်ဘူးထင်ပြီး မြန်မာ့ကို ကက်ဆက်ခွေ ယူခိုင်းတာလည်း နင်မှားတာပဲ၊ တကယ်ဆို ကားပေါ်ကို မြန်မာ ပါလာပြီဆိုကတည်းက နင့်အိတ်ထဲ ဒီစာအုပ်ကို ယူထည့် ထားဖို့သင့်တယ်"

"မသိဘူးဟ မသိဘူး၊ ငါလည်း အဲဒီအချိန်က သူ့ဆီက ရတဲ့ အကူအညီကလေးကြောင့် ကြည်နူးပြီး သူ ငါ့ကားနဲ့ ခင်ခင်မင်မင် လိုက်လာတာကို ပီတိဖြစ်ပြီး အဲဒီစာအုပ် တော့ ဒိုင်ယာရီမို့ ဘယ်သူမှ ယူမကြည့်တန်ကောင်းဘူး၊ ဒါမှမဟုတ်လည်း ဒီလိုဖြစ်မယ် မထင်ဘူးဆိုပြီး သိမ်းမထား ခဲ့မိတာ၊ ငါ့ဒိုင်ယာရီ ယူကြည့်လောက်အောင် သူနဲ့ငါက အဲဒီလောက်မှ မရင်းနှီးသေးတာ၊ မတော်တဆ ဖြစ်ချင်လို့ ဖြစ်သွားတာ"

"အေး ဒါဆိုလည်းပြီးရော၊ ငါ့ကို မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့ မညည်းညူနဲ့၊ စာကျက်စမ်း၊ နင့်ကို ငါ အစ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက သတိပေးတယ်နော်၊ အချစ်ရေးကြောင့် မ
ရေး မထိခိုက်စေရဘူးဆိုတာ၊ စာကျက် မကျက်ရင်
ဒုက္ခရောက်မှာ၊ ဘာဖြစ်လဲ သူသိတော့ရော မေ့ထားလို
ဘယ်သူ့ကိုမှ လျှောက်ပြောမဲ့ လူစားမျိုးမှ မဟုတ်
သူသိရင် သိတဲ့အတိုင်းထားလိုက်”

ဟင့်အင်း ... အိမ့် မသိသေးဘူး။ အက္ခရာကို
အခုထိ နားမလည်သေးဘူးနော်။ သူမ လိုချင်သော ချစ်ခြင်း
မြန်မာ့ထံမှ အလိုလိုဖြစ်တည်လာသော ချစ်ခြင်းပဲ ဖြစ်သ
သူမဘက်က စတင်၍ ဖြားယောင်းမှုကြောင့် ဖြစ်ပေါ်
ချစ်ခြင်း မဖြစ်စေရ။ ယခုတော့ သည်ကောင်မလေး ငါ့
မိန်းမနောက်ပိုး လုပ်နေတာပါလားလို့ မြန်မာ သိရှိပြီး ပြက်
ပြုမှာ၊ ဒါမှမဟုတ် အထင်သေးမှာ။ ပြီးတော့ လွယ်လွယ်နဲ့
မိန်းမပဲလို့ ထင်မြင်ယူဆလျက် သူ့ဘက်ကိုပါ ယိမ်းယိုင်လာ
အပျော်တွဲမှာတွေကို မလိုလားခဲ့ပြန်။ မြန်မာ့ကို မကြည့်မိ
မြန်မာ ရှေ့ဆက်မတိုးစေရန် ကြိုတင်မျက်နှာလွှဲ၊ တင်းမာခက်
ပြလျက်၊ ခပ်စိမ်းစိမ်းပြုမူလျက်။ အက္ခရာသည် သူမ၏ သိ
တစ်ခုအတွက် သူမ၏ ‘အချစ်’ ကို ဖုံးကွယ်ပစ်ခဲ့ပြီ။

“ဟဲ့ ... အံမယ် စာကျက်နေတယ် ထင်တာ၊ စာရွက်
ကိုင်ပြီး ငေးနေတယ်၊ အံ့ရော ကဲ ဆက်ကျက်မ
ဖြေရခါနီးပြီ၊ လာ အခန်းထဲ ဝင်ရအောင်၊ အပုဒ်စေ့ရ





ဖြေနော်၊ ဘာမှ စိတ်မလွှင့်နဲ့၊ ဖြစ်ပြီးတာတွေ မေ့ထားလိုက်
ပါဟာ၊ ငါလည်း နင့်နားမှာ ရှိနေသားပဲ၊ နင့်ကို သူ လာ
မနှောင့်ယှက်နိုင်ပါဘူး၊ ဩော် ... မရတာရှိရင် ငါ့ကို လှည့်
ကြည့်လိုက်ဦး၊ နင့်ကို ငါ ပြလို့ရရင် ပြမယ်သိလား၊ ဘယ်
နံပါတ် အရင်ဖြေမလဲဆိုတာလည်း တိုက်ကြည့်ကြမယ်နော်”

အင်း ... အိမ့်လည်း သူမနဲ့ ပေါင်းသင်းတာနဲ့ သူမ
ပဲ စကားတွေ အဆက်အစပ်မရှိ တရစပ်ပြော၊ ဟိုရောက်
ည်ရောက် ဖြစ်တဲ့ အကျင့်ရှိလာပြီ။ ရယ်ပဲ ရယ်ရသေးတော့။

သို့သော် စာမေးပွဲဖြေချိန် နီးပြီမို့ အိမ့်ကို မနှောက်
ပြောင်အားခဲ့ပါ။ လွယ်အိတ်ကို ရှေ့မှာပုံထားပြီး ကိုယ့်ခုံနံပါတ်
ရာဆီ တက်လာသော သူမအား ရောက်နှင့်နေသော မြန်မာက
ပေါ်ကနေ ဆီးကြည့်နေတာအား စိတ်ထဲမှ အလိုလို ခံစားသိရှိ
လျက် ဝမ်းနည်းရပြန်သည်။ သေချာပါတယ် ငါ့ကို အထင်သေး
နေပြီ။ ကဲ ... အက္ခရာက ဘယ်လောက်တောင် ကံဆိုးတဲ့ မိန်းက
လေး ဖြစ်ပြန်သလဲဆိုတာ။ သိရေတာရဲ့ ခုံတန်းရှည်ကြီးတွေမှာ
ရိုးလ် နံပါတ်အလိုက် စီးထားပါတယ်။ ကြံကြံဖန်ဖန် ရိုးလ်နံပါတ်
ဆယ့်ငါးခုလောက်ခြားတဲ့ မြန်မာနဲ့ အက္ခရာတို့ဟာ ခုံရှည်ကြီးမှာ
ဘေးချင်းယှဉ်ပြီး နေရာကျသလဲ။ တစ်ယောက်နဲ့တစ်ယောက်
အတော်အတန် ဝေးပေမဲ့ စဉ်းစားကြည့် သူက ဘေးချင်းယှဉ်ပြီး
ရှိနေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေးခွန်းမဝေခင် အဖြေစာရွက်တွေ လိုင်း
တားပြီးနှင့်တဲ့ မြန်မာက အခုမှရောက်ပြီး အဖြေစာရွက်ေ
လိုင်းတားနေတဲ့ အက္ခရာကို မေးထောက်ပြီး ငေးသတဲ့။ ဘယ်
လောက် အနှောင့်အယှက် ဖြစ်လိုက်သလဲ။ အိမ့်ပြော်တော့ အ
မနှောင့်ယှက်နိုင်ပါဘူးဆို။ အခုတော့ အိမ့်ရှေ့ ဘာတတ်နိုင်သေ
လဲ။ အက္ခရာက အိမ့်ဆီ လှည့်ပင်းလိမ်ကြည့်တော့ မျက်မှော
ကြုတ်ပြီး ခေါင်းခါပြတဲ့ အိမ့်ကို တွေ့ရ၏။ စိတ်ချပါ အိမ့်ရဲ့
အက္ခရာက သည်လောက်တော့ ခံနိုင်ရည် ရှိရမှာပေါ့။

မေးခွန်းစာရွက်ရောက်လာတော့ အိမ့်နဲ့ တိုင်ပင်ပြ
ကျက်ထားတာတွေ အများစုပါသော မေးခွန်းမို့ မှန်တာပြောရရင်
မြန်မာ့ကို ခဏမေ့ပြီး ကုန်းရေးနေမိတော့သည်။ အပုဒ်စေ့ဖြေ
နိုင်မှ အောင်မယ်လို့ ဒါမှမဟုတ် အအောင်ပေးမယ်လို့ ကြိမ်းဝါ
ထားတတ်သော ဆရာတွေ၊ ဆရာမတွေ စကားအတိုင်း အပို
ရတဲ့အပုဒ် ရသလိုရေး၊ သိပ်မရတဲ့အပုဒ် ရသလောက် ချဲ့ကာ
ရေးရသောအလုပ်ကို ဆေးကျောင်းသားတိုင်း ကျွမ်းကျင်ကြပ
သည်။ ပင်ကိုယ်ဉာဏ်ရည် အစွမ်းအစလည်း မနည်းပါးသူများ
နည်းနည်းပါးပါး ဖတ်ဖူးမှတ်ဖူးသော စာတစ်ပုဒ်တလေ ထိုစာ
သိပ်လည်း အရေးမကြီးပါ။ ဒါပေမဲ့ မျက်စိလည်ပြီး မေးခွန်
စာရွက်ထဲ ရောက်နေရင်လည်း မှတ်မိသမျှ အချက်တွေ ချဲ့ထွ
ကာ ပိုင်နိုင်သော အင်္ဂလိပ်ဝေါဟာရများဖြင့် စာတစ်ပုဒ်ဖြစ်အော
ဖြေဆိုကြစမြဲတည့်။





အက္ခရာသည် နောက်ဆုံးအပုဒ်ဖြေပြီး မျဉ်းပိတ်ချိန်
တွင် အချိန်စေ့ ခေါင်းလော်င်းထိုးသံကြောင့် သက်ပြင်းချကာ
မြန်မာ့ဆီ မျက်လုံးစွေကြည့်မိသေးရဲ့။ မှန်တာပြောရင် ခိုးကြည့်
တာပဲ။ သူ ဖြေနိုင်တာ တွေ့ရတော့ စိတ်ချမ်းသာသွားပင်။

"ဖြေနိုင်လား အက္ခရာ"

ဟု လွယ်အိတ်တွေ သွားယူစဉ် အနားမှာ လာရပ်
မေးတော့ အက္ခရာသည် သူ့အား ကွေ့ရှောင်လျက် အခန်းအပြင်
ကို မြန်မြန်ထွက်ပြေးခဲ့မိသည်။ ကြည့်စမ်း သူ သည်လောက်ထိ
အတင့်ရဲလိမ့်မယ် မထင်ဘူး။ ငါမှားတာ ငါ့ဘက်ကိုက စမှားခဲ့
တာ။ တကယ်ဆို ခပ်ရှင်းရှင်း ခပ်ကင်းကင်းနေမိဖို့ ကောင်းတယ်
ဟူ၍ စိတ်ညစ်ရပြန်သည်။

"နင့်ကို ဘာကပ်ပြောတာလဲ အက္ခရာ"

"ဖြေနိုင်လားတဲ့ ဒုက္ခပါပဲ အိမ့်ရယ်၊ သူ အရင်ကဆို ဒီလို
အာလာပသလ္လာပတောင် မနှုတ်ဆက်တတ်ပါဘူး၊ အခုမှ
အခုမှ သိလား တမင်ဇာတ်လမ်းထွင်တာ၊ သူ တစ်ချက်
လိုက်လိုက်ရင် ရမှာပဲဆိုပြီး အထင်သေးသွားတာ၊ တော်ပြီ
သူ့ ဓာတ်ပုံကို စာတိုက်ကတစ်ဆင့် သူ့ဆီ ပြန်ပို့ပစ်မယ်"

"စိတ်လိုက်မာန်ပါ မလုပ်နဲ့စမ်း၊ စာမေးပွဲပြီးမှ ဒါတွေ
ပြောကြရအောင်၊ ငါက နင် ဖြေနိုင်လို့ ဝမ်းသာမယ်မှ
မကြံသေးဘူး၊ ဒီကိစ္စက တစ်မှောင့်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ့် ... အိမ့် လုပ်ပါဦး၊ သူ ငါတို့နား လျှောက်လာနေပြီ၊ ဘယ်ပြေးကြမလဲဟင် လုပ်ပါဦး၊ မမကြီးကလည်း ကြာလိုက်တာ မြန်မြန်လာကြိုတာ မဟုတ်ဘူး"

"ဣန္ဒြေမပျက်နဲ့ဟယ်၊ ငါနဲ့ စကားတွေ ဆက်ပြောနေ ခုနလည်း နင် သူ့ကို စကားမပြောဘဲ ထွက်ပြေးလာတယ် မဟုတ်လား၊ ဒါဆို သူ အခုလာပြီး စကားပြောရုံမှာ မဟုတ်ပါဘူး၊ ငါလည်း ရှိသားပဲ၊ သူ လာပြောရင် ငါ ပြန်ဖြေလိုက်မယ်၊ နင်က လုံးဝမပြောနဲ့၊ သူ မေးလည်း ပေါ်တင်ကြီး မဖြေဘဲ နေပြလိုက်"

သို့သော် အလိုက်သိသော အမျိုးသားကလေး မြန်မာသည် အက္ခရာ၏ ခပ်စိမ်းစိမ်း အမူအရာများကို နားလည်ဟန်ဖြင့် အက္ခရာနဲ့ အိမ့်ဆီ ရောက်အောင် လျှောက်မလာခဲ့ပါ။ သူငယ်ချင်းများနဲ့ ရပ်စကားပြောနေခဲ့လေသည်။ ဒါပေမဲ့ အိမ့်ပြောတော့ အက္ခရာအား ခဏခဏ ကြည့်သည်တဲ့။ မမကြီး လာခေါ်၍ အက္ခရာ ကားပေါ်ပါသွားသည်အထိ လိုက်ငေးကြည့်သည်တဲ့။ အက္ခရာမရှိတော့ဘဲ အိမ့် ကျန်ခဲ့တော့ အိမ့်ကို ရယ်ပြနှုတ်ဆက်ပြီး သူ့ကားရှိရာဆီသွားပြီး ပြန်ဖို့ ပြင်ဆင်သည်တဲ့လေ။

"အက္ခရာက ကားမောင်းတတ်ရဲ့သားနဲ့ ဘာလို့ အိမ်က အစ်မ လာပို့ လာကြိုရတာလဲ၊ တစ်ခါတည်း ကားယူလာပါလား၊ ပိုအဆင်ပြေတာပေါ့"





လို့ ပြဿနာ တက်တဲ့နေ့ကတောင် မြန်မာ မေးခဲ့သေးတာ မှတ်မိပါရဲ့။ အက္ခရာမှာ မမကြီး တစ်ယောက်ပဲရှိတာ သိနေတာတောင် ကြံဖန်ပြီး ကျေနပ်ခဲ့သေးရဲ့။

"မေမေက သိပ်စိတ်မချသေးလို့ပါ၊ အခုတောင် အတင်း ယူမောင်းလာလို့လေ၊ အိမ့်ဆီ စာသွားကျက်တာ၊ ကားဘီး ပေါက်တာသိရင် ပိုပြီးတောင် မောင်းခွင့်ပိတ်ထားဦးမှာပဲ ထင်တယ်"

"အင်းပေါ့ သမီး အငယ်ဆုံးဆိုတော့ သိပ်ချစ်ကြမှာပဲ၊ အစိုးရိမ် လွန်ကြမှာပဲ"

ကဲ ... အဲသည်လောက် စကားတွေနဲ့သာ ရင်းနှီးမှု တိုးခဲ့ရင် ဘယ်လောက် ကောင်းလိုက်မလဲ။ အခုတော့ သူက သီချင်းကို စိတ်ဝင်တစား ဆွေးနွေးရာကစပြီး သူမက သူ ကြိုက်တဲ့ သီချင်းခွေတွေများ ရှာချင်မလား၊ ဒါမှမဟုတ် အက္ခရာဆီမှာ ရှိပြီး သူ့ဆီမှာ မရှိသေးတဲ့ အခွေများတွေ့ရင် ငှားများငှားချင်မလား၊ သူ့ဆီက သီချင်းခွေတွေလည်း ခင်မင်မှုနဲ့ ပြန်ငှားပြီး နားထောင်ကြဖို့ အဖော်ညှိရင်ကောင်းမလား၊ စိတ်ကူးအယဉ် လွန်သွားတာက စတာပဲ။ တကယ့်ကို ရက်ဖွယ်အတိပြီးတဲ့ မှားယွင်းမှုကို မြန်မာ တွေ့သွားတာပဲ။ မိန်းကလေးတစ်ယောက်ကို သာ ယောကျ်ားလေးတစ်ယောက်က သဘောကျပြီး ဓာတ်ပုံခိုးရိုက်တာ ရှိချင်ရှိမယ်။ ဘယ်ယောကျ်ားလေးကိုမှ မိန်းကလေးက ဓာတ်ပုံခိုးရိုက်ကြမှာ မဟုတ်ဘူးလို့ ထင်ပါရဲ့။ အနည်းအကျဉ်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိလိမ့်မည်။ ဝမ်းနည်းစရာကောင်းတာက ထိုအနည်းအကျဉ်းထဲမှာ အကွရာ ပါဝင်သွားခဲ့တာပဲ ဖြစ်လေသည်။

တကယ်တော့ သူ့ဓာတ်ပုံကို ခိုးရိုက်ဖို့ မရည်ရွယ်ခဲ့ပါဘူး။ ကင်မရာအပေါက်ထဲကနေ သူငယ်ချင်းတွေကို ချောင်းကြည့်ရင်း သူ့ပုံကလေးပါ မြင်နေချိန် တယ်လီနဲ့ အနီးကပ်မြင်ရတဲ့ သူ့မျက်နှာကလေးရဲ့ ရိုးသားမှုကို ကြည့်ကောင်းကောင်းနဲ့ ခိုးကြည့်ရင်း ဓာတ်ပုံရိုက်ကြည့်ရင် ဘယ်လိုနေမလဲဆိုတဲ့ သိချင်စိတ်နဲ့ ရိုက်ဖြစ်သွားတာပါ။

စဉ်းစားကြည့်။

ကိုယ်သဘောကျနေတဲ့ ချစ်သူတစ်ယောက်ရဲ့ ဓာတ်ပုံကို ဘယ်သူက လွှတ်ပစ်ရက်ပါ့မလဲ။ ချောင်ကြိုချောင်ကြားထဲ ဝှက်ထားရက်ပါ့မလဲ။ မြန်မာ့ကို ပေးလိုက်ဖို့ဆိုတာကလည်းဝေးရော။ သူ့ကို မရိုက်ခိုင်းထားပဲရိုက်လို့ ပိုပြီး အရှက်ကွဲရင်မယ်ဆိုသော အတွေးများနှင့် အိမ့်တစ်ယောက်သာသိသော ထိုကိစ္စဟာ အခုတော့ မသိစေချင်ဆုံးသော မြန်မာမှ သိသွားခဲ့ရပြီ။

"ဒါဟာ အိပ်မက်မဟုတ်ဘူး မေရေ"

ဟူသော ရင်ဂိုရဲ့ 'အိပ်မက်မဟုတ်ဘူး' သီချင်းသံကြားရတိုင်း သူမရဲ့ အမှားတစ်ခုကြောင့် သူ့ကို တိတ်တခိုးစွဲလမ်းခဲ့ရမှု ကာလများအား သူ သိခွင့်ရသွားသည့်နေ့ကို အမြဲသတိတရ ရှိနေဆဲ။

* * *





၅

နောက်ဆုံးနှစ် အပိုင်း (က) အတန်း၏ Trip ခရီးစဉ်တွင် အကွရာတို့၏ (၇)ယောက် အုပ်စုတွင် ပါဝင်သော ယောကျ်ားကလေးနှစ်ယောက်မှာ အကွရာနှင့် သူငယ်တန်းမှစ၍ ဆေးကျောင်းရောက်သည်အထိ ပြောမနာ ဆိုမနာ ပေါင်းသင်းခဲ့သည့် သူငယ်ချင်း ကောင်ကလေးတွေပဲ ဖြစ်သည်။ သို့သော် အကွရာ မသိသေးသည့် သူတို့နှစ်ယောက်၏ အကြောင်းအရာတစ်ခုကတော့ ကျောင်းက အဆောင်မှာ ဖဲရိုက်ရင်း မြန်မာနဲ့ မကြာခဏ ဆုံစည်းရ၍ တော်တော့်ကို ရင်းနှီးပြီးနေခြင်းတည်း။ ပိုဆိုးတာက အကွရာတို့ တာဝန်ကျသော ဒေသနှင့် မြန်မာတို့ တာဝန်ကျသော ဒေသချင်း ခရီးစဉ်နီး၊ ထို့ကြောင့် ရထားတစ်တွဲတည်းဖြစ် ဒါကို ကြိုမသိခဲ့သော အကွရာသည် ဘူတာရုံရောက်မှ ဟိုကောင်နှစ်ကောင်နဲ့ ရောရောနှောနှော ရှိနေသော မြန်မာ့ကို တွေ့လိုက်ချိန်မှာ တုန်လှုပ်သွားတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးငယ် ဒီမှာ သောက်ဆေးတွေ ဂရုတစိုက် မှတ်သား ထားနော်၊ သူငယ်ချင်းတွေ နေမကောင်းလည်း ပေးသောက် လိုက်၊ အစားအသောက်လည်း သတိထားစား၊ နေရာရေ ပြောင်းတော့ မတည့်ဘဲနေမယ်"

"မေမေ့ သမီးငယ်က သူများကို ဆေးကုပေးဖို့ သွားတာ မေမေရဲ့၊ ကဲ ... ဖေဖေကလည်း ဘာမှာဦးမလဲ၊ မကုန်သေး ဘူး ထင်တယ်၊ ထပ်မှာဦး"

"ဖေဖေ့ သမီးတွေက လိမ္မာပြီးသားပါ၊ မှာစရာ မလိုဘူးဟ"

ဘယ်လောက်ဆိုးတဲ့ သမီးငယ်လဲ။ အဖေ အမေ အစ်မတွေအလယ်မှာ တတွတ်တွတ် မှာသမျှ စိတ်မဝင်စား မြန်မာတို့အုပ်စု ဘယ်တွဲမှာ ပါမလဲလို့ သိချင်သတဲ့။ ပြည့်ဖြိုး ဟန်နဲ့ နေနေ့ကို မြန်မာ ဘာတွေပြောပြီး သူမဆီ လှမ်းကြ ရသလဲအား သိချင်သတဲ့။ သည်ကောင်တွေက ယုံရတာ မဟုတ် အကျရာကို ရှိုးများပြီး ရည်းစားတစ်ယောက်မှ မရှိရကောင်းလား ဆိုကာ သူတို့ကိုယ်သူတို့ အစ်ကိုတွေ ကျနေတာပဲ။ အကျ အတွက် ရှာပေးတဲ့။ ဟိုတလောက အိမ်လာလည်ရင်း တ နောက်တာပဲလား။ မြန်မာ့ဆီက တစ်ခုခုကြားထားလို့ မေး တာပဲလား။ ယခုတော့ သံသယဝင်ချင်သတဲ့။

"ဟော ... ရထားပေါ် တက်ကြမယ်တဲ့၊ ပြည့်နဲ့ နေ ခေါ်နေပြီ၊ နေဦး မေမေ သူတို့ကို ထပ်မှာလိုက်ဦးမေ သမီးလေးကို ညီမလေးလို ဂရုစိုက်ကြဖို့"



"ဟာ ... နေပါစေ မေမေကလည်း ကလေးကျနေတာပဲ၊ ပြီးတော့ လူတွေအများကြီးနဲ့ သမီးမှ ကွက်မဖြစ်ပါဘူး"

"အို ... ဖြစ်ဖြစ် မဖြစ်ဖြစ် Tripတောင် ပြည့်နဲ့ နေနေမို့ စိတ်ချတာ၊ သူတို့ဆိုတာက နှပ်ချေးတွဲလောင်း အရွယ် ကတည်းက သမီးနဲ့ ပေါင်းလာလို့ ရိုးသားတဲ့ကလေး တွေမှန်းသိလို့ သမီးတို့အုပ်စုထဲထည့်ဖို့ မေမေက ခွင့်ပြု တာ၊ နောက်မို့ ခရီးဝေးကြီး ဘယ်ယောကျ်ားလေးနဲ့မှ စိတ်ချချင်တာ မဟုတ်ဘူး"

"အံမယ်လေး ... အမေကြီးရေ၊ သမီးသာ ဆယ့်ရှစ်နှစ်က အိမ်ထောင်ကျရင် အခုအချိန် မြေးချီနေရပြီဆိုတာလည်း တွေးကြည့်ဦး၊ ဘယ်နှယ့် အတွဲဆန်တဲ့ စကားတွေ ပြော နေရတာလဲ"

ဖေဖေက ခပ်တိုးတိုး ရေရွတ်လျက် မေမေနဲ့ အကျရာတို့နောက်က လိုက်လာ၏။ မမကြီးက ညီမငယ်လေးနဲ့ တကယ်ပဲ ခဏလေး ခွဲရမည်ဆိုတော့ မျက်ရည်လေး ဝဲချင်ချင်။ အတူတူရှိတော့သာ တကျက်ကျက် ရန်မဖြစ်တောင် အမြဲဆူချင် နေတတ်သော မမကြီးသည် ယခုတော့ ညီမငယ်ကို မခွဲချင်ရှာ သားပင်။ မေမေရော ဘာထူးလို့လဲ မျက်ရည်လေးတွေ မျက်မှန် လွှန်ပြီး နီးသုတ်လို့။ ဖေဖေသာ ဖြစ်သင့်ဖြစ်ထိုက်တာကို လုပ် ဆောင်ခြင်းအဖြစ် ပီတိဖြစ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်တာပြောရရင် ကိုယ်မှာသာ မိသားစုတွေ ဝိုင်း နေခဲ့သလောက် တစ်ယောက်တည်း ခပ်ငေါင်ငေါင်နဲ့ ဟိုဒေ သည်ငေး လုပ်နေရသော မြန်မာ့ကိုတော့ အမှတ်မရှိစွာ ခိုးကြည့် နေချင်သားပင်။ ဓာတ်ပုံကိစ္စကလေးကြောင့် စာမေးပွဲဖြေစဉ်အတွင်း ရော စာမေးပွဲအပြီး သိပ်မကြာခင် Trip ထွက်ချိန်အထိရော သူ ကို ရှောင်ထားသမျှ အခုတော့ ရထားတစ်တွဲတည်းမို့ ရှောင်လို့ လည်း မရ။ သွေးပူနေတုန်း ခဏသာ သည်ကိစ္စကို တွေးဒေ ပူပန်ပြီး နည်းနည်းကြာတော့ မေ့လျော့စပြုပြီမို့ အရင်က မြန်မာနဲ့ ခေါ်ခေါ်ပြောပြော ရီးလ်ရှိတ် ထိုးပေး၊ မျက်လုံးချင်း ရင် ပြုံးပြတာတွေ မရှိပေမဲ့ သူ့စိမ်းတွေပမာ ခပ်တန်းတန်းဖြစ် ခဲ့တာလည်း ကြာခဲ့ပြီ။

"သားရေ ပြည့်နဲ့ နေနေတို့၊ သားတို့ သူငယ်ချင်းကို စိုက်ကြနော်၊ အန်တီ စိတ်ချမယ် သိလား"

"ဟာ ... စိတ်ချ အန်တီ၊ အကွရာဆိုးသမျှ အကုန် တိုင်ဖို့ ဘယ်နေ့က ဘာလုပ်တယ်ဆိုတာ မှတ်ရအော Note Book တစ်ခုတောင် ယူလာတယ်"

"သရဲတွေ နင်တို့အကြောင်းလည်း နင်တို့ အမေတွေ တိုင်မယ်၊ ဖဲရိုက်တာ၊ ဆေးလိပ်သောက်တာတွေ ငါ ဘူး ထင်သလား"

"ဟာ ... ရှူး ... ရှူး အကွရာ၊ တိုးတိုးပြော၊ မာမိ လာ ပြီ"





ပြည့်နဲ့ နေနေသည် ပျာယာခတ်အောင် ပိတ်ဖင် ကားဆီးနေသမျှ အကွရာသည် အနိုင်ရ၍ တဟိဟိ ရယ်ချလိုက် ပါသည်။ ပြီးတော့ ရထားပေါ်တက်ဖို့ အိမ့်ဆီ လှမ်းကြည့်လိုက် ချိန်တွင် အကွရာ၏ မျက်လုံးများသည် လမ်းခုလတ်တွင် အကွ ရာအား ငေးနေသော မြန်မာ့ မျက်လုံးများနှင့် ဆုံစွင့်ရ၍ ရှက်ရွံ့ မျက်လွှာချရသည်။

ကြည့်စမ်း ... ငါ့ကို ဘယ်အချိန်က ငေးနေသလဲ။ ဘာဖြစ်လို့ သည်လောက်တောင် ငေးရသလဲ။ ဟင့်အင်း ရင်မခုန် နဲ့၊ သူက ငါ့ဆီမှာ သူ့ဓာတ်ပုံ ရှိနေတယ်ဆိုကတည်းက အချိုး တွေ ပြောင်းသွားတာ ငါ့ကို ချစ်လို့မဟုတ်ဘူး။ သူ့ကောင်မလေး ကို လွမ်းနေချိန်မှာ အပြည့်ခံအဖြစ်တွဲဖို့ သူ့အနွံအတာကိုခံမဲ့ သူ့ကို အသည်းအသန် စွဲလမ်းနေတဲ့ ငါ့ကို အသုံးချမှာ။ အကွရာ သည် ထိုသို့ ယူဆလျက် အိမ့်လာတာကို မစောင့်တော့ဘဲ ရထား ပေါ် တက်နှင့်လိုက်ပါသည်။ ထင်ထားတဲ့အတိုင်း အကွရာတို့ တက်ပြီး မကြာခင် မြန်မာ တက်လာသည်။ သိပ်မုန်းစရာကောင်း တဲ့ ကောင်ကလေးလည်း ဖြစ်သေးသည်။ အကွရာထိုင်နေသည့် နေရာကို မြင်ရသောနေရာမှာ ဝင်ထိုင်လိုက်တာပဲ။ ဒါ တမင်လုပ် တာဟု အကွရာက နာကျင်လျက် နေရာပြောင်းချင်သေးရဲ့။ သို့သော် လူစုံတက်စုံ ရှိနေချိန် နေရာလိုက်လဲလို့မှ မသင့်တော့ တာမို့ ဝေါ်ခ်မင်န်ဖွင့်ပြီး မျက်လုံးမှိတ်ကာ သီချင်းနားထောင် နေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဟဲ့ အက္ခရာ၊ ဝေါ်ခ်မင်နိကြီး ခဏဖြုတ်ထား
စကားပြောကြရအောင်၊ ငါ ပျင်းတယ်ဟ၊ မွှေးမွှေး
စာမေးပွဲ မဖြေနိုင်တဲ့ အကြောင်းတွေပဲ ပြောနေတာ
ညစ်လာပြီ၊ ချွတ် … ချွတ် ငါ ဆွဲဖြုတ်ပစ်လိုက်ပြီ

အတင်း တွန်းတွန်းထိုးထိုးဖြင့် အက္ခရာ၏
ကြီးနှင့် အဆက်အသွယ် ဖြတ်တောက်မှုကို နှောင့်ယှက်
အက္ခရာ၏ အိမ့်ဆိုတဲ့ သူငယ်ချင်းလေးပဲ ဖြစ်လေသည်။
လုံး တဝါးဝါး တဟားဟား ရယ်မောဆူညံ၊ မွှေးမွှေး
ဟိုက်ပါတွေက စာမေးပွဲအကြောင်း ဆွေးနွေး၊ အင်မ
ရှုပ်ထွေးသော မြင်ကွင်းတစ်ခုက မျက်လုံးအဖွင့်မှာ ဆီးကြို
ရှိ၏။

အမှတ်မရှိလေသော အက္ခရာက ဆံပင်တွေကြ
ခေါင်းငုံ့၍ ချောင်းကြည့် ဖြစ်သေးရဲ့။ ပြည့်နဲ့ နေနေကို
သင်တန်းပို့ချနေသလဲ မသိသော မြန်မာ့ကို တွေ့ရပါသ

ကျွတ် … သည်ကောင်တွေဟာ ဘာလို့
လေးစားပြီး ဆရာတင်ချင်ရသလဲ။ ပြောရရင် အရယ်အ
ပါးလှတဲ့ မျက်နှာပြင်တစ်ခုမှာ တွေ့ရခဲ့သော သည် အရ
ကလေးကို ထိုင်ငေးနေချင်သားပင်။ မာနတရားက တင်
လို့သာ။





"ဟဲ့ … မြန်မာတို့က ငါတို့နဲ့ နီးတယ်တဲ့၊ လာလည်မယ်လို့ ပြောနေသံ ကြားတယ်၊ ပြည့်ဖြိုးဟန်တို့ကလည်း သိတဲ့အတိုင်းပဲ၊ တဟီးဟီး တဟားဟားနဲ့၊ မြန်မာ လာလည်မှာကိုပဲ ဆုလာဘ်တစ်ပါးလို ထင်နေတာ ဘာတွေ ဆေးမိထားလဲ မသိဘူး၊ နင့်လိုပေါ့ မြန်မာဆိုးမှန်း သိရဲ့နဲ့ ခွင့်လွှတ်နေသလိုပေါ့"

"အံမယ် … အမျိုးသမီးကလေး ပြည့်တို့ကို အပြစ်တင်ချင်တာ ငါ့ကို ဆွဲမထည့်နဲ့"

"အံမယ် … ဘာလဲ မြန်မာ့ကို နင်က ဘာနာစရာရှိလို့ မေ့ပစ်သလဲ ပြောစမ်းပါဦး၊ နင့်ဘာသာ အရှက်ကြီးပြီး ရှိန်နေတာ၊ အမှန်တော့ သူက နင့်ကို ဘာမှ အထင်သေးပုံ မရပါဘူး၊ နင်နဲ့ သူပဲ သိတဲ့ကိစ္စကို ဘယ်သူမှလဲ မပြောရှာပါဘူး၊ နင်လည်း သူ့ကို မုန်းလို့မှ မရတာ၊ ဟန်လုပ်ပြီး သူ့အကြောင်း မပြောဘဲ မနေနဲ့၊ နင့်ပါးစပ်ဟလိုက်တာနဲ့ အူဘယ်နှချောင်း ရှိသလဲဆိုတာ ငါ သိတယ်နော် မိန်းကလေး၊ ရထားတစ်တွဲတည်း စီးရလို့ သိပ်ပျော်နေတာ မသိဘူး ထင်သလား"

"အူ ဘယ်နှချောင်းရှိတာသိမှန်း မကြွားပါနဲ့၊ ဆေးကျောင်းသူ အချင်းချင်းပါနော်၊ အူဘယ်နှလက်မ ရှိသလဲပါ ပြောရင် ပိုကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ … ဟော့ စကားမလွဲနဲ့၊ ကဲ … ဘယ်လိုလဲ၊ မြန်မာ ကတော့ နင့်ကို တော်တော်လေး မကြာခဏ စိုက်ကြည့် တာတွေ့တယ် အက္ခရာ၊ ပြည့်နဲ့ နေနေ သိပုံရတယ် သူလည်း ရင်ဖွင့်ထားပုံ ရတယ်၊ သူ့ကို ဖန်တီးပေးဖို့ ပြင်ဆင်နေကြပုံပဲ”

ဘုရား … ဘုရား သူမ မလိုလားခဲ့သော အခြေ အနေတစ်ခုကို မကြာခင် ရင်ဆိုင်ရတော့မည်တဲ့။ မြန်မာက ‘ငါ အက္ခရာကို စိတ်ဝင်စားတယ်’လို့ ပြည့်နဲ့ နေနေ့ကို ပြောထား သလား။

ဟုတ်မယ်၊ ပြည့်တို့ပုံစံက မရိုးသားဘူး။ မေမေရေ မေမေ စိတ်ချသော သူငယ်ချင်းကောင်ကလေးတွေက မေမေ့ သမီးကို ဖျက်ဆီးနေပါတယ်လို့ အော်တိုင်လိုက်ချင်ရဲ့။

“ခုတ်ပုံကိစ္စသိပြီးလို့ ဒီလို လာပြောတာပဲလို့ ငါ ယူဆ တယ် အိမ့်၊ ငါ သူ့အချစ်ကို မယုံဘူး၊ သူလာပြောရင် ခါးခါးသီးသီး ငြင်းပစ်မှာ သိလား၊ ပြည့်နဲ့ နေနေကို သူ ဘာတွေ ရင်ဖွင့်ဖွင့် ပြည့်တို့ ငါ့ကို ဘယ်လောက် တိုက် တွန်းပါစေ ငါတော့ တစ်သက်မယုံဘူး”

“ဟဲ့ … ဒီလိုဟုတ်မယ် မထင်ပါဘူး၊ အစကတော့ ငါလည်း ဒီလို တွေးမိတာပဲ၊ အခုတော့ လေ့လာကြည့်ရသလောက်





နင့်ကို တကယ်ပဲ မြတ်နိုးပုံ ရပါတယ်၊ နင့်အကြိုက်လိုက် ပြီး စီးကရက်တောင် နင့်ရှေ့မှာဆို သိပ်မသောက်တော့ဘူး၊ နင်ကမှ သူ့ကို သိပ်မကြည့်တာ၊ ကျောင်းမှာဆို ကင်န်တင်း ထဲ နင် ဝင်လာတာနဲ့ သောက်လက်စ စီးကရက်ကို ထိုး ချေပစ်လိုက်တယ်၊ နောက်ပြီး တခြားယောကျ်ားလေးတွေ လို အောက်တန်းကျတဲ့စိတ်လည်း မရှိပါဘူး၊ နင့်ဆီက ခုတ်ပုံအကြောင်း သူတစ်ယောက်ပဲ သိပေမဲ့ လျှောက် မပြောတာ ကြည့်ပါလား၊ အဲဒါ သူ ကောင်းလို့ပေါ့၊ တခြားကောင်လေးတွေသာဆို အရသာခံပြီး ပြောမှာပဲ၊ နင့်လို နာမည်ကြီးတစ်ယောက်က စွဲလမ်းပါတယ် ဆိုတာ ကို ဂုဏ်ယူပြီး လူသိအောင် ကြေညာနေမှာပဲ”

“အေး … သူသာ ငါ့ကို ဒီခုတ်ပုံ မမြင်ခင်ကထက် စောစောစီးစီး ပတ်သက်တယ်ဆိုရင် ငါ မငြင်းပါဘူး၊ အခုတော့ နင်သိအောင် ထပ်ကြေညာမယ်၊ ငါ့ကို လာ ပြောတဲ့နေ့မှာ သူ့ကို ငါ ငြင်းမယ်၊ ဒါပဲ”

အက္ခရာသည် ထိုစကားကို ရင်ထဲမှာ မွှမွှကြေလျက် ပြောရကြောင်း မိမိဘာသာ နားလည်ပြီး မျက်ရည်ဝဲချင်သည်။ အိမ့်မမြင်အောင် ပြန်ရှည်စပြုနေပြီ ပခုံးနားမရောက်တရောက် ဆံပင်တိုဖြင့် မျက်နှာကို ကွယ်ထားရပါသည်။ ပြီးတော့ မျက်ခွံ



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဆေးကြောင့် မျက်လုံးစပ်သလိုလိုနဲ့ ဟန်ဆောင်ပြီး လက်ကိုင်ပဝါဖြင့် ခိုးသုတ်ရပါသည်။ မွေးမွေးတို့က အက္ခရာနဲ့ အိမ့်သည် အမြဲ တွတ်ထိုးနေကျဖြစ်၍ ဘာတွေပြောနေသလဲ စိတ်မဝင်စားပေ။ အက္ခရာတို့ရဲ့ ခုနစ်ယောက်သော Trip အုပ်စုထဲမှာ အက္ခရာနဲ့ အိမ့်က တစ်တွဲ၊ မွေးမွေး၊ ပုန်းညက်နဲ့ သူတို့ခေါ်တဲ့ သူငယ်ချင်းကောင်မလေး သက်ထားတို့က တစ်တွဲ၊ ပြည့်နဲ့ နေနေက တစ်တွဲစီ ကွဲပြားနေလေရဲ့။

ဂစ်တာကြိုးညှိသံ သဲ့သဲ့ကြားတော့ အိမ့်က အက္ခရာကို လက်ကုတ်၏။ ဒါဆို သေချာတယ်။ မြန်မာ ဂစ်တာကြိုးညှိနေလို့ပဲပေါ့။ ဘယ်သူ့ဂစ်တာ ပါလာလို့လဲ။ ဟင့်အင်း၊ လုံးဝမကြည့်ပါဘူး။ အိမ့်ပခုံးပေါ် ခေါင်းလှဲချပြီး အိပ်ပစ်ဖို့ မျက်လုံးမှိတ်၏။ သူဟာ ငါ့ကို ချစ်တယ်လို့ ကြေညာတယ်ဆိုတာတာ ငါ့ဘက်က စတင်မှုကြောင့် သတထားမိပြီး ချစ်လာတဲ့အချစ်။ ငါ့ကို သူ့နှလုံးသားထဲကနေ စွဲလမ်းလာတဲ့ အချစ်နဲ့ ချစ်တာ မဟုတ်ဘူး။

သူ့ဓာတ်ပုံ ခိုးရိုက်ထားတယ်လို့ သိပြီးကတည်းက ငါ့အကြောင်းတွေ တွေးရင်း ဖြစ်ပေါ်လာတဲ့ ဒါမှမဟုတ် မကြာခဏ ငါ့အကြောင်း တွေးမိရင်းက သူ့စိတ်တွေကို လွှမ်းမိုးလာတာဟာ ငါ့ကို ချစ်တာပဲလို့ ထင်ယောင်ထင်မှား မှတ်ချက်ချတဲ့





ရဲ့ အလွမ်းဝေဒနာကို ဖြေဖျောက်တဲ့ အချစ်မျိုးနဲ့ချစ်တာ။ တ်တယ် သိပ်သေချာတာပေါ့။ ဒါ မမှားနိုင်ဘူး။

အကယ်၍ သူ့ကောင်မလေးက ဒီအချိန် ပြန်လာ ည့် ငါ့ကို ဖြုန်းခနဲ မေ့ပစ်သွားမှာ။ ဘယ်လောက်ကံဆိုးလိုက် ငါလည်း။ သူ့ချစ်သူကလေးနဲ့ ယှဉ်လိုက်တိုင်း ရှုံးနိုင်တဲ့ ကဏနည်းတဲ့ အချစ်နဲ့ တွေ့ဆုံနေရတာ။

အကြင်နာရောင်သမ်းတဲ့ … တိမ်တိုက်တွေ ဖြတ်သန်း
ကျော်လွန်ခဲ့ … အတောင်ပံတွေကို လွှင့်လို့ရယ် …
ဝေဟင်ပေါ်ကို ပြေးတက်မယ် …တောင်တွေကျော်ကာ
မိုးသားအလယ် … အို… ကိုယ်လေ ရာဖွေတွေ့ခဲ့တယ် …

အိမ့်က 'မြန်မာဆိုနေတာ'ဟု ခပ်တိုးတိုး သတင်း းစရာမလိုပါ။ အက္ခရာက သူ့အသံကို ဘယ်နေရာမှာကြားကြား မှတ်မိနေတတ်တာ ကြာပါပြီ။ အဲဒါ အက္ခရာရဲ့ အားနည်း ကဲပဲ ဖြစ်သည်။ သူ့အပေါ် အပြင်ပန်း တင်းမာ၍ ဟန်ဆောင် ားရသလောက် ရင်ထဲမှာတော့ ထိုသို့ ဟန်ဆောင်ရခြင်းမှာ စ်စစီ ပဲ့ကြွေနေခဲ့တာ အမှန်ပါပဲ။

ဒါဟာလေ အိပ်မက် မဟုတ်ဘူး … ယုံလိုက် စစ်မှန်တဲ့
အချစ်ညလေးပဲ … အထူးခြားဆုံး … ကြုံတွေ့လာခဲ့ … ဒါဟာ
အိပ်မက်မဟုတ်ဘူး … အိပ်မက်မဟုတ်ဘူး …



www.burmeseclassic.com

www.burmeseclassic.com



မေရေ ...

ကြည့်စမ်း သူ ဒီသီချင်းကို မှတ်မိနေတယ်ဆို ကတည်းက ဓာတ်ပုံကိစ္စကြောင့် စတင်တဲ့ အချစ်ဆိုတာ မေ့ထား လို့ မဖြစ်ဘူး။ ဟုတ်တယ် ဘယ်လောက် ကြေကွဲစရာ ကောင်း သလဲ။ အက္ခရာဆိုတဲ့ မိန်းမတစ်ယောက်အတွက် သူမ ချစ်သော ယောကျ်ားတစ်ယောက်ထံမှ လက်ခံရရှိသော 'ချစ်ခြင်း'က မစင် မှန်ဘူးဟု ယူဆကာ ခပ်တိုးတိုး ရှိုက်လိုက်မိ၏။





"ဟဲ့ ... အက္ခရာ အခုမှ လာတယ် ဟုတ်လား၊ မနက်က ဆေးရုံ မသွားဘူးလား"

"မသွားလို့ အခုမှ လာတာပေါ့ဟဲ့၊ အိမ့်နဲ့ငါ တိုင်ပင်ပြီး မသွားတာ၊ အိမ့်ရော ရောက်နေပြီလား၊ ဘယ်မှာလဲ"

"အတန်းထဲက စောင့်နေမယ်တဲ့၊ Trip က ဓာတ်ပုံတွေ ရွေးလာတာ ငါ့ကို ပေးခဲ့ဆိုတာ မပေးဘူး၊ နင်ပဲ တောင်း ပေးပါဦး၊ ငါလည်း ငါတို့ပုံ ကြည့်ချင်တာပေါ့၊ အိမ့်က ဘာလို့ တိုတောင်းနေရသလဲမသိဘူး"

"အေးပါ ကွဲ ... ငါသွားမယ်"

သူမ၏ အဝတ်အစားအရောင် ခပ်များများတို့သည် အစိမ်းရောင်များသဖြင့် သူမ အစိမ်းရောင် ကြိုက်သလားဟု ည့်ဖြိုးဟန်ကို မေးကြည့်ဖူး၏။ အစိမ်းရောင်ကြိုက်သတဲ့ သူမရဲ့ ားကပ်စိမ်းလေးတစ်ဖက် ပြန်ပေးချင်တာတောင် မပေးရဲသော ာဝမို့ ထိုနားကပ်ကလေးကို သူမအစား မြတ်နိုးနေရသူမှာ န်မာပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"Tripမှာထဲက မင်း အပြီးပြောလိုက်ရင် ကောင်းသားကွာ၊ အခုတော့ ပို့စတင်က ဆာဂျရီ (Surgery)လည်းဖြစ် ဝဒ် (Ward)လည်း ကွဲတော့ မင်းတို့ ဘယ်သိပ်တွေ့ ရတော့မလဲ၊ အိုဂျီ (O.G)တုန်းက စင်ထရယ် (Central)မှာ အတူတူကျတာဆို ဟုတ်လား"

"ဟုတ်တယ် ... ဒါပေမဲ့ ငါက အဲဒီတုန်းက အက္ခရာကို မချစ်မိသေးတာ၊ Tripတရစ် (ပ) သွားခါနီးမှ ဘာဖြစ်လို့မှန်းမသိဘူး ကြည့်ရင်း ချစ်လာမိတာကွ"

ပြည့်ဖြိုးဟန်က ရယ်၏။ နေနေရောက်လာပြီး ဝင်ထိုင်တော့ အက္ခရာ မန္တတ်ဆက်ခံရ၍ ငေါင်နေသော သူ့ကို ဝိုင်းရယ်ပေးကြပြန်သည်။ ရယ်တော့ ... ရယ်တော့၊ Tripမှာကတည်းက သူတို့ ကြိုးစားပေးမယ်၊ ပြောတော့ဟူ၍ တွန်းအားပေးသလောက် အက္ခရာ၏ အရင်ကနဲ့မတူသော အမူအရာတွေကို ဘာသာပြန်တတ်ပြီးသား ဖြစ်နေသူပီပီ လုံးဝမပြောတော့ဖို့ ဆုံးဖြတ်ထားခဲ့လေသည်။ တကယ်ပါ အက္ခရာ။ အက္ခရာထင်သလို ငါ့ကိုကြိတ်ပြီး သဘောကျနေတဲ့ ကောင်မလေးလို့ ယူဆပြီး အပျော်တွဲလိုစိတ်နဲ့ ချစ်ကြည့်တာ မဟုတ်ပါဘူး။ အက္ခရာကို ချစ်သွားတဲ့နေ့ဟာ First test စဖြေရတဲ့ နေ့ပဲ။ စာတွေ ငုံ့ကျက်နေရာက သူ ဝင်လာသော မော့ကြည့်စဉ် ဆုံရသော မျက်ဝန်းကလေးရဲ့ စိုးရွံ့မှုများမှာ ကျဆုံးသွားခဲ့တာ။





ကိုယ် နားလည်တယ် အက္ခရာ။ မင်းကိုတော့ ယ်က အထင်သေးတော့မှာပဲဆိုတဲ့ စိတ်နဲ့ ရှောင်တာ။ ကိုယ်နဲ့ ရမှာ စိုးရွံ့တာ။ ကိုယ့်ကို ခပ်စိမ်းစိမ်း ပြုမူတာတွေ ဘာကြောင့် တာ ကိုယ် နားလည်ခဲ့ပြီ။ ဒါကြောင့် အက္ခရာကလေး စိတ် း်သာဖို့ ချစ်မိသမျှ ရင်ထဲမှာပဲ မျိုသိပ်ထားပါမယ်။

"အလကား အိမ့်က တိုတောင်းတာ၊ မြန်မာ ရှိနေလို့ ဒီဓာတ်ပုံတွေထဲက အက္ခရာပုံကို ကြည့်မှာစိုးရိမ်ပြီး ငါတို့ကို မပြတာ၊ အက္ခရာ တီဗီထဲမှာ က,တာ၊ စင်ပေါ်မှာကတာတော့ တခြားကောင်တွေ မကြည့်မှာ ကျနေတာဘဲ၊ ဒီလဆို မဂ္ဂဇင်းမျက်နှာဖုံးရှင်တောင် ဖြစ်လိုက်သေး၊ ကျိတ်ကြိုက်နေတဲ့ကောင်တွေ ဝယ်မသိမ်းဘူး ပြောနိုင်လား၊ ငါတို့က အက္ခရာကို ခင်လွန်းလို့ မြန်မာနဲ့ သဘောတူတာ၊ နောက်မို့ ငါတို့ရဲ့ မြန်မာကြီးလို မိန်းကလေးတစ်ယောက်ကို ဖွဲဖွဲလမ်းလမ်း ချစ်တတ်တဲ့ လူမျိုးကို ဘယ်မိန်းမနဲ့မှ ထပ်ပြီး သဘောတူမှာ မဟုတ်ဘူး"

"အေးဗျာ မြန်မာကလည်း ဘာလို့ နေ့ရတာလဲ၊ မကြာခင်ဆို စက္ကင်းဘက်စ် (Second test)လာတော့မှာ၊ ပြီးရင် ဖိုင်နယ်လ် (Final) ပဲ၊ ဒီနှစ်မှာ ဓာတ်လမ်းပြီးနေမှ ဖြစ်မှာပေါ့၊ ပတ်တူး (Part II)ဆို ဦးနှောက်မှာ တခြား ဘာမှ တွေးဖို့ နေရာတောင် မကျန်အောင် စာတွေ အပြည့်အသိပ် ထည့်



www.burmeseclassic.com

www.burmeseclassic.com



ရမှာဗျ၊ ကိုယ့်အတန်းသားချင်း ဒါမှမဟုတ် ကိုယ့်ကျောင်းက လူအချင်းချင်း အဆင်ပြေတာ ကောင်းပါတယ်ဗျာ။ စာကျက်ရလည်း အတူတူကျက်လို့ ရတယ်၊ တစ်ယောက်ကိုတစ်ယောက် နားလည်မှုလည်းရှိပြီး ခွင့်လွှတ်ပေးနိုင်ကြတယ်၊ မိဘတွေလည်း အများအားဖြင့် ကျေနပ်သဘောတူကြတယ်နော်၊ အတွေးမမှားစေနဲ့"

"နေပါစေကွာ၊ ငါ့ကြောင့် အကွာရာ စိတ်အနှောင့်အယှက်ဖြစ်သွားမှာ မလိုလားဘူး၊ သူက ငါ့ကို ကြည့်ပုံမရပါဘူး သူ့လို နာမည်ကြီးတဲ့ လူတစ်ယောက်ကို စိတ်ကူးယဉ်တယ်ပဲ ထင်မှာပါ"

နေနေက မခံချင်စွာ အော်၏။

"ပြောနိုင်လား ... ပြောနိုင်လား၊ မင်းက လုံးဝ မကြိုးစားဘဲ တထစ်ချ ပြောနိုင်လား"

မပြောနိုင်ပါဘူးကွာ။ အကွာရာလည်း သူ့ကို ကျောင်းစတက်တက်ချင်း ကျတဲ့ ပီအက်စ်အမ် ပို့စတင်ကတည်းက ခွဲလမ်းနေတယ်။ ချိုင်းလ် (Child)မှာ ဝဒ် ကွဲသွားပေမဲ့ အိမ်နဲ့ မကြာခဏ လာလည်ဟန်ပြပြီး သူ့ကို ခိုးကြည့်တယ်၊ အိုဂျီ (O.G)တုန်းက နိုက် (night)ဂျူတီကျရင် သူနဲ့အတူတူ ကျတဲ့ နေ့တွေဆို သူမနဲ့ အိမ့် တွတ်ထိုးရင်း သူ စားပွဲပေါ်မှောက်အိပ်နေ၍ သူမ ထိုင်ငေးရင်း ဖြတ်သန်းခဲ့ရတဲ့ ပို့စတင်ကာလ။ အဲ





ဆာဂျရီ (Surgery)ပြီးရင် မယ်ဒစ်ဆင် (Medicine)မှာ ဝဒ်တွေ မတူတော့တဲ့ ပို့စတင်ကာလတွေမှာတော့ အကွာရာက သူ့ကိုရှောင်ပြီး သူက အကွာရာကို သွားချောင်းကြည့်နေခဲ့ရပြီ။ တစ်နှစ်လုံး ပို့စတင်ငါးခုမှာ သုံးခု ဖြတ်သန်းရတဲ့ ကာလကတည်းက သူမဟာ သူ့ကို တိတ်တခိုး စွဲလမ်းခဲ့ရသူကလေး။

သူမရဲ့ လျှို့ဝှက်ချက်ကို သူ သိသွားချိန်ကစပြီး တင်းမာသွားခြင်းကို နားလည်ခွင့်လွှတ်ပေးနိုင်ခဲ့သားပင်။ ဒါပေမဲ့ သူမရဲ့ နှလုံးသားမှာ သူ့အတွက် နေရာပေးပြီးသားဆိုတာကို သိပြီးနှင့်သူဖြစ်၍ သူမထံမှ တရားဝင် အဖြေစကားအား သည်တစ်သက် မကြားရဦးတော့ မြန်မာဆိုသော ယောကျ်ားတစ်ယောက်က ဖြေသိမ့်နိုင်သားပင်။ အကွာရာထံမှ ပထမဆုံးသော ချစ်ခြင်းတစ်ခုကို ပိုင်ဆိုင်ခွင့်ရသူဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ချင်သားပင်။

"အတန်းသွားတက်မလား နေနေ"

"ကဲ ... မပြောဘူးလား၊ အကွာရာ အတန်းထဲ သွားပြီဆိုလို့ စိတ်ပြောင်းပြီး ပီအက်စ်အမ်အချိန် မတက်စဖူး တက်လိုပါလား"

"ဟာ ... သိရင်လည်း ငြိမ်ငြိမ်နေကွာ၊ မင်းတို့ မလိုက်ရင် နေ၊ ဟိုမှာ အံ့သော်နဲ့ သိန်းထွန်း ရပ်စောင့်နေပြီ၊ ငါ လိုက်သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်မယ် လိုက်မယ်၊ ပီအက်စ်အမ် တက်ဖူးသွားအော
တက်လိုက်ဦးမယ်"

သူ့နောက်က တဖုန်းဖုန်း ပြေးလိုက်လာကြသော နေနေနဲ့ ပြည့်ဖြိုးဟန်တို့သည် အဆောင်မှာ ဖဲသွားရိုက် ခင်မင်သွားကြတာပေမဲ့ အရင်က သိပ်မတွဲဖြစ်ပါ။ Tripအုပ် အက္ခရာတို့နဲ့ သွားမည်ဆို၍ ဘာဖြစ်လို့ သွားသလဲဟု ကြည့်မှ ငယ်ငယ်ကတည်းက ပေါင်းလာသော သူငယ်ချင်း မှန်း အကြောင်းစုံ သိခွင့်ရခဲ့သည်။ အဲသည်တုန်းက အက္ခရာ မချစ်မိသေးတော့ သိပ် အလေးမထားခဲ့မိပါ။ First test ပထမဆုံးနေ့မှာ အက္ခရာကို ချစ်မိနေပြီမှန်း သေချာသွားမှ ထွက်စဉ် ရထားပေါ် မတက်ခင်မှာကလေးတင် ပြည့်ဖြိုးဟန် ရဲရဲဝံ့ဝံ့ ကြေညာဖွင့်ဟပြီးမှ အက္ခရာကြောင့် ပိုမိုပြီး ပြည့်ဖြိုး နေနေတို့အား ရင်းနှီးကာ ပိုတွဲဖြစ်သွားတာပဲ ဖြစ်လေသည်

အတန်းထဲရောက်တော့ ခေါင်းချင်းဆိုင်ပြီး တွေ ကြည့်နေသော အက္ခရာတို့၏ တစ်ခန်းကျော်မှာ နေ ဝင်ထိုင်၍ သူက လိုက်ထိုင်တော့ နေနေက ပြုံးစိစိ လု သူ့ဘာသာဆိုရင် အက္ခရာရဲ့ ဘေးတစောင်း တခြားလို သွားထိုင်မိမှာပဲ။ အက္ခရာ အနေကျပ်မှာစိုးလို့။ သူ့ကို အ မမြင်အောင် တခြားလူတွေနဲ့ ကွယ်ထားမိမှာပဲ။ ဒါပေမဲ့ သည် တော့ နေနေက တမင် ဖန်တီးခဲ့သည်။

"ရွှတ် ... ရွှတ် အက္ခရာ ... အက္ခရာ"





ပြည့်ဖြိုးဟန်က တမင်ခေါ်မှန်း သူ ရိပ်မိ၏။ ဘာပဲဖြစ်ဖြစ် အက္ခရာ လှည့်ကြည့်တော့မည်။ ထို့ကြောင့် သူက ခေါင်းငုံ့ကာ လွယ်အိတ်ထဲက ဘောလ်ပင်နှိုက်သလိုလိုနှင့် အက္ခရာ မမြင်ချင်သော သူ့မျက်နှာကို ငုံ့ပစ်ဖို့ ပြင်ဆင်လိုက်၏။

"ဘာလဲ အရှေ့မှာ စာသင်နေတယ်၊ တိုးတိုးခေါ်"

"ဓာတ်ပုံ ဓာတ်ပုံတွေ ပြဦး၊ ငါတို့ ကြည့်မလို့၊ နင်တို့ အပိုင်စီးမထားနဲ့၊ နင်တို့က ကူးတာနော်၊ တစ်ယောက် တစ်ဝက်ပိုင်တယ်"

"အဲဒီ ဖလင်ဖိုး ပေးပါမယ်ဆိုနေမှ ဘာလို့ အကြွေးတောင်း နေရတာလဲ၊ ငွေနှစ်ရာကျော်လောက်များ လက်က ဟန်း ချိန်းမှ အားမနာ၊ ကဲ ... ကဲ ရော့၊ နင်တို့ပုံပဲကြည့် ငါတို့ ပုံတွေတော့ မရဘူး၊ ပြည့်ရဲ့ သွားရည်တွေ ပေမှာစိုးရိမ် တယ်၊ နင်က ပုန်းညက်ကို ငမ်းနေတာ မဟုတ်လား"

"လုပ်မနေနဲ့ သူငယ်ချင်း အချင်းချင်းတွေ မဂ္ဂဇင်းထဲက ပုံကျတော့ နင် မကြည့်စေချင်တဲ့ ကုလားကြီးလည်း ကြည့်မှာပဲ၊ တရုတ်ကြီးလည်း ကြည့်မှာပဲ"

"နေနေ ပါးစပ်ပိတ်ထားစမ်း၊ နင့်ကို အန်တီနဲ့ တိုင်ပြော မယ်၊ အကြွေးတစ်သောင်းတင်တာ ဟန်းချိန်းကို တမင် ပျောက်တယ်ပြောပြီး ရောင်းဆပ်တာ ငါသိတယ်ဆိုတာ နင် မေ့မထားနဲ့၊ ဘလက်ခ်မေးလ် (Black mail) ရှိတယ် သတိထား"



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်မှ စကားများတဲ့ အက္ခရာလေးပဲ။ သည် စကားဝိုင်းထဲမှာ ဘယ်တော့များမှ ဝင်ပါခွင့် ရပါ့မလဲ။ ကိုယ့်မှာ မင်းကို လိုက်ကြည့်ချင်တာတောင် မင်းရဲ့ကို ငဲ့ညှာပြီး စိတ်မဝင်စားသည့် ဆရာမရဲ့စာသင်ကြားမှုတွေမှာ ပါဝင်တဲ့ ပီအက်စ် အခ်မ်စာအုပ်ကို လိုက်ကြည့်နေရတယ်။ တကယ်တော့ နဒီကြောင့် လှုပ်ရှားခဲ့ရတဲ့ နှလုံးသား၊ နဒီကြောင့် မှုမှုကြေခဲ့ရတဲ့ နှလုံးသား နဒီကြောင့် အပျော်တွေ ဆိတ်သုဉ်းခဲ့ရတဲ့ နှလုံးသားမှာ နောက်ထပ် အချစ်တစ်ခုကို ထပ်မွေးဖွားဖို့ မကြိုးစားခဲ့ပါဘူး။ မင်းကြောင့်ပဲ မင်းလေးကြောင့်ပဲ။ အရာရာကို ပြောင်းလဲပစ်ခဲ့တာ မင်း မသိဘူး။ အက္ခရာ မင်း မသိဘူး။

တစ်နေ့ကျရင်တော့ ကိုယ်ရဲ့ အမှန်တကယ် ဖြစ်တည်တဲ့ ချစ်ခြင်းတစ်ခုကို ဖွင့်ပြောခွင့် မင်းကို ပိုင်ဆိုင်ခွင့်နဲ့ ဆုံစည်းချင်သေးရဲ့။

"အက္ခရာ သူတို့ပုံ မပြလည်းနေပေါ့၊ ဒီမှာ group အလိုက် ရိုက်တော့ပါတာပဲ၊ ကဲ ... ကဲ မြန်မာ ကြည့်၊ အက္ခရာရဲ့ မျက်နှာကို ခိုးကြည့်ရတဲ့ဘဝ၊ အက္ခရာနဲ့ မျက်နှာချင်းဆိုင် ရင် ရှောင်ရတဲ့ဘဝက ခဏလွတ်ချိန်ပဲ၊ ဓာတ်ပုံထဲမှာ ကြည့်သာကြည့် ဂရု(ပ်)ပုံဆိုတော့ သေးတော့ သေးတာပေါ့ ဒါပေမဲ့ ရပါတယ်နော်၊ မကျေနပ်ရင် သူ့ မျက်နှာဖုံးပါတဲ့ မဂ္ဂဇင်းအဖုံးကိုဖြဲပြီး မှန်ပေါင်သွင်းပြီး ကြည့်ပါလား"





"ဟော့ကောင် ပြည့်ဖြိုးဟန် တိုးတိုးပြောကွာ၊ အက္ခရာ ကြားသွားမယ်၊ စိတ်ဆိုးသွားရင် မကောင်းပါဘူး"

"အခုကတည်းက ကြောက်နေပြီ၊ အက္ခရာတို့များ ကုသိုလ်ကံကို ကောင်းတယ်၊ သူ နိုင်လို့ရမဲ့သူနဲ့ချည်း တွေ့ရတယ် လို့ကွာ၊ ဟော့ကောင် နေနေ ဒီကောင် မပြောလည်းနေတော့၊ ငါတို့ပဲ သူ့အစား ပြောပေးရအောင်၊ ဒီကောင့် ရောဂါကို သနားလာပြီ"

Trip မှာ သူက နေနေတို့အုပ်စု တာဝန်ကျရာ သူတို့နဲ့ မဝေးသော ဒေသကလေးကို ခဏ ခဏ လာလည်တိုင်း အားလုံးက ဝိုင်းချွဲခံသလောက် အခန်းထဲ ဝင်ချင်ဝင်၊ ကျော ခိုင်းပြီး စာအုပ်ဖတ်ရင်ဖတ်၊ ဝေါ့ခ်မင်းန် နားထောင်ရင် နားထောင် နေတတ်သော အက္ခရာကြောင့် ခပ်မှိုင်မှိုင် လှည့်ပြန်ရသော သူ့ကို အိမ်ဆည်းလည်းတောင် သနားသည်ဆိုမှတော့ နေနေတို့နှစ်ယောက် က သူ့အစား အက္ခရာ၏ တင်းမာမှုကို ဒေါသဖြစ်ကြသည်။

တကယ်တော့ အက္ခရာ ဘာကြောင့် တင်းမာပြ သလဲကို နားလည်သော သူက ခွင့်လွှတ်နိုင်ပါသည်။ သူ့ကို ကျောခိုင်းထိုင်နေသော သူမကလေးရဲ့ တန်ဖိုးကြီးမားတဲ့ အချစ် ကို သူ ပိုင်ဆိုင်နေပြီမှန်း သိပြီးပြီပဲ။ ဘာများ လိုသေးလို့လဲ။ အချစ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဖွင့်ပြောကြမှရယ် မဟုတ်ပါဘူး။ မိမိချစ်သော ချစ်သူထံမှာ မိမိအတွက် အချစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု အဆင်သင့် ရှိနေပြီမှန်း သိနေခဲ့ရင် သည်ချစ်ခြင်းတစ်ခု
ပြီးပြည့်စုံခဲ့ပြီ။

"မြန်မာ မင်းက ဘာလဲ၊ အရင်ကောင်မလေးကို စိ
မပြတ်သေးလို့ ချင့်ချိန်နေတာလား"

ပြည့်ဖြိုးဟန်က အဲသည်လိုတော့ မကြာခဏ မေး
ဖူး၏။

"မဟုတ်ပါဘူးကွာ၊ နဒီကို အရင်ကထက်စာရင် နည်းနည်း
မေ့လို့ရပေမဲ့ သိပ်ပြီး တမ်းတမ်းတတ မရှိလှပါဘူး
ငါတို့က တစ်လမ်းစီ လျှောက်နေပြီပဲ၊ ပြန်မှ မဆုံတော့တာ
နဒီကိုချစ်တဲ့အချစ်နဲ့ အက္ခရာကိုချစ်တဲ့ အချစ်နှစ်ခု
တစ်မျိုးစီပါ၊ ပမာဏချင်းတူရင် တူမယ်၊ ပုံစံချင်းတော့
မတူပါဘူး၊ ဒါပေမဲ့ ငါ့အကြောင်းနဲ့ငါ ဖွင့်မပြောတာပါ"

"ရုပ်ထွေးလိုက်တာ၊ မင်းက စတွေ့ကတည်းက ထူးဆန်း
တာတွေ သယ်လာတဲ့ကောင်၊ အခုထိ ထူးဆန်းတုန်း"

နေနေကတော့ စိုးရိမ်တကြီး မေးဖူးတာ ရှိသည်။

"တကယ်လို့ နဒီပြန်လာရင် အက္ခရာနဲ့ နဒီမှာ မင်း
ဘယ်သူ့ကို ရွေးမလဲ၊ အဲဒါ ငါတို့ရဲ့ သူငယ်ချင်း အက္ခရာ
အတွက် အရေးအကြီးဆုံးပဲကွ၊ ပြောစမ်းပါ တော်ကြာ
ငါတို့ဝိုင်းပိုလို့ မင်းတို့ အဆင်ပြေပြီးမှ ဒီသတင်းကြားရ
ဒီလိုဒုက္ခတွေ မင်းတို့ ရင်ဆိုင်ရမှာ မလိုလားဘူး"





အက္ခရာသည် သူငယ်ချင်းကောင်းများ ပိုင်ဆိုင်ထား
သော မိန်းကလေးပဲ ဖြစ်လေသည်။ သူမအတွက် စိုးရိမ်ပေးကြ
သူတွေ ရှိနေကြောင်း သူမ မသိဘူးထင်ပါရဲ့။ သူတောင် တစ်ခါမှ
မတွေးဖူးသော အဖြစ်အပျက်မို့ ရုတ်တရက် မဖြေနိုင်ခဲ့ချေ။

"နဒီက ဘယ်တော့မှ ပြန်လာမဲ့သူ မဟုတ်ပါဘူး၊ ငါ့ကို
သာ မရမက ခေါ်ရင်ခေါ်မှာ၊ ငါကလည်း ဘယ်တော့မှ
လိုက်မသွားဘူး၊ ဒက်ဒီ့ကိုချစ်လို့ ဒက်ဒီနဲ့ နေခဲ့တဲ့ ကောင်
ပါ၊ မာမီနဲ့ အစ်မကိုတောင် ခွဲခဲ့သေးတာပဲ၊ စိတ်ချ မင်း
တို့ အက္ခရာဟာ မြန်မာပြည်မှာ ရှိနေသ၍ မြန်မာဆိုတဲ့
ငါနဲ့ လက်တွဲရမှာပါ"

ထိုအခါ ပြည့်ဖြိုးဟန်နဲ့ နေနေ သက်ပြင်းတွေချလျက်
စိတ်အေးသွားကြဟန် ပြသနိုင်ခဲ့လေသည်။ အင်း၊ အံ့ဩရလေစွ၊
ထူးဆန်းလေစွ။ ကာယကံရှင်ကိုယ်စား ကြိုတင်စိုးရိမ် ပူပန်ပေး
ကြသူတွေ သည်လောကမှာ ရှိနေသတဲ့။ ဘယ်လောက် စိတ်ဝင်
စားစရာကောင်းတဲ့ သူနဲ့ သူမရဲ့ အကြောင်းလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၆

အကယ်၍ မမကြီး ဝယ်လိုသော ချိတ်လုံချည်
သည် သည်ဆိုင်မှာသာ မရှိခဲ့ဘူးဆိုလျှင် သူနဲ့ အက္ခရာတို့ ထ
ရင်းနှီးပတ်သက်စရာ အကြောင်းမရှိပါ။ နာမည်ကြီးဆိုင်တစ်
ဖြစ်သော ချိတ်လုံချည်တွေချည်း သီးသန့်ရောင်းသည့် စတိုး
သည် မြန်မာနဲ့ ပတ်သက်နေလိမ့်မည်ဟု တစ်ခါမှ သတင်းမ
မှုး၍သာ အက္ခရာသည် ချိတ်လုံချည်တွေ ငေးမောလျက် မမ
ရွေးလိုသော အဆင်ကို လိုက်လံအကြံပေးမိတာပဲ ဖြစ်သည်

"ညီမလေး ဒီအဆင်လေးဆို ကောင်းမလား၊ သိပ်လ
မဆန်းဘူး၊ ရိုးရိုးလေးနဲ့ ကျက်သရေ ရှိတယ်၊ အ
ကလည်း ငါလိုချင်တဲ့ အရောင်မျိုးပဲ"

"အဆင်ဆန်းဆန်းလေး ရှာပါလား"





"ဟဲ့ လူသုံးဆယ်လောက်ပဲရှိမဲ့ စေ့စပ်ပွဲကို တော်ရုံသင့်ရုံ ဝတ်ရင် ပြီးရောပေါ့၊ ဟိုပုဂ္ဂိုလ်က ငါ ဝယ်လာပြီးတဲ့ အရောင်ကို ပြတဲ့၊ ပြီးမှ သူ့ဘာသာ အရောင်ချင်းညှိပြီး ပုဆိုးဝယ်တော်မူမှာ"

ထိုသို့ လုံချည်တွေ ဖြန့်ကြည့်လျက် တိုင်ပင်လို့
ကောင်းတုန်းရှိသေး ဆိုင်ထဲကို ပြေးဝင်လာသော လူရိပ်တစ်ရိပ်ဟာ
အက္ခရာနံဘေးဆီ တန်းတန်းမတ်မတ် ရောက်လာတော့မှသာ။
င်း မှန်တာပြောရရင် အဲသည့်အခိုက်မှာ ရင်ခုန် သွားသားပင်။

"အက္ခရာ"

အင်မတန်မှ ဝမ်းသာလှိုက်လှဲသော အသံဖြင့် ဖြစ်
သည်။ အက္ခရာသည် မမကြီး စူးစမ်းနေမှန်းသိ၍ ပြေပြေပြစ်ပြစ်
န်စကားပြောဖို့ ဆုံးဖြတ်မိခြင်းမှာ တစ်ခုခုရဲ့ စွမ်းအားတော့
မည်ထင်ရဲ့။

"ချိတ်လုံချည် လာဝယ်တာလား"

"ဟုတ်တယ်"

"ကြိုက်တဲ့အဆင် မတွေ့သေးဘူး ထင်တယ်၊ စိတ်ကြိုက် ရွေး၊ အကြာကြီး ရွေးလည်း ကိစ္စမရှိဘူး"

နေစမ်းပါဦး၊ သူနဲ့ ဘာဆိုင်လို့ သည်လောက်
ပါချင်နေတာလဲ။ တစ်ခုခုပဲ ... တစ်ခုခုပဲ။ သည်ဆိုင်နဲ့သူက
ပတ်သက်နေလို့လဲဟု အက္ခရာ ဇဝေဇဝါ တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျွန်တော့် အဒေါ်ရဲ့ ဆိုင်လေ၊ အဲဒါကြောင့် အကြာ
ကြီးရွေးလို့ ပြောတာပါ၊ အက္ခရာက ဘာဖြစ်လို့လဲဆိုပြ
စဉ်းစားနေတယ် မဟုတ်လား၊ ကျွန်တော် ဆိုင်ထဲဝင်ဝင်
ချင်း အက္ခရာကို တွေ့လိုက်လို့ လာနှုတ်ဆက်တာ၊ ဟို
အက္ခရာများ အနှောင့်အယှက် ဖြစ်သွားသလား မသိဘူး"

လာပြန်ပြီ၊ စကားက အနှောင့်အသွားကို မလွှတ်
ချင်ဘူး။ တောက် ... မမကြီး အကဲခတ်နေလို့သာပေါ့။ နှစ်ယောက်
တည်းသာ တွေ့ကြည့်။ ဟုတ်တယ် စိတ်အနှောင့်အယှက် ဖြစ်
တယ်ဆိုပြီး ရွှဲ့ပစ်မိမှာ အမှန်ပဲတည့်။

"ရိုးရိုးဝတ်ဖို့လား၊ ပွဲနေပွဲထိုင် အတွက်လား အက္ခရာ"

"ပွဲနေပွဲထိုင်ပါ၊ သြော် ... ဒါလေ မမကြီး အလကား တဲ့
အခု လာဝယ်တာက မမကြီး စေ့စပ်ပွဲအတွက် ဝတ် ဖို့ပါ
အက္ခရာလည်း ကြိုက်တာတွေ ရင် ဝယ်ချင် ဝယ်မိမေ
ထင်တယ်၊ ဒါပေမဲ့ အက္ခရာက ချိတ်လုံချည် မကြိုက်ဘူး
မမကြီး ... သူက မြန်မာတဲ့၊ အက္ခရာတို့ အတန်းထဲက"

အက္ခရာသည် သူမ၏ ထုံးစံအတိုင်း စကားမျ
ဆက်တိုက်ပြောပြီး မြန်မာနှင့် မမကြီးကို မိတ်ဆက်ပေးလိုက်၏။
မြန်မာသည် မမကြီးအား ခေါင်းညိတ် ပြုံးပြလျက် 'မမကြီး
အက္ခရာကို လာပို့ လာကြို လုပ်လို့ မြင်ဖူးပါတယ်'ဟု လျှာ
ရဲ့။ အံမယ် သူ့မမကြီး ကျနေတာပဲ၊ လူလည်ကတော





ချက်ချင်း သူ့မမကြီးလို့ ခေါ်လိုက်ပုံကိုက သူနဲ့ ဆိုင်သလား။ စက္ကင်းတက်စ်ဖြင့် နီးနေပြီ စာကျက်ဖို့ စဉ်းစားသေးပုံ မရချေ။ သူ့ဟန်ပန်က လွတ်လပ်ပေါ့ပါးလို့ နေလေသည်။ အက္ခရာမှာသာ မမကြီး စေ့စပ်ပွဲ လုပ်မည်ကို နောက်ဆံ တငင်ငင်နှင့် မပျော်နိုင်။ အခုတောင် မမကြီး အတင်းခေါ်လွန်းလို့သာ စာကျက်နေရင်း ဒီအတိုင်း လိုက်လာဖြစ်ခဲ့တာပဲ။

စဉ်းစားကြည့်။ စာကျက်ထားတဲ့ လူတစ်ယောက်ရဲ့ ရုပ်ရည်ဟာ မျက်ခွံတွေမို့လို့။ ဒါပေမဲ့ မျက်ကြောတွေက စင်းကျ၊ ခပ်ငေါင်ငေါင်ပုံစံ။ သနပ်ခါးတွေ ခပ်ထူထူလည်း လိမ်းထားသေး၍ ယခုတော့ အကြွင်းအကျန်အနေနှင့် မျက်လုံးနေရာ တစ်ဝိုက်နှင့် တချို့တလေ ကွက်လို့။ အင်း ... မမကြီးက မိတ်ကပ်ရိုက်ပါဦးလား ပြောတာတောင် စာတွေမရသေးလို့ စိတ်ညစ်တာနဲ့ မိတ်ကပ် မရိုက်ခဲ့မိဘူး။ သူတော့ ငါ့မျက်နှာကို တကြည့်ကြည့် လုပ်နေပုံ ထောက်ရင် တော်တော် အကြည့်ရဆိုးလို့ပဲ ဖြစ်မယ်။ အက္ခရာသည် နံဘေးမှာ သူ ရပ်ကြည့်နေတယ်ဆိုတာနှင့် မမကြီးပြသော ချိတ်အဆင်တွေကို စိတ်မဝင်စားနိုင်တော့ချေ။ မမကြီးက ကောင်းလားဆို ကောင်းတယ်ချည်း ထောက်ခံနေရသော်လည်း တကယ့် တကယ် ဘာမှ မမြင်တော့အောင် သူ့ကြောင့် ကယောင်ချောက်ချား ဖြစ်ရသတဲ့။

"အက္ခရာ စာတွေ ကျက်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ကျက်နေပြီ"

"ပိအက်စ်အမ် ဘယ်လို ကျက်သလဲ"

"စာအုပ်ထဲကပဲ ကျက်စရာရှိတာ၊ အဲဒါ ကျက်တာပေါ့၊ မေးခွန်းလာရင် အဖြေရှိအောင် ကျက်သင့်သလောက် ကျက်ထားတာ"

"ကျွန်တော်လည်း အဲဒီလိုလုပ်ရင် ကောင်းမလား စဉ်းစားနေတာ၊ အခုထိ ဘာမှ မကျက်ရသေးဘူး၊ ဘယ်ဘာသာ အရင် ကျက်ရင် ကောင်းမလဲ၊ အကြံပေးပါဦး"

ကျွတ် ... အင်မတန် စကားများတဲ့ ကောင်ကလေးပဲဟု စိတ်ထဲမှာ ရေရွတ်မိတော့သည်။

"ညီမလေး ငါ ဒါပဲ ယူတော့မယ်ဟာ၊ ရွှေဖလားရောင်လေးက ကျက်သရေ ရှိပါတယ်နော်"

"နင်ရော ဘာယူမလဲ"

"တော်ပြီ ... မယူတော့ဘူး၊ ငါမှ မကြိုက်တာ၊ ကဲ ... ဈေးပြီးရင် မြန်မြန်ဝယ်ဟာ အိမ်ပြန်ချင်လှပြီ၊ ငါ စာတွေ မရသေးဘူး မမကြီးရဲ့"

"အမ်မယ်လေး ... နင့်စာတွေက တစ်သက်လုံးရမဲ့ စာတွေ မဟုတ်ဘူး၊ ဒီလိုပဲ နှစ်တိုင်း ညည်းရင်း အောင်သွားတာပဲ နင် မပူပါနဲ့၊ နင့် သူငယ်ချင်း မြန်မာက အခုမှ စာကျက်မှာဆို၊ ခုန ပြောသံကြားတယ်"





မြန်မာသည် မမကြီးအား ခပ်ရှက်ရှက်ဖြင့် 'ဟဲ ... ဟဲ ...'ဟု အသံကလေးထွက် ရယ်ပြလျက် ...

"ဟုတ်တယ် မမကြီး"

"အို ... သူတို့က ယောကျ်ားလေးတွေ ဉာဏ်ကောင်းတယ်၊ ဘယ်အချိန်ကျက်ကျက် ရတဲ့သူပဲ၊ ငါက စိတ်ဝင်စားတုန်း ကျက်မှ ရတာ"

"ကဲပါ ... ကဲပါ၊ ငါလည်း ဈေးလို့ ပြီးပါပြီ၊ ဘယ်လောက်လဲ မောင်လေး၊ ဈေးပြောပါဦး"

"ခဏနော် ဒေါ်လေးကို သွားမေးပေးမယ်"

မြန်မာ လျှောက်သွားသော မှန်ဗီရို နောက်ကွယ်မှာ ထိုင်နေသည့် အမျိုးသမီးကြီးက အကွရာတို့အား လှမ်း၍ အကဲခတ်၏။ မြန်မာက တစ်စုံတစ်ရာ ကပ်ပြောတော့ အကွရာအား သေသေချာချာ စူးစိုက်ကြည့်လေသည်။ အို ... ရှက်စရာ့ရလေစွ။ သူ ဘာတွေ ပြောသလဲ၊ ချိတ်လုံချည်ရဲ့ တန်ဖိုးအကြောင်းအပြင် အကွရာ အကြောင်းပါ ထည့်ပြောနေပုံရတယ်။ အင်မတန်မှ နှုန်းစရာကောင်းတဲ့ သူငယ်လေးပဲ။

ထို့နောက် ချိတ်လုံချည် တန်ဖိုးငွေကို သူ့အဒေါ်ဆီမှာ ရှင်းတော့ ...

"ကျသင့်တဲ့ ဈေးထက် အများကြီး လျှော့ပေးလိုက်တယ်နော်၊ သားက ကပ်ပြီး ကြိုတင်သတင်းပို့ထားလို့ အချင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေဆိုပြီး တမင် လျှော့ပေးတာ၊ သမီးလေးကရော တစ်ထည်မယူဘူးလား၊ တီဗီထဲမှာတော့ ထိုင်မသိမ်းတွေ ဝတ်ပြီး က,သားနဲ့၊ သမီးနဲ့ လိုက်ပါတယ်၊ ဝတ်ကြည့် ပါလား"

ဟု နားလည်ရခက်ခဲသော စကားတွေနဲ့ မိတ်ဖွဲ့ သေးရဲ့။ မြန်မာက ဘာတွေ သတင်းပို့ထားလို့လဲ။ အချင်းချင်း တွေဆိုတာ ဘာအဓိပ္ပာယ်လဲ။

အက္ခရာသည် ကားနားအထိ လိုက်လံ နှုတ်ဆက် ချင်သော မြန်မာ့ကို မမကြီး အလစ်တွင် မျက်စောင်းထိုးခဲ့ သည်။ သို့သော် မြန်မာသည် အရင်ကနဲ့ မတူစွာ အက္ခရာထံ ရရှိသော မျက်စောင်းကို မဖြုံတော့ချေ။ ကားနားအထိ လိုက်ပို့ ပေးဖြစ်အောင် ပို့လိုက်သေးသည်။ ဘယ်လောက် ရိုက်ပစ်ချင် စရာ ကောင်းလဲ။ မမကြီးရဲ့ စုံစမ်းမှုကို တစ်လမ်းလုံး ကြုံလာ ရတာ သူ့ကြောင့်ပဲပေါ့။

* * *





"ပြည့် ငါ့စာအုပ်တွေ သယ်ပေးပြီး အတန်းထဲရောက်ရင် မွေးမွေးရှိမဲ့ နေရာမှာ ချထားပေးဟယ်၊ အဲဒီထဲမှာ သူတို့ စာအုပ်တွေလည်း ပါတယ်၊ ငါ ဒီတစ်ချိန် မတက်သေးဘူး ဆိုတော့ သူတို့ ဖတ်စရာစာအုပ် မရှိမှာစိုးလို့"

"ဘာလို့ မတက်တာလဲ"

"အိမ့်က ခေါင်းမူးလို့တဲ့၊ ဒီမှာ ခဏထိုင်နေချင်တယ် ဆိုတာနဲ့၊ အဲဒါ နင်နဲ့ မဆိုင်ပါဘူး၊ ဒါတွေ သယ်ပေး"

"မြန်မာ့လည်း နည်းနည်းသယ်ခိုင်းပါလားဟ၊ ငါ့ချည်းပဲ"

"ကဲ ... ကဲ ဒါဆိုလည်း ရော့ မြန်မာပဲ သယ်၊ ပြည့်က အခုတစ်လော သိပ်တွက်ကတ်တာပဲ၊ ငါ့အလုပ်ဆို ဘာမှ လုပ်မပေးချင်တော့ဘူး"

"လုပ်ပေးစရာ လိုလို့လားဟ၊ နင့်အတွက် မြန်မာက လုပ်ပေးချင်နေတာ၊ ငါ လုပ်စရာတောင် မလိုဘူး"

"ပြည့် နင်နော် ဘယ်လိုဖြစ်နေလဲ"



www.burmeseclassic.com

သူ့လက်ထဲ စာအုပ်တွေ ထိုးထည့်ကာ ခပ်မြန်မြန်လှည့်ထွက်သွားတော့မှ သူက ပြည့်ဖြိုးဟန်၏ ပခုံးကို လက်သီးနှင့်လှမ်းထိုးလိုက်သည်။ သို့သော် မထိချေ။ ကြိုတင်ရိပ်မိနေ၍ရှောင်လိုက်တာကြောင့်ပင်။ ချိတ်လုံချည်ဝယ်သည့် အကြောင်းနှင့်ပတ်သက်ပြီး သူတို့နှစ်ယောက် ပြန်လည်ရင်းနှီးလာကြသောအခါနှစ်ဖက်အုပ်စုများက ဘယ်နေ့ အဆင်ပြေမလဲဟု စောင့်ကြည့်ကြသည်။

သူ့ဘက်ကတော့ ပြည့်ဖြိုးဟန်နဲ့ နေနေဖြစ်ပြီးအကွရာဘက်ကတော့ အိမ့်ဆည်းလည်း အပါအဝင် မွေးမွေးနှင့်ပုန်းညက်တို့ပင် ဖြစ်လေသည်။ သူနဲ့ အကွရာတို့သည် ဓာတ်ပုံကလေးအကြောင်းကို မေ့ထားကြလျက် ပြန်လည်ခေါ်ပြော ရင်းနှီးကြပြီဖြစ်သော်လည်း အရင်ကနဲ့ မတူသည်မှာ သူငယ်ချင်းတွေကပေါ်တင်တွဲစကြတာပဲဖြစ်၏။ သူက ဘာမှ မငြင်းဆန်။ အကွရာကလည်း မသိချင်ယောင် ဆောင်ရင်ဆောင်၊ တစ်ခါတလေ ထိုစကားထဲက ရှောင်ထွက်ဖြင့် လိမ္မာပါးနပ်လှသည်။ ဒါပေမဲ့တစ်ခု ဝမ်းသာစရာကောင်းတာကတော့ အကွရာကိုယ်တိုင်ကခါးခါးသီးသီး ဟန့်ပန်ပြုပြီး သည်နောက်ပြောင်မှုကို မပိတ်ပင်တာဘဲ။

"ဟေ့ကောင် မင်း တစ်ခုခု ပြောတော့ကွာ၊ ဒီလောက်အဆင်ပြေနေမှ နက်ဖြန် သန်ဘက်ဆို စက္ကင်းတက်





ဖြေရတော့မယ်၊ ပြီးရင် ဒီစင်ဘာ ကျောင်းတိုက်[illegible]မင်းတို့ မတွေ့ဘဲနေရမှာ၊ ကျောင်းပြန်ဖွင့်ရင် [illegible]အတွက် တစ်လတောင် မလိုတော့လို့ အားလုံး မျက်လုံးပြူးကြရဦးမှာ၊ ဘာလို့ ဒီလောက် နှောင့်နှေးနေရတာလဲ၊ ငါ အားမရဘူး၊ မင်း ကြည့်ရတာ နှေးကွေးလွန်းနေတယ်"

"ငါပြောလိုက်ရင် ငြင်းမှာ စိုးရိမ်တယ်၊ ဒီလို ခင်မင်နေရတာပဲ ကောင်းသလိုလို ဖြစ်နေပြီ၊ ဟိုတစ်ခါတုန်းကလို"

ပါးစပ်က ယောင်၍ ထွက်မိမလို ဖြစ်ပြီးမှ အချိန်မီရပ်ပစ်လိုက်ရသည်။ ပြည့်ဖြိုးဟန်က သိပ်နားမလည်လိုက်၍သာသက်ပြင်းချမိသည်။ သူနဲ့ အကွရာသာ သိပြီးသော အကြောင်းအရာကလေးကို သူကလွဲရင် ဘယ်သူမှ မသိစေရပါ။ အကွရာ၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေဖို့ ဘယ်တော့မှ မပြုလုပ်ချင်သောစိတ်စေတနာအပြည့်နှင့် ဖြစ်သည်။

"မိန်းကလေးတွေရဲ့ ဘဝက သနားပါတယ်ကွာ၊ ငါတို့ယောကျ်ားလေးတွေက စပြောမှ သူတို့မှာ စဉ်းစားရ၊ ပြန်လက်ခံရ၊ ဒါမှမဟုတ် ငြင်းရနဲ့၊ မင်း ဖွင့်ပြောရင် လက်ခံတာနဲ့ ငြင်းတာမှာ လက်ခံဖို့က ရှစ်ဆယ်ရာခိုင်နှုန်းရှိတယ်ဆိုတာ ငါ အတပ်ပြောရဲတယ်"

"ဘာကြောင့် ပြောရဲတာလဲကွ"

www.burmeseclassic.com



"အက္ခရာရဲ့ မျက်လုံးတွေကြောင့်ပေါ့၊ ငါတို့က ငယ်သူငယ်ချင်းပါ၊ ငါတို့ကိုကြည့်တဲ့ အကြည့်နဲ့ မင်းကိုကြည့်တဲ့ အကြည့် တူမှမတူတာ၊ အတိအကျ ကွဲပြားတယ်၊ မင်းသာ မသိတာ အက္ခရာက မင်းအကြောင်း တော်တော်များများ သိပြီးနေပြီ၊ မင်း ကောင်မလေးနဲ့ ကွဲသွားလို့ ဆွေးနေခဲ့တာ ကအစ မင်း ဘယ်ဘာသာမှာ ဘယ်နှမှတ်ရတာအဆုံး၊ ပိုပြီး မှန်တာပြောရရင် မင်းမှာ ဖဲအကြွေး ဘယ်လောက်ဆပ်လိုက်ရတယ် ဆိုတာကအစ သိနေတယ်၊ မင်း အုံသြသွားပြီလား၊ အဲဒါတွေအကုန် အိမ့်က မနေ့က ငါ့ဆီ ဖုန်းဆက်ပြီး ဓာအကြောင်း ဆွေးနွေးရင်း ပြောပြသွားတာ၊ ဟဲ ... ဟဲ ... မင်း မသိစေနဲ့တဲ့၊ ဒါပေမဲ့ ငါ မနေနိုင်လို့ ပြောဖြစ်သွားပြီ"

ကြည့်စမ်း သည်မိန်းကလေးက သူ့အကြောင်းတွေ အကုန်သိနှင့်သတဲ့။ နဒီနဲ့ကွဲသွားတာ နဒီကို လွမ်းနေခဲ့တာတွေ သူမ သိနှင့်ရောပေါ့။ သူမအား သူမထံမှာ ပေးအပ်မည့် အချစ်တစ်ခုဟာ ဒုတိယမြောက် အချစ်ဖြစ်ခြင်း၊ သူမသည် သူ့ရဲ့ အရင်ဆုံးချစ်သူ မဖြစ်ရခြင်းတွေလည်း သူမ ဘာပဲဖြစ်ဖြစ် ကြိုတင်တွေးဆပြီးရောပေါ့။ ဒါတောင် အက္ခရာသည် သူ့ကို ကာလကြာမြင့်စွာ မျိုသိပ်ထားသော ချစ်ခြင်းများဖြင့် စောင့်ကြည့်ချစ်နေနိုင်ခဲ့သူတည်း။





မှတ်မိသေးရဲ့။ ကားဘီးပေါက်လို့ လဲပေးတဲ့နေ့တုန်းကတောင် 'ဖြစ်ပါ့မလား၊ မြန်မာ နေမကောင်းဘူး မဟုတ်လား' တွေနှင့် မကြာခဏ ရေရွတ်တာ သတိမထားမိသေး။ သူ နေမကောင်းတာ ဘယ်လိုသိနေသလဲကို သူသည် အဲသည်အချိန်တုန်းက မစဉ်းစားနိုင်ခဲ့သေးချေ။ တကယ်တော့ သူမက သူ့ကို စောင့်ကြည့်နေခဲ့လို့ပဲ ဆိုတာ အသိသာကြီးပင်။ 'စီးကရက်ကလည်း သောက်လှချည်လား'ဟု တစ်ခါက အပြစ်တင်သလို ပြောခဲ့ဖူးတာ မှတ်မိပြန်သည်။ သူ့စိတ်အထင်မှာ သူ့ကို ဆရာလုပ်တယ်လို့ ယူဆ၍ ပြန်ရွဲ့ပြီး ဖြေခဲ့မိသေးသည်။ ဒါဟာ သူ့ကို ဘာတွေလုပ်နေသလဲလို့ သူမ အမြဲစောင့်ကြည့်နေတယ်ဆိုတဲ့ လက္ခဏာပဲ။

ဘယ်လောက် ချစ်တတ်လိုက်တဲ့ မိန်းကလေးလဲ။

"အက္ခရာမှာ ရည်းစား လုံးဝမရှိဘူးလား"

"လုံးဝ မရှိဘူး၊ ဒေးဆိုတဲ့ ကောင်ကလေးကိုတော့ စိတ်ဝင်စားဖူးတယ်, ထင်တယ်၊ အဲဒါ သူတို့ မိန်းကလေးတွေ ချည်းသိတဲ့ ကိစ္စလေ၊ ငါနဲ့ နေနေတို့က နည်းနည်းရိပ်မိပြီး ဘယ်အချိန် အဆင်ပြေသွားမလဲ စောင့်ကြည့်ကြသေးတယ်၊ ဒါပေမဲ့ အိမ့်ကဒေးအကြောင်းတွေသိပြီး အက္ခရာကို ပြောပုံရတယ်၊ အက္ခရာကိုယ်တိုင်လည်း သိသွားပုံရတယ်၊ ခပ်တည်တည်ပုံစံက လုံးဝမပြောင်းတော့ ဒေးလည်း လက်လျှော့သွားပုံရတယ်၊ အင်း ... ဒီနှစ်မှာ မင်းကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားပုံ ပြတာဟာ မင်း ကံကောင်းတာပဲပေါ့၊ မင်း အကြောင်းတွေ အကုန်သိရဲ့သားနဲ့ ဒေးကို ပယ်မချဘဲ ဆန်ခါတင် ရွေးနေတာကိုက မင်းကို တကယ်ချစ်လို့ ဖြစ်မှာပေါ့"

"နေစမ်းပါဦး ငါ့ကို အကွာရာ ချစ်နေတယ်လို့ မင်း ဘာဖြစ်လို့ တထစ်ချကြီး ပြောနေရတာလဲ၊ တစ်ခါတလေ အထင်နဲ့ အမြင်လွဲတတ်တာ ရှိတယ်နော်"

တော်ပါသေးရဲ့၊ တော်ပါသေးရဲ့။ ဒေးကို ပြန်ကြည့် တော့မလို့တောင် ဖြစ်ခဲ့သေးတယ်ဆိုပဲ။ ဒေး အကြောင်းတွေထဲက အဓိကအချက်ဖြစ်သော ကောင်မလေးတွေနဲ့ ရှုပ်တာကို သဘော မကျလို့ဟူ၍ ပြည့်ဖြိုးဟန် ထပ်မံ ပြောပြချက်အရ အကွာရာ သူမရဲ့ချစ်သူမှာ ရည်းစားများတာ မကြိုက်တတ်ဘူး။ ဒါပေမဲ့ ငါ့ကိုကျတော့ ရည်းစားရှိဖူးမှန်းသိလျက် ဘာဖြစ်လို့ ရွေးချယ်ခဲ့ သလဲ။ အင်မတန် မြတ်နိုးစရာကောင်းတဲ့ မိန်းကလေးပဲ။ ဘာမှာ သည်လို မိန်းကလေးမျိုးနဲ့သာ လက်တွဲရရင် ဘယ်လောက်တောင် ပြီးပြည့်စုံလိုက်မလဲ။

နားလည်မှုအတိ ပေးစွမ်းနိုင်သော အကြင်နာနှင့် အတိပြီးသော ခွင့်လွှတ်ခြင်းများစွာဖြင့် ဖွဲ့စည်းသော သူမ၏ အချစ်တစ်ခုကို သူက ဘာလို့ မယုံမကြည် ဖြစ်နေစရာ လိုသလဲ

ဖွင့်ပြောလိုက်ရင် ...





အင်း၊ အဲသည်ကျတော့ ခက်ခဲချင်သား၊ စိုးရိမ်ချင် သားပင်။ 'ဟင့်အင်း မချစ်ပါဘူး'ဟု ငြင်းပယ်ပစ်ရင် ဘုရား ... ဘုရား ... ဒါကို သူ ဘယ်လိုခွန်အားမျိုးနဲ့ ရင်ဆိုင်ရမှာပါလိမ့်။ သူမက သူ့အချစ်ကို တကယ်ရော ယုံပါ့မလား။ နဒီနဲ့ယှဉ်ရင် သူမဘက် အလေးမသာနိုင်လို့ အမြဲ တွေးချင်တွေးနေမှာပဲ ထင်ပါရဲ့။

ပြည့်ဖြိုးဟန်က မွှေးမွှေးနဲ့ ပုန်းညက်တို့ဆီ စာအုပ် တွေ သွားပေးပြီး သူရှိရာဆီ ပြန်တက်လာ၏။ သူ့ရှေ့မှာ စာအုပ်တစ်အုပ် ပစ်ချရင်း 'ရော့'ဟုလည်း ပြောလိုက်သေးသည်။

"ဘာလဲ အကွာရာ စာအုပ်လေ၊ တစ်ခါတည်း ပေးလိုက် ပါလား၊ ဘာလို့ ယူထားတာလဲ"

ပြည့်ဖြိုးဟန်သည် ပြုံးစိစိလုပ်ရင်း သူ့အမေးကို မဖြေပါ။ ဘာဖြစ်လို့လဲ အကွာရာနဲ့ သူနဲ့ စကားပြောစေချင်၍ စာအုပ်ကို မပေးဘဲ ယူထားတာလား။

"မင်းအတွက် ပါးစပ်က ဖွင့်မပြောရဲလို့ စာအုပ်ကတစ်ဆင့် ဖွင့်ပြောလို့ ရအောင်ပေါ့ကွာ၊ ကယ်ရီယာ (carrier)ပေါ့၊ ငါတို့စာတွေထဲမှာ သင်တယ်လေ၊ ရောဂါ တစ်ခုကို လူ တစ်ယောက်ကနေတစ်ယောက် ကူးစက်ပြန့်ပွားဖို့ ဆိုရင် သယ်ဆောင်ပေးတဲ့ ရေတို့၊ လေတို့၊ ခြင်တို့၊ ပိုးဟပ်တို့၊ ကြွက်တို့၊ ယင်ကောင်တို့၊ ကယ်ရီယာ ရှိသလိုပဲပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မင်း ဖွင့်ပြောချင်နေတဲ့ စကားတွေကိုပြောဖို့ စာအုပ်က သယ်ပေးလိမ့်မယ်၊ ဘာဖြစ်လို့လဲ သိလား၊ မင်းမျက်နှာမှာ ဒေးနဲ့ အက္ခရာ နည်းနည်း ပတ်သက်ဖူး တယ်လည်းဆိုရော စိုးရိမ်စိတ်တွေ တဖွားဖွားပေါ်လာပြီး ချက်ချင်း ပြေးသွားပြီး ဖွင့်ပြောချင်သလိုပဲ၊ ကဲပါ ငါ့ကို ရှက်မနေပါနဲ့၊ မင်းဘာသာ ကြိုက်သလိုရေးပြီး အက္ခရာရဲ့ စာအုပ်ကြားထဲ ညှပ်ထားလိုက်၊ ဒီနေ့ည သူ စာကျက်ရင် တွေ့လိမ့်မယ်၊ မနက်ဖြန်ဆို မင်းတို့ အတွဲတစ်တွဲ တိုးလာပြီဖြစ်တဲ့သတင်း ကြားရမယ်လို့ ယူဆပါရဲ့"

ပြည့်ဖြိုးဟန်သည် သူနဲ့ အက္ခရာကို တော်တော်သဘောတူပုံရသည်။ ဘယ်လိုလုပ်၊ ဘာတွေလုပ်ကအစ ညွှန်ကြားနေလိုက်သေးသည်။ မှန်တာပြောရရင် ဒေးကို စိတ်ဝင်စားသလိုလို ဖြစ်ခဲ့တယ်ဆိုခြင်းအတွက် သူ အတော်လေး စိုးရိမ်မိခဲ့သည်။ ဒေးနှင့် အက္ခရာတို့ဆုံရင် အက္ခရာ ရင်ခုန်မလားဟု တွေးကြည့်လျက် စိတ်တိုချင်လာသည်။

အကယ်၍ ဒေးကသာ ခြေငြိမ်သွားပြီး 'မေ တစ်ယောက်တည်းကိုပဲ တကယ်ချစ်တာပါ၊ အရင်က ကျွန်တော် ဆိုးခဲ့သမျှတွေ ခွင့်လွှတ်ပါ မမ၊ နောက်ဆို မမ စိတ်တိုင်းကျ ဖြစ်ရပါစေမယ်' ဘာညာတွေနှင့် ဒူးထောက်လျှင် အက္ခရာ ယိမ်း ယိုင်သွားနိုင်သည်။ ဘာပဲဖြစ်ဖြစ် သူက နောက်လူပဲ။ ဒေး





အရင်ဦးဆုံးလူပဲ။ ဒေးကို မုန်းလို့ဟူ၍ ရှောင်သွားတာမှ မဟုတ်တာ။ ဒေးရဲ့ ရည်းစားများခြင်းတည်းဟူသော ပြစ်ချက်ကြောင့် မာနကြီးသော မိန်းမပီပီ အက္ခရာက ရှောင်သွားခဲ့တာပဲ။ ဒေးကသာ ခြေငြိမ်ပြလျှင် အက္ခရာယုံအောင် နေပြရင်။

မပြောနိုင်ဘူး။ ဒေးက အက္ခရာကို တကယ် ချစ်ချင် ချစ်နေမှာပေါ့။ သူ့ရဲ့စိတ်ထဲကို ဘယ်သူက လှမ်းကြည့်နိုင်တာ မှတ်လို့။ ဒေးသည်လည်း မြန်မာဆိုတဲ့ ယောကျ်ားတစ်ယောက်ကဲ့သို့ ချစ်သူငြင်းမှာ ကြိုတင်သိ၍ ဒါမှမဟုတ် စိုးရိမ်၍ သည်အတိုင်းအလှကြည့်နေတာရော မဖြစ်နိုင်ဘူးလား။

"မမ ဘယ်သူနဲ့ ကြည်သွားပြီလဲ"

ဟု အံ့သော်တို့နဲ့တွေ့တိုင်း မေးတတ်တာကိုက ဒေးဘက်က မပြတ်သားမှုအဖြစ် ယူဆချင်လာ၏။

ကြည့်စမ်း ဘယ်လောက် အတ္တကြီးလိုက်တဲ့ မြန်မာလဲ။ အက္ခရာဘက်ကရော နဒီနဲ့ယှဉ်ရင် ဘယ်သူ့ဘက် ပါမလဲဆိုတာ တွေးကြည့်ပြီး မစိုးရိမ်ဘူး ပြောနိုင်သလား။ သို့သော် မြန်မာသည် သည်တစ်ခါ ဆုံစည်းခွင့်ရသော လှပဆန်းကြယ်သည့် ချစ်ခြင်းမေတ္တာ တစ်ခုကို လက်လွှတ်မခံချင်တော့ချေ။ ကဲ ... အက္ခရာကလေးရေ ကျောင်းစတက်တက်ချင်း ဆုံတွေ့ရတဲ့ ပီအက်စ် အမ်ပို့စတင်ကတည်းက ကိုယ့်ကို မင်း စွဲလမ်းတွယ်တာလာတယ် ဆိုတဲ့ အသိကို သက်သေပြုလို့။ ဖြတ်သန်းခဲ့ရတဲ့ ကာလကြာကြာမှာ



www.burmeseclassic.com

www.burmeseclassic.com



မင်းဆီမှာ အမြစ်တွယ်နေပြီဖြစ်တဲ့ ချစ်ခြင်းထုထည်ကလည်း ကြီးမားခိုင်ခံ့နေလိမ့်မယ်လို့ အတ္တဆန်ဆန်တွေးလို့။ ကိုယ့်ဆီက အချစ်ကို မမျှော်လင့်ဘဲနဲ့တောင် ကိုယ်ရဲ့ ဓာတ်ပုံကလေးကို အမြတ်တနိုး သိမ်းထားတယ်ဆိုတဲ့ ပီတိကို စားသုံးလို့။ အနေ မင်းကို ကိုယ် ဖွင့်ပြောပါရစေ။

စာရွက်တစ်ခုဌ် ရေးပြီးပြီးချင်း အက္ခရာ၏ စာအုပ်ကြားထဲသို့ ခပ်မြန်မြန် ထိုးထည့်လိုက်၏။ ဘယ်သူ မြင်သွားမလဲလို့ လိုက်၍ ရှာကြံမိသေး။

"စိတ်ချ ငါကလွဲရင် ဒီကိစ္စ ဘယ်သူမှ မသိဘူး"

ထို့နောက် နှစ်ယောက်သား ဣန္ဒြေမပျက်စွာ ဆေး လိုက်ကြဖို့ တိုင်ပင်ကြသည်။ အက္ခရာကလေးရေ မင်း ယုံကြည်စိတ်ချသော မင်းရဲ့သူငယ်ချင်းက သည်လို ဖွင့်ပြောဖြစ်သွားအောင် တိုက်တွန်းတဲ့ အဓိက တရားခံပဲ။

* * *





# အကြင်နာကြီးတဲ့တိမ်တိုက်တွေ

## အပိုင်း(၃)



www.burmeseclassic.com

www.burmeseclassic.com



## ၁

အက္ခရာသည် ယခုအခါ သူ့ဓာတ်ပုံကလေးကို လှပသော မှန်ပေါင်ကလေးတွင် သွင်းလျက် သူမ၏ စာကြည့်စားပွဲပေါ် တင်ထားရဲပြီဖြစ်သည်။ ပြီးတော့ နှစ်ရက်ခြား သုံးရက်ခြားလောက် ဖုန်းဆက်ပြီး အဖြေတောင်းတတ်သော ကောင်ကလေးတစ်ယောက်၏ ဖုန်းခေါ်သံကိုလည်း စောင့်နေတတ်ခဲ့ပြီ။

"အက္ခရာ

ဖွင့်မပြောရဲလို့ နှုတ်ဆိတ်ထားတာ ကြာပါပြီ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့်ရဲ့ ချစ်တယ်ဆိုတဲ့စကားကို အက္ခရာ မယုံဘဲ ငြင်းပစ်မှာ စိုးရိမ်လို့ပဲ။ အက္ခရာကို First test စဖြေတဲ့ ပထမဆုံးနေ့မှာ ချစ်နေမိတယ်ဆိုတာ သေချာသွားခဲ့တယ်။ အကယ်၍ အဲသည့်အချိန်က ဖွင့်ပြောခဲ့ရင် အက္ခရာ ငြင်းမယ် မဟုတ်လား။ ဓာတ်ပုံမြင်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



သည်စကားပြောတယ်ဆိုပြီး အက္ခရာ အယူအဆ လွဲမှာပဲ။ တကယ်တော့ အဲသည့် ခုတ်ပုံကြောင့် မဟုတ်ဘူးဆိုတာ ရဲရဲကြီး ဝန်ခံရဲပါတယ်။ ကျွန်တော့်အကြောင်း အက္ခရာ သိမှာပါ၊ ကျွန်တော့်ရဲ့ အရင်ချစ်သူနဲ့ကွဲလို့ စိတ်လေပြီး အက္ခရာတို့အတန်းကို ဆင်းရင်း ဆေး (၁)ကို ပြောင်းခဲ့တယ်။ ပထမဆုံးနေ့မှာ ဆုံစည်းခွင့်ရလိုက်တဲ့ အက္ခရာ ဟာ တိတ်ဆိတ်စပြုနေတဲ့ ကျွန်တော့် ဘဝထဲကို လှုပ်လှုပ် ရှားရှား ဖြစ်စေခြင်းနဲ့ စတင်မိတ်ဆက်ခဲ့တယ်။ ကျွန်တော် အဲသည်ကတည်းက သိဖို့ ကောင်းတယ်။ ကျွန်တော့်ဘဝကို ဒုတိယအကြိမ် လှုပ်ရှားစေသူဟာ အက္ခရာပဲ။ အဲသည် ကတည်းက နေရာယူချင်ယူခဲ့မှာပေါ့။ ကျွန်တော် မသိခဲ့သေး ဘူး။ အချိန်ကြာလာတာနဲ့အမျှ ကျွန်တော့်ကို စိုက်ကြည့် တတ်တဲ့ မျက်ဝန်းကလေးတွေရဲ့ ဂရုစိုက်မှုကို သာယာတတ် လာခဲ့တယ်၊ တကယ်ပါ။ စာမေးပွဲဖြေဖို့ စာတွေ ငုံ့ကျက် နေရင်း ကျွန်တော့်ကိုမော့ကြည့်တဲ့ ရှက်ရွံ့စိုးရိမ်တဲ့ မျက်ဝန်း ကလေးပဲ ကျွန်တော့်ရဲ့ နှလုံးသားကို အဖြေပေးသွားခဲ့တယ်။ ဟုတ်တယ် ကျွန်တော် အက္ခရာကို ချစ်တယ်၊ တိတိကျကျ ရေတွက်ရင် သုံးလလောက် ကာလကလေးပါ။ အမှန်တော့ စတွေ့တဲ့နေ့ကတည်းက အမြစ်တွယ်ခဲ့လို့ဆိုတာ အခုတော့ ဝန်ခံရဲသွားပြီ”





ဆိုသော ခိုးကြောင်ခိုးဝှက် ထည့်ထားသော စာရွက် ကလေးဟာ အက္ခရာရဲ့ ချစ်သူထံမှ ရရှိခဲ့တာပါ။ ဘယ်လောက် တောင် ပြီးပြည့်စုံလိုက်တဲ့ ဘဝကလေးလဲ။ အက္ခရာသည် သူမ ၏ဘဝတွင် မမျှော်လင့်တော့ပါဘူး မမျှော်လင့်ရဲပါဘူးဟူ၍ သတ် မှတ်ထားသော ချစ်ခြင်းတစ်ခုကို သေသေချာချာ သိခွင့်ရသောအခါ ဖြစ်တည်နေသည့် ပီတိများ၌ နစ်မြုပ်ရတော့သည်။ တကယ်လား ဟင့်အင်း သည်လောက်နဲ့ မယုံသေးပါဘူးတွေနှင့် ကိုယ့်ကိုယ်ကိုယ် ညာကြည့်ချင်သေး။ သို့သော် အဲသည့်အတွေးက မကြာမြင့်ပါ။ အိမ့်ကို ငါတော့ သူ့ကို ငြင်းပစ်မှာပဲဟု ဘယ်လောက်ပဲ ကြုံးဝါး ထားထား တကယ့် တကယ်တော့ ငါသာ ငြင်းလိုက်ရင် သူတော့ သည့်ထက်မက စိတ်ဓာတ်တွေကျသွားမှာ။ အခုဆို စာမေးပွဲ ကလည်း နီးနေပြီ။ စာမေးပွဲပြီးကလည်း မကြာခင် ရောက်လာ တော့မှာဆိုတော့ သူ စိတ်ဓာတ်ကျလို့ မဖြစ်ဘူးနှင့် ဆင်ခြေတွေ ပေးလျက်။

ကြည့်စမ်း ငါလိုချင်တာက မြန်မာ့ဆီက အချစ်လေ။ ဘယ်လိုပုံစံနဲ့လာတဲ့ အချစ်ပဲဖြစ်ဖြစ် မြန်မာ့အချစ်ကို ပိုင်ဆိုင်ရရင် ငါ ကျေနပ်တယ် မဟုတ်လား။ ငါ့အိပ်မက်တွေ ပြီးပြည့်စုံမယ် မဟုတ်လား။ ဘာလိုသေးလဲ တခြားပယောဂတွေ တွေးမနေနဲ့ ပေါ့၊ မြန်မာ့ကို နှစ်သိမ့်ချင်တယ်ဆို။ ဖေးမချင်တယ်ဆို၊ ယုယ ကြင်နာမှုတွေနဲ့ လက်တွဲချင်တယ်ဆို။ အခုရော ဘာဖြစ်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကတည်းက ကိုယ့်ကို မချစ်မှန်း သိနေလျက် ချစ်နေလို့ ရသေးတာပဲ။ အခုဆိုရင် သူ့ဘက်က ဘယ်လိုပုံစံနဲ့ ချစ်ခဲ့ပါစေ၊ ငါ ကျေနပ်ပေးရမှာပေါ့ဟု နာကျင်ကြေမွစွာ တွေးတောလျက်။

"စိတ်ဆိုးနေလား အကွာရာ"

ဟု မြန်မာက တိုးဖွဖွကလေး လူအလစ်မှာ ကပ်မေးခြင်းခံရတဲ့ စာပေးပြီး သုံးရက်မြောက်နေ့တွင် ...

"စာပေးတယ်ဆိုတာ သတ္တိနည်းတဲ့ ကောင်လေးတွေရဲ့ အလုပ်၊ မြန်မာက သတ္တိနည်းလို့ အံ့သြနေတာ"

တဲ့လေ။ ပြန်ဖြေလိုက်ပုံကိုက မရှင်းမလင်းကလေးနဲ့ ဖြစ်နေသည်ပဲနော်။ မြန်မာလည်း သိနှင့်ပြီးသား အဖြေကို မရမက ကြားချင်ဟန်ရှိလှတဲ့ မြန်မာ့ကိုလည်း တမင် ဒုက္ခပေးလိုလှ၍ ...

"အင်း၊ စဉ်းစားမယ်"

လို့ တစ်ခါလောက် အချိန်ဆွဲမိပါရဲ့။ ဟာ — ရတယ် ရတယ်နှင့် ပျာပျာသလဲ ထောက်ခံ၊ ပြီးတော့ နှစ်ရက်ခြား သုံးရက်ခြားလောက် အဖြေဘယ်တော့ပေးမှာလဲဟု သူငယ်ချင်းတွေအလစ်မှာ ခိုးမေးတတ်ပြန်။ ဘယ်လောက် ရယ်ရသလဲ။ ကင်န်တင်းမှာ စုထိုင်ဖြစ်ရင် မြန်မာနှင့် အကွာရာကို ဘေးချင်းယှဉ်နေရာချတတ်၍ အမြဲ ဘေးချင်းယှဉ်နေစဉ် ဒီမေးခွန်းကို မေးတာ။ စဉ်းစားကြည့် လူပုံအလယ်မှာ ဘယ်မိန်းကလေးတစ်ယောက်က





ချစ်သူကို အဖြေပေးဖူးတယ်ဆိုတာ ကြားဖူးလို့လား။ မြန်မာက အဲဒါ လုံးဝ မစဉ်းစား။ အဲဒီလိုပဲ အမြဲ ခိုးမေး။ ရယ်ပဲ ရယ်ရသေးတော့။

"ဟိတ် ... အကွာရာ အဖြေပေးတော့ကွာ၊ ကိုယ် ရင်ခုန်လှပြီ"

ဆိုတာမျိုး။ ဒါမှမဟုတ်ရင် ...

"အကွာရာ ဟိုကောင်တွေ မေးနေပြီ၊ ကိုယ် ဘယ်လိုဖြေရတော့မလဲ၊ ပြောပါဦး"

ဆိုတာမျိုးလည်း လုလည်ကျတတ်သေး။ အိုး ... ဘယ်ရမလဲ။ အကွာရာက ကိုယ်နိုင်တုန်း သည်လောက် ညှဉ်းခွင့်ရှိတာ။ တမင် ညှဉ်းထားလိုက်တာပေါ့။ နောက်ဆိုရင် သူ ဆိုးသမျှ သူမပဲ သည်းခံပေးရမှာ။ ခွင့်လွှတ်ပေးရမှာ၊ နားလည်ပေးရမှာလေ။ ဒါတွေကို ကြိုမြင်သေး။ ပြီးတော့ စဉ်းစားကြည့်နော်။ သူက အခုမှချစ်ပြီး သည်လောက်လေး စောင့်ရတာ။ အကွာရာကတော့ တစ်နှစ်လုံးလုံး မျှော်လင့်ချက်မဲ့စွာ ချစ်နေနိုင်ခဲ့တဲ့သူ။ ဒါကြောင့် ...

"မြန်မာ ကိုယ့်ကို ခဏခဏ အဖြေမတောင်းနဲ့ကွာ၊ ကိုယ် မြန်မာ့ကို ဖိုင်နယ်လ်အိပ်ဇင်ပြီးမှ အဖြေပေးမယ်လို့ ဆုံးဖြတ်လိုက်ပြီ၊ မြန်မာ့ဘက်က လိုက်နာရမဲ့အချက်ကတော့ ပတ်ဝမ်း (Part 1) ကို ဆပ်ပလီ (Supply) မမိစေမှ



www.burmeseclassic.com

www.burmeseclassic.com



မပါဘဲ အကုန်အောင်ဖို့ပဲ၊ အချိန်တွေ ရှိပါသေးတယ်၊ မြန်မာလည်း ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ပဲ၊ စာတွေလည်း တော်တော်မှတ်ပြီးသားပဲ၊ အောင်အောင် ဖြေပေးနော်၊ မြန်မာ အကုန်အောင်တာ မအောင်တာ ကိုယ်ရဲ့အဖြေနဲ့ မဆိုင်ဘူး၊ ကိုယ့်ရဲ့အဖြေမှာ ဒါတွေ မလွှမ်းမိုးပါဘူး၊ ဒါပေမဲ့ အခုအချိန်မှာ ကိုယ် အလိုချင်ဆုံးအရာက မြန်မာ Suppiy မပါဘဲ စာမေးပွဲအောင်ဖို့ပဲ၊ အဲဒီလောက်ဆို မြန်မာ နားလည်တော့နော်"

ထိုစကားကို ပြောခဲ့သောနေ့သည် ဒီဇင်ဘာ ကျောင်းပိတ်ရက် မရောက်ခင်ကလေးက ဖြစ်သည်။ မှတ်မှတ်ရရ ရွှေတိဂုံဘုရားမှာ ဆီမီးအတူတူ ထွန်းညှိစဉ် ...

"ကိုယ့်ကို ဒီဇင်ဘာ လက်ဆောင်အဖြစ် အဖြေပေးခဲ့ပါလား အကွာရာ"

လို့ ခိုးပြီး တိုးတိုးလေး မေးလိုက်ချိန်က ဖြစ်သည်။ သူတော့ အဖြေတောင်းတော့မှာပဲဟု သူ နံဘေးကို ရောက်လာပြီး ဆီမီးတွေ လိုက်ထွန်းစဉ်မှာ ထင်လိုက်တဲ့အထင်မှာ မှန်ကန်ခဲ့သောကြောင့် အကွာရာသည် ဆီမီးတွေ အကုန်ပူဇော်ပြီး လူရှင်း၍ ဓာတ်ပုံရိုက်သူရိုက်၊ ပြန်ဖို့ ပြင်ဆင်သူ ပြင်ဆင်၊ မွှာရုံထဲမှာ ဝတ်ရွတ်ဖို့ ပြင်ဆင်သူက ပြင်ဆင်ချိန်တွင် ထိုစကားကို တုံ့ပြန်ခဲ့မိတာပင်။





တကယ်တော့ မြန်မာ့ကို ကိုယ်နဲ့ နီးနီးနားနား ခုံနံပါတ်မှာပဲ ရှိနေစေချင်တာပေါ့။ ပို့စတင် အတူတူပဲ ရှိနေစေချင်တာပေါ့။ ဒါပေမဲ့ စဉ်းစားကြည့်၊ နာမည်ရှေ့စာလုံးအရဆိုလျှင် မြန်မာအား 'မ'အုပ်စု ဖြစ်နေ၍ အကွာရာတို့ရဲ့ 'အ' အုပ်စုများနှင့် ခပ်ဝေးဝေးမှာ ခုံနံပါတ်အသစ် ဖြစ်သွားမည်။ မြန်မာနဲ့ Group မတူ၊ Posting မတူ၊ ဆေးရုံမှာလည်းမတူ၊ Prat II ရဲ့ Combined Lecture မှာတော့ သင်ရလို့ အကြောင်းမဟုတ်။ အနည်းငယ် တွေ့ခွင့်ရသေးသည်။ Prebloc ပြီးလို့ Bloc ပို့စတင်မှာတော့ တစ်ယောက်နဲ့ တစ်ယောက် တွေ့ဖို့ကဝေးရော ပို့စတင် တစ်ခုစီ၊ ဆေးရုံတစ်ခုစီ၊ ဆေးရုံက စာသင်ဆောင် တစ်ခုစီမှာ။

ဘယ်လောက် ဝေးကွာလိုက်တဲ့ဘဝလဲ။ ဒါပေမဲ့ အကွာရာသည် ကိုယ့်ချစ်သူတစ်ယောက်ကို အမြဲတွေ့ခွင့်မရရင်နေပါစေ။ ကိုယ့်ချစ်သူကတော့ Supply ဆိုတာကြီးနဲ့ ဘယ်သူက အောင်စေချင်ပါ့မလဲ။ တစ်ခါတည်း အောင်သွားစေချင်တာပေါ့။

အကယ်၍ Supply နဲ့သာ အောင်ရင် ရိုးလ်နံပါတ်ကို နောက်က ပြန်စီမှာမို့ နီးစပ်နိုင်တာ သိသားပဲ။ မြန်မာနဲ့ ပို့စတင်တူမှာ သိသားပဲ။ သို့သော် မြန်မာ့အပေါ်ထားသော အကွာရာ၏ စေတနာသည် မြန်မာသည် သူမနှင့် စတွေ့ချိန်မှစ၍ ဘဝမှာ စိတ်ဓာတ်ကျခြင်းတည်းဟူသော အခက်အခဲကို မကြုံတွေ့စေလိုသော စေတနာအမှန်နှင့် သည်စကားကို ပြောခဲ့ခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မြန်မာ သိဖို့ကောင်းတယ်။ ဖုန်းဆက်ရင် ဘယ်အချိန် ဆက်မလဲကိုစောင့်ပြီး နားထောင်တာကိုက အက္ခရာရဲ့ အဖြေတစ်စွန်းတစ်စနော်။ ပြီးတော့ ရှင့်ဓာတ်ပုံကလေးက ကျုပ်ဆီမှာဆိုတာ ရှင် သိပြီးသားနော်။

"အခု ပက်သို (Patho) အကုန်ပြီးအောင် ဖတ်ထားမယ်၊ ကျောင်းဖွင့်ရင် ဖောရင်းဆစ် (Forensic) နဲ့ ပီအက်စ်အမ် (P. S. M) ကို အားလုံးစုပြီး ဖတ်ကြမယ်နော်၊ အက္ခရာ သဘောတူလား"

"အင်မတန် လိမ္မာနေပါလား၊ ဘယ်လိုဖြစ်ပြီး လိမ္မာသွားတာပါလိမ့်၊ အံ့သြစရာကြီးကွယ်"

သူက စာကျက်ပြီးကြောင်း အားတက်သရော အမြဲကြွားတတ်ပါသည်။ ထိုအခါမျိုးမှာ အက္ခရာသည် သူ့ကို အဖြေပေးမိတော့မလိုလိုတောင် ဖြစ်ရအောင် သူမ၏ ဆန္ဒအပေါ် အလေးထားမှုအား ကြည်နူးပီတိ ဖြစ်ရသတဲ့။

"အက္ခရာ ကိုယ့်ကို ဖော်ရင်းဆစ်တွေ ကူပြောပေးရမယ်နော်၊ ပီအက်စ်အမ်တွေလည်း ကူပြောပေးရမယ်နော်၊ အဲဒါတွေက စာများပြီး နားလည်ရခက်တယ်၊ အကြောင်းကြောင်းကြီး၊ မနေ့က စိတ်ကူးရပြီး ဖတ်မိတာ၊ ဖတ်ပြီး စာအုပ်လည်း ပိတ်လိုက်ရော ပြန်မေ့သွားတယ်ကွ၊ ရယ်စရာကြီး ကိုယ် ဒီစာတွေ ပြီးအောင်ဖတ်ဖို့ အက္ခရာ ကူညီမှ ဖြစ်မယ်၊





ကျောင်းဖွင့်ရင် ဆေးရုံလစ်ပြီး စာကျက်ကြတာပေါ့၊ မယ်ဒစ်ဆင်က တတ်ပြီးသားပါ လစ်ကြရအောင်ကွာ"

"အံမယ် ... ဒါဆို Myocardial infart မှာ တွေ့ရမဲ့ Signs and Symptoms တွေ အခုပြောပြမလား၊ ပေးရှင့် (Patient) ကို ဘယ်နေရာက စစမ်းမလဲ ရှင် ပြောပြစမ်း၊ ကျုပ်တောင် မသေချာသေးဘူး"

"ဟာကွာ မယ်ဒစ်ဆင် (Medicine) ကို နောက်နှစ်မှပဲ သေသေချာချာ ကြည့်တော့မယ်၊ ဒီနှစ် အချိန်တွေ လွန်ကုန်ပြီ၊ နီးရာစားကြောက်ရတယ်၊ လောလောဆယ် Part I အောင်ဖို့ အရေးကြီးတယ်လေ အက္ခရာရဲ့၊ ကိုယ့်အတွက် သူများထက် နှစ်ဆ ပိုအရေးကြီးတာ အက္ခရာ သိသားနဲ့"

ထိုသို့ တိုင်ပင်ဆွေးနွေးကြတဲ့ နေ့တွေဆို အက္ခရာအတွက် တစ်ပန်းသာတာက 'သူ့ဓာတ်ပုံကလေးကိုကြည့်ရင်း သူနဲ့ ဖုန်းပြောရတဲ့ ပီတိကို ရရှိခြင်းပဲ။ သူကရော အင်း... သိနိုင်တာမှတ်လို့။ အက္ခရာရဲ့ မျက်နှာဖုံးပါဖူးသော မဂ္ဂဇင်းတွေကို သုံးအုပ်လောက်တောင် ရှိတာ ဝယ်မသိမ်းထားဘူး။ ကြည့်မနေဘူးလို့ ပြောနိုင်မလား။

"အက္ခရာ နားကပ်အစိမ်းရောင်လေးတစ်ဖက်ကို ဘယ်သူကမှ မကောက်ဘဲ ကိုယ်က ကောက်သိမ်းထားမိတာဟာ နိမိတ်ပြတာပဲ့ ထင်တယ်၊ မေလထဲမှာ ကိုယ့်ဘဝထဲကို

www.burmeseclassic.com



ဝင်ရောက်လာမဲ့ မိန်းကလေးက အရင်ဆုံး သူ မြတ်နိုးတဲ့ ပစ္စည်းတစ်ခုကို ကိုယ့်ဆီ ပို့ထားတာ ဖြစ်မှာပဲ၊ ဟုတ်တယ် မဟုတ်လား"

ဟူ၍ အက္ခရာကို ဖွင့်ပြောပြီး မကြာခင်မှာ အိမ့်ရဲ့ လက်ဆောင်အဖြစ် မြတ်နိုးနှစ်ခြိုက်ခဲ့သော ပျောက်ဆုံးပြီးတဲ့ နားကပ်အစိမ်းရောင်လေး တစ်ဖက်ကို သူ ပြန်လာပေးခဲ့ခြင်းအား တမ်းတစွာ ပြောတတ်ပြန်သည်။

ဘယ်လောက် ဆန်းကြယ်လိုက်သလဲ။ သည်နားကပ် တစ်ဖက်အကြောင်း သူသိတာ ကြာခဲ့ပြီတဲ့။ ပြန်ပေးချင်တာလည်း ကြာခဲ့ပြီတဲ့။ အဲသည်တုန်းက သည်လောက်အထိ ပတ်သက်မိလိမ့်မယ် မထင်လို့ မပေးခဲ့တာတဲ့လေ။

အခုတော့ သူက သည်ကိစ္စကလေးကို တသသ ပြောတတ်ပြန်သေးရဲ့။ နိမိတ်ပြတယ်၊ ဖူးစာမှန်ရင် မနေပါဘူး တွေ့နှင့် ပီတိဖြစ်စွာ ပြောတတ်ပြန်သေးရဲ့။

ဒါပေမဲ့ သူ့ကို ဘာဖြစ်လို့ ခတ်ပုံ ခိုးရိုက်သလဲ။ အဲသည် ဓာတ်ပုံကို အခု ဘာလုပ်ထားသလဲဆိုတဲ့ မေးခွန်းမျိုးကို သူက မမေးတတ်ခဲ့ပါ။ အင်မတန် အလိုက်သိသော အမျိုးသားကလေးပဲ ဖြစ်သည်။ တကယ်တော့ ရှင်းရှင်းပြောရရင် အက္ခရာနဲ့ မြန်မာ ဆိုတာ တစ်ယောက်ရဲ့နှလုံးသားကို တစ်ယောက်သိပြီးတဲ့ အခြေအနေမျိုးမို့ အက္ခရာဆီက အဖြေကို မြန်မာက





တောင်းနေဖို့တောင် မလိုတော့ပါဘူး။ သူက အင်မတန် ကြားချင်လှမှန်းသိ၍ အက္ခရာသည် တမင်ညစ်ကာ အဖြေမပေးခဲ့တာဘဲ ဖြစ်လေသည်။

"ကိုယ့်အတွက် အက္ခရာကို ဘယ်လောက်တောင် ချစ်မိသလဲဆိုတာကို အက္ခရာကို မြတ်မြတ်နိုးနိုး ချစ်မိတယ်ဆိုတာကို ပြနိုင်တဲ့ အရာဟာ Part I ကို လွတ်လွတ်ကျွတ်ကျွတ် အောင်အောင်မြေပြဖို့ တစ်ခုပဲရှိတယ်ကွ၊ ဒါမှလည်း အက္ခရာက ကိုယ့်အချစ်ကို ယုံမယ် မဟုတ်လား၊ ကိုယ့်ရဲ့ နဒီနဲ့ အက္ခရာမှာ ဘယ်သူ့ကို ပိုချစ်သလဲဆိုတာတော့ ကိုယ် မဖြေချင်ဘူး၊ ကိုယ်က အခုလောလောဆယ် ဖြစ်နေတာကိုပဲ တွေးချင်တယ်၊ အရင်က အဖြစ်တွေနဲ့ တွေးပြီး မနှိုင်းချင်ဘူး၊ ဒါပေမဲ့ တစ်ခုတော့ ပြောပါရစေ၊ အဲဒါက ကိုယ့်အချစ်ကို အက္ခရာ စိတ်သန့်သန့်နဲ့ ယုံကြည်ဖို့ပဲ"

ထိုစကားကိုတော့ သူ့ဘာသာ စိတ်ကူးရပြီး ပြောခြင်း ဖြစ်သည်။ အက္ခရာသည် မြန်မာ စိတ်ရှုပ်ရမှာစိုး၍ သူမနဲ့ မြန်မာ့ အရင်ချစ်သူလေး 'နဒီ'ဟု နာမည်သိပြီးသူမှာ ဘယ်သူ့ကို ပိုချစ်နိုင်မလဲ။ နဒီ ပြန်လာရင် ဘယ်လိုလုပ်မလဲဟု တစ်ခါမှ မမေးဖူးခဲ့ပါ။

အိမ့်ကတော့ သတိပေးဖူးသား။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မြန်မာက သူ့ကောင်မလေးနဲ့ သေသေချာချာ ရော ပြတ်ရဲ့လား၊ နင် မေးကြည့်ထားဦး၊ တော်ကြာ နင်တို့နှစ်ယောက် တကယ်တွဲပြီးမှ မြန်မာနဲ့ နင့်ကြားမှာ သူ့ကောင်မလေး ပြန်ဝင်လာလို့ နင် ကျန်ခဲ့ရင် မကောင်းဘူး၊ ငါတို့ကျောင်းမှာက သိတဲ့အတိုင်းပဲ လူ နည်းနည်းလေးရှိတဲ့အထဲ အချင်းချင်းထဲက ချစ်သူဖြစ်သွားကြရင် တော်တော်သိကြတာ၊ ကွဲသွားတာတို့၊ လက်မထပ်ဖြစ်ကြဘူးတို့ဆိုရင်လည်း သတင်းတစ်ရပ်အနေနဲ့ ပြောကြမှာပဲ၊ နင်ပဲ နစ်နာမှာနော်"

ထိုအခါ အက္ခရာသည် မြန်မာ၏ 'အက္ခရာကို မြတ်မြတ်နိုးနိုး ချစ်မိတာပါ' ဟူသော စကားကို ယုံကြည်အားကိုးလျက် အိမ့်၏ သတိပေးစကားအား မေ့ပစ်လိုက်ဖို့ ဝန်မလေးခဲ့ပြန်။

ကဲ ... မြန်မာရေ ရှင် ဘာပြောမလဲ။ အက္ခရာက မြန်မာ့ကို ချစ်တယ်ဆိုတာဟာ မြန်မာ့ကို အကြွင်းမဲ့ ယုံကြည်မှုတွေနဲ့ အရှုံးအမှုးကို ချစ်ခဲ့တာပဲ။ တော်ရုံတန်ရုံ အချစ်မျိုးနဲ့ ချစ်လိမ့်မယ်လို့တော့ မထင်လိုက်ပါနဲ့နော်။ ကိုယ့်ထက်အရင် သိပ်ချစ် သိပ်တမ်းတနေတဲ့ ချစ်သူတစ်ယောက်ကို မြန်မာ့ဆီမှာ နေရာပေးထားပြီးမှန်း သိလျက်နဲ့တောင် နက်နက်နဲနဲ ချစ်နေမိခဲ့တဲ့ မိန်းမတစ်ယောက်ပါ။ ဘာပဲဖြစ်ဖြစ် မြန်မာ့ကို သူမသာ လျှင် ပိုင်ဆိုင်လိုသော အတ္တကတော့ ကြီးနေဆဲတည်း။

* * *





## ၂

"ကဲ ... ဒီနေ့ ဘာခေါင်းစဉ်တွေ ဆွေးနွေးကြမလဲ ပြောပါဦး"

စာကြည့်တိုက် အခန်းကလေး၏ အပြင်ဘက် ခုံတန်းကလေးမှာ ထိုင်ပြီးပြီးချင်း မေးလိုက်သော သူမ၏ အမေးစကားကို ကြားလိုက်ဟန် မတူချေ။ အင်း ... တစ်ခုခုပါပဲ။ သည်နေ့ သူ တစ်မျိုးဖြစ်နေတယ်ဆိုတာ ရိပ်မိသား။ သို့သော် မမေးခဲ့ပါ။ သူ ဖွင့်ပြောတိုင်ပင်မှသာ ဆွေးနွေးလိုသည့် ဆန္ဒသည် အက္ခရာ၏ ဆန္ဒအမှန်ပင်။ ကျောင်းပြန်ဖွင့်ပြီး တစ်ပတ်မှာ မနက်ဆို မမကြီးက ညီမငယ်ကို ရန်ကုန်ဆေးရုံကြီးရဲ့ ပေါ်တီကိုအောက်၌ စိတ်ချလက်ချ ထားရစ်ခဲ့ပေမဲ့ အင်မတန် လိမ္မာသည့် အက္ခရာသည် သိပ်မကြာခင်လေးမှာပဲ ဆေးရုံပေါ်မှ မြန်မာနဲ့အတူ ပြန်ထွက်၊ မြန်မာ့ ကားလေးနဲ့ ကျောင်းကို အတူတူသွား၊ ထို့နောက် ဆိတ်ငြိမ်အေးချမ်းပြီး စာမေးပွဲနီးရင် စာကျက်သူတွေနဲ့ စည်ကား

www.burmeseclassic.com



လှတဲ့ ကျောင်းအပေါ်ဆုံးထပ်က စာကြည့်တိုက်ရဲ့ အခန်းထဲမှာဖြစ်ဖြစ်၊ အခန်းအပြင်ဘက်က ခုံတွေမှာဖြစ်ဖြစ် မြန်မာနဲ့အတူ စာတွေ ဆွေးနွေးကျက်မှတ်တတ်နေခဲ့ပြီ။

ကြည့်စမ်းပါဦး ဘယ်လောက် ဆိုးလိုက်တဲ့ ညီမငယ်ကလေးလဲနော်။ အစ်မဖြစ်သူက ဆေးရုံမှာ စိတ်ချလက်ချထားခဲ့ပေမဲ့ ညီမက ဆေးရုံကို အမှန်တကယ် လာခြင်းမဟုတ်ဘဲ သူမ၏ချစ်သူ ကောင်ကလေးအတွက် စာကျက်ပေးဖို့ အချိန်းအချက် လာခြင်းဖြစ်သတဲ့။ တစ်ပတ်မှာ သုံးရက်လောက် ဆေးရုံလစ်ပြီး စာကျက်ပေးသတဲ့။ အင်း … မြန်မာနဲ့ အကွာရာဟာ အကွာရာ အဖြေမပေးသေးလို့ တရားဝင် ချစ်သူကလေးတွေ မဟုတ်သေးမှန်း နှစ်ယောက်တည်းသာ နားလည်ရင် နားလည်မယ်။ အများ သတ်မှတ်ထားကြတာကတော့ အတန်းထဲက သည်နှစ်ရဲ့ အတွဲသစ်ကလေးပေါ့။ မဟုတ်သေးပါဘူးငြင်းလည်း အိမ့်တို့၊ ပြည့်တို့၊ နေနေတို့ကတောင် နောက်ပြီး မွှေးမွှေးနဲ့ ပုန်းညက်က တောင် ယုံမှမယုံကြတော့တာကြီးကွယ့်။ ဘယ့်နှယ်လုပ်မလဲ။

ခါတိုင်းနေ့တွေတော့ သူ့လောက် တက်ကြွတာ မရှိ။ သူ့လောက် စာအရမြန်တာ မရှိ။ သူမရဲ့ စကားတိုင်းကို ဂရုတစိုက် နားထောင်တတ်တာမရှိတဲ့ မြန်မာဟာ သည်နေ့မှာတော့ စကားတွေ ဖောင်ဖွဲ့မနေ။ အကွာရာကိုလည်း ဘောမှာထားပြီး စိတ်တွေလည်း အဝေးကို လွင့်လို့နေသည်။ သူ ဘာတွေ အခက်အခဲ ရှိနေခဲ့သလဲ။





ဟင်အင်း … သူ့ဆီမှာ အခက်အခဲ၊ စိတ်ညစ်စရာနဲ့ စိတ်ဓာတ်ကျခြင်းဆိုတာတွေ အကွာရာနဲ့ တွေ့ပြီးချိန်ကစပြီး တစ်စုံတစ်ရာမှ မရှိစေလိုပါ။ ဒါကြောင့်ပဲ ကိုယ့်ဘက်က အနစ်နာခံပြီး သူ့အတွက် အရာရာကို လိုက်လျောနေခဲ့မိတာပင် ဖြစ်လေသည်။

"မြန်မာ ညတုန်းက ဘာဖတ်ဖြစ်သလဲ ဟင်၊ ပြောပြပါလား၊ အကွာရာ မဖတ်ရသေးတဲ့ စာဆိုရင် အကွာရာ ဖတ်ပြီးသား ဖြစ်သွားအောင်ပေါ့နော်၊ ဖတ်ပြီးသားဆိုလည်း နောက်တစ်ခေါက် ဖြစ်သွားအောင်"

"အင်း … ကိုယ် ညက ဘာမှ မဖတ်ဖြစ်ဘူး အကွာရာ"

"ဘာဖြစ်လို့လဲ နေမကောင်းလို့လား"

"မဟုတ်ပါဘူး ကောင်းပါတယ်၊ စိတ်မပါလို့ ကိုယ်က စာတွေအကုန်လုံး အကွာရာနဲ့ ပေါင်းဖတ်မှ ရသလို ဖြစ်နေပြီ၊ ကိုယ် တစ်ယောက်တည်းဖတ်ရင် စိတ်က ဟိုရောက် ဒီရောက်နဲ့ ခရီးမပေါက်လှဘူးကွ"

မြန်မာသည် တစ်စုံတစ်ရာကို ဖုံးကွယ်လိုဟန်ဖြင့် ဘမန်းကတန်း ဖြေ၏။ အကွာရာသည် မြန်မာ့ မျက်နှာအား အမြဲကြည့်နေတတ်သူဖြစ်၍ မြန်မာ ညာပြောနေမှန်း ရိပ်မိပါသည်။ သို့သော် မြန်မာ့ကို အနှောင့်အယှက် မပေးလို၍ ကိုယ့်ဘာသာပဲ ခေါင်းစဉ်တစ်ခု ရွေးချယ်ကာ ဖတ်ပြရင်း ငေးငေးငိုင်ငိုင် ရှိလှသော မြန်မာ့အတွက် ရင်ထဲမှာ အင်မတန်မှ ပူလောင်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာသည် ချောသည်၊ တည်သည်၊ ခန့်သည် ဟု သော ဂုဏ်ပုဒ်များ မပိုင်ဆိုင်သော အမျိုးသားကလေးတစ်ယောက်ပဲ ဖြစ်လေသည်။ သာမန် ကောင်ကလေးတစ်ယောက်ထက် မပို သော ရုပ်ရည်ကလေးလည်း ရှိသည်။ အရုပ်အမောင်းကလည်း အက္ခရာ နှစ်သက်လှသော မြင့်မားသည့် အရုပ်အမောင်းပိုင်ရှင်လည်း မဟုတ်ချေ။ ရှိသင့်ရှိထိုက်သည့် အရုပ်အမောင်းနဲ့ သာမန်လူကလေးပဲ ဖြစ်သည်။ ဒါပေမဲ့ အံ့ဩစရာ ကောင်းသားနော်။ အက္ခရာက ကျေကျေနပ်နပ် လက်ခံရွေးချယ်မိသတဲ့လေ။

"ကဲ ... ဒီတစ်ခု ပြီးသွားပြီ၊ ဒီတစ်ခါ မြန်မာ့ အလှည့်နော်၊ ပြန်ပြောပြမလား၊ ပိုပြီး မှတ်မိသွားတာပေါ့နော်"

"မပြောနိုင်ဘူးကွာ၊ ကိုယ် တစ်ခုမှ မမှတ်မိလိုက်ဘူး အက္ခရာပဲ ပြန်ပြောပြ"

"ဟင်း ... မောလိုက်တာ"

"ဆောရီး ... ဆောရီး၊ အက္ခရာ မောရင်လည်း မပြောနဲ့တော့ ခဏနားလိုက်ပါလား၊ ကိုယ် ဒီနေ့ စိတ်မပါသလို ဖြစ်နေ လို့ပါကွာ"

"အကြီးဆိုပြီး အနိုင်ကျင့်တယ်နော်၊ စာကျက်တိုင်း အက္ခရာ က အမြဲတမ်း အများကြီး ပြောရတယ်၊ ရှင်က နည်းနည်း ပြောတယ်၊ အင်မတန် အနိုင်ကျင့်တာပဲ"

အက္ခရာလေးရယ်၊ ဘာလို့ စိတ်မပါသလဲ ဆိုတာ ကို မေးလိုက်စမ်းပါ။ ကိုယ် ပြောပြချင်လွန်းလို့။ ကိုယ့်ဘက်က





စပြီးပြောပြရမှာ မဝံ့မရဲ ဖြစ်နေခဲ့ရပြီ။ ဘာကြောင့် ဖွင့်ပြောရသလဲ ဆိုတာကို သံသယမျက်လုံးနဲ့ကြည့်မှာ စိုးရိမ်နေခဲ့ရပြီ။ အပြုံးကလေးတွေ ထာဝရတည်တံ့နေတဲ့၊ လှပမှုတွေနဲ့ ပြည့်စုံတဲ့ နှုတ်ခမ်းကလေးမှာ အပြုံးကလေးတွေ မပျက်စေလိုဘူး။ အဲဒါကို ဂရုစိုက်နေလို့ ကိုယ်က သည်ကိစ္စကို ဖွင့်ပြောသင့် မပြောသင့် ချင့်ချိန်နေခဲ့မိပြီ။ လောကမှာ အခုလောလောဆယ် ကိုယ် ရင်မဆိုင်ချင်ဆုံးအရာဟာ အက္ခရာရဲ့ အပြုံးကလေးတွေ ပျောက်ကွယ်သွားမှာကိုပဲ။

'ချစ်တယ်'ဆိုသော သူ အင်မတန် မျှော်လင့် တန်ဖိုးထားသည့် စကားတစ်ခွန်းအား သူမထံမှ မကြားရသေးသော်လည်း သူမသည် သူ့အလိုဆန္ဒ မှန်သမျှကို မညည်းမညူ ဖြည့်ဆည်းပေးတတ်စမြဲ။ သူ့အတွက် သူမ၏ အချိန်များကို ဖျက်သိမ်းပစ်ကာ သူ့အချိန်များအဖြစ် ပြောင်းလဲပေးဆပ်ခဲ့တတ်သူကလေး။ ပြီးတော့ သူ့နံဘေးနားမှာ တစ်မနက်လုံးထိုင်လျက် မပျင်းမရိ စာကူဖတ်ပေးသူကလေး။ သူ့ကြောင့် အစ်မဖြစ်သူကိုတောင် ညာပြောတတ်လာပြီဟု တစ်ခါတလေ ညည်းညူတတ်သူကလေး။

ဒီနေ့တော့ သူ့ရဲ့ ယိုယွင်းသော အမူအရာများကို ရိပ်မိလျက် သူမလည်း မျက်နှာညိုချင်လာပြီမှန်း သူလည်း ရိပ်မိတတ်ခဲ့ပြီ။ အင်း ... မဖြစ်တော့ပါဘူး၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က ရှင်းတယ်ဆိုတဲ့ အကြောင်းတော့ ကြိုတင် ပြောပြထားမှပါ။

"အက္ခရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ပြောလေ မြန်မာ"

"ကိုယ် အက္ခရာကို တစ်ခု အသိပေးချင်တယ်"

မျက်တောင်ရှည်ရှည် ကော့ကော့ကလေးများ ဖျတ်ခနဲ တစ်ချက်ပိတ်လျက် သူ့ဆီ မျက်လုံးလှန်ကြည့်ဟန်ကလေးကတော့ အက္ခရာထံမှ ပြောင်မြောက်သော ဆွဲငင်မှု တစ်ခုဖြစ်ကြောင်း အက္ခရာ မသိချေ။ သူ့ကို အမြဲ အဲဒီလို ကြည့်တတ်စမြဲတည့်။

"ဒီကိစ္စကို ပြောလိုက်လို့ အက္ခရာစိတ်ထဲ တစ်မျိုးမထင်လိုက်နဲ့နော်၊ ကိုယ်က အက္ခရာ စိတ်ရှင်းစေချင်လို့ ကြိုပြောပြထားတာ၊ ကိုယ့်ဘက်က အက္ခရာကို ဘာတစ်ခုမှ ထိမ်ချန်မထားဘူးဆိုတာ သိစေချင်လို့"

"ဘာတွေလဲဟင် အက္ခရာ တစ်ခုမှလည်း နားမလည်ဘူး၊ ပြောစရာရှိတာသာ ပြောပါ၊ အက္ခရာက မြန်မာ ဘာပြောပြော ယုံပါတယ်၊ မြန်မာ အက္ခရာကို မညာဘူး ဆိုတာ သိတယ်"

"အင်မတန် ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ"

"ဟော့ ... ဆင်ဆာ ... ဆင်ဆာ၊ အဲဒီ စကားကို ဆင်ဆာက ပယ်တယ်နော်၊ စာမေးပွဲပြီးမှ ရှင့်ကို ပြောခွင့်ပေးမယ်၊ အခုလောလောဆယ် အက္ခရာတို့က အရင်းနှီးဆုံး မိတ်ဆွေတွေလေ၊ အက္ခရာတို့ အခု စာကျက်နေကြတာလေ၊ ဒီစကားတွေ မပြောပါဘူးလို့ ကတိတောင်းပြီးမှ ဒီစာကျက်ပွဲကို လက်ခံသဘောတူထားတာ မမေ့နဲ့ဦး လူလည်လေးရဲ့၊ ကဲ ... ကဲ ခုနက ရှင်ပြောမဲ့ ကိစ္စက ဘာလဲ၊ ပြောပါဦး၊ စကားတွေက ဟိုရောက် ဒီရောက်နဲ့တော်၊ ရှင်လည်း အိမ့်လိုပဲ၊ အက္ခရာနဲ့ပေါင်းပြီး စကားတွေ အများကြီးပြော၊ ဟိုရောက်သွားလိုက် ဒီရောက်သွားလိုက် ဖြစ်လာပြီ၊ နားထောင်ရတဲ့လူ စိတ်ညစ်ပြီး မမှတ်မိတဲ့ စကားပြောဟန်မျိုးကို အမှန်က အက္ခရာ တစ်ယောက်တည်း ပိုင်ထားတာကွ"

မြန်မာသည် ခပ်ရှက်ရှက်ကလေး ရယ်လိုက်လျှင် အက္ခရာမှာ ငေးခနဲ ဖြစ်သွားရသည်။ တကယ်ပါ စတွေ့ကတည်းက အရယ်အပြုံး နည်းပါးပြီး ခပ်ငေါင်ငေါင် အမူအရာနဲ့သာ တွေ့ရတတ်တဲ့ မြန်မာ့ဆီမှာ အရင်ကတော့ မြင်ရခဲတဲ့ အရယ်မျက်နှာကို ခိုးပြီး ငေးလိုက်ရတာ၊ စောင့်ကြည့်လိုက်ရတာ။ အခုတော့လည်း မကြာခဏဆိုသလို မြင်ရတတ်တဲ့ ဒီလို အဲပျော်မျက်နှာကို မရိုးနိုင်စွာ ငေးမိတတ်တာမို့ အက္ခရာ အတော့်ကို အဖြစ်သည်းနေပြီ။

"ဒီမှာ အက္ခရာ ဖတ်ကြည့်"

"ဘယ်သူ့စာမို့လို့လဲ"

"နဒီဆီက စာ"







www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင် … ရင်ထဲမှာ ဒိုင်းခနဲ ဆောင့်ခုန်ကာပြီးတော့ ရင်တွေ တဒိတ်ဒိတ် ခုန်လာတော့သည်။ တစ်ကိုယ်လုံးလည်း ကတုန်ကယင် ဖြစ်လာလျက် မျက်ရည်တွေ ဝဲချင်ချင်။ အာခေါင်တွေထဲမှာ ခြောက်ကပ်လာသလိုလို။ ဟင့်အင်း … ရင်မဆိုင်ချင်ဘူး။

နဒီဆိုတဲ့ နာမည်တစ်ခုကို ဘဝမှာ ထပ်မကြားပါရစေနဲ့လို့ ဆုတောင်းခဲ့သမျှ သည်ဆုတောင်းတွေ မပြည့်တော့ဘူးထင်ပါရဲ့။ မြန်မာ့ရဲ့ဘဝထဲက ပျောက်ကွယ်တော့မဲ့ နဒီက အခုမှ ဘာလို့ ပြန်ရောက်လာရသလဲ။

"ကိုယ်လည်း စာရခါစက အံ့သြသွားတယ်၊ ကိုယ်တို့ အဆက်အသွယ် လုံးဝပြတ်သွားတာ၊ ကိုယ် အက္ခရာတို့ အတန်းကို ဆင်းတဲ့အကြောင်း နဒီသိပြီး မကြာခင် စာတစ်စောင် ထပ်ရောက်လာပြီးကတည်းကပဲ၊ အဲဒီနောက်ပိုင်း ဖုန်းလဲ မဆက်ဘူး၊ စာလည်း မပြန်ဘူး၊ ပြောင်းသွားကြပြီလို့ သိရတယ်၊ ကိုယ့်ကို လုံးဝအဆက်အသွယ် ဖြတ်သွားခဲ့တာ၊ ကိုယ် တော်တော် နာကြည်းခဲ့တယ်၊ မှန်တာပြောရရင် နဒီနဲ့ ကိုယ်က မုန်းပြီးခွဲသွားကြတဲ့ လူတွေမှ မဟုတ်တာ၊ ဘာဖြစ်လို့ ဒီလို ဖြတ်တောက်သွားသလဲ ဆိုတာကို နာကြည်းတာရယ်၊ နဒီ့ကို တမ်းတတာရယ်တွေနဲ့ ကိုယ့်ဘဝက ခြောက်သွေ့ခဲ့ရတယ်၊ အဲဒါတွေ အခုမှ ဘာလို့





ပြော့သလဲလို့ အက္ခရာ မမေးနဲ့နော်၊ အက္ခရာ တစ်နေ့မေးလိမ့်မယ်ထင်ပြီး ကိုယ် မျှော်လင့်ခဲ့တယ်၊ ကိုယ်တို့အကြောင်းတွေ အက္ခရာကို ပြောပြမယ်လို့ ရည်ရွယ်ထားခဲ့တယ်၊ ဒါပေမဲ့ အက္ခရာက လုံးဝဒီအကြောင်းကို စကားမစဘူး၊ နာမည်ကလေးတစ်ခုပဲ မေးပြီး ဆက်မမေးဘူး၊ ဘာဖြစ်လို့လဲဆိုပြီး ကိုယ် အံ့သြခဲ့ရတာပေါ့၊ ပြီးတော့ ဘယ်သူ့ကို ပိုချစ်သလဲ ဆိုတာမျိုးလဲ မမေးဘူးနော်၊ အက္ခရာက သိပ်ထူးခြားတာပဲ"

ဟုတ်တယ် အက္ခရာဘဝက ထူးခြားတယ်ပဲ ထားပါ။ အက္ခရာ ဆိုတဲ့ မိန်းမက ဖြစ်ပြီးတာကို တသသ ပြန်ပြောတာမျိုး မကြားချင်လို့ဘဲ။ ရှင်းရှင်းပြောရရင် နဒီနဲ့ မြန်မာ့တို့ သိပ်ချစ်ခဲ့ကြတာပေါ့ ဆိုတာကြီးကို မြန်မာ့ နှုတ်ဖျားက ကြားရမှာ အစိုးရိမ်ဆုံးပဲ။ အက္ခရာဟာ လုံးဝ ခံနိုင်ရည်မရှိအောင် မြန်မာတို့ရဲ့ အချစ်ဇာတ်လမ်းကို နားမထောင်ချင်ခဲ့ဘူး။ သိပ်ပြီး သဝန်တိုမိမှာ။ ဒါကြောင့် တမင် မမေးခဲ့တာ။ သိထားသလောက် ကြားစကားနဲ့တင် မြန်မာရဲ့ အရင်ကအကြောင်းကို မေ့ချင်ယောင်ဟန်ဆောင်နေခဲ့တာ။ အခုတော့ အက္ခရာဟာ လောကကြီးမှာ သိပ်ကံဆိုးတဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်သည်။ မကြားချင်ဆုံးသော ဇာတ်လမ်းတစ်ခုကို ကြားခွင့်ကြုံရသူမှာ ချစ်သူထံမှ ကိုယ်တိုင်ဖွင့်ပြောမှုကြောင့် ဖြစ်နေခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုနစ်လကျော်လောက် အဆက်အသွယ် ပြတ်ပြီးမှ ကိုယ်လည်း သူ့ကို မေ့သွားပြီးမှ ဒီစာကို မနေ့က အိမ်ပြန်ရောက်ရောက်ချင်း စားပွဲပေါ်မှာ တွေ့လိုက်ရတော့တာပဲ၊ အရမ်းအံ့သြသွားတယ်၊ အက္ခရာ ဖတ်ကြည့်လေ"

"နေပါစေတော့"

"ဘယ်ဟုတ်မလဲ ဖတ်ကြည့်ပါ၊ အခု လောလောဆယ်မှာ ကိုယ့်အကြောင်း ကိုစွမှန်သမျှဟာ အက္ခရာပဲ အသက်ဆိုင်ဆုံးမို့လို့ အက္ခရာကို ပေးဖတ်တာ၊ ကိုယ့်ဘက်က အက္ခရာကို ဘာမှ ထိန်းချုပ်ထားတာမျိုး မရှိစေချင်ဘူး၊ အက္ခရာက ကိုယ့်ကို အမြင်ရှင်းစေချင်တယ်"

စာအိတ်ပေါ်မှ လက်ရေးကလေးသည် လှပဝိုင်းစက်၍ သေသေသပ်သပ် ရှိလှသည်။ မိန်းမပီသသည့် လက်ရေးကလေးတွေ။ တိမ်းတာစောင်းတာလည်း မရှိ။ သိပ်ပြီး တည့်မတ်တဲ့ လက်ရေးကလေးတွေပဲ။ အက္ခရာနဲ့များ ကွာပါ့။ အက္ခရာသည် သူငယ်ချင်းတွေ ကဲ့ရဲ့သလို ကိုယ့်ကိုယ်ကိုယ်တော့ လှအောင်ပြင်တတ်ပြီး လက်ရေးတော့ ဖြစ်သလိုရေးသည့် ပဲပင်ပေါက်လက်ရေးပိုင်ရှင်ပဲ ဖြစ်လေသည်။ ခပ်သော့သော့၊ ခပ်စောင်းစောင်း၊ ခပ်ကျဲကျဲ၊ ခပ်သေးသေး ခြစ်ရာများများဟူသော ဂုဏ်ပုဒ်များ ပါဝင်သည့် အက္ခရာ၏ လက်ရေးသည် နဒီနှင့်ယှဉ်လျှင် ဆိန့်ရေလို အပုံကြီး ကွာပါပေသည်။





ဒီလက်ရေးကလေးတွေက ခပ်ညီညီ၊ ခပ်စိပ်စိပ်နှင့် ဖတ်ရသူ အမြင်အေးစေ၍ အက္ခရာသည် ပထမဆုံးအကြိမ် သူမ၏လက်ရေးကို ရှက်ရွံ့မိတော့သည်။

**ကို ...**

တဲ့။ မြန်မာတော့ ဘယ်လို ခံစားရမည်မသိ။ အက္ခရာတော့ နဒီကိုယ်တိုင် အနားမှာ လာခေါ်လိုက်သလို ခံစားရတာ ကြက်သီးမွေးညင်းတွေ ထောင်ထသွားရအောင် ပူပင်သောကများပြားရတော့၏။

စိတ်ဆိုးနေလားဟင်၊ ကို့ကို တမင် အဆက်အသွယ် ဖြတ်ထားတာ မဟုတ်ပါဘူး၊ နဒီ အလုပ်တွေပိပြီး ကို့ဆီ စာရေးဖို့အချိန် လုံလုံလောက်လောက် မပေးနိုင်လို့ပါ၊ ဒီစာတောင် Date တစ်ခုစီခွဲရေးပြီး တစ်ပိုဒ်စီ ဖြစ်နေတာ သာကြည့်၊ စာတစ်စောင်ကို ငါးလကြာအောင် ရေးဖြစ်သွားတယ်၊ ဆောရီး ကိုရယ်၊ နဒီ အလုပ် လောဘကြီးသွားလို့ပါ၊ အခုတော့ နဒီ အလုပ်ကြိုးစားခြင်းရဲ့ ဆုလာဘ်ကတော့ အခန်းကိုယ်ပိုင်တစ်ခု ဝယ်ဖြစ်သွားပြီ သိလား၊ ဒါပေမဲ့ နဒီ သွားမနေသေးပါဘူး၊ ဆရာမကြီးနဲ့ နေတုန်းပဲ၊ ဆရာမကြီးနေတဲ့အိမ် ပြောင်းသွားလို့ နဒီ လိုက်ပြောင်းရပြီး ကိုနဲ့ အဆက်အသွယ် ပြတ်သွားတယ်နော်၊ နဒီ စိတ်မကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ... ဘုရား။ ဒါဆို နဒီက ပြန်ပြီးဆက်သွယ် ပြီ။ မြန်မာရဲ့ တရားဝင် ချစ်သူနေရာကို ပြန်ယူပြီပေါ့။ အို ... ရင်မောရလေစွ။

ကိုနဲ့နဒီ အတူတူနေဖို့ နဒီ အခန်းဝယ်ထားလိုက်ပြီ၊ ကျောင်းမပြီးသေးလည်း ကို လိုက်လာခဲ့တော့။ နဒီ လေယာဉ်လက်မှတ် ပို့လိုက်ပြီ။ ကိုနဲ့ အကြာကြီး ခွဲမနေနိုင်တော့ဘူး သိလား၊ နဒီ ကြိုးစားသမျှ ကိုနဲ့ နဒီတို့ အတူတူ နေကြရဖို့ပဲ။ အခုတော့ အရာရာက အကောင်အထည် ပေါ်လာခဲ့ပြီ ကိုရဲ့၊ ကို ဒီရောက်မှပဲ ဆေးကျောင်းဆက်တက် ရင်တက်တော့၊ နဒီ ကို့ကို ကျောင်းထားပေးနိုင်ပြီ၊ နဒီက လစာအရမ်းကောင်းနေပြီ၊ ကို စိတ်မပူနဲ့တော့၊ ပြီးတော့ ကို ဝမ်းသာသွားအောင် ပြောရဦးမယ်၊ ကို စာမေးပွဲပြီးချိန် လောက်မှန်းပြီး နဒီ မြန်မာပြည်ကို လာနိုင်ဖို့ ဗီဇာတင် ထားတယ်။ အဲဒီအချိန်ဆို လေယာဉ်လက်မှတ်က ရောက်ပြီး ရောပေါ့၊ ကို နဒီနဲ့အတူတူ ဒီကို တစ်ခါတည်း လိုက် လာရုံပဲ၊ နဒီအဖြစ်က ရယ်ရတယ်နော်၊ ယောကျ်ားယူဖို့ ကိုယ့်ဘက်က အစစအရာရာ ပြည့်စုံအောင် အရင်ဖြည့် ဆည်းပြီးမှ ကိုရေ လိုက်ခဲ့တော့လို့ ခေါ်ရတဲ့ အဖြစ်ပဲ၊ ပြောင်းပြန်ဖြစ်နေပြီလား မသိဘူး၊ ဒါပေမဲ့ ဘယ်သူသိတာ မှတ်လို့လဲနော်၊ နဒီက ကို့ကို သိပ်ချစ်လို့ ဆိုတာကိုပဲ သိမှာပါ၊ ကိုရေ စောင့်နေနော်။



အက္ခရာသည် စာကို သေသေချာချာ အိတ်ထဲ ပြန် ထည့်ပြီး သူ့ဆီ ပြန်လှမ်းပေး၏။ သူမ၏ မျက်နှာပြင်တွင် ဘာတွေများ ပြောင်းလဲသွားလိမ့်မလဲဟု တစ်ချိန်လုံး စူးစမ်းနေခဲ့ သောကြောင့် မျက်နှာ အနည်းငယ် ပျက်ယွင်းသွားသည့် စက္ကန့် ပိုင်းကလေးကိုတော့ဖြင့် မြင်ခွင့်ရလိုက်ပါသည်။ ဒါပေမဲ့ မာနကြီး ချင်သော မိန်းကလေးတစ်ယောက်ဖြစ်သည့် အက္ခရာသည် သူမ၏ အမူအရာ ပျက်ယွင်းမှု စက္ကန့်ပိုင်းအား ချက်ချင်း ဖုံးကွယ်ပစ် လိုက်ခဲ့လေသည်။

မဟုတ်သေးပါဘူး တစ်ခုခုတော့ မင်း ပြောသင့် တယ်၊ ဆွေးနွေးသင့်တယ်၊ တိုင်ပင်သင့်တယ်။ အခုတော့ သူမနဲ့ မသက်ဆိုင်တဲ့ အကြောင်းအရာတစ်ခုအား သိခွင့်ရသည့်ပမာ တည်တည်ငြိမ်ငြိမ် သူ့လက်ထဲ စာကို ပြန်ထည့်ပေးနေခဲ့သည်။

ဩော် ... အသိရခက်လေစွ။

နောက်ဆုံးတော့ အက္ခရာ၏ တည်ငြိမ်မှုကို သည်း မခံနိုင်သူမှာ မြန်မာပဲ ဖြစ်တော့သည်။

"အက္ခရာ ဘာဖြစ်လို့ ဒီလောက်တောင် မသိကျိုးကျွန် ပြုနေရတာလဲ၊ တကယ်ဆို ကိုယ့်ကို တစ်စုံတစ်ခုတော့ မေးဖို့သင့်တယ်၊ အခုတော့ ဒီကိစ္စဟာ အက္ခရာနဲ့မဆိုင်တဲ့ အတိုင်းဘဲ၊ အေးအေးဆေးဆေးနဲ့ စာဆက်ကျက်နိုင်တယ်၊ အက္ခရာ ကျက်ပြလည်း ကိုယ်မှ စိတ်မဝင်စားနိုင်တာ၊ ကိုယ်ဒီ အခုလောလောဆယ် ခေါင်းထဲမှာ အရမ်းရှုပ်ထွေးနေပြီ"

www.burmeseclassic.com



"ဟုတ်တယ်နော် အကွရာ မေ့သွားတယ်၊ မြန်မာ စိတ်ရှုပ်နေမယ်ဆိုတာ အကွရာ မတွေးခဲ့မိဘူး၊ ကဲ... ဒါဆိုလည်း ဒီနေ့ရဲ့ စာကျက်ဝိုင်းကို သိမ်းလိုက်ကြတာပေါ့၊ ဒါပေမဲ့ စာမေးပွဲသိပ်နီးနေပြီ မြန်မာရဲ့၊ စာကို မကျက်ဘဲ ပစ်မထားနဲ့နော်၊ စိတ်လည်းမလေနဲ့"

မဟုတ်ဘူး ကိုယ်လိုချင်တဲ့စကားက ဒီစကားမဟုတ်ဘူး အကွရာ။ မင်း ဘာဖြစ်နေတာလဲ။ ဘာလို့ ဒီကိစ္စကို မတုန့်လှုပ်ရတာလဲ။ သူက မေးဖြစ်အောင် မေးမိသေးရဲ့။ သူမသည် သွေးအေးအေးဖြင့် ရက်စက်တတ်သော လူတစ်ယောက်၏ အပြုံးမျိုးဖြင့် ပြုံးပြလျက် 'အဲဒါ မြန်မာ့ ကိစ္စပါ'ဟု ငြင်းပယ်ပစ်လိုက်ဖို့ ဝန်မလေးခဲ့ချေ။

* * *





နေနေက သူ့ပြောပြချက်ကို သေသေချာချာ နားထောင်ပြီးသောအခါ ...

"အကွရာ ပြောတာ မှန်သားပဲ၊ အဲဒါ သူ့ကိစ္စမှ မဟုတ်တာ၊ မင်းကိစ္စကွ၊ မင်းနဲ့ပဲ အဓိကသက်ဆိုင်တယ်၊ မင်းရဲ့ ဆုံးဖြတ်မှုပဲ၊ မင်းရဲ့ ပြတ်ပြတ်သားသား ဆုံးဖြတ်မှုအပေါ်မှာ မူတည်တာလေကွာ၊ မင်း စဉ်းစားကြည့်ပါလား၊ သူနဲ့ ဘာမှ မဆိုင်ဘူး၊ မင်းဆီ နဒီက ပြန်ဆက်သွယ်တယ်၊ အဲဒါကို မင်းက သူ့ကို အသိပေးလို့ သူ သိခွင့်ရတယ်၊ ဒါပဲ ရှိတယ်၊ သူက ဘာမှ အကြံပေးစရာမှ မလိုတာ၊ သူ့အတွက် ပူပင်စရာဆိုလို့ မင်း ဘယ်သူ့ဘက် လိုက်မလဲဆိုတာပဲ ရှိတယ်"

ဟု အကွရာဘက်မှ ဖြေရှင်းပေးလေသည်။

"အေး ငါက အဲဒါပဲလိုချင်တာ၊ သူ အဲဒီလို မေးတာကို ကြားချင်တာကွ၊ အခုတော့ကွာ လုံးဝ silent ပဲ၊ ငါက ဒါကို ခံနိုင်ရည် မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း မေးပေါ့ကွာ"

"ဟ ... မမေးဘဲ နေမလား၊ တွေ့တိုင်း တမင်မေးတယ်၊ အကျရာ ဘာလို့ စိတ်မဝင်စားသလဲ မတုန်လှုပ်သလဲနဲ့ မေးလွန်းလို့ ခက်နေပြီ၊ မင်းတို့ အကျရာက ကြည့်တော့ သာ ခပ်ပျော့ပျော့ မိန်းမပုံစံနဲ့ တကယ့်တကယ်တော့ အင်မတန် မာကျောတဲ့ မိန်းကလေးပဲ၊ အဲဒါ သူနဲ့ မဆိုင်ဘူးတဲ့၊ ရှင်နဲ့ဆိုင်တာပဲ ရှင်ပုစမ်းပါတဲ့၊ ငါ့ကို ဟောက်တယ်ကွ၊ ကဲ ... ငါလည်း ဒီလောက်အထိပဲ မေးလို့ရမှာပေါ့၊ ပြောမှမပြောတာ၊ ဘယ်လိုလေးမှန်းကို မသိဘူး၊ မြဲစိစိ၊ မာရေကျောရေ၊ မာနကြီးကြီးဆိုတဲ့ ဂုဏ်ပုဒ်တွေကို သိပ်ခံမင်တယ်"

"သူပြောတာ မှန်ပါတယ်ကွာ၊ မင်းနဲ့ ဆိုင်တာပဲ၊ မင်း ပုပင်ရမှာ၊ မင်း ဘယ်သူ့ကို ရွေးချယ်မလဲဘဲ မင်း စဉ်းစားရမှာ၊ သူ့ခံစားချက်ကို မင်း သိစရာမှ မလိုတာ၊ အေး မင်းကိုတော့ ငါတို့လည်း မမေးပါဘူး၊ မင်းဘာသာမင်း စိတ်ကြိုက် ဆုံးဖြတ်နိုင်တယ်၊ ဘယ်သူ့ဘက် လိုက်ပါလို့ မတိုက်တွန်းဘူး၊ မဆွေးနွေးဘူး၊ အကြံမပေးဘူး၊ ဒါက မင်းနဲ့ အသက်ဆိုင်ဆုံးပဲ၊ အဓိက အဖြေဟာ မင်းရဲ့ ဆုံးဖြတ်ချက်ပဲ"

ပြည့်ဖြိုးဟာန်က ဝင်ပြော၏။





"တစ်ခုတော့ ရှိတယ်ကွ၊ ဒီကိစ္စက စာမေးပွဲနီးမှ ကပ်ဖြစ်လာလို့ မင်းရော အကျရာရော မထိခိုက်စေချင်ဘူး၊ ဒီကိစ္စရဲ့ လွှမ်းမိုးမှုကြောင့် မင်းတို့ နှစ်ယောက်စလုံးရဲ့ ပညာရေးဘက်မှာ နစ်နာမှာ စိုးရိမ်တယ်၊ မင်းလည်း ကိုယ့်ပညာရေးကို မေ့မထားနဲ့၊ ဘာပဲဖြစ်ဖြစ် အကျရာလည်း စိတ်ထဲမှာ တစ်ခုခုတော့ ခံစားနေရမှာပဲ၊ သူလည်း ဒီကိစ္စကြောင့် စာမေးပွဲမှာ အနှောင့်အယှက် မဖြစ်စေဖို့ သတိပေးသင့်သလောက် ပေးမှာပဲ၊ အိမ့်ကတော့ စိတ်ချရပါတယ်၊ အကျရာကိုတော့ အတတ်နိုင်ဆုံး လက်တွဲခေါ်မှာပဲ"

"အကျရာက ဘာမှ ခံစားရပုံ မပေါ်ပါဘူးကွာ၊ သူက ငါ့ကို ဒေးဆိုတဲ့ ကောင်ကလေးလောက်တောင် ချစ်ရဲ့လား မသိဘူး"

"အေး ... အဲဒါ မင်းပဲ သေချာအောင်မေးကြည့်၊ နားညည်းလာပြီကွာ၊ တစ်နေ့ တစ်နေ့ ဒါပဲ ကြားနေတယ်၊ နောက်တစ်ပတ်ပြီးရင် ပရိုက်ဗိတ် စတာဒီ (Private Study)တစ်ပတ် လာတော့မှာကိုလည်း သတိရဦး မြန်မာ"

နောက်တစ်ပတ်တွင် Morbid Speciman စာမေးပွဲရှိသဖြင့် ဖန်တုံးကြီးထဲက ဆေးစိမ်ထားသော လူခန္ဓာကိုယ့်အစိတ်အပိုင်းများအား သီအိုရီနှင့် တိုက်ကြည့်မှတ်သားရင်း အိမ့်နဲ့ ခေါင်းချင်းဆိုင်နေသည့် အကျရာအား ခိုး၍ ငေးမိပြန်ပါသည်။ ပြည့်ဖြိုးဟာန်နဲ့ နေနေက ဒါက ဘာ၊ ဒါက ဘာနဲ့ လက်ညှိုးထိုး



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ပြရင်း တောက်လျှောက် တတွတ်တွတ် ပြောသွားနိုင်သလောက် သူ့မှာတော့ အတော့်ကို ခက်ခဲပင်ပန်းစွာ လိုက်မှတ်နေရသည်။

စိတ်တွေက ပြန့်ချင်တိုင်း ပြန့်နေသည်။ စာကျက်ရင်း ဝေါင်ချင် ဝေါင်နေတတ်သည်။ တခြား လူတစ်ယောက်နှင့် စကားပြောရင်း စိတ်က တခြားရောက်ချင် ရောက်သွားပေါင်းလည်း မနည်းတော့ချေ။ အထူးသဖြင့် သူ့စိတ်အစဉ်သည် အက္ခရာနှင့် နဒီဟူသော သူ့ဘဝကို ထူးခြားမှုများစွာ ပေးစွမ်းနိုင်သည့် မိန်းမနှစ်ယောက်ထံမှာ ရောက်နေတတ်တာ များ၏။

အက္ခရာကရော အင်း ... သူမလား၊ တစ်စက်လေးမှ ငေးငိုင်ခြင်း မရှိ၊ တွေဝေခြင်း မရှိ၊ ဖျတ်လတ်တက်ကြွစွာ အိမ့်နဲ့ ရယ်မောနေတတ်ဆဲ။ စကားတွေ ဖောင်ဖွဲ့ဆဲ။ စာတွေကျက်လို့ မကုန်သေးကြောင်း ညည်းညူဆဲ။ သူတို့နှစ်ယောက်ကြားမှာ ဘာအခက်အခဲမှ ရှိနေဟန်တောင် မထင်ရအောင် အရင်က အတိုင်း သူ့အတွက် စာတွေ ကျက်ပေးတတ်ဆဲ။ တခြား ဘာဆိုဘာတစ်ခွန်းမှတောင် မဟဘဲ သူမထံမှ ပြောသော စကားအများစုတို့သည် စာမေးပွဲအကြောင်း၊ စာအကြောင်းတွေသာ ဖြစ်နေတတ်သည်။ ငါ့ကို တကယ် မချစ်လို့ သူမ မခံစားရတာလားဟုတော့ သံသယ မဝင်ချင်ခဲ့ပါ။ ပြောရရင် သူမဟာ သူ့ကို နဒီအားတမ်းတချိန်ကတည်းက တိတ်တခိုး ချွဲလမ်းနေခဲ့သူပဲ။ သူမလည်း ဟန်ဆောင်ကောင်းနေတာ ဖြစ်လိမ့်မည်။ အနည်းအကျဉ်းမျှတော့ သူမလည်း ထိခိုက်ခံစားနေရလိမ့်မည် ထင်ရဲ့။





အဲဒီလို ဟန်ဆောင်မျိုသိပ်နေရမှာကို ကိုယ် ရင်မဆိုင်ရဲတာပါ အက္ခရာ။ ကိုယ့်ကို မေးပစ်စေချင်တာ။ ကိုယ်ရဲ့ ဆုံးဖြတ်ချက် ဘယ်လို ဖြစ်မလဲဆိုတာကို မေးစေချင်လွန်းလို့။

"အက္ခရာ မင်းရင်ထဲမှာရှိနေတဲ့ အကြောင်းအရာတွေကို ကိုယ့်ကို ဖွင့်ဟပစ်လိုက်စမ်းပါ"

ဟူ၍ မကြာခဏ သူမအား တိုင်တည်ခဲ့ပေါင်းများသော်လည်း မာနကြီးသော မိန်းကလေးသည် သူမ၏ မျိုသိပ်နိုင်စွမ်းအားကို ဆက်လက် တည်တံ့စေခဲ့သူတည်း။

"ဟော ... မြန်မာတို့နားတောင် ရောက်လာပြီ၊ ဘယ်လိုလဲ မှတ်မိကုန်ပြီလား၊ မှတ်မိရင် ပြောပြစမ်းပါဦး၊ ဒီမှာ ခေါင်းမူးပြီး အန်တောင် အန်ချင်လာပြီ၊ အိမ့် အတင်းဆွဲထားလို့သာ ဆက်ကြည့်နေတာ၊ နောက်မို့ ထွက်ပြေးပြီး အိမ်ပြန်အိပ်မိတော့မယ် ထင်တယ်၊ မြန်မာရော ခေါင်းမမူးဘူးလား"

"မမူးပါဘူး ကိုယ်က ရှာစရာမှ မလိုတာ၊ ဒီကောင်တွေ ခိုင်ခံ့ရှာပြီး ပြောသလို လိုက်နားထောင်ရုံ လိုက်ကြည့်ရုံပဲလေ၊ အက္ခရာ မူးရင် သံပရာရည် သွားသောက်မလား"

"နေပါစေတော့၊ ဒီမှာ သကြားလုံး ငုံလိုက်ပြီ၊ Morbid အခန်းက ဒီနေ့နောက်ဆုံး ဖွင့်မယ်လို့ သတင်းကြားလို့ အပြီးကြည့်ထားရတော့မယ်၊ နောက်နေ့ဆို ပိတ်ပြီတဲ့၊ မြန်မာလည်း အားလုံးကြည့်လို့ မပြီးသေးရင် ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့မှာပါ လာလေ အက္ခရာပါ တစ်ခါတည်း လိုက်နားထောင်လိုက်၊ ရှာရသက်သာတာပေါ့"

သူ့နံဘေးတွင်ရပ်လျက် ဖနေနေပြသော Morbid ဖန်တုံးထဲမှ Heart Speciman ၏ ယိုယွင်းသောအချက်များကို သေသေချာချာ လိုက်ကြည့် မှတ်သားနေသည့် သူမ၏ ဦးခေါင်းကလေးအား ဆွဲပွေ့ကာ သူ့ရင်ခွင်ထဲ ထည့်ထားရင်း သူ့ရင်ထဲက ဗလောင်ဆူနေမှုများကို တိုင်တည်ချင်မိပါရဲ့။ မင်း သိရဲ့လား အက္ခရာ၊ ကိုယ့်အပေါ် အနွံ့အတာခံပြီး သိပ်ချစ်တတ်လွန်းတဲ့ မင်းကို ဆုံးရှုံးရမှာလည်း စိုးရိမ်နေမိတယ်၊ ကိုယ့်ကြောင့် အားလုံးရဲ့အလယ်မှာ ချစ်သူက စွန့်ပစ်ခံရသူ မိန်းမတစ်ယောက်အဖြစ် ကျန်ရစ်ခဲ့ရမှာကိုလည်း ကိုယ် မလိုလားဘူး။ မင်းဟာ ကိုယ်ရဲ့ လက်တွဲဖော်ကလေးပဲ။

နဒီကရော။

နဒီကလည်း သူမရဲ့ ပမာဏကြီးမားတဲ့ အချစ်တွေကို ထုတ်ဖော်မပြသတတ်ခဲ့သော်လည်း သူမ ဖြစ်ချင်တာတွေအတွက် သူ့ကိုတောင် အသိမပေးဘဲ ကြိုတင် ရည်မှန်းချက်တွေနဲ့ ပြင်ဆင်ပြီးမှ သူ့ကို မျှော်လင့်တကြီး လက်ကမ်းကြိုနေခဲ့ပြီ။ ရှင်းရှင်းပြောရရင် ယောကျ်ားတစ်ယောက်ဘဝမှာ အိမ်ထောင်တစ်ခုအတွက် ဘာမှ စွမ်းဆောင်စရာ တွေးတောပူပန်စရာမလိုအောင် သူမက သာတယ် နာတယ် မတွက်ဘဲ အနစ်နာခံပြီး





ကြိုးစားနေခဲ့တာ။ စိတ်ကူးတွေနဲ့ ရှုးသွပ်နေခဲ့တာ။ သူသာ မလိုက်နိုင်ဘူးငြင်းကြည့် နဒီ ဘယ်လောက် ကြေကွဲရလိမ့်မလဲ။ နဒီရော သည်မှာ ပြန်နေပါလားလို့ မေးကြည့်ချင်သားပင်။ ဒါဆို ကိုက နဒီ့ကို ကိုယ့်ပိုက်ဆံနဲ့ကိုယ် ကျောင်းထားပေးနိုင်မလားလို့ နဒီ ပြန်မေးလိမ့်မလား။ နဒီသည်လည်း မာနကြီးသော မိန်းမပီပီ သူမအား သဘောမတူပါဟု သတင်းလွှင့်ခဲ့တဲ့ ဒက်ဒီ့စကားတွေကို မေ့ဦးမည်မထင်။ ဒါကြောင့်လည်း နဒီက သူမဘဝ မြင့်မားအောင် စွမ်းဆောင်ခဲ့တာပဲဟု သူက နားလည်ပေးနိုင်ခဲ့သည်။

ဘယ်လောက်တောင် ဝေခွဲရခက်တဲ့ သူ့အဖြစ်တစ်ခုလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၃

အက္ခရာသည် သူမ၏ ချစ်သူကလေးဆီ တစ်ချက်ငဲ့ကြည့်မိသည်။ အများနည်းတူ စာတွေကုန်းရေးနေတာတွေ့မှ စိတ်အေးသွားကာ နောက်ဆုံးကျန်သော တစ်ပုဒ်အား ခေါင်းစဉ်တပ်၍ ရေးဖို့ ပြင်ဆင်လိုက်၏။ အက္ခရာ စာမေးပွဲဖြေရတာ ဘယ်လောက်တောင် ပင်ပန်းလိုက်သလဲဆိုလျှင် အချိန်မီအောင် မနားတမ်းလည်း ရေးရသေး၊ သူမနဲ့ မလှမ်းမကမ်းမှာရှိသော သူမ၏ ချစ်သူကောင်ကလေးရော ဖြေနိုင်ရဲ့လားဟူသော အတွေးဝင်လာတိုင်း တစ်ချက်တစ်ချက် လှည့်ကြည့်ရသေး။ မေးခွန်းခက်သော နေ့ဆိုရင် သူမအတွက်ထက် သူမ၏ ကောင်ကလေးအတွက် ပိုပြီး စိတ်ပူပင်ရသေး။ အင်မတန်မှ ကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့ မိန်းကလေးပဲနော်။





သူမထက်အရင် စာရွက်အပ်ပြီး အပြင်ထွက်နှင့်သော မြန်မာသည် အခန်းဝမှာ ခိုးကြောင်ခိုးဝှက် ဆရာမတွေ မမြင်အောင်ရပ်လျက် အက္ခရာအား ပြန်ရပ်ကြည့်နေလေသည်။ ဟင်း ... အပြင်ထွက်ရင်လည်း မတွေ့ရမှာ ကျနေတာပဲဟူသော အတွေး မဆုံးခင် သည်နေ့ဟာ သီအိုရီ စာမေးပွဲရဲ့ နောက်ဆုံးနေ့ပါလားလို့ သတိရလိုက်ချိန်မှာ အက္ခရာသည် နောက်တစ်ပတ် နှုတ်ဖြေ (Viva) အပြီးတွင် ရင်ဆိုင်ရတော့မည့် အဖြစ်တစ်ခုကို ရင်ဆိုင်ရမှာ မဝံ့မရဲ ဖြစ်နေတော့သည်။

'အဖြေ'။ ဟုတ်တယ် 'အဖြေ' ဆိုတဲ့ စကားတစ်ခွန်းဟာ အစတုန်းကတော့ အက္ခရာနဲ့ အသက်ဆိုင်ဆုံး စကားတစ်ခွန်း ဖြစ်ခဲ့သည်။ ယခုတော့ အို ... ယခုတော့ ဒီအဖြေဆိုတဲ့ စကားတစ်ခွန်းဟာ မြန်မာ့နှုတ်ဖျားမှ ထွက်ပေါ်လာမည့် အဆုံးအဖြတ်စကားတစ်ခွန်း ဖြစ်ခဲ့ပြီ။ ထိုအဖြေကို ရင်ခုန်စိုးရွံ့စွာ နားထောင်ရမည့်သူမှာ အက္ခရာ ဖြစ်နေခဲ့ရလေပြီ။

ဟင့်အင်း ... ကိုယ့်ကို မထားရစ်ခဲ့နော်။ မြန်မာရေ ရှင်သာ ထားရစ်ခဲ့မယ်ဆိုရင် ဘယ်နည်း ဘယ်ပုံရပ်တည်ပြီး ဒီပတ်ဝန်းကျင်ကို ဘယ်လို ရင်ဆိုင်ဖြတ်သန်းရမလဲ။ သူတို့တွေ ကြည့်မဲ့အကြည့်ကို ဘယ်လိုခွန်အားမျိုးနဲ့ တောင့်ခံနိုင်ပါ့မလဲ။ ဒါတွေ ကို ရင်ဆိုင်နိုင်တယ်ပဲ ထားတော့၊ မြန်မာ့ဆီက 'အချစ်' ဆိုတာကို ကြားခွင့်ရပြီး ပိုင်ဆိုင်ခွင့်လည်း ရပြီးမှ ဒီအချစ်ကို ပြန်လည်ဆုံးရှုံးလိုက်ရတယ်ဆိုရင် အက္ခရာဟာ ဘဝတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



အမှောင်အတိ ကျသွားရတဲ့ အဖြစ်မျိုးနဲ့ ကျန်ရစ်ခဲ့ရတော့မှာပဲ။ သိပ်သေချာတာပေါ့။ ချစ်သူထံမှ အချစ်ကို ပိုင်ဆိုင်ခဲ့လျက်သားနဲ့ အချိန်ဆွဲထားမိလို့ ချစ်သူကြားချင်သော အဖြေတစ်ခုကို တမင် သိမ်းဆည်းထားခဲ့မိလို့ဟူသော နောင်တတွေ တစ်လှေကြီးနဲ့ကို ဘဝတစ်ခုလုံး တိမ်တိုက်တွေ ဖုံးအုပ်ခံရတဲ့ ကောင်းကင်တစ်ခုလို မည်းမှောင်တိတ်ဆိတ်သွားရတော့မှာပဲ။

"မျက်နှာလည်း မကောင်းဘူး၊ မဖြေနိုင်လို့လား အက္ခရာ၊ ညက ကိုယ့်ကို ဖုန်းဆက်ပြောပြထားတဲ့ မေးခွန်းတွေ အကုန်ပါသားပဲ၊ ဘာဖြစ်လို့လဲ"

အခန်းအပြင် ရောက်ရောက်ချင်း သူက စိုးရိမ်ကြီးစွာ ငုံ့မေး၏။ အက္ခရာသည် လွယ်အိတ်ပုံကြီးထဲမှ သူမ၏ ငွေချုမျှားဖြင့် ပြည့်နှက်နေသော ကချင်လွယ်အိတ်နီကလေးကို နှိုက်ရှာဖို့ ကြိုးစားခြင်းမှာ သူမ၏ မျက်နှာပျက်ယွင်းမှုကို ပြောင်းလဲလို၍တည်း။

"ဒီမှာပါ အက္ခရာရဲ့၊ ကိုယ် အစောကြီးကတည်းက ယူထားပြီးပြီ၊ အက္ခရာက ကိုယ့်ဆီမှာရောက်နေတာ မမြင်ဘူးလား၊ ဘာဖြစ်နေတာလဲ"

"ခေါင်းမူးပြီး အန့်ချင်လို့ပါ"

"ဟာ ... ဒါဆို စောစောက ပြောပါလား၊ အရမ်း ခံရခက်နေလား၊ ဒါဆို ဒီမှာ ခဏထိုင်နားလိုက်မလား၊ ညက အိပ်ရေးပျက်လို့ ထင်တယ်၊ သကြားလုံး ငုံလိုက်လေ၊





ကိုယ့်ဆီမှာ အက္ခရာ ပေးထားတာတွေ ကျန်သေးတယ်၊ ရော့ ... ရော့ ဒီမှာ အက္ခရာ လွယ်အိတ်ထဲက နှိုက်ရှာမနေနဲ့တော့၊ ကိုယ့်ဆီကပဲ ယူစားလိုက်"

အက္ခရာသည် သူမ၏စိတ်ကို အလိုလိုက်စွာ စက္ကူပတ်ခွာပြီးသား ဘာလီသကြားလုံးကလေးအား မြန်မာ့လက်ထဲမှ သူမလက်ထဲသို့ ယူမနေတော့ဘဲ နှုတ်ခမ်းနားထိ အလိုက်တသိ ပါးစပ်ထဲ ထည့်တော့မတတ် ဖြစ်နေသည့် မြန်မာ့ လက်ညှိုးနဲ့ လက်မကြားမှ လှမ်း၍ သွားဖြင့် ကိုက်ယူလိုက်၏။ အတန်းထဲက တချို့တလေ မြင်လိုက်၍ 'ကြင်နာမဲ့သူ အဆင်သင့်ရှိနေတဲ့ လူတွေများ သကြားလုံး ခွံ့ပေးမဲ့လူနဲ့ လွယ်အိတ် လွယ်ပေးမဲ့လူနဲ့ အားကျစရာကြီးတော့' ဟု မကြားတကြား နောက်ကြ၏။

"သွားတော့မယ် မြန်မာ"

"မမကြီးဆီ ကိုယ် လိုက်ပို့ပေးမယ်နော်၊ နေ့တိုင်းတော့ လိုက်ပို့ခွင့်မရဘူး၊ ကိုယ်က ရပ်ကြည့်ပြီး ကျန်ခဲ့ရတယ်၊ ဒီနေ့တော့ လိုက်ပို့ပါရစေ"

မမကြီးသည် သည်နေ့မှ ညီမဖြစ်သူ နံဘေးတွင် ဖေးဖေးမမနှင့် လွယ်အိတ်တောင် ကိုင်ပေးပြီး ပါလာခဲ့သော မြန်မာ့ကို အံ့သြတကြီး စူးစမ်းတော့သည်။ သေချာတာ တစ်ခုကတော့ အရင်တစ်ခါ ချိတ်လုံချည်ဆိုင်မှာ တွေ့ကတည်းက မြန်မာရဲ့ ပျာယာခတ်အောင် ဧည့်ဝတ်ကျေပွန်မှုများကို ချက်ချင်း သတိရလျက် အိမ်ရောက်ရင် ထပ်မံ မေးမြန်းတော့မည် ဆိုတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဟင် ... ဒါဆိုရင် ငါက ဘယ်လိုဖြေရမလဲ။ အက္ခရာရဲ့ ချစ်သူပါလို့။

အို ... မဟုတ်သေးပါဘူး၊ မြန်မာ့ကို အဖြေမှ မပေးရသေးတာ။ ရင်မောရလေစွ၊ စိတ်ရှုပ်ရလေစွ။ အကယ်၍ ချစ်သူပါဟု ပြောထားခဲ့မိလျှင် နောက်တစ်ပတ်မှာ ရင်ဆိုင်ရတော့မည့် မြန်မာ့ထံမှ တစ်စုံတစ်ခုသည် သူမအတွက် မဟုတ်ခဲ့လျှင် မမကြီး ဘယ်လို ထင်တော့မလဲ။

မြန်မာ့ဆီကရတဲ့ ယုယကြင်နာမှုများကို သာယာမနေသင့်၊ ကြည်နူးမနေသင့်၊ သူ့စကားတိုင်းမှာ မနစ်မွန်းသင့်မှန်းသိလျက် တစ်ခါတစ်ရံ စိတ်အလိုလိုက်မှုများအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ခဲ့ရပေါင်းလည်း များခဲ့ပြီ။

"နဒီ မနက်ဖြန်ညနေ ရောက်မယ်တဲ့"

အဲဒါ ကျုပ်က ဘာလုပ်ရမလဲ။ သူ့ဘာသာလာတာ ကျုပ်နဲ့ ဘာဆိုင်သလဲဟု အော်ဟစ်ပစ်လိုက်ချင်လောက်အောင် အလိုက်မသိစွာ ပြောလိုက်သည့် မြန်မာ့ကို အဲသည့် အခိုက်အတန့်ကလေးမှာ အတော့်ကို ဒေါသဖြစ်မိတာ အမှန်ပဲ။ ဒါကြောင့် ငါ့ကို ယုယကြင်နာနေတာလား၊ သူနဲ့ ခွဲခါနီးပြီမို့ နှစ်သိမ့်နေခဲ့တာလားဟု သံသယ ဝင်ချင်လာရပြန်သည်။ သူ့လက်ထဲမှ လွယ်အိတ်ကို လှမ်းယူပြီး တစ်ချက်မှ လှည့်မကြည့်တော့ဖို့ စိတ်တင်းလိုက်ပါသည်။ ဒါပေမဲ့ သူ မသိအောင် ပြောပြရဦးမည်။ အဲဒါကတော့ ကားရဲ့ နောက်ကြည့်မှန်ထဲကတစ်ဆင့် ရိပ်ကြည့်





ကျန်ရစ်ခဲ့သော သူ့ကို မျက်စိတစ်ဆုံး ခိုးကြည့်မိတာတော့ အမှန်ပဲတည့်။

ထိုနေ့၏ ညသည် အက္ခရာအတွက် အိပ်မက်ဆိုးများနှင့် ကုန်ဆုံးရသော ညတစ်ည ဖြစ်ခဲ့သည်။ နောက်တစ်နေ့၏ မနက်တွင် ခပ်ငေါင်ငေါင် မျက်လုံးများနှင့် အိမ့် စာလာကျက်မည့် အချိန်အား စောင့်နေသော အက္ခရာသည် သည်နေ့ညနေမှာ ရန်ကုန်မြေကို ပြန်လည်ခြေချတော့မည့် ချစ်သူတစ်ယောက်အား မျှော်လင့်တကြီး စောင့်မျှော်နေမည့် မြန်မာ့ကို လှမ်းဆွတ်နေခဲ့တာတော့ အက္ခရာ၏ အားနည်းချက်ပဲ ဖြစ်သည်။

"အင်း ... နောက်တစ်နှစ်ရဲ့ စာသင်နှစ်မှာ အတန်းထဲမှာ အမြဲ ငေါင်နေတတ်တဲ့ အက္ခရာဆိုတဲ့ ကောင်မလေးကို အရင်နှစ်က ငေါင်နေတဲ့ မြန်မာ့အစား တွေ့ရတော့မယ် ထင်ပါရဲ့၊ တကယ်တော့ နင့်ဘက်က အပိုင်ချည်နှောင်ထားလို့ ရလျက်သားနဲ့ နင် ညံ့တာကို ငါက အပြစ်တင်ချင်တယ်၊ တကယ်ဆို နဒီကို သူ သွားကြိုတဲ့အခါ နင်လည်း လိုက်မယ်ဆိုတဲ့ အခွင့်အရေးမျိုး အရယူထားသင့်တယ်၊ ဘာပဲဖြစ်ဖြစ် ငါက နင့်ကို ဘယ်နေရာမဆို အနိုင်ရစေချင်တာ အမှန်ပဲ"

"မဟုတ်ဘူး အိမ့်ရယ်၊ ငါက သူ့စိတ်ဆန္ဒအမှန်နဲ့ ငါ့ရဲ့ တိုက်တွန်းမှုမပါတဲ့ ရွေးချယ်မှုမျိုးကိုပဲ လိုချင်ခဲ့တာ၊ အကယ်၍ နဒီကိုပဲ အလေးသာတယ်ဆိုရင်လည်း ငါက



www.burmeseclassic.com

www.burmeseclassic.com



ဘာတတ်နိုင်မှာလဲ၊ ငါ့ကို အလေးသာတယ် ဆိုရင်တော့ ဒါဟာ ငါ့ရဲ့ ဆွဲဆောင်ဖြားယောင်းမှုမပါတဲ့ ရွေးချယ်ခံရခြင်း သူ့ရဲ့ စစ်မှန်သော ချစ်ခြင်းအဖြစ် ငါ ဒီ့ထက်မက ကျေနပ်ဝမ်းသာမိလိမ့်မယ်၊ အဲဒါကြောင့် ငါ နဒီနဲ့ ကိစ္စကို သိပြီးချိန်ကစပြီး ငါ့ဘက်က ဘာစကားတစ်ခွန်းမှ မကျွံမိအောင် သူ့ကို ဘာမှ မပြောခဲ့ဘူး၊ သူက အဲဒါကို သိပ်သိချင်တယ်၊ ဘာဖြစ်လို့ မဟုန်လှုပ်သလဲဆိုတာကို ခဏခဏ မေးတယ်၊ ငါက တမင် မျိုသိပ်ထားခဲ့ရတာ ဘယ်လောက် ခက်ခဲသလဲ၊ တကယ်တော့ ငါလည်း မိန်းမ တစ်ယောက်ပဲ၊ ကိုယ့်ရဲ့ ခံစားချက်မှန်သမျှ ကိုယ်ချစ်ရတဲ့ သူ့ဆီမှာ ဖွင့်မပြောချင်ဘဲ ရှိပါ့မလား”

“ဘာတွေမှန်းလဲ မသိဘူးဟာ၊ ကဲ ... အခုတော့ စာနည်းနည်းဖတ်ဦး၊ ဗိုင်ဗာ (Viva)မှာ တစ်လုံးမှမရရင် မကောင်းဘူး၊ ဘာပဲဖြစ်ဖြစ် ငါတို့လို ဆေးကျောင်းက လူတွေအတွက် ဗိုင်ဗာလည်း အရေးကြီးတယ်ဆိုတာ နင် သိပါတယ်”

'မြန်မာ'တဲ့။ အင်မတန်မှ ရိုးစင်းအေးချမ်းတဲ့ နာမည်လေးပဲပေါ့။ သို့သော် ထိုနာမည်ကလေးကို စကြားလိုက်ရတဲ့ နေ့ကတည်းက အက္ခရာကို တော်တော် ဒုက္ခပေးခဲ့တာပဲ ဖြစ်သည်။ ပြီးတော့ သူ့ရဲ့ ခပ်ဝေါင်ဝေါင် အမူအရာတွေက အရာရာကို ကြင်နာစိတ်တွေ ယိုဖိတ်စေခဲ့တာပဲ ဖြစ်သည်။ ပြီးတော့ သူ့ကြောင့် အက္ခရာ ဘဝမှာ တစ်ခါ မှ ရင်မဆိုင်ဖူး





သော စိတ်အညစ်ဆုံး၊ စိတ်အလှုပ်ရှားရဆုံး ကာလများကို ရင်ဆိုင်လိုက်ရတာပဲ ဖြစ်သည်။

အကယ်၍ သူက မရွေးချယ်ခဲ့ဘူးဆိုရင်တောင် သူမကို စိတ်နာသလား မေးကြရင် ဟင့်အင်း စိတ်မနာရက်ပါဘူးဟု ရဲရဲကြီး ဝန်ခံရပါလိမ့်မည်။ အက္ခရာသည် မြန်မာဆိုသည့် ယောကျ်ားတစ်ယောက်ကို ချစ်မိခြင်းမှာ နာကြည်းလိုစိတ်များ မပါ၊ မျှော်လင့်ခြင်းများ မပါ၊ အပြစ်တင်လိုခြင်းများ မပါ၊ ပကတိ ဖြူစင်သော ချစ်ခြင်းအမှန်နှင့်သာ ချစ်ခဲ့ခြင်း ဖြစ်သည်။

ဒါကို သူမ ချစ်သော မြန်မာလည်းမသိ။ အိမ့်လည်း မသိ၊ ပြည့်တို့ နေနေတို့လည်း မသိနိုင်ပါ။ အက္ခရာ တစ်ယောက်တည်းသာသိသော သူမ၏ ခံစားချက်အမှန်ပင် ဖြစ်လေသည်။

နံနက်လင်းချိန်မှာ ကိုယ် အမြင်ချင်ဆုံး အရာဟာ 'အချစ် မင်းလေးရဲ့အပြုံး'ဟူသော 'မင်းမရှိတဲ့နေ့တွေ ညတွေ' လို့ ခေါင်းစဉ်ရှိသည့် ရင်ဂို၏ သီချင်းတစ်ပိုင်းတစ်စကို ညည်းမိသလိုပါပဲ။ အက္ခရာသည် သူမ၏ နံနက်လင်းချိန်တိုင်းမှာ မြန်မာ့အပြုံးကို မြင်ချင်စိတ်နဲ့ စတင်တာပဲ ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အကြင်နာကြီးတဲ့ တိမ်တိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ တကယ်ပဲလား ကို၊ နဒီကို တမင် စိတ်ညစ်ရအောင် နောက်တာလားဟင်၊ နဒီ မယုံချင်ဘူး၊ ကို နောက်နေတာပဲ လို့ နဒီ ယူဆတယ်"

"မဟုတ်ဘူး နဒီ၊ ကိုယ် တကယ် ပြောနေတာ၊ ကိုယ့် မှာ နောက်ထပ် ချစ်သူကလေးတစ်ယောက် ရှိနေပြီဆိုတာ တကယ့် အဖြစ်အပျက်ပဲ၊ နဒီကို ညာတာမဟုတ်ဘူး"

"ဒါဆို ကိုက နဒီနဲ့ မလိုက်ခဲ့တော့ဘူးပေါ့ ဟုတ်လား၊ နဒီ ကြိုးစားသမျှတွေဟာ ကိုနဲ့ အတူတူနေရလိုစိတ်နဲ့ ကြိုးစားနေခဲ့တာတွေပါ ကို၊ ကို့ကို သူဌေးသားတစ်ယောက် ဆေးကျောင်းသားတစ်ယောက်ကို အပိုင်ဖမ်းတယ်ဆိုတဲ့ အမြင်နဲ့ ကြည့်မဲ့ဒဏ်တွေ မခံချင်လို့ ကိုနဲ့ မခွဲချင်တာတောင် ခွဲပြီး နဒီ ကျိတ်ကြိုးစားခဲ့သမျှ ကိုနဲ့ နဒီ့အတွက်ပါပဲ"

"နဒီက ဘာလို့ ဒီမှာ ပြန်မနေချင်ရတာလဲ၊ နဒီကို အကျပ်ကိုင်တာ မဟုတ်ဘူးနော်၊ နဒီသာ ဒီမှာနေပြီး





ကိုနဲ့အတူ ရှိခဲ့မယ်ဆိုရင် ဒီအဖြစ်မျိုး ဖြစ်လာစရာ အကြောင်းမရှိဘူးဆိုတာ နဒီ တွေးမိရဲ့လား၊ ကိုယ် အတန်တန် တားတဲ့ကြားက နဒီ ကိုယ့်စကားကို လျစ်လျူ ရှုသွားခဲ့တာကို ကိုယ် အပြစ်မတင်ဘူး၊ ဒါပေမဲ့ ကိုယ့်ကို နဒီ ဘာလုပ်မယ်၊ ဘာတွေ ကြံစည်ထားတယ်ဆိုတာမျိုး ကိုတောင်မှ အရိပ်အမြွက် သိခွင့်မပေးခဲ့တော့ ကိုယ်လည်း နဒီ တကယ်ပဲ အားလုံးကို မေ့ပစ်လိုက်ပြီ ထင်ခဲ့တာပေါ့"

"ကို သစ္စာမရှိဘူး"

"တစ်ဖက်သတ် မပြောပါနဲ့ နဒီ၊ ကိုယ့်ဘက်က ဒီကိစ္စကို အသိပေးထားတာပဲ ရှိသေးတယ်၊ အခုချိန်ထိ ကိုယ် ဘယ်သူ့ကို ရွေးချယ်မယ်လို့ မပြောသေးဘူး၊ ကိုယ်ဖြစ်စေ ချင်တာက နဒီ ပြန်လာခဲ့ပါ။ နဒီ ပြန်လာရင် ကိုယ် ဘယ်သူ့ကို ရွေးရမလဲ ဆိုတာကို တိတိကျကျ ဆုံးဖြတ် မယ်"

စာမေးပွဲ ဗိုင်ဗာ နောက်ဆုံးနေ့တွင် သူသည် ဖြစ်ရှိသူ တစ်ယောက်ပမာ အက္ခရာကလေးအား မျက်နှာချင်း ဆိုင်ဘဲ ရှောင်ရှားမိခဲ့သည်။ ပြီးတော့ နဒီနဲ့ချိန်းထားရာ စားသောက် ဆိုင်ကလေးမှာ ရောက်ပြီးတဲ့နေ့ကတည်းက ဘာမှဖွင့်ပြောထားခြင်း ရှိသည့် အက္ခရာနဲ့ သူ့ရဲ့ပတ်သက်မှုကို ဖွင့်ပြောခဲ့သည်။ အင်း_ အခုချိန်လောက်ဆို စာမေးပွဲပြီးပြီးချင်း အောင်စာရင်း ထွက်တော့

www.burmeseclassic.com

www.burmeseclassic.com



မည်ကို သိကြသော ကျောင်းကလူတွေသည် အောင်စာရင်းကို မျှော်တလင့်လင့် စောင့်ဆိုင်းနေကြမည်။ အက္ခရာရော သူ့ကို အဖြေပေးပါမည်ဟု ကတိပေးခဲ့၍ သူမအား မျက်နှာချင်း မဆိုင်မိအောင် ရှောင်ရှားနေသော သူ့ကိုများ ရှာနေမလား။

ဒါမှမဟုတ် 'နဒီ ပြန်ရောက်နေတယ်'လို့ သူ အသိပေးထား၍ သူ့ကို ရှာမတွေ့သောအခါ သူမ၏ အရှုံးတစ်ခု အတွက် ကြေကွဲနေလိမ့်မလား။ မရည်ရွယ်ခဲ့ပါဘူး အက္ခရာ။ အရှင်းဆုံးနဲ့ အပြတ်သားဆုံးအဖြေကို ကိုယ်တိုင်တောင် ရှာမရ ဖြစ်နေခဲ့ပြီမို့ အရာရာကို ခေါင်းအေးအေးနဲ့ဖြေရှင်းဖို့ နဒီ အဆုံးအဖြတ်ကိုပဲ မူတည်ဖြေရှင်းရန် ရည်ရွယ်ခဲ့ပါသည်။

မှန်တာပြောရရင် နဒီကိုလည်း ချစ်သည်။ အက္ခရာကိုလည်း ချစ်မိသည့်စိတ်အပြင် ညီမလေးတစ်ယောက်လိုပါ တွယ်တာမိပြီမို့ ကိုယ်တိုင်တောင် ယှဉ်၍မရွေးရဲအောင် ဖြစ်နေခဲ့ရပြီ။ အဓိကကတော့ နဒီပဲ နဒီသာ ဆုံးဖြတ်ပါစေ။ နဒီဟာ ဘယ်တော့မှ သူ့ရဲ့ တောင်းဆိုမှုတွေကို မလိုက်လျော မလိုက်နာ အသိအမှတ် မပြုခဲ့သူမို့ ဒီလို နောက်ဆုံး ဆုံးဖြတ်ရမည့် အခြေအနေတစ်ခုမှာ နဒီဟာ သူ့အပေါ် ချစ်စိတ်နဲ့ ယှဉ်ဆုံးဖြတ်မလား။ သူမရဲ့ မာနနဲ့ ယှဉ်ပြီး ဆုံးဖြတ်မလား။

"ဘယ်လိုလဲ နဒီ ဒီတစ်ခါ ကိုယ့်စကားကို နဒီ နားထောင်ပါလား၊ နဒီသာ ဒီကို အပြီးအပိုင် ပြန်လာခဲ့ရင် ကိုယ်က





နဒီနဲ့ အက္ခရာကို ယှဉ်ပြီးရွေးချယ်ဖို့ အဆင်သင့် ဖြစ်ထား မယ်လေ"

"ဘာလဲ နဒီ ပြန်မလာနိုင်ဘူး၊ ကိုပဲ နဒီနောက် လိုက်ခဲ့ ဆိုရင် ကိုက အက္ခရာကို ရွေးမယ်ပေါ့၊ နဒီ ပြန်လာမယ် ဆိုမှ အက္ခရာနဲ့ ယှဉ်ပြီးရွေးဖို့ ဆုံးဖြတ်မယ်ပေါ့၊ အဲဒါကို အကျပ်ကိုင်တာပဲ စကားထဲကိုက နဒီ မလုပ်နိုင်တဲ့ အကြောင်းအရာတစ်ခုကို တောင်းဆိုပြီး နဒီကို အကျပ်ကိုင်တာဟာ ကို့ရဲ့ အတွင်းစိတ် အမှန်ကိုပြနေတယ် ကို့ရဲ့ ကိုက တကယ်တော့ အက္ခရာကို ပိုပြီး ရွေးချင်နေတာ မဟုတ်လား၊ ဘယ်လောက် ခံပြင်းစရာ ကောင်းလိုက်သလဲ နဒီက ယောကျ်ားတစ်ယောက်ကို ကိုယ်တိုင်ပဲ ရွေးချယ်ချင် တယ်၊ ယောကျ်ားတစ်ယောက်က အခြား မိန်းမတစ်ယောက် နဲ့ ယှဉ်အရွေးချယ်ခံရမဲ့ အဖြစ် မျိုးကို လုံးဝ မလိုလားခဲ့ဘူး နောက်ပြီး စဉ်းစားကြည့်လိုက်ရင် နဒီက ကို့ရဲ့ အချစ်ဦးပါ နောက်မှတွေ့တဲ့ မိန်းမနဲ့ ယှဉ်အရွေးခံရလောက်အောင် ကို့အချစ်တွေက နဒီအပေါ် မမှန်ကန်ခဲ့ဘူး မပြည့်ဝခဲ့ဘူး ဆိုတာ သိသာနေပြီ၊ ကြည့်စမ်း အက္ခရာဟာ တော်တော် အစွမ်းထက်တဲ့ မိန်းမပဲ နဒီနဲ့ကိုနဲ့က သုံးနှစ်ကျော်ကျော် လောက်တောင် ချစ်ခဲ့သူပါ၊ အက္ခရာကတော့ တွေ့ကြတာ ဖြင့် တစ်နှစ်မပြည့်ခင် ကာလအတွင်း နဒီထက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုကို တော်တော် လွမ်းမိုးနိုင်ခဲ့တာပဲ နဒီနဲ့ ယှဉ်နိုင်လောက် တဲ့ ကို့ရဲ့ အချစ်တွေကိုလည်း ရခဲ့တာပဲနော်၊ အေးလေ ဘယ်တူမလဲ အက္ခရာက ကျော်ကြားတဲ့မိန်းမ လူတကာ ငေးခံရတဲ့ မိန်းမ နဒီထက် ချမ်းသာကြွယ်ဝပြီး ဂုဏ်သရေရှိ တဲ့ မိန်းမဆိုတာ နဒီ မေ့သွားတယ်၊ ဟုတ်တယ် နဒီက ကို လက်တွဲလောက်တဲ့ အရည်အချင်းမျိုးမှ မရှိတာ"

မှားနေပြီ နဒီထင်တာတွေ မှားနေပြီ။ နဒီ မင်းဟာ ဘယ်တော့မဆို မင်းရဲ့အချစ်ထက် မင်းရဲ့ မာနတွေကို သိပ်ဦးစာ ပေးလွန်းနေပြီ။ မင်းနဲ့ အက္ခရာကို အတူတူ ယှဉ်ရွေးတော့ရော ဘာဖြစ်သလဲ။

မာနမထားသင့်တဲ့ ကိစ္စတစ်ခုကို မာနထားနေ တယ်။ မြန်မာသည် စကားပြောရတာ လက်ပေါက်ကတ်လှသော သူ မကြားချင်သည့် ခနဲ့စကားတွေ၊ အထင်လွဲစကားတွေနှ နှိပ်စက်သော နဒီကို စိတ်ပျက်လက်ပျက် ငေးနေမိတော့သည် လက်က နာရီကိုအကြည့်ဝယ် ညနေ လေးနာရီခွဲခါနီးကို ညွှန်ပြ နေခဲ့သည်။ သည်အချိန်လောက်ဆို အောင်စာရင်း ထွက်ရောပေါ့ အောင်မယ်လို့ သေချာပြီးတဲ့ အောင်စာရင်းကို ကြည့်ချင်တာထက် အောင်စာရင်း ကြည့်သူတွေကြားမှာ အားငယ်သည့် မျက်ဝန်းက လေးနှင့် သူ့ကို မျှော်လင့် ရှာဖွေမည်ဖြစ်သော အက္ခရာကို တွေ့ချင်တယ်ဆိုရင် နဒီ စိတ်ဆိုးဦးမည်။





အဖြေဆိုတာကို တရားဝင် မကြားရခင်ကတည်းက သိနှင့်ပြီးပေမဲ့ ဖြစ်နိုင်ရင် အက္ခရာ၏ နှုတ်ဖျားမှအဖြေကို ကြားချင်သားပင်။ နေစမ်းပါဦး အခု လောလောဆယ် ငါ့နားမှာ ရှိနေ သူဟာ သိပ်ချစ်လွန်းပါတယ်ဆိုပြီး သူငယ်ချင်းတချို့ကို ဖွင့်ဟကာ တမ်းတခဲ့ရတဲ့ နဒီလေ၊ သူ့ရဲ့အချစ်ဦး ကောင်မလေးလေ။ အရာ ရာကို နိမ့်ကျတဲ့ဘဝနဲ့ တစ်ယောက်တည်း ကြိတ်ကြိတ်ခံ ရင်ဆိုင်နေရလို့ သနားစိတ်နဲ့ စတင်လာတဲ့ အချစ်ကိုရခဲ့တဲ့ ကောင်မလေးလေ။ အခုချိန်မှာ သူ့စိတ်တွေဟာ နဒီ သည်မှာပြန်နေမလား၊ ဟိုမှာပဲ အပြီးနေမလားဆိုတဲ့ အဖြေကို မျှော်တလင့်လင့် ဖြစ်နေသင့်တယ်။

နဒီ ပြန်လာပါ့မလား ဆိုတာကို စိုးရိမ်တကြီး ဖြစ်နေသင့်တယ်။ တစ်ခုခုတော့ မှားနေပြီထင်ရဲ့။

"ရှင်းရှင်းပဲပြောမယ် ကို၊ နဒီက ဘယ်နေရာမဆို ပြိုင်ဘက် မရှိ အနိုင်ရချင်တာ၊ အခုတော့ ယောကျာ်းတစ်ယောက်ကို ပိုင်ဆိုင်ရဖို့အတွက် တခြား မိန်းမတစ်ယောက်နဲ့ ပြိုင်လုရမဲ့ အဖြစ်မျိုးကို လုံးဝ ခံပြင်းတယ်"

"နဒီက အချစ်ဆိုတာကို ဘာလို့ မေ့ပစ်တာလဲ"

"အို ... သွားစမ်းပါ ဘာလဲ ဒီအချစ်၊ အချစ်က ယုံရ သလား အခု ကိုကိုပဲကြည့် နဒီကိုပဲ ချစ်ပါတယ် ရေရွတ် နေတဲ့ကြားက နောက်တစ်ယောက်ကို ချစ်လို့ရသေးတာ တော်စမ်းပါ အချစ်ကို လုံးဝ မယုံကြည်တော့ဘူး ကို"



www.burmeseclassic.com

www.burmeseclassic.com



"နဒီ ပြန်လာခဲ့မယ် မဟုတ်လား"

"ရိုးရိုးသားသား ကိုက ပြန်လာခဲ့ပါဆိုရင် နဒီ ပြန်လာချင် ပြန်လာမိလိမ့်မယ်၊ ဒါပေမဲ့ မိန်းမတစ်ယောက်နဲ့ ယှဉ်အရွေး ခံရဖို့ဆိုရင်တော့ နဒီက ဆောရီးပဲကိုလို့ ငြင်းမယ်သိလား၊ ဘယ်လောက် ရက်စရာကောင်းလဲ မြန်မာဆိုတဲ့ ယောကျ်ား တစ်ယောက်ကို ပိုင်ဆိုင်ရဖို့ နဒီက အခုရနေတဲ့ အောင်မြင် မှုတွေကို လက်လွှတ်ရမတဲ့၊ ရယ်ပဲ ရယ်ပစ်လိုက်ချင် သေးတော့"

သူ့အချစ်တွေကို အင်မတန်မှ စော်ကားလိုသော မာနစကားတွေ နဒီ ပြောရက်ခဲ့သည်။ ချစ်ရတဲ့နဒီ ဘာကြောင့် သည်လို ပြောင်းလဲသွားသလဲကို မြန်မာသည် မယုံကြည်နိုင် လောက်အောင် အံ့ဩမိတော့သည်။

"သွားကြမယ် ကို"

"နဒီ ဖြေဖို့လိုသေးတယ်"

နဒီသည် တဟားဟား ရယ်ပစ်လိုက်၏။ ထို့နောက် လက်ကိုင်အိတ်ကိုကိုင်၍ ထရပ်ကာ ...

"ဖြေစရာမှ မလိုတော့တာ နဒီ စကားထဲမှာ အဖြေပါနေပြီ၊ ကိုတို့ လက်ထပ်ကြမယ် ပြန်လာခဲ့ဆိုရင် ပြန်လာမယ်၊ အက္ခရာနဲ့ ယှဉ်ရွေးခံရဖို့ ပြန်လာခဲ့လို့ ကိုက ပြောခဲ့တဲ့ အတွက် နဒီ ဘယ်တော့မှ ပြန်မလာဘူး၊ ဘယ်လိုလဲ ကို၊ ကို့စကားကို ပြင်နိုင်သေးတယ်နော်"





ရိုတိုတို စကားတို့ဖြင့် သူ့ကို နှိပ်စက်[illegible] အယူအဆတွေ လွဲမှားနေသော နဒီသည် ဘယ်တော့မှ သူ့ကို အလျှော့ပေးမည် မထင်။ သူမ ဖြစ်ချင်တာကိုဖြစ်အောင် လုပ်ယူ နေပြန်သည်။ သည်လို နောက်ဆုံး အဆုံးအဖြတ်ကလေး တစ်ခု မှာတောင် သူနဲ့ မာနချင်း ယှဉ်ပြိုင်နေခဲ့ပြန်သည်။

"ပြောပြီးသား စကားကို မပြင်တော့ပါဘူး နဒီ"

"ကဲ ဒါဆိုလည်း ကိုက နဒီနဲ့ အက္ခရာဆိုတဲ့ မိန်းမနှစ် ယောက်ကို သိပ်ပြီး ယှဉ်ရွေးချင်နေမှတော့ နဒီက ဆုံးဖြတ် လိုက်ပါမယ်၊ ဒီယှဉ်ပြိုင်မှုကြီးကို မုန်းလို့ နဒီ ဘယ်တော့မှ ကို့ရဲ့ ပြန်လာပါဆိုတဲ့ တောင်းဆိုချက်ကို မလိုက်လျော တော့ဘူး၊ သည်ဝေခွဲရခက်တဲ့ ကိစ္စကြီး ပြီးပြတ်သွားလို့ စိတ်ချမ်းသာသွားပြီ ထင်ပါရဲ့ကွယ်"

နဒီသည် သူ့ရှေ့က ခပ်သွက်သွက် ကြိုလျှောက်သွား နှင့်၏။

အက္ခရာဟာ မာနမကြီးဘူးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ရှိသင့်ရှိထိုက်တဲ့ မာနထက်ပိုနေတဲ့ နဒီနဲ့ယှဉ်ရင် သူမရဲ့ မာနကလေးက သူ့အပေါ်မှာ မဖြစ်စလောက်ကလေးဟု တဖြည်း ဖြည်း ယှဉ်ကြည့်တိုင်း သိမြင်လာခဲ့တော့သည်။ အကယ်၍သာ အက္ခရာဆိုတဲ့ မိန်းမတစ်ယောက်ကိုသာ ချစ်မနေခဲ့မိဘူး ဆိုလျှင် တော့ နဒီရဲ့ မာနတွေကို တစ်မျိုးတစ်ဖုံ မြင်မိမည် ထင်ပါရဲ့



www.burmeseclassic.com

www.burmeseclassic.com



"အခုကတည်းက နှုတ်ဆက်လိုက်ပါတယ် ကို၊ မနက်ဖြန် ညနေ နဒီ ပြန်တော့မယ်၊ ကို့ရဲ့ ဆုံးဖြတ်ချက် ပြင်ရင် ရသေးတယ်နော်၊ နောက်နေ့ တစ်နေ့လုံး ကျန်သေးတယ်"

"မပြင်ပါဘူး နဒီ၊ အမြဲတမ်း ဒီအတိုင်းပဲ"

ကားတံခါးကို ဆောင့်ပိတ်သံနဲ့အတူ နဒီ ခြေသံက ဝေး၍ သွားတော့၏။ နဒီအိမ်ကို အရောက်ပြန်ပို့ပေးခဲ့သောကြောင့် ညခုနစ်နာရီနီးပါး ရှိနေခဲ့ပြီ။ ဒီအချိန်ဆို ကျောင်းမှာ လူရှင်းနေလောက်ပြီ။

အက္ခရာလည်း အိမ်ပြန်ရောပေါ့။ အက္ခရာ ... အက္ခရာတဲ့။ ဒီနာမည်ကလေးကို ရေရွတ်မိစဉ်မှာ ဝမ်းနည်းကြေကွဲစွာ ကျိတ်ငိုနေမည့် မျက်ဝန်းကလေးတစ်စုံအား စိတ်ကူးထဲမှာ ဖျတ်ခနဲ ပေါ်လာတော့သည်။ အို ... နာကျင်လွန်းပေစွ။ သူမကလေးရဲ့ နှုတ်ခမ်းမှာ ထာဝရတင်နေမည့် အပြုံးကလေးတွေ သူ့ကြောင့် ပျက်ပြယ်သွားရပြီ။ လက်လက်တောက်နေသော မျက်ဝန်းကလေးမှာ မျက်ရည်တွေနဲ့ လိမ်းကျံခံရပြီ ဆိုခြင်းအား ရင်ထဲတွင် တစစ်စစ် နာကျင်အောင် ယူကျုံးမရ ဖြစ်မိပါသည်။

"အက္ခရာ ရှိပါသလားခင်ဗျာ"

"အက္ခရာ ခေါင်းမူးလို့ အိပ်နေပါတယ်၊ ဘယ်သူလို့ ပြောလိုက်ရမလဲ၊ မှာစရာရှိရင် မှာခဲ့ပါ"





"နေပါစေ သူ့ စာမေးပွဲအောင်လား သိချင်လို့ပါ"

"အောင်ပါတယ်ကွယ် ကလေးရော ဘယ်သူလဲ၊ သမီးတို့ ကျောင်းကလား"

"ဟုတ်ကဲ့ ကျောင်းကပါ၊ မနက်ဖြန်မနက်ကျရင် သူ့ဆီ ကျွန်တော် လာလည်မယ်လို့တော့ မှာပေးပါ ခင်ဗျာ"

"ဘယ်သူလဲကွယ် သားနာမည်လည်း ပြောခဲ့ပါဦး"

"မြန်မာပါ ခင်ဗျာ သူ သိပါတယ်၊ သူ့ဆီမှာ ကျွန်တော် တောင်းစရာတစ်ခု ကျန်နေတယ်လို့ ပြောပေးပါ၊ သူ သိပါတယ်၊ ဒီနေ့ ကျွန်တော် ကျောင်းပြန်ရောက်တာ နောက်ကျသွားလို့ မတောင်းလိုက်ရဘူးလို့လည်း ပြောပေးပါ"

ဖုန်းချပြီးသောအခါ နောက်တစ်နေ့၏ မနက်လင်း ချိန်အား ကြိုတင်မှန်းဆကာ ရင်ခုန်နေမိသည်။ ခေါင်း တကယ်ရော မူးတာလား အက္ခရာ။ ခေါင်းအုံးမှာ ရွဲစိုနစ်နေမဲ့ မျက်ရည်တွေ အတွက် ကိုယ့်ရဲ့ အချစ်တွေနဲ့ လျော်ပေးပါ့မယ်။ သည်အချစ်တွေ ဟာ အက္ခရာနဲ့ ထိုက်တန်လို့ ရခဲ့တာပဲ။

နဒီကို ချစ်သည်။ သို့သော် နဒီက တစ်ဆိတ် မာနချင်းပြိုင်လွန်းသည်။ ဒါကြောင့် နဒီ တောင်းဆိုချက်ကို မလိုက်လျောခြင်းအား တသသ ဖြစ်မနေမိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်းမရှိတဲ့နေ့တွေ မနေချင်တော့ဘူး၊ မင်းမရှိတဲ့ ညတွေ မနေချင်တော့ဘူး၊ မင်းမရှိတဲ့ဘဝမှာ မနေရဲဘူး အချစ်ရယ်။

ဟု သီချင်းတစ်ပိုင်းတစ်စအား စိတ်လွတ်ကိုယ်လွတ် ရေရွတ်မိခဲ့သည်။

* * *





# အကြင်နာကြီးတဲ့ တိမ်တိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာသည် နံနက်လင်းချိန်တွင် သူမ အမြင်ချင်ဆုံးဖြစ်သော အပြုံးတစ်ခုကို မြင်ခွင့်ရလိမ့်မည်ဟု တစ်ခါဖူးမျှ မမျှော်လင့်ခဲ့ချေ။ နောက်ပြီး တစ်ခါမှ မတောင့်တဖူးသော အရာတစ်ခုကို ပိုင်ဆိုင်ခွင့်ရလိုက်၍ မယုံကြည်ရဲသလို ဖြစ်နေခဲ့သည်။

"ဒါဟာ အိပ်မက်မဟုတ်ဘူး မေရေ"

ဟု သူမ၏ချစ်သူက ခပ်တိုးတိုး နှစ်သိမ့်သောအခါ ချစ်သူ၏ လက်ဖဝါးအား ယုံကြည်စိတ်ချစွာ မြဲမြဲမြံမြံ ဆုပ်ကိုင်ထားမိသည်။ အို .. နွေးထွေးလေစွ။

'ချစ်တယ်'ဟု ပြောကြားလာသောအခါ သူမ၏ ချစ်သူက ကြည်ကြည်နူးနူး ထပ်မံ၍ ရယ်လိုက်ပြန်ပါသည်။

"ကိုယ့်အတွက် အကြင်နာတွေ အများကြီးပါတဲ့ တိမ်တိုက်ကလေးရဲ့ ဖုံးလွှမ်းမှုကြောင့် ကိုယ်ရဲ့ ဘဝတစ်ခုလုံး ငြိမ်းချမ်းတိတ်ဆိတ်သွားပြီဆိုတာ သိလား၊ မင်းသိရဲ့လား အက္ခရာကလေး"





ထို့နောက် နှစ်ယောက်ပြိုင်တူ ထပ်မံ၍ ရယ်လိုက်သောအခါ သူတို့နှစ်ယောက်၏ ရယ်သံများအောက်တွင် ကမ္ဘာလောကကြီးတစ်ခုလုံး တိတ်ဆိတ်သွားရတော့သည်ဆိုလျှင် ပိုတယ်ထင်ကြမလား။

တကယ်ပဲ ဖြစ်သည်ကွယ်။ တကယ်ပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာက ပြောပါသည်။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူဆီကရတဲ့ ချစ်ခြင်းတစ်ခုဟာ ဘယ်ပုံစံနဲ့ပဲ ဖြစ်နေပါစေ၊ အရေးကြီးတာက ကိုယ်က အမြတ်တနိုး လက်ခံတတ်ရင် ပြီးတာပဲ မဟုတ်လား၊ ဘာလိုသေးလို့လဲနော်"

တဲ့လေ။

အက္ခရာသည် မြန်မာဆိုသော အမျိုးသားလေးထံမှ သူမအတွက် ပေးအပ်ခဲ့သော ချစ်ခြင်းတစ်ခုအား ဤကဲ့သို့သော ခံယူချက်ဖြင့် အကြွင်းမဲ့ ယုံကြည်လက်ခံကာ မြတ်နိုးနိုင်ခဲ့သူပဲ တည်း။



**ရွှင်မိုး**

**(ဆေးတက္ကသိုလ်)**

1 :15 AM

26 th June, Monday,

1995.

www.burmeseclassic.com